www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | (၂၅၇/ ၂၀၀၃) (၄) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | (၂၈၅/ ၂၀၀၃) (၅) |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ် ၂၀၀၃ ခု၊ ဇွန်လ |
| ထုတ်ဝေသူ | - | ဒေါ်မိုးကောခိုင် (ချိုဝေးသိစာပေ)<br>ရွှေနံ့သာရေကျော့ရှာ၊<br>ပုလဲမြို့သစ်၊ (၃)၊ မင်္ဂလာဒုံ |
| အတွင်းနှင့်အဖုံးပုံနှိပ်တိုက် | - | စိန်သန်းဘောင်ပုံနှိပ်တိုက် |
| မျက်နှာဖုံးပန်းချီ | - | ရွှေစိုးဟန် |
| အတွင်းဖလင် | - | မင်းဦး (ရွှေလပမင်း) ရွှေပြည်သာ<br>☎ - ၆၁၀၀၂၆, ၆၁၀၆၅၀ |
| ကွန်ပျူတာစာစီ | - | A.OK |
| အုပ်ရေ | - | ၂၀၀၀ |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| ဖြန့်ချိရေး | - | ပန္နလေးကျောင်း<br>(၆) ရပ်ကွက်၊ ရွှေပြည်သာမြို့၊<br>ရန်ကုန်။ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁)** | |
| ၁။ | လူ့ဘဝကိုဆန်းစစ်ခြင်း | ၁ |
| ၂။ | ရခဲခြင်းတရားငါးပါး | ၂ |
| ၃။ | ဗုဒ္ဓတရားနှင့် တရုတ်ပြည်လူဦးရေ | ၄ |
| ၄။ | နှိုင်းယှဉ်၍ကြည့်နည်းမှန်းသိ | ၅ |
| ၅။ | ငရဲပြည်မှနေ့ခင်းတသံများ | ၆ |
| ၆။ | လူ့လေးမျိုးအကျယ် | ၁၀ |
| ၇။ | လူ့ [illegible] ကျိုးမြဲ | ၁၃ |
| ၈။ | မူဟိုက်ရွှန်ကျော်ဘ | ၁၅ |
| ၉။ | တကယ်ပိုင်သောမြေ | ၁၇ |
| ၁၀။ | သုသာန်ပြင်မှဖြစ်ရပ်မှန် | ၁၉ |
| ၁၁။ | လူပြိတ္တာကျော်လှ | ၂၃ |
| | **အခန်း (၂)** | |
| ၁၂။ | ဗုဒ္ဓဘာသာဖြစ်သောအချိန် | ၂၈ |
| ၁၃။ | အထက်နေပါဦး အောက်လုံအောင်ဖုံး | ၃၀ |
| ၁၄။ | ဘုန်းကြီးသရဲနှင့်ဘုန်းကြီးလူထွက်ဆရာ | ၃၆ |
| ၁၅။ | အမင်္ဂလာစိန်ခေါ်သံ | ၄၀ |
| ၁၆။ | သမ္ဗုဒ္ဓေဂါထာ ဘာ့ကြောင့်ရွှမ်း | ၄၅ |
| ၁၇။ | ဗြဟ္မာလိုလူ၊ မျောက်လိုလူ | ၄၇ |
| ၁၈။ | နတ်ပြည်ရောက်တိရစ္ဆာန်များ | ၅၀ |
| ၁၉။ | လုံတစ်ချောင်းနဲ့လူနီကြီး | ၅၅ |
| ၂၀။ | ဘာလို့နေသလဲ | ၅၈ |


www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၃) ဒါနပြုခြင်းအကြောင်း** | |
| ၂၁။ | ပဦးဆုံးဖြစ်သော အကုသိုလ်စိတ် | ၆၁ |
| ၂၂။ | ဖောင်းသမားနှားထိုင်း | ၆၂ |
| ၂၃။ | ဒကာကအထက်၊ ဆရာကအောက် | ၆၅ |
| ၂၄။ | လောဘ၏အဆင့် သုံးဆင့် | ၇၁ |
| ၂၅။ | ဝါဝါနဲ့ယုဇန | ၇၆ |
| ၂၆။ | မိမိကိုယ်ကို အငှားမွှားလိုသောသား | ၇၈ |
| ၂၇။ | ထူးထူးဆန်းဆန်းပြိတ္တာနှစ်မျိုး | ၈၁ |
| ၂၈။ | မသွားနဲ့ဆိုမှသွားချင် | ၈၃ |
| ၂၉။ | တောင်ထိပ်ပေါ်ကအသက်လှူပွဲ | ၈၇ |
| ၃၀။ | မကျူစကောင်းသောရဟန်းမျက်ရည် | ၉၃ |
| ၃၁။ | ကိုယ်ချင်းမစာရမည့်နေရာ | ၉၅ |
| ၃၂။ | ထန်းလျက်နှစ်လုံးနဲ့လောဘစိတ် | ၉၈ |
| ၃၃။ | တကယ့်သူတော်ကောင်းအဆင့် | ၁၀၀ |
| ၃၄။ | မုဒ္ဒအလိုကျဒါနပြုနည်း | ၁၀၂ |
| ၃၅။ | အံ့သြစရာကြုံပြိတ္တာ | ၁၀၄ |
| ၃၆။ | အလှူခံ ၁၄ ယောက် | ၁၀၆ |
| ၃၇။ | အရေးအကြီးဆုံးသည်မျိုးစေ့ | ၁၀၇ |
| ၃၈။ | အကောင်းမကြိုက်သောသူဌေး | ၁၁၆ |
| ၃၉။ | ရန်သူမျိုးငါးပါးမှလွတ်လိုလျှင် | ၁၁၅ |
| ၄၀။ | ပုဟာစ်ပါးကိုထိနိုက်ခြင်း ၃ မျိုး | ၁၁၇ |
| ၄၁။ | ပုန်ကန်မှုနဲ့လူနေလျှင် | ၁၁၈ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၄)** | |
| ၄၂။ | သီလတော်ထိန်းရခြင်းအကြောင်း | ၁၂၄ |
| ၄၃။ | လူသိကျော်ဆိုသည်မှာ | ၁၂၄ |
| ၄၄။ | ပါဏာတိပါတလုပ်သင့်သောအခါ | ၁၂၆ |
| ၄၅။ | ပါဏာတိပါတအင်္ဂါ | ၁၂၉ |
| ၄၆။ | ပုပ်စော်နံသောမထောက် | ၁၃၂ |
| ၄၇။ | အဒိန္နာဒါနအင်္ဂါ | ၁၃၄ |
| ၄၈။ | ကာမေသုမိစ္ဆာစာရအင်္ဂါ | ၁၃၇ |
| ၄၉။ | မသွားလာအပ်သောမိန်းမ ၂၀ | ၁၃၇ |
| ၅၀။ | အညှာလွယ်ခြင်း၏ဆိုးကျိုး | ၁၃၉ |
| ၅၁။ | အလှည့်ကျလျှင် မနွဲ့ကြစတမ်း | ၁၄၃ |
| ၅၂။ | မုသာဝါဒအင်္ဂါ | ၁၄၅ |
| ၅၃။ | ယုန်သေးထက်စွမ်းသောသစ္စာ | ၁၄၈ |
| ၅၄။ | သေဘေးနှင့်သစ္စာ | ၁၄၉ |
| ၅၅။ | သုရာမေရယအင်္ဂါ | ၁၅၁ |
| ၅၆။ | အရက်သောက်လျှင် ယခုဘဝမှာပင်ရှုံးနိုင် | ၁၅၂ |
| ၅၇။ | သက်မဲ့တရားခံ | ၁၅၃ |
| | **အခန်း (၅)၊ သမထဘာဝနာပွားများရခြင်းအကြောင်း** | |
| ၅၈။ | စိတ်ရဲ့သဘာဝလေးချက် | ၁၅၇ |
| ၅၉။ | စိတ်ကိုကျွန်ခံသူ | ၁၆၀ |
| ၆၀။ | သေမှာကြောက်သောအစွန်းမြင် | ၁၆၃ |
| ၆၁။ | ကိုယ်စောင့်တရားလေးပါး | ၁၆၅ |
| ၆၂။ | သီးသန့်ဂုဏ်တော်ပွားကျိုးများ | ၁၆၇ |

www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၄။ | ဆုတ်ကပ်တက်ကပ်ကိုဖန်တီးသူ | ၁၇၁ |
| ၆၅။ | မေတ္တာပွားကျိုး ၁၁ မျိုး | ၁၇၃ |
| ၆၆။ | မေတ္တာပေါက်ရောက်ရန်အင်္ဂါ ၈ တန် | ၁၇၇ |
| ၆၇။ | သေကြောင်းကြံခဲ့ရသော်လည်း | ၁၇၇ |
| ၆၈။ | လူဆိုးဖမ်းတဲ့မြွေကြီး | ၁၈၄ |
| ၆၉။ | ခြသေ့်မေတ္တာမြားမလာ | ၁၈၇ |
| ၇၀။ | ပညာရှိများရဲ့စကား | ၁၈၉ |
| ၇၁။ | မသိခြင်းရဲ့နက်နဲတဲ့အဓိပ္ပါယ် | ၁၉၀ |
| | **အခန်း (၆) ဝိပဿနာဘာဝနာပွားများရခြင်းအကြောင်း** | |
| ၇၂။ | ပကတိသာဝကမှာပါရမီမလို | ၁၉၉ |
| ၇၃။ | မိမိကြောင့်ဖြစ်သောဝမ္ဗန္တရာယ် | ၂၀၀ |
| ၇၄။ | အကန်းဘဝမှလွတ်ဖို့ | ၂၀၁ |
| ၇၅။ | ဗုဒ္ဓကိုကျေးဇူးဆပ်ချင်ရင် | ၂၀၆ |
| ၇၆။ | ချေချွတ်ရမည့်ဝေနေယျသချာ | ၂၀၇ |
| ၇၇။ | ဘေးကြီးလေးပါးမှလွတ်ချင်ရင် | ၂၀၉ |
| ၇၈။ | ဘဝဆက်တိုင်းဗုဒ္ဓဘာသာဖြစ်ဖို့ | ၂၁၁ |
| ၇၉။ | ဉာဏ်သာအမိ၊ ဉာဏ်သာအဖ | ၂၁၄ |
| ၈၀။ | အပါယ်လေးပါးဆွဲချသောတရား | ၂၁၆ |
| ၈၁။ | လူသောတာပန်နဲ့ ရဟန်းသောတာပန် | ၂၂၀ |
| ၈၂။ | တရားနာစရာမလိုသူ | ၂၂၉ |
| ၈၃။ | ပရမတ်ပညာ | ၂၃၈ |
| ၈၄။ | မိခြင်းသုံးမျိုး | ၂၄၁ |
| ၈၅။ | ဒွန့်ဖွဲ့နည်းအကျဉ်း | ၂၄၆ |


www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်ခြင်းသည် မြန်မာလူမျိုးတို့၏ ကျရှုံးခြင်းဖြစ်၏။

မြန်မာနိုင်ငံသည် ဗုဒ္ဓတရားတော် မြှင့်တင်ပြန့်ပွားရေး မျက်မှောက် လုပ်ဆောင်ချက်များအရ သီရိလင်္ကာ စသော ကမ္ဘာ့နိုင်ငံတို့၏ ဦးဆောင် လမ်းညွှန်နိုင်ငံအဖြစ်သို့ ရောက်ရှိလာပါသည်။

ယခုအခါ ဗုဒ္ဓသာသနာတော်ထွန်းကား၍ သူတော်ကောင်းတရားများ ပြန့်ပွားလာစေရန် ရဟန်းရှင်လူတို့၏ ထက်သန်အားသစ်မှုများမှာလည်း ကမ္ဘာ နှင့်အဝန်း ဆင့်ကာဆင့်ကာ တိုးတက်လာနေလျှက် ရှိပါသည်။

ကျွန်ုပ်အထင်သော် မဝေးတော့သော အနာဂတ်ကာလတစ်ချိန်ချိန်မှာ ဗုဒ္ဓသာသနာတော်သည် တစ်ကမ္ဘာလုံးကိုပင် တစ်ကြော့ပြန်လွှမ်းသွားပါလိမ့် မည်။ ထိုအခါ မြန်မာနိုင်ငံသည် မိမိဆောင်ရွက်ချက်အားလျော်စွာ ကမ္ဘာ့ နိုင်ငံအားလုံးတို့၏ လေးစားရိုညွတ်ခြင်းကို မလွဲမသွေ ထိုက်ထိုက်တန်တန် ခံယူရပါဦးမည်။

**မြန်မာလူမျိုးတို့၏ တိုးတက်မှုဟူသမျှသည် ဗုဒ္ဓဝါဒသာအခြေခံ၍ ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်ခြင်းသည် မြန်မာလူမျိုးတို့၏ ကျရှုံးခြင်းပင် ဖြစ်ပါတော့သည်။**

ဒုတိယကမ္ဘာစစ်အတွင်းမှာကဲ့သို့သော ဆင်းရဲဒုက္ခမျိုးစုံကိုပင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား နိုးကြားထကြွ ဗွဲလုံ့လပြင့် ကြံ့ကြံ့ခံ တော်လှန်လွတ်မြောက်နိုင် ခဲ့ကြသည်အထိ မြန်မာလူမျိုးတို့အား သူရသတ္တိနှင့် ခံနိုင်ရည်စွမ်းအင်များကို ပေးခဲ့သည်မှာ ယင်းသည့်ဗုဒ္ဓဝါဒသာလျှင် ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးသည်နှင့် အမျိုးသားဖွံ့ဖြိုးရေးယဉ်ကျေးမှုနှင့်အတူ သံဃါယနာတင်ခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားမြဲပြန့်ပွား

www.burmeseclassic.com

www.burmeseclassic.com

အောင် ဆုံးဖြတ်လုပ်ဆောင်လိုက်နိုင်ခြင်းမှာလည်း ကွက်တိလုပ်ရပ်မှန်ဖြစ်၍ ကမ္ဘာ့ကို မြန်မာတို့က စံနမူနာပြလိုက်ခြင်းပင်ဖြစ်ပါတော့သည်။

သာသနာဟူသည် သုံးမျိုးရှိရာ ပရိယတ်၊ ပဋိပတ်နှစ်မျိုးမှာ အခြားဗုဒ္ဓဝါဒနိုင်ငံများမှာလည်း အတန်ကျေနပ်ဖွယ် တွေ့မြင်ရပါ၏။ သို့သော် ပဋိဝေဓသာသနာမှာမူကား ချို့တဲ့လျက်ပင် ရှိနေခဲ့ကြပါသေးသည်။

မြန်မာ့နိုင်ငံမှာကား ပရိယတ်၊ ပဋိပတ်သာမက ပဋိဝေဓပါ ဘက်စုံဖွံ့ဖြိုးတိုးတက်နေကြောင်း ရဲရဲကြီးပြောဝံ့ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် အရိယာပုဂ္ဂိုလ်ထူးကြီးများ အနှံ့အပြား ရှိနေကြမည်ကို ကျွန်ုပ်အနေဖြင့် အကြွင်းမဲ့စိတ်ချယုံကြည်နေပါသည်။

ဤအချက်ကလည်း ကမ္ဘာမှာ မြန်မာကအသာရနေကြောင်း ထင်ရှားစေပါသည်။ ထိုမျှဖြင့် ဤမည်သော မြန်မာတို့အဖို့ အံ့ချီးဖွယ်မရှိပါ။ ဗုဒ္ဓသာသနာတော်၌ အလေးအနက် သက်ဝင်ခံယူထားသူများပီပီ သာသနာ အတွက် ဆင်းရဲချမ်းသာ ဥစ္စာနည်းများမဟူ အသက်ကိုပင်လျှင် စွန့်လှူရန် အသင့်ရှိနေသောလူမျိုးများ ဖြစ်ကြပါသည်။

ထို့ကြောင့်လည်း ဖြစ်ထိုက်၍ ဖြစ်ပေါ်လာရသော ဆိုထုံးတစ်ခုတွင် ရှိနေပါသည်။

“သင်သည် ဗုဒ္ဓဝါဒကို အမှန်တကယ်
စိတ်ပါမြတ်နိုး၍ လက်တွေ့ကျကျ
ကျင့်ကြံသည်ကို လေ့လာလိုပါလျှင်
မြန်မာနိုင်ငံသို့ သွားပါ။”

“သီရိလင်္ကာသံဃိတိကာရက - သံဃာ့ကိုယ်စားလှယ်ခေါင်းဆောင် အဂ္ဂမဟာပဏ္ဍိတ အာနန္ဒာမေတ္တေယျ ဆရာတော်၏အမြင်

(ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင်များအလယ် ပြောကြားချက်)

**အာနန္ဒမေတ္တေယျဆရာတော်ကြီး၏ဩဝါဒထဲမှ**

www.burmeseclassic.com

www.burmeseclassic.com

"မြန်မာလူမျိုးတို့၏ တိုးတက်မှုဟူသမျှသည် ဗုဒ္ဓဝါဒ၌သာ အခြေခံ၍ ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်ခြင်းသည် မြန်မာလူမျိုးတို့၏ ကျရှုံး ခြင်းပင် ဖြစ်ပါတော့သည်"

ဟူသောစကားသည် မြန်မာတို့၏အသက်သည် ဗုဒ္ဓဘာသာဟုပင် ဆိုလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာကွယ်ပျောက်လျှင် မြန်မာလူမျိုး ကမ္ဘာမှ ကွယ်ပျောက်သွားသည်နှင့်အတူတူပင်။ မြန်မာဖြစ်လျက် ဗုဒ္ဓဘာသာ အသက်သေနေသူများ၊ ဗုဒ္ဓဘာသာအသက် ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသူများ ကို တွေ့နေရ၏။

ဗုဒ္ဓဘာသာမှတစ်ပါး အခြားဘာသာသို့ အပြီးအပိုင်ပြောင်းသွားကြသူ များကား ဗုဒ္ဓဘာသာအသက်သေသွားသူများပင်ဖြစ်၏။ ရတနာသုံးပါးမှ တစ်ပါး ဘိုးတော်၊ မယ်တော်၊ နတ်စိမ်းမျိုးစုံကို အဓိကထား ကိုးကွယ်ကြ သူများမှာ ဗုဒ္ဓဘာသာအသက် ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသူများဟု ဆို သင့်၏။

ထိုသူများသည် လူ့ဘဝတန်ဖိုးနှင့် ရတနာသုံးပါးဂုဏ်ကျေးဇူးကို သေချာမသိသူများသာဖြစ်၏။ ထို့ကြောင့် ဤကျမ်း၌ လူ့ဘဝကိုဆန်းစစ်ခြင်း၊ ဗုဒ္ဓဘာသာဖြစ်သောအချိန်ဟူသော အခန်းနှစ်ခန်းကို ထည့်သွင်းရေးသားခြင်း ဖြစ်၏။ ကချင်ပြည်နယ်၊ မင်္ဂလာရာမကျောင်း၊ နမ္မားဆရာတော် အရှင် ဉာဏက -

"ကမ္ဘာမှာ ဒါနအပြုဆုံးကလဲ မြန်မာပဲ၊ ဒါပေမယ့်
အမွဲဆုံးကလဲ မြန်မာပဲဖြစ်နေတယ်။ အဲဒါဘာကြောင့်
လဲဆိုရင် သဒ္ဓါအချိုးမကျလို့ကွဲ့။"

ဟု ဩဝါဒပေးဖူး၏။ ဆိုလိုသည်မှာ ဒါနမပြုတတ်ကြသေးဟု ပြော လိုရင်းဖြစ်၏။ ထိုကဲ့သို့ တကယ်လိုအပ်သောနေရာတွင် လှူရမည်ကို ဗုဒ္ဓ ဘာသာဝင်အများစု မသိကြ။

www.burmeseclassic.com

www.burmeseclassic.com

မိဘမဲ့ကလေးများကို စောင့်ရှောက်မွေးမြူနေသော ဆရာတော်တစ်ပါးသည် အသိတစ်ယောက်၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်မြို့ရှိ သူဌေးကြီးတစ်ယောက်ထံ ရောက်လာပြီး အကူအညီတောင်းကြည့်သည်။ သူဌေးကြီးပြန်ပြောသည်က -

"တပည့်တော်က ဒီလိုအလှူမျိုးတွေ ဝါသနာမပါဘူး၊ တောတောင်တွေထဲမှာ ဘုရားတည်တဲ့ သာသနာပြုအလုပ်ပဲလုပ်တယ်၊ တပည့်တော်ရဲ့ ဘဘုရား (ဘိုးတော်)ကလည်း ဘုရားတည်တဲ့ကုသိုလ်ပဲလုပ်ရမယ်လို့ အမိန့်ချထားလို့ပါ"

ဟူ၏။ တစ်ပြားတစ်ချပ်မျှ မထောက်ပံ့သဖြင့် မထင်ရှားသေးသော ပရဟိတဆရာတော်လေးမှာ လမ်းစရိတ်သာကုန်ပြီး လက်ချည်းပြန်သွားခဲ့ရသည့်အကြောင်းကို ဓမ္မရတနာမဂ္ဂဇင်းတွင် စိတ်မကောင်းစွာဖြင့် ဖတ်ရှုလိုက်ရသည်။ ထိုဆရာတော်၏ကျောင်းတွင် မိဘမဲ့ကလေးများ ရာဂဏန်းကျော်လာသဖြင့် အနီးအပါးမှ အထောက်အပံ့ဖြင့် မလောက်ငတော့ပါ။ ထို့ကြောင့် အသိတစ်ယောက်၏လမ်းညွှန်ချက်ဖြင့် ရောက်လာခြင်းဖြစ်သည်။

ထိုဆရာတော်သည် ကလေးအားလုံးကို ခေတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာတို့ကိုသာမက ဗုဒ္ဓဘာသာယဉ်ကျေးမှုများကိုပါ သင်ပေးနေသဖြင့် ကလေးများ၏နှလုံးသားတွင် ဘုရားတည်ပေးခြင်းပင်ဖြစ်၏။ ထိုကလေးများထဲမှ ရှင်ဘဝ၊ ရဟန်းဘဝ ရောက်သွားသူတွေလည်းမနည်းပေ။

ရန်ကုန်မြို့ပေါ်ကသူဌေးကြီး မြေပြင်မှာတည်နေသောဘုရားများထက် ပရဟိတဆရာတော်ကလေးများ၏ နှလုံးသားတွင် တည်နေသော ဘုရားများက တကယ့်အရေး တကယ့်ဘေးတွင် ဗုဒ္ဓသာသနာမကွယ်ပျောက်အောင် စောင့်ရှောက်ကြမည်ဖြစ်သည်။

အကယ်၍ ပရဟိတဆရာတော်ကဲ့သို့ အရှည်မျှော်ပြီး ကလေးသူငယ်

www.burmeseclassic.com

www.burmeseclassic.com

များ နှလုံးသားတွင် ဘုရားတည်ပေးသူများရှိခဲ့လျှင် ထိုနိုင်ငံများတွင် ဗုဒ္ဓဘာသာ ကွယ်ပျောက်စရာမရှိပေ။

"ထိုသူဌေးကဲ့သို့သောသူများ ဗုဒ္ဓအလိုကျ ဒါနပြုတတ်ရန်အတွက် ဒါနပြုရခြင်းအကြောင်း မြင်ကွင်းကျယ်ကို ဆက်လက်ရေးသားထားသည်။ သီလသည် ခြေထောက်နှင့်တူ၏။ ခြေထောက်ရှိမှ လိုရာအရပ်သွားနိုင်သကဲ့သို့ ကိုယ်ကျင့်သီလရှိမှ လူချမ်းသာ၊ နတ်ချမ်းသာမှသည် နိဗ္ဗာန်ချမ်းသာထိ ရောက်နိုင်၏။ ထို့ကြောင့် သီလစောင့်ထိန်းရခြင်းအကြောင်းကို ဆက်လက်ရေးသားထားသည်။

သီလသည် ကိုယ်နှင့်နှုတ်ကိုသာ စောင့်ရှောက်နိုင်၏။ စိတ်ကို မစောင့်ရှောက်နိုင်။ စိတ်ကို ဘာဝနာကသာ ကိလေသာမဝင်အောင် စောင့်ရှောက်နိုင်သည်။ ဘာဝနာမရှိသောသူ၏စိတ်သည် အမိုးမရှိသောအိမ်နှင့်တူသည်။ အမိုးမရှိသောအိမ်သည် နှင်း၊ မိုးရေ၊ နေပူတို့ ထင်သလိုကျရောက်မှုကြောင့် ခဏနှင့်ပျက်စီးရသလို ဘာဝနာမပွားသောသူ၏စိတ်သည်လည်း လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့၏ နှိပ်စက်မှုကြောင့် ညစ်နွမ်းပျက်စီးရသည်။

သီဟိုဠ်ကျွန်းမှ ရဟန်းတစ်ပါးသည် တောထဲတွင် အဋ္ဌက (အရိုးစု) ကမ္မဋ္ဌာန်းကို ပွားများနေ၏။ တစ်နေ့တွင် အိမ်မှ လင်နှင့်စိတ်ဆိုးထွက်လာသော အရွယ်ရှိအမျိုးသမီးတစ်ယောက်သည် တစ်ခြားရွာသို့သွားရန် ထိုတောကိုဖြတ်လာရာ ယင်းရဟန်းပျိုကို တွေ့သွားသည်။

လူသူကင်းရှင်းသော တောနက်ထဲတွင် ရဟန်းပျိုတစ်ပါးကိုတွေ့ရသဖြင့် အမျိုးသမီးသည် စိတ်ကစားလာပြီး ရဟန်းပျိုကို ပြုံးပြလိုက်၏။ မိန်းမမာယာဖြင့် မြူဆွယ်ခြင်းပင်ဖြစ်၏။ ဘာဝနာမရှိသော ရဟန်းသာဆိုလျှင် သီလပျက်ဖွယ်ရာသာရှိ၏။ သို့သော် ရဟန်းကား အသုဘဘာဝနာတွင် ပါဝင်သော အရိုးစုကမ္မဋ္ဌာန်းကို ပွားများနေကျဖြစ်သဖြင့် မိန်းမပျိုသော

www.burmeseclassic.com

www.burmeseclassic.com

ပကောင်းမထည်အရိပ်နိမိတ်ကိုမမြင်ဘဲ ပြုံးသဖြင့် ပေါ်လာသော မိန်းမ၏ မှူးများကိုသာ အရိုးစုအနေဖြင့်မြင်၏။

ထို့ကြောင့် ကိလေသာမဖြစ်ဘဲ သမထဘာဝနာမှတစ်ဆင့် ဝိပဿနာ ဘာဝနာကိုရောက်အောင် ဆက်ပွားသဖြင့် လေးမဂ်လေးဖိုလ်ဉာဏ်များဖြစ် ၍ ရဟန္တာဖြစ်သွားလေသည်။ အမျိုးသမီးလည်း မြှူဆွယ်၍မရမှန်းသိ သဖြင့် ရဟန်းအနားမှ ဖဲခွာသွား၏။ ဤကား ရဟန်းလောကအတွက်ဖြစ်၏။

လူလောကတွင်လည်း ဘာဝနာတရားရှိသောသူသည် အဆိုးလောကဓံ နှင့်ကြုံကြုံ၊ အကောင်းလောကဓံနှင့်ကြုံကြုံ၊ မတုန်မလှုပ်၊ ကြွေမြေမပျက်ဘဲ ခံနိုင်ရည်ရှိ၏။ ဗန္ဓုလကတော် မလ္လိကာသည် အရှင်သာရိပုတ္တရာနှင့်တကွ သံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းနေ၏။ ထိုအချိန်တွင် အစေအပါး တစ်ယောက်သည် ဟင်းပန်းကန်ကိုယူလာရင်း လမ်းတွင် လဲကျကွဲသွား၏။ ထိုအခါ အရှင်သာရိပုတ္တရာက -

"ဒါယိကာမကြီး ကွဲတတ်တဲ့သဘောတရားရှိတဲ့အရာဟာ ကွဲတာပဲ၊ ပျက်စီးတတ်တဲ့သဘောတရားရှိတဲ့အရာဟာ ပျက်စီးတာပဲ၊ သည်ပန်းကန် ကွဲမှုအတွက်နဲ့ သောက၊ ပရိဒေဝ၊ ဒေါမနဿ၊ အကုသိုလ်တွေ မဖြစ်ပါစေ နဲ့၊ ကုသိုလ်ပြုစဉ်မှာ အကုသိုလ်မဖြစ်တာ ကောင်းပါတယ်"

ဟု မိန့်ကြားရာ - မလ္လိကာက ခါးကြားတွင်ညှပ်ထားသောစာကို အရှင်သာရိပုတ္တရာအား ဆက်ကပ်လိုက်ရင်း -

"တပည့်တော်ဟာ ဘုရားရှင်ရဲ့သမီးတော်ပီသအောင်နေပါတယ် ဘုရား၊ ဒီစာဟာ ဆွမ်းစကပ်စအချိန်လောက်ကတည်းက ရောက်နေတာ ပါဘုရား၊ ဒီအကြောင်းကြောင့်တောင်မှ တပည့်တော်ရဲ့စိတ်ဟာ သောက၊ ဒေါမနဿမဖြစ်သေးတာ ပန်းကန်ကွဲတာလောက်ကိုတော့ ပြောစရာပင်မလို တော့ပါဘုရား" ဟု လျှောက်ထား၏။

အရှင်သာရိပုတ္တရာသည် စာကိုဖတ်ကြည့်လိုက်သောအခါ စစ်သူကြီး မဟာဗန္ဓုလနှင့် သား ၃၂ ယောက်လုံးကို ကောသလမင်းက အထင်မှား

www.burmeseclassic.com

www.burmeseclassic.com

ပြီး သတ်လိုက်သောသတင်းဖြစ်နေ၏။ ဤကဲ့သို့ လင်နှင့်သားများသေတာကိုပင် မတုန်မလှုပ်ဘဲ လောကဓံ၏ ရိုက်ပုတ်ချက်ကို ခံနိုင်ရည်ရှိနေသည်မှာ မလ္လိကာစိတ်သည် မရဏာနုဿတိဘာဝနာနှင့် ဝိပဿနာဘာဝနာတစ်ခုခုကို ပွားများထားခြင်းကြောင့်ပင်ဖြစ်၏။

ပြခဲ့သော ဒါန၊ သီလ၊ သမထ ဘာဝနာ ကုသိုလ်များသည် သာသနာပ၊ သာသနာတွင်း နှစ်ရပ်လုံး၌ရှိ၏။ ဝိပဿနာဘာဝနာကုသိုလ်ကား ဘုရားပွင့်ရာသာသနာတွင်းအခါမှသာရှိသည်။ ဗုဒ္ဓသည် သတ္တဝါများ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရဖို့အတွက် ပွင့်ပေါ်လာရခြင်းဖြစ်၏။ ထို့ကြောင့် (၄၅)ဝါကာလပတ်လုံး သစ္စာလေးပါး ဝိပဿနာတရားကိုသာ ဦးစားပေးပြီး ဟောကြား၏။

သို့သော် ဂေါတမဘုရား ပွင့်တော်မူရသောအချိန်သည် သက်တမ်းတစ်ရာသာနေရသော ဆုတ်ကပ်ကာလဖြစ်သဖြင့် ဆိုးမိုက်သူများပေါ်များလှသဖြင့် ဒါန၊ သီလ၊ သမထကိုပါ တွဲဖက်ဟောနေရခြင်းဖြစ်၏။ ဝိပဿနာဘာဝနာထိ အားမထုတ်နိုင်လည်း ဒါန၊ သီလ၊ သမထ ဘာဝနာလေးတော့ အားထုတ်နိုင်ပါစေဟူသော စေတနာပင်ဖြစ်၏။ ထို့ကြောင့် ဤကျမ်း၌လည်း ပါရမီနုသူများ၊ ရင့်သူများအားလုံး ကိုယ်နှင့်သင့်လျော်ရာ ရွေးကောက်ပြီး ကျင့်ကြံပွားများစေနိုင်ရန် နိဂုံးပိုင်းတွင် ဝိပဿနာဘာဝနာပွားများနည်းထိ ပြည့်စုံအောင် ရေးသားထားခြင်းဖြစ်သည်။

အထူးအားဖြင့် သရဏဂုံအကြောင်းဖော်ပြထားသော ဒုတိယအခန်းကို အလေးပေးဖတ်စေချင်၏။ ရတနာသုံးပါး၏ အကျိုးသွားနှင့်စွမ်းရည်သတ္တိ တို့ကို မသိသောကြောင့်သာလျှင် လူအများသည် တခြားအားကိုးရာများကို ရှိမိကြခြင်းဖြစ်၏။ ရတနာသုံးပါး၏ စွမ်းရည်သတ္တိနှင့်အကျိုးသွားတို့ကို သိလျှင်ကား တခြားအားကိုးရာများကို မရှာတော့သည့်အပြင် မကောင်းကျိုးပေးသည့် ရိုးရာအစွဲအလမ်းများကိုပင် ပယ်ဖျောက်ပေးနိုင်ကြသည်။

သက္ကရာဇ် (၉၁၆) ခုနှစ်တွင် ဟံသာဝတီဆင်ဖြူရှင်မင်းတရားသည်

www.burmeseclassic.com

www.burmeseclassic.com

အင်းဝနှင့်အထက်မြန်မာတစ်ပြည်လုံးကို အောင်မြင်တော်မူခဲ့သည်။ ထိုအချိန်က ပုဂံ၊ စလေပုခန်းငယ်၊ ကျောက်ပန်းတောင်း စသောအရပ်များတွင် ပုပ္ပါးနတ်ကို ကျွဲ၊ နွား၊ ကြက်တို့ကိုသတ်၍ ပူဇော်ပသသော အလေ့ဆိုးကြီး ပေါက်စားနေ၏။ ဆင်ဖြူရှင်မင်းတရားကြီးသည် ထိုဓလေ့ဆိုးကြီးကို မင်းအာဏာဖြင့် ပိတ်ပင်တားဆီးပေးခဲ့ရာ ထိုအခါမှစ၍ ပျောက်ကွယ်သွား၏။

ဘိုးတော်မင်းတရား နန်းစံ (၃၃) နှစ်မြောက်အချိန်ကလည်း သမထီးအရည်းကြီးတို့၏ လက်ကျန်အင်း၊ အိုင်၊ ဓားလွဲ၊ လက်ဖွဲ့ စသော အစွဲအလမ်းများ အမြစ်ပြတ်၊ အနယ်နယ်မှ ပျောက်ကွယ်သွားအောင် အားထုတ်ခဲ့သည်။ ဘုရင့်စံနန်းမြို့တော်၊ မြို့ထောင်၊ သူရဲခုံစသော နေရာများတွင် ကျောက်ဝှ ပြုလုပ်၍ အင်းအိုင်မန္တရား မြှုပ်ထားသည်တို့ကို အားလုံးတူးယူစေပြီးလျှင် မြစ်ထဲသို့ စွန့်ပစ်စေခဲ့သည်။

ထိုမှတပါး ရာဇဝင်အဆက်ဆက်မှ ယခုထက်တိုင် လူသိများလှသော အမရပူရမြို့ရှိ (၁) တောင်သမန် (၂) တောင်ကြီး (၃) တောင်မြင့် (၄) တောင်ပြန်းဟုခေါ်သော နတ်ဘီလူးလေးယောက်တို့၏ အုတ်ဝှလေးခု ကို ဖျက်ဆီးပြီးလျှင် ထိုဝှများအောက်တွင် မြှုပ်ထားသော အင်းအိုင်၊ မန္တရား စသော အဆောင်များကို မြစ်ဆုံမှာ သွားရောက်စွန့်ပစ်စေသည်။

ထို့ကြောင့် ဘိုးတော်မင်းတရားလက်ထက် အမရပူရမြို့သူမြို့သားများသည် ရတနာသုံးပါး စင်ကြယ်သန့်ရှင်းပြီး ငါးပါးသီလ လုံခြုံကြသဖြင့် အနာရောဂါကင်းရှင်းပြီး သက်တမ်းပြည့်နေကြရသည်။ ငယ်ငယ်ရွယ်ရွယ် အနာရောဂါနှင့်သေသူမှာ မရှိသလောက် ရှားပါးသဖြင့် အမရပူရမြို့၌ အသုဘချလာသည်ကို မမြင်ဘူးသလောက်ပင်ဖြစ်၏။

ထိုသို့ အနာရောဂါကင်းရှင်းပြီး အသက်ရှည်ကြသဖြင့် အမရပူရ= သေခြင်းမရှိသော မြို့ဟူသောအမည်ဖြင့် ထင်ရှားခဲ့ခြင်းဖြစ်၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူပြည်သားများ အယူအမြင် စင်ကြယ်စေရေးသည် နိုင်ငံခေါင်းဆောင်များ၏လက်ထဲတွင်ရှိ၏။

ယခုခေတ်တွင် ဘုရားတည်ယောင်ပြပြီး ဂဏန်းပေးသော ဘုန်းကြီးများ တွင်ကျယ်နေ၏။ ထိုဘုန်းကြီးမျိုးဆိုလျှင် ဒကာ၊ ဒကာမအများစုက ကိုးကွယ်ဆည်းကပ်ကြ၏။ ထို့ကြောင့်လည်း အသက်မွေးဝမ်းကျောင်းမှုကို ကြောက်သောကြောင့် သာသနာ့ဘောင်ဝင်လာသော ဘယာပဗ္ဗဇိတ တောထွက်များ။

ထောင်ထွက်များ၊ အရက်သမားများ၊ ရသေ့ယောင်များ၊ ဘိုးတော်များသည် ဘုရားတည်မည်ဟုဆိုကာ အုတ်မြစ်လောက်စီပြပြီး ဂဏန်းပေးကာ မသိနားမလည်သူ၊ ဘာသာရေးကို အရောင်းအဝယ်လိုသဘောထားသူ ဒကာ၊ ဒကာမတို့ထံမှ ရသမျှ ငွေညှစ်တော့သည်။ အကြားဖြင့်ပြောခြင်းမဟုတ်၊ ရွှေပြည်သာမှ စာရေးသူ၏ ရဟန်းဒကာတစ်ယောက်၏ ကိုယ်တွေ့ဖြစ်၏။

ထိုဒကာဦးဆောင်ပြီး ဂဏန်းပေးသော ဘုန်းကြီးတစ်ပါးထံသို့ ရွှေပြည်သာမှ ဒကာ၊ ဒကာမများ ခဏခဏသွားကြ၏။ ထိုဒကာတွင် ကိုယ်ပိုင်ကားရှိသဖြင့် အဆင်ပြေစွာ သွားနိုင်ကြ၏။ အရှုံးဆယ်ခွန်းပြော တစ်ခွန်းမှန်ဟူသောစကားအတိုင်း တစ်ခါ၊ နှစ်ခါလောက်ပေါက်သည်နှင့် တအား ယုံသွားကြ၏။ စာရေးသူ၏ ရဟန်းဒကာသည် ထိုချဲကိုယ်တော်ကို သိက္ခာပစ်ထပ်လိုက်သေး၏။

ထိုကိုယ်တော်က ငွေအလှူခံတောင်းရန် စေတီတော်တစ်ဆူ အုတ်မြစ်ချပြသဖြင့် လောဘသားကောင် ဒကာ၊ ဒကာမအများစုမှာ များများစားစား လှူကြ၏။ လအတန်ကြာလာသည်။ စေတီကား အုတ်မြစ်ကမတက်။ ဒကာ၊ ဒကာမများကား မူလကတည်းက စေတီကိုကြည်ညိုခြင်းမဟုတ် ဂဏန်းကိုသာ ကြည်ညိုခြင်းဖြစ်သဖြင့် သတိမထားကြ။

သူပြောသောဂဏန်းများမပါဖန်များလာသောအခါ ထိုချဲဘုန်းကြီး အတုသည် ရှက်ရမ်းရမ်း၏။ ယခုတစ်ခါ သူပေးသောဂဏန်းကို ရှိသမျှ

www.burmeseclassic.com

www.burmeseclassic.com

ငွေနှင့်သာမက အိမ်ကိုပါ ပေါင်ထိုးထည့်တွက်ရမည်ဟု မက်လုံးပေး၏။ စာရေးသူ၏ ရဟန်းဒကာသည် ကံတရားထက်၊ ချဲဘုန်းကြီးကိုယုံပြီး ထို ဂဏန်း (၁၂)သိန်းဖိုးခန့်ထိ ထိုးလိုက်၏။ ကျန်ဒကာ၊ ဒကာမများလည်း ထိုချဲဘုန်းကြီးအတုက အာမခံရဲလှသဖြင့် ထောင်ဂဏန်း၊ သောင်းဂဏန်း ထိ ထိုးကြ၏။

ထွက်လာသောအခါ တစ်လုံးမှပါမလာ။ ထိုဘုန်းကြီးကို ရန်တွေ့ရန် သွားသောအခါတွင်ကား ကျောင်းတွင်မရှိတော့ ထွက်ပြေးလေပြီ။ စေတီ အုတ်မြစ်ကလေးကား သည်အတိုင်းသာ ကျန်ခဲ့၏။ ရဟန်းဒကာသည် သိန်း (၂၀)ကျော်လောက် အလိမ်ခံလိုက်ရ၏။ ဤနိဒါန်းတစ်ခုလုံးဖြင့် အဓိက သိစေချင်သည်ကား ဘုရားတည်ယောင်ပြပြီး ဂဏန်းပေးကာ လိမ်ညာ စားနေသောသူများကို ဆိုင်ရာအရာရှိများက ဥပဒေအာဏာဖြင့် ထိရောက် စွာ တားဆီးပေးစေချင်ခြင်းဖြစ်၏။

မေတ္တာရှင်
(ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အခန်း (၁)

# လူ့ဘဝကိုဆန်းစစ်ခြင်း

ဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်ပန်းတိုင်ကား မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရကာ နိဗ္ဗာန်မျက်မှောက်ပြုရေးပင်ဖြစ်ပါ၏။ လောက၌ ဘုရားပွင့်တော်မူရခြင်းကလည်း ၎င်းရည်ရွယ်ချက်ကြောင့်ပင်ဖြစ်၏။ ထို့ကြောင့်လည်း စလင်းမြို့၊ ကန်လယ်ဆရာတော်ဘုရားကြီးက -

အိုလူများတို့ ဘုရားနှင့်ကိုယ်တိုင်မတွေ့လိုက်ကြရ၍ ဘာဝမ်းနည်းစရာရှိသလဲ၊ ယခုအခါ ဓမ္မကာယဘုရားတွေ အများကြီးရှိသေး၏။ ကံ၊ ပါရမီရှိလျှင် ရလိမ့်မည်ဟူ၍သာ အေးစက်စက်နေကြလျှင် အများကြီးနစ်နာကြလိမ့်မည်။

စာမတတ်လို့၊ ဘာမတတ်လို့လဲ မလုပ်ကြပါနှင့် ဆရာကောင်းနှင့်တွေ့လျှင် (မဂ်ဖိုလ်ကို) ရနိုင်ပါသည်။ သို့အတွက် အို .... လူများတို့ ယခုအခါ ကံ၊ ပါရမီကို မေးရန်မလိုပါ။ ရှင်ဘုရင်သားဖြစ်ပြီးသူ အိမ်ရှေ့မင်းသားသည် ရှင်ဘုရင်ဖြစ်ရန် ဗေဒင်မေးဖို့မလို။

မှတ်ဆိတ်ပျားစွဲသူသည် တခြားသွားပြီး ပျားဖွတ်ရန်မလို၊ ရန်သူဝိုင်းထားခံရသူသည် ထွက်ပေါက်သိလျက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မထွက်သော် ကာ၊ ပါရမီချဖွယ်မလို၊ အညစ်အကြေးလူးသူ
သည် ရေစင်ရှိလျက် မဆေးသော် ရေ၌ အပြစ်ဆိုဖွယ်ရာ
မလို-

မိမိကသာ ပျင်းလို့၊ အလို့၊ နလို့ဖြစ်သည်။ အသေနည်း
သေးတယ်လို့ ဆိုဖွယ်ကောင်းတော့သည်။ ကြောက်ကြ၊
လန့်ကြ၊ ထိတ်ကြ၊ အိုလူများတို့ သို့အတွက် တရားအား
ထုတ်ကြပါကုန်လော့။

ဟူ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကြောင်းလမ်းဖြစ်သည့် ဝိပဿနာတရား
ကို အားထုတ်ကြရန် အရေးတကြီး တိုက်တွန်းတော်မူခဲ့ပါသည်။ မဂ်ဉာဏ်၊
ဖိုလ်ဉာဏ်ကိုရဖို့ အားထုတ်ခြင်းမှာ ရလာသော လူ့ဘဝမှအနှစ်သာရထုတ်
ခြင်း တစ်ခုပင်ဖြစ်၏။ ထိုကဲ့သို့ အနှစ်သာရထုတ်ချင်လာဖို့ရန် ရှေးဦးစွာ
လူ့ဘဝတန်ဖိုး၊ ဗုဒ္ဓဘာသာဖြစ်ရခြင်း၏တန်ဖိုးတို့ကိုသိရန် လိုအပ်ပါသည်။

## ရခဲခြင်းတရားငါးပါး

ရဖို့ခဲယဉ်းသော အရာငါးမျိုးကို အင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်ဗုဒ္ဓဟော
ကြားထားသည်မှာ -

- ဘုရားရှင်ပွင့်တော်မူသောအခါကို ရခဲခြင်း
- လူ့ဘဝကို ရခဲခြင်း
- သဒ္ဓါတရားရှိသောပုဂ္ဂိုလ်အဖြစ်ကို ရခဲခြင်း
- ရဟန်းဘဝကို ရခဲခြင်း
- သူတော်ကောင်းတရားကို ကြားနာရခဲခြင်းတို့ ဖြစ်ပေသည်။

ဤနေရာတွင် လူ့ဘဝရခဲပုံကိုသာ စာရှုသူများ နားရှင်းသည်အထိ
ကြိုးစားရေးသားပါမည်။ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားချက်ကို ဗို၍
သဘောပေါက်ရန် သံယုတ်ပါဠိတော်၊ နခသိခူပမသုတ်ကို ဆက်၍ လေ့လာ
ရပါမည်။ ထိုသုတ်၌ ဗုဒ္ဓဟောကြားထားသည်မှာ -

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား၊ ချစ်သမီးတို့ ငါဘုရား၏ လက်သည်းပေါ်မှာရှိသော မြေမှုန့်နဲ့ ဟောဒီအောက်က မဟာပထဝီမြေကြီး ဘယ်ဟာက များသနည်း"

"အောက်မှာရှိသည့် မဟာပထဝီမြေကြီးက အဆမတန်အောင် များပြားလှပါသည်ဘုရား"

"ချစ်သား၊ ချစ်သမီးတို့ ဟောဒီဥပမာအတိုင်းပဲ၊ လူ့ဘဝကနေ သေပြီးတော့ လူ့ဘဝကိုပြန်ရောက်ရတဲ့ပုဂ္ဂိုလ်ဆိုတာ ငါဘုရားလက်သဲခွံပေါ် မြေမှုန့်လောက်ပဲရှိတယ်။ လူ့ဘဝကသေပြီး အပါယ်လေးဘုံကျရောက်ရတဲ့ ပုဂ္ဂိုလ်များကတော့ ဟောဒီ မဟာပထဝီမြေကြီးအထုလောက်ရှိတယ်" ဟူ၍ ဖြစ်ပါသည်။

တစ်ဖန် ဥပရိပဏ္ဏာသပါဠိတော်၊ သုညတဝဂ်၊ ဗာလပဏ္ဍိတသုတ်တွင်လည်း အပါယ်ဘုံသားတို့ လူ့ဘဝပြန်ရဖို့ခဲယဉ်းပုံနှင့်ပတ်သက်၍ ဟောကြားထားတော်မူသည်မှာ -

"ချစ်သား၊ ချစ်သမီးတို့ အပါယ်ဘုံသားများ လူ့ဘဝတစ်ခုရဖို့ ခဲယဉ်းပုံကို ငါဘုရား ဥပမာနှင့်တကွ ဟောကြားတော်မူမယ်၊ ကျယ်ဝန်းနက်ရှိုင်းလှတဲ့ သမုဒ္ဒရာကြီးထဲမှာ အနှစ်တစ်ရာနေမှ ရေပေါ်ကို ခေါင်းလေးတစ်ခါ ပေါ်တဲ့ လိပ်ကန်းကြီးတစ်ကောင်ရှိတယ်။

အဲဒီ သမုဒ္ဒရာကြီးထဲကို အပေါက်တစ်ပေါက်သာဖောက်ရသေးတဲ့ နွားလှည်းက ထမ်းပိုးတစ်ချောင်း ပစ်ချလိုက်ရမယ်၊ ထမ်းပိုးကလည်း လေတိုက်ရာလိုက်ပြီး အရပ်လေးမျက်နှာ မျောချင်ရာ မျောနေမယ်၊ လိပ်ကန်းကြီးကလည်း အနှစ်တစ်ရာပြည့်ရင် သူပေါ်ချင်ရာပေါ်မယ်။

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပေးရမှာက လိပ်ကန်းကြီးကလည်း အနှစ်တစ်ရာပြည့်လို့ ရေပေါ်ကိုပေါ်လာတဲ့အချိန်လည်းဖြစ်ရမယ်၊ အရပ်လေးမျက်နှာ မျောချင်ရာမျောနေတဲ့ ထမ်းပိုးကလည်း လိပ်ကန်းကြီးရဲ့ ပေါ်လာတဲ့ ငှုံးခေါင်းနဲ့တည့်တည့်နေရာ ရောက်နေရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ခဲခဲယဉ်းယဉ်းဖြစ်ရမှာက တစ်ပေါက်တည်းသာ ဖောက်ထားတဲ့ ထမ်းပိုးအပေါက်ထဲကို လိပ်ကန်းကြီးရဲ့ဦးခေါင်းဟာ တည့်တည့်မတ်မတ်ဝင်သွားဖို့ဆိုတဲ့အရာဟာ လွယ်လွယ်ကူကူ ဖြစ်နိုင်ပါ့မလား ချစ်သား၊ ချစ်သမီးတို့''

''ဤသို့ဖြစ်ဖို့ရန် အင်မတန်မှ ခဲယဉ်းလှပါသည် ဘုရား''

''ချစ်သား၊ ချစ်သမီးတို့ အပါယ်ကျနေသူများ လူ့ဘဝပြန်ရဖို့ရာကတော့ ယခု ငါဘုရားဟောကြားတဲ့ ဥပမာထက် အဆပေါင်းများစွာ ခဲယဉ်းလှပေသည်'' ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ ဤဟောကြားချက်သုံးခုလုံးကို ပေါင်းကြည့်လိုက်ပါမှ လူ့ဘဝရဖို့ခဲယဉ်းပုံကို ပိုမို၍ သိလာရပါသည်။

## ဗုဒ္ဓတရားနှင့် တရုတ်ပြည်လူဦးရေ

ဤနေရာတွင် လောကီ၊ လောကုတ္တရာ အတန်ငယ် ဗဟုသုတရှိသော ရဟန်းတစ်ပါးက အောက်ပါမေးခွန်းကို စာရေးသူအား မေးလာခဲ့သည်။

''ဆရာတော်ဘုရား - မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်မှာ လူ့ဘဝရခဲတယ်လို့ ဟောကြားထားတာလည်း တပည့်တော် တွေ့ဖူးပါတယ်၊ ဒါပေမယ့် ယခု တရုတ်ပြည်မှာကျတော့ မိသားစုတစ်စုမှာ ကလေးတစ်ယောက်ထက်ပိုမယူဖို့ လူဦးရေကန့်သတ်နေတာကို သတင်းစာမှာ ဖတ်ရတယ်ဘုရား၊ အဲဒီတော့ လူ့ဘဝရခဲတယ်ဆိုတဲ့ ဗုဒ္ဓဟောကြားချက်ဟာ ယခုခေတ်အနေနဲ့ မှန်ပါဦးမလားဘုရား''

**မှတ်ချက်** ။ ၂၀၀၀ ခုနှစ်အတွင်းက တရုတ်ပြည်တွင် လူဦးရေသန်းပေါင်း ၁၂၀၀ ကျော်ရှိသည်။

ထိုရဟန်းတော်၏မေးခွန်းကို စာရေးသူက ယခုကဲ့သို့ ဖြေဆိုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရားရဲ့ ပါဠိတော်ဟောစဉ်တိုင်းမှာ ကောဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ - တရားတော်မှန်သမျှ အမြဲတမ်း အလုံးစုံပြည့်စုံတယ်ဆိုတဲ့ ဟောကြားချက်ကလေး အမြဲလိုလိုပါပါတယ်။ ဆိုလိုတာက ဗုဒ္ဓရဲ့ဟောကြားချက်တိုင်းဟာ ဘယ်ခေတ်ကိုရောက်ရောက် မှန်ကန်နေမှာပဲ။ ယခုလည်း သုံးသပ်ကြည့်ရအောင်။

လောကမှာ အနည်းအများဆိုတာ နှိုင်းယှဉ်ကြည့်မှ ပေါ်လွင်ထင်ရှားအမှန်ကိုရောက်ပါတယ်၊ ဥပမာ ဒေါ်လာသန်းတစ်ရာချမ်းသာတဲ့လူတစ်ယောက်ကိုသာတွေ့ဖူးရင် ဒီလူသာလျှင် အချမ်းသာဆုံးလို့ထင်မိနေမှာ၊ နောက်တော့ ဒေါ်လာ ဘီလီယံထောင်နဲ့ချီပြီးချမ်းသာတဲ့သူကိုတွေ့တော့မှ ဒေါ်လာသန်းတစ်ရာဆိုတာ နည်းနည်းလေးပါလားလို့ ဝန်ခံရသလို အခုလည်း ကမ္ဘာ့လူဦးရေတစ်ခုထဲကြည့်မယ်ဆိုရင်တော့ လူတွေအများကြီးပေါ့။

ဒါပေမယ့် အပါယ်ဘုံသားတွေနဲ့ယှဉ်ကြည့်လိုက်မှ လူဦးရေဟာ ဘာမှမရှိပါလားဆိုတာ ပေါ်လွင်သွားတယ်၊ ဘာဝနာဒီပနီမှာ လယ်တီဆရာတော်က လူ၊ နတ်၊ ဗြဟ္မာ ဆိုတဲ့ သုဂတိဘုံသားတွေဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လို့ခေါ်တဲ့ ဒုဂ္ဂတိဘုံသားတွေနဲ့စာလိုက်ရင် ဘယ်လောက်ထိ နည်းပါးသွားသလဲဆိုတာ အခုလို ဥပမာပေးပြီး ရေးသားထားတယ်"

## နှိုင်းယှဉ်၍ကြည့်-နည်းမှန်းသိ

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူသော သုဂတိ (၂၇)ဘုံမှ သတ္တဝါတစ်ယောက်လျှင် အပါယ်လေးဘုံတို့မှ သတ္တဝါအသင်္ချေကျ ထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိ (၂၇)ဘုံ၌ သတ္တဝါတွေ ကုန်လေရာ၏။ အပါယ်လေးဘုံရှိ သတ္တဝါကား မကုန်လေရာ၊ အပါယ်လေးဘုံသည် ဤမျှလောက်အသိုက်အအုံ ကြီးမားလှ၏။ တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သုံးနှုန်းသွားတဲ့ အသင်္ချေရဲ့အရေအတွက်ကို အနည်းရှင်းပြပါမယ်။ အသင်္ချေရဲ့အဓိပ္ပါယ်ကိုက ရေတွက်၍မရအောင်များပြားတယ်လို့ အဓိပ္ပါယ်ရပါတယ်။ အသင်္ချေရဲ့အရေအတွက်ကို မှန်းဆလို့ရအောင် ရှေးဆရာများက ယခုလို ရေးသားထားကြပါတယ်။ အလျား၊ အနံ၊ အမြင့် (၁၂)မိုင်စီရှိတဲ့ ဂိုထောင်ကြီးထဲကို သေးငယ်တဲ့ မုံညင်းစေ့လေးများကို အပြည့်ထည့်ထားရပါမယ်။

အနှစ်တစ်ရာနေမှ မုံညင်းစေ့တစ်စေ့ကိုသာ ထုတ်ပစ်ရပါမယ်၊ အဲဒီလိုထုတ်ပစ်တဲ့အခါ ဂိုဒေါင်ကြီးထဲက မုံညင်းစေ့တွေသာ ကုန်သွားမယ်၊ အသင်္ချေရဲ့အရေအတွက်ဟာ မကုန်သေးဘူးလို့ ဆိုပါတယ်။ ဒါကြောင့် အပါယ်ဘုံသားတွေနဲ့ယှဉ်ကြည့်မှ လူ့ဘဝရခဲပုံဟာ ပေါ်လွင်လာပါတယ်ဟု ၄င်းရဟန်းတော်အား ပြေကြားခဲ့ရပါသည်။ (မျက်ရည်မကျခင် သိစေချင် စာ-၁၉ မှ ၂၄)

## ငရဲပြည်မှ နောင်တသံများ

လူ့ဘဝတစ်ခုရဖို့ ခဲယဉ်းပုံကို ယခုကဲ့သို့ လွယ်လွယ်ကူကူ သိရခြင်းမှာ ဗုဒ္ဓ၏ကျေးဇူးတော်ကြောင့်ပင် ဖြစ်ပါ၏။ ဗုဒ္ဓ၏အဆုံးအမကို မရကြသူများမှာကား ခန္ဓာနှင့်ရင်းပြီးမှ လူ့ဘဝတန်ဖိုးကို သိကြရသည်။ လူ့ဘဝတန်ဖိုးကို ထိထိမိမိအသိဆုံးနေရာကား ငရဲပြည်ဟုဆိုရပါမည်။ ဗုဒ္ဓလက်ထက်တော်က သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးသည် တဏှာရမ္မက်၏စေခိုင်းမှုကြောင့် လင်ရှိမယားတစ်ယောက်ကို မတရားသိမ်းပိုက်ရန် နည်းလမ်းအမျိုးမျိုးကို ကြံစည်လျက်ရှိသည်။

ညသန်းခေါင်ခန့်ရှိသောအခါ မြေကြီးအောက်မှထွက်ပေါ်လာသော ဒု၊ သ၊ န၊ သော ဟူသော အသံနက်ကြီးများကို ကြားလိုက်ရသဖြင့် ကြက်သီးမွေးညင်းများထပြီး ထိတ်လန့်တုန်လှုပ်ကာ အိပ်မရတော့ချေ။ မိုး

www.burmeseclassic.com

www.burmeseclassic.com



လင်းသောအခါ ဗေဒင်ဆရာများ၏အကြံပေးချက်အတိုင်း လူများ၊ တိရစ္ဆာန်များကို ခေါင်းဖြတ်သတ်ပြီး ယဇ်ပူဇော်ရန် စီစဉ်လေသည်။

ညက အသံနက်ကြီးများသည် ဘုရင်ကြီးကံတော်ကုန်ရန် အတိတ်နိမိတ်များဖြစ်သည်။ ယဇ်ပူဇော်မှ ထိုနိမိတ်များပျောက်မည်ဟူ၍ ဗေဒင်ဆရာများက ဖြီးဖြန်းလိုက်သည်မဟုတ်ပါလော။ ကိုယ့်အတွက် လာဘ်လာဘရလျှင်ပြီးရော၊ အခြားသူမှာကား ဘာဖြစ်ဖြစ်ဟူ၍ သဘောထားသောသူကို တစ်ဘို့သာကြည့်သူဟု ဆို၍ရသည်။ ထိုသို့သော လောဘကို သူတစ်ပါးအကျိုးပျက်စီးပြီးမှ မတရားသဖြင့်ရယူလိုသောလောဘဖြစ်ခြင်းကြောင့် ဝိသမလောဘဟုဆိုရသည်။

ဝိသမလောဘသည် ကမ္ဘာကိုပင် ပျက်စီးစေသော အကုသိုလ်တရားဆိုး ဖြစ်၏။ ထို့ကြောင့် ထို ဝိသမလောဘစိတ် ကိန်းအောင်းသောသူကို လူယုတ်မာဟု ဆိုရ၏။ ထိုသူယုတ်မာမျိုးကို စက္ကန့်ပိုင်းမျှပင် မပေါင်းသင်းသင့်ကြောင်းကို မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်တွင် -

ကောင်းဆိုးစစ်၍၊ ကျိုးပြစ်ရှုမျှော်၊
သိမြင်မျှော်လော့၊ သူတော်မဟုတ်၊
သူယုတ်တို့၌၊ တစ်ခိုက်မျှဖြင့်၊
ပေါင်းမိသင့်က၊ စိန်နှင့်သမွရာ၊
အဆိပ်စာသို့၊ မိစ္ဆာတိမ်းပါး၊
ယုဖောက်ပြား၍၊ တရားမလျော်၊
မှားယွင်းချော်၏ -

ဟူ၍ ရေးစပ် သတိပေးတော်မူခဲ့ပေသည်။

ထိုအချိန်မှာပင် မိဖုရားကြီး မလ္လိကာ၏လမ်းညွှန်ပြမှုကြောင့် ယဇ်ပူဇော်ပွဲကြီးကိုရုပ်သိမ်းကာ ဘုရားထံ အရောက်လာခဲ့လေသည်။ ဗုဒ္ဓ ရှင်းလင်းဟောပြသောအခါတွင်မှ ကဿပမြတ်စွာဘုရားလက်ထက် လူ့တိရစ္ဆာန်

www.burmeseclassic.com

www.burmeseclassic.com



အမောင့် သားရှိသော သူဌေးသားလေးယောက်တို့ လူ့ဘဝရှိစဉ်အခါတုန်းက ဘယ်သူ့ကိုမှမပြောဘဲ သူတစ်ပါးသားမယားများအား ဥစ္စာပေးပြီး ဖျက်စီး ခံမှုကြောင့် လောဟကုမ္ဘီငရဲသို့ ကျရောက်သွားရပြီး ဒု၊ သ၊ န၊ သော ကြူးသော အသံကြီးများသည် ထိုငရဲဘုံမှအော်လိုက်သော အသံကြီးများဖြစ် ကြောင်း သိသွားလေသည်။

ထိုအခါကျမှ ကောသလမင်းကြီးသည် တစ်သက်ပတ်လုံး ငါးပါး သီလလုံခြုံသူ ဖြစ်သွားလေသည်။ လောဟကုမ္ဘီသဒ္ဒါသည် သံရေပူအိုးငရဲ ဟု အဓိပ္ပါယ်ရသည်။ သူဌေးသားလေးယောက်တို့သည် သံရေပူအိုးတွင် မပြတ်တန်း အကျိုးခံနေကြရသည်။ အနှစ်ခြောက်သောင်းရှိမှ သံရေပူအထက် သို့ ခေါင်းတစ်ခါပြူခွင့်သာ ရကြသည်။

ထိုကဲ့သို့ တစ်ခဏတာ ခေါင်းပြူခွင့်ရချိန်ကလေးတွင် သူတို့၏ အမှားများ၊ ဆန္ဒများကို လူ့ပြည်ကလူသားများအား အော်ဟစ်သတိပေးကြ ခြင်းဖြစ်သည်။ သို့သော် သံရေပူအိုးပေါ်သို့ ခေါင်းပြူခွင့်လေးမှာ တိုတောင်း လွန်းလှသောကြောင့် ပြောချင်သောဂါထာကို ဆုံးအောင်မပြောနိုင်ဘဲ တစ် ယောက်တစ်လုံးစီသာပြောပြီး ငရဲအိုးအတွင်းသို့ ပြန်မြုပ်သွားခဲ့ရခြင်း ဖြစ်သည်။

ငရဲပြည်မှ သူဌေးသားလေးယောက်ပြောချင်သောစကားများကို ဗုဒ္ဓက သဗ္ဗညုတဉာဏ်ဖြင့် အကျယ်ဟောပြတော်မူသည်မှာ -

**ဒုဇ္ဇီဝိတ မဇီဝိမှာ၊**

**ယေသံနော နဒဒါမသေ။**

**ဝိဇ္ဇမာနေသုဘောဂေသု၊**

**ဒီပံနာကမှအတ္တနော။**

ငါတို့သည် ကာမေသုမိစ္ဆာစာရကံများကို ကျူးလွန်ခြင်းဖြင့် လူ့ဘဝ ကို အသုံးချခဲ့ကြပြီ။ ဝါ အသက်မွေးခဲ့ကြပြီ။ စည်းစိမ်ဥစ္စာတို့သည် ထင်ရှား

www.burmeseclassic.com

www.burmeseclassic.com



များစွာ ရှိပါကုန်လျက် ဒါနမပြုခဲ့ချေ။ မိမိ၏သံသရာတစ်လျှောက် အားကိုးစရာ၊ မှီခိုစရာကျွန်းနှင့်တူသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တို့ကို မပြုမိခဲ့ကြချေတကား။

**သဂ္ဂဝဿ သဟဿာနိ၊**
**ပရိပုဏ္ဏာနိသဗ္ဗသော။**
**နိရယေ ပစ္စမာနာနံ၊**
**ဘဒါအန္တော ဘဝိဿတိ။**

လောဟကုမ္ဘီငရဲအိုး၌ နှစ်မြုတ်လောင်ကျွက်ရခြင်းသည် ငရဲသက်ပေါင်း အနှစ်ခြောက်သောင်းပြည့်ခဲ့လေပြီ။ အဘယ်အခါမှ ဤငရဲဘေးကြီးမှ လွတ်မြောက်ပါမည်နည်း။

**နတ္ထိအန္တော ကုတောအန္တော၊**
**နအန္တော ပဋိဒိဿတိ။**
**တဒါဟိပကတံပါပံ၊**
**မမတုယှဉ္စမာရိဿ။**

ဤလောဟကုမ္ဘီငရဲအိုးကြီးမှလွတ်မြောက်ရန် အချိန်အဆုံးသည် မရှိပါတကား။ ဤလောဟကုမ္ဘီငရဲအိုးကြီးမှ လွတ်မြောက်ရန်အချိန်အဆုံးသည် အဘယ်အခါမှ ဖြစ်ပါလေမည်နည်း။ ငါသည်လည်းကောင်း၊ သင်တို့သည်လည်းကောင်း လူဖြစ်စဉ်အခါက ကာမေသုမိစ္ဆာစာရ မကောင်းမှုတို့ကို ပြုခဲ့ကြလေပြီ။

**သောဟံနူနကုတောဂန္တွာ၊**
**ယောနိလဒ္ဓါနမာနုသိံ။**
**ဝဒညူသီလသမ္ပန္နော၊**
**ကာဟာမိကုသလံဗဟုံ။**

ငါသည် ဤငရဲဘေးကြီးမှလွတ်မြောက်၍ အလွန်ရခဲသောလူ့ဘဝကို ပြန်ရခဲ့လျှင် အလှူခံသူတော်စင်တို့၏စကားကိုသိပါ (လှူပါ)တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးပါး ပါလေ၊ ရှစ်ပါးသီလကိုလည်း စောင့်ထိန်းလျှက် ဒါန၊ သီလ၊ ဘာဝနာ ဟူ ပုံပံ့များစွာကိုပြုလုပ်ပါတော့မည်။

ဖော်ပြခဲ့သော သူဌေးသားလေးယောက်သည် လောက၌ လူလေးမျိုး မျိုးပြောင်းကိုလည်း နားမလည်၊ မိမိဘယ်အမျိုးအစားထဲပါမှန်းလည်းမသိခဲ့ များဖြင့် လူ့ဘဝရခဲ့ရသည့်အတွက် အမြတ်မတွက်ဘဲ **အရှုံးနှင့်သာ ရင်ဆိုင်** ခဲ့ရပေသည်။ ဤနေရာ၌ လူတိုင်းသိသင့်သော လူလေးမျိုးအကျယ်ကို ရေးသားတင်ပြရပေမည်။ လူလေးမျိုးအကျဉ်းကိုကား မျက်ရည်မကျခင် သိစေချင်စာအုပ်၌ ရေးသားတင်ပြပြီးဖြစ်သည်။

## လူလေးမျိုးအကျယ်

ဝိမာနဝတ္ထုအဋ္ဌကထာ၌လာသော လူလေးမျိုးမှာ လူ့ငရဲသား၊ လူ့တိရစ္ဆာန်၊ လူ့ပြိတ္တာ၊ လူ့ပရမတ္ထတို့ဖြစ်ပေသည်။ လူ့ငရဲသား၏အဓိပ္ပါယ်ကို သေချာသိရန် ငရဲပြည်အကြောင်း ဦးစွာနားလည်ထားရမည်။ ငရဲဟူသည် ချမ်းသာမှုကင်းခြင်းဟု အဓိပ္ပါယ်ရသည်။ ထိုငရဲသည် -

သဉ္ဇိုင်းငရဲ၊ ကာဠသုတ်ငရဲ၊ သံဃာတငရဲ၊ ယောယုဝငရဲ၊ မဟာယောယုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲ ဟုရှစ်ထပ်ရှိသည်။ တစ်ထပ်နှင့်တစ်ထပ် ယူဇနာတစ်သောင်းငါးထောင်စီဝေးလျက် မြေကြီးအောက်မှာ အစဉ်လိုက် တည်ရှိသည်။ တစ်ယူဇနာလျှင် ဆယ်မိုင်ခန့်ရှိ၍ တစ်ထပ်နှင့်တစ်ထပ် အင်မတန်မှ ဝေးကွာလှသည်။

ကြားဖူးသည်မှာ သိပ္ပံပညာရှင်အချို့ ငရဲတကယ်ရှိ၊ မရှိ သိနိုင်ရန် မျိုးကြီးတဲ့သို့ နက်သထက်နက်အောင်တူးကြည့်ကြရာ မည်မျှလောက်အနက် အထိ ရောက်သည်မသိ။ သူတို့၏ မြေတူးကိရိယာများ မြေအောက်ထဲမှ ပြင်းထန်လှသောအပူဓာတ်ကြောင့် အရည်ပျော်ကုန်သဖြင့် စူးစမ်းမှုကို ရပ်လိုက်ရသည်ဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ကိရိယာများ အရည်ပျော်လောက်သည်အထိ ပြင်းထန်သော အပူဓာတ်မျိုး မြေအောက်ထဲ မည်သို့သောနည်းဖြင့် ရောက်နေကြောင်းကို ယခုအချိန်ထိ သူတို့ အဖြေမပေးနိုင်သေးပေ။ ရေထဲမှသေးငယ်လှသော ပိုးမွှားလေးများ၊ ခန္ဓာကိုယ်မှ ရောဂါပိုးမွှားများကို ပကတိမျက်စေ့ဖြင့် မမြင်ရပေ။ အဆထောင်နှင့်ချီပြီးချဲ့ထားသော မှန်ဘီလူးများနှင့်ကြည့်မှသာ မြင်ရပေသည်။

မှန်ဘီလူးနှင့်ကြည့်မှသာမြင်ရသော ပိုးမွှားများကို ပကတိမျက်စေ့နှင့် မမြင်ရသဖြင့် မယုံဟုပြောသောသူကို သိပ္ပံပညာရှင်တို့က ဩော်-အတော် အသိဉာဏ်ဗဟုသုတ နည်းပါးရှာပါလားဟုတွေးပြီး ပြုံးမိကြပေမည်။ ထို့အတူ သမာဓိအဘိညာဉ်မျက်စေ့နှင့်သာမြင်ရသော နတ်ပြည်၊ ငရဲပြည်တို့ကို မိမိတို့ပကတိမျက်စေ့ဖြင့် မမြင်ရရုံနှင့် မယုံဘူးဟုပြောသော သိပ္ပံပညာကိုသာ ကိုးကွယ်သူအချို့ကို အဘိညာဉ်ရ ဝိဇ္ဇာပညာရှင်များက ဩော်-အတတ်ပညာသာရှိပြီး အတတ်ပညာ အတော်နိမ့်ရှာသေးတာပါလားဟု တွေးပြီး ပြုံးမိကြမည်သာဖြစ်ပါ၏။

ထိုငရဲကြီးရှစ်ထပ်တွင် လူ့ပြည်နှင့်အနီးဆုံးငရဲမှာ သဥ္ဇိုင်းငရဲဖြစ်သည်။ လူ့ပြည်မှ ထိုငရဲရောက်အောင် ယူဇနာတစ်သောင်းငါးထောင်ဝေးပေသည်။ ထိုငရဲသက်မှာ လူ့သက်နှင့်တွက်လျှင် အနှစ်ကိုးသန်းရှိပေသည်။ ရေများရေနိုင်၊ မီးများမီးနိုင်ဟူသောစကားကို ဘာသာရေးရှုထောင့်မှ ရှင်းပြလိုသည်။

ရေနှင့်တူသော ကုသိုလ်ကံအကျိုးပေး၍ လူ့ချမ်းသာ၊ နတ်ချမ်းသာကို ရကြသူများသည် ယခုဘဝပြုသော ကုသိုလ်ကံများသာမက အတိတ်ဂ၀အဆက်ဆက်ကပြုခဲ့သော ကုသိုလ်ကံတို့က လိုက်ပါအကျိုးပေးလေ့ရှိည်။ ဥပမာအားဖြင့် ဗုဒ္ဓလက်ထက်က မောင်ပုဏ္ဏတို့ဇနီးမောင်နှံသည် ရာစသမာပတ်မှ ထလာသော အရှင်သာရိပုတ္တရာကို မျက်နှာသစ်ရေ၊

www.burmeseclassic.com



နံ့ပူနှင့် သွမ်းတို့ကို ပေးလှူခဲ့သောကြောင့် ထွန်ယက်ထားသော မြေစိုင်မြေခဲများသည် ရွှေသားအတိဖြစ်ပြီး ချမ်းသာခဲ့ကြသည်။

ဤကား ယခုဘဝပြုသော ဒါနကုသိုလ်ကြောင့်ဖြစ်၏။ ရွှေသူဌေးများသူးကိုရပြီး၍ ဗိမ္ဗိသာရမင်းပေးသောမြေကွက်တွင် အိမ်ဆောက်ရန် တိုင်မှတ္တက် ကျင်းတူးသောအခါ နှတ်ခမ်းထိနေသော ရတနာအိုးပေါင်းများစွာကို ထပ်မံရရှိပြန်သည်။ ဤကား အတိတ်ဘဝများကပြုခဲ့သော ကုသိုလ်ကံကိုကပါ စုပေါင်းအကျိုးပေးလာခြင်းဖြစ်၏။

ဤကား ကုသိုလ်ကံနှင့်ပတ်သက်သော ရေများရေနိုင်၏သဘောကို ပြခြင်းဖြစ်၏။ ယခု အကုသိုလ်နှင့်ပတ်သက်သော မီးများမီးနိုင်၏သဘောကို ဆက်၍ပြရပေမည်။ ယခု သဥ္စိုင်းငရဲသို့ ရောက်လာသောသူသည် အကုသိုလ်ကံကြောင့် ရောက်လာခြင်းဖြစ်၏။ ထိုအခါ အရင့်အရင်ဘဝများက ပြုခဲ့သောအကုသိုလ်ကံတို့ကပါ စုပေါင်းရောက်လာပြီး မကောင်းကျိုးပေးကြသည်။ အံ့သြဘွယ်ရာကောင်းလှ၏။

မည်သို့မကောင်းကျိုးပေးကြသနည်းဆိုသော ငရဲကောင်၏ခန္ဓာကိုယ်မှအသားများကို ငရဲသားများက ခုတ်ထစ်၊ သတ်ဖြတ်၊ ညှဉ်းဆဲကြသောအခါ ပို၍နာကျင်အောင် အသားနများအဖြစ် ဖန်တီးပေးလိုက်ကြသည်။ အနာပေါက်ပြီး ပျောက်ဖို့ရန်အတွက် တက်လာသောအသားနလေးကို ထိမိလျှင်မည်မျှလောက်ထိနာသည်ကို အနာပေါက်ဖူးသူတိုင်း သိကြပေသည်။

အတိတ်အကုသိုလ်ကံများက ထိုမျှနှင့်အားမရသေး၊ ငရဲကောင်ကို ငရဲသားများက လွတ်လွတ်လပ်လပ် ပိုင်ပိုင်နိုင်နိုင် နှိပ်စက်စေနိုင်ရန်အတွက် ခန္ဓာကိုယ်ကို အကြီးမားဆုံးဖြစ်အောင် ဖန်တီးပေးလိုက်သေးသည်။ အသားနများနှင့် ကြီးမားသောခန္ဓာကိုယ်ပိုင်ရှင် ငရဲကောင်ကို ငရဲသားများက မြေပြင်တွင် ပက်လက်လှန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ရင်ဘတ်တို့တွင် ထန်းသီးလုံး ပမာဏရှိသော သံမှို ၅ ချောင်းနှင့် မြေပြင်မှာ လှုပ်မရအောင် ရိုက်လိုက်သည်။ ထို့နောက်တွင်တော့ ဓားများ၊ လှံများ၊ ပေါက်ဆိန်များဖြင့် ခုတ်ကြ ထိုးကြတော့သည်။ ထိုသို့သော ဆင်းရဲဒုက္ခများကို ငရဲသက်နှစ်ပေါင်း ကိုးသန်းမပြည့်မချင်း မရပ်မနား ခံစားရပေသည်။

ဤသဉ္ဇိုင်းငရဲသက်ကား အတိုဆုံးဖြစ်၏။ ကျန်ငရဲသက်များကား တစ်ဆင့်ထက်တစ်ဆင့် ပို၍ရှည်သွားပေသည်။ ထိုသို့ ငရဲဘုံ၌ ကျခံနေရသော ငရဲသားများသည် ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှမလုပ်နိုင်ဘဲ ဆင်းရဲဒုက္ခကိုသာ အမြဲခံစားနေရသကဲ့သို့ ရာဇဝတ်မှုကြောင့် ထောင်ကျ၍ ရဲဘက်စခန်းရောက်နေသောသူများသည်လည်း ဒါန၊ သီလ၊ ဘာဝနာတစ်ခုမျှမလုပ်နိုင်ဘဲ ဆင်းရဲဒုက္ခကိုသာ အချိန်ပြည့် ခံစားနေကြရပေသည်။

ထိုသို့သော လူသားမျိုးကို ဗုဒ္ဓက လူအစစ်မဟုတ်သေး၊ လူ့ငရဲသား အဆင့်သာရှိသည်ဟု နာမည်တပ်ပေးလိုက်ခြင်းဖြစ်ပေသည်။

## လူ့ငရဲသားကျော်မြ

ကျော်မြသည် ရန်ကုန်၊ ကမာရွတ်မှာ နေထိုင်သည်။ ကောင်းရောင်းကောင်းဝယ်လုပ်စားသူတစ်ယောက်ပင်ဖြစ်ပါ၏။ သူ့ကို ငရဲသားဘဝသို့ ရောက်အောင်ပို့ပေးလိုက်သော အဓိကတရားခံမှာ ဒေါသပင်ဖြစ်ပါ၏။ တစ်နေ့ ညနေပိုင်းတွင် သူတို့ရပ်ကွက်ထဲမှ အရက်သမားတစ်ယောက်သည် ပူးပြီး ရပ်ကွက်ထဲတွင် လှည့်ပတ်ဆဲနေသည်။ ကြမ္မာငင်ချင်သော ဗိုးသမားများ ကျော်မြအိမ်ရှေ့တွင် ဆဲဆိုချိန် အနည်းငယ်ကြာသွားသည်။

**ဒေါသောအတ္ထံနဇာနာတိ** = ဒေါသကား အကောင်းအဆိုး အကြောင်းမျိုး ဘာမှသိတတ်သည်မဟုတ်။ ထိုဒေါသကို ကျော်မြတစ်ယောက် ပုံသဏ္ဌာန်တွင် နှစ်မိနစ်ခန့် လက်ခံလိုက်မိသည်နှင့် အိမ်ရှေ့မှ အမူးသမားကို ဓားဖြင့် သုံးချက်တိတိ ထိုးသတ်ပြီးဖြစ်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်မြ ထောင်ကျသွားသည်နှင့် ကျန်ရစ်ခဲ့သည့် သားမယားများ ဒုက္ခရောက်ကြတော့သည်။ သားသမီးအားလုံး ကျောင်းကထွက်ပြီး ရရာ အလုပ် လုပ်ကြရသည်။ နူရာဝဲစွဲဆိုသော စကားပုံအတိုင်း ကျန်ရစ်ခဲ့သည့် မယားက လေဖြတ်သွားပြန်သေးရာ သားငယ် သမီးငယ်တို့၏ဘဝကား ပြောဖွယ်ရာမရှိ။

ရှင်ပြုချင်ကြသော ကျော်မြ၏သားများကို စာရေးသူတို့မိတ်ဆွေများက စုပေါင်းပြီး ပရိက္ခရာ လှူပေးကြရသည်။ ကိလေသာဆယ်ပါးတွင် ပါဝင်သော ဒေါသကား ဆိုးကျိုးပေါင်းများစွာကိုသာ ပေးပါ၏။ ကောင်းကျိုး ဟူ၍ တစ်ခုမှမပေးပေ။ လူတစ်ယောက်သည် တစ်စုံတစ်ယောက်အပေါ် အမျက်ဒေါသ၊ အာဃာတထားပြီး သေလျှင် ငရဲဘုံထိကျသည်။

ထိုဒေါသတရား လူသားတို့သန္တာန်တွင် အားကြီးလာလျှင် ကမ္ဘာလောကကြီးတွင် **သတ္ထန္တရကပ်** = လက်နက်ဘေး စစ်ပွဲဘေးကြီးများ ကျရောက်တတ်သည်။ ယခု ကမ္ဘာတစ်ဝန်းတွင်ဖြစ်နေသော စစ်ပွဲမှန်သမျှ၏ အဓိကအကြောင်းကား ဒေါသသာဖြစ်ပါ၏။ လူသားတို့သန္တာန်တွင် ဒေါသ တရား ထို့ထက်ပို၍များလာဦးမည်ဆိုလျှင် ကမ္ဘာလောကကြီးသည် မီးလောင်၍ပျက်စီးရပေလိမ့်မည်။

ထိုသို့ မကောင်းကျိုးမျိုးစုံကို ဖန်တီးပေးသောဒေါသကို ကျော်မြကား စိတ်မနာနိုင်၊ ထောင်ကျပြီး ရဲဘက်စခန်းရောက်သည်အထိ ဆက်လက် ပေါင်းသင်းနေတုန်းပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော ကျော်မြတစ်ယောက် ထောင်သားများနှင့် မကြာခဏ ခိုက်ရန်ဖြစ်တတ်သောကြောင့်ပါတည်း။

ထောင်ကျပြီး နှစ်အတန်ကြာသောအခါ ကျော်မြတို့မိသားစုအတွက် ကံကြမ္မာက အကောင်းဘက်သို့ လှည့်ပေးပြန်သည်။ ကျော်မြ၏သား ရဟန်း တစ်ပါးသည် သူတစ်ပါးသောက်ပြီးပေးလိုက်သော လောကနတ်အချိုရည် ပုလင်းအခွံများကိုတောင်းပြီး ကံစမ်းမဲထည့်လိုက်ရာမှ ကားတစ်စီး မဲပေါက် သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မဲပေါက်သောအချိန်က ငါးသိန်းသာတန်သောကားသည် ယခု ၂၀၀၂ ခုနှစ်အချိန်ဆိုလျှင် သိန်း (၈၀)ခန့်ရှိနေလေပြီ။ သားရဟန်းက ရောင်းပြီး ကိုယ်ပိုင်အိမ်များ၊ ခြံများကိုပါဝယ်ပေးပြီး မိဘကိုကြည့်ရှုစောင့်ရှောက် ကျေးဇူးဆပ်ခဲ့သည်။ ကျော်မြလွတ်ဖို့ကလည်း ရက်ပိုင်းလောက်သာလိုတော့သဖြင့် ဝမ်းသာစရာသတင်းပြောပြီး ထောင်ဝင်စာတွေ့ရင်း အားပေးရန်အတွက် မိသားစုအားလုံး ကျော်မြရှိရာကို သွားကြသည်။

မိသားစုအားလုံးမှာ ခဲလေသမျှ သဲရေကျကြရပြီ။ ဝမ်းသာစရာသတင်းပြောရန်လာသူ မိသားစုကို ဝမ်းနည်းစရာသတင်းက ဆီးကြိုလျက်ရှိသည်။ ကျော်မြတစ်ယောက် လွတ်ခါနီးရက်ပိုင်းအလိုကျမှ ရန်ဖြစ်ပြီး ထောင်သားတစ်ယောက်ကို ပေါက်ပြားဖြင့်ခုတ်သတ်လိုက်သောကြောင့် နောက်ထပ် အလုပ်ကြမ်းနှင့်ထောင်ဆယ်နှစ် ထပ်ကျသွားပြန်ပြီတဲ့။

တိုက်ပိတ်ခံထားရသဖြင့် ကျော်မြတစ်ယောက် မိသားစုကိုပင် ထွက်တွေ့ချိန်မရခဲ့ပေ။ ယခုအချိန်တွင်ကား ကျော်မြတစ်ယောက် ထောင်ထဲမှာပင် ကွယ်လွန်ခဲ့ရလေပြီ။ သူ့ကို လူ့ငရဲသားဘဝရောက်အောင် ပို့ပေးလိုက်သော ဒေါသတရားကိုကား နောင်တမလွန်ထိ ယူဆောင်မသွားစေနှင့်ဟုသာ ဆုတောင်းရပေတော့သည်။

ကျော်မြကဲ့သို့သော လူသားများကား လူ့ငရဲသားများသာ ဖြစ်ကြပါ၏။

## လူ့တိရစ္ဆာန် ကျော်ဘ

တိရစ္ဆာန်များသည် အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်းသုံးမျိုးကိုသာလုပ်ပြီး ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို တစ်ခုမှမလုပ်သကဲ့သို့ တစ်ချို့ လူဖြစ်နေပါလျက် မိမိတို့တတ်စွမ်းသမျှ ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှမလုပ်ဘဲ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်း သုံးမျိုးတို့ဖြင့် ... အချိန်ကုန်ပြီး တစ်ဘဝဆုံးရသောသူကို လူ့တိရစ္ဆာန်ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့တိရစ္ဆာန်ကျော်ဘအကြောင်းကို ကွယ်လွန်လေပြီးသော စာရေးဆရာကြီး ဦးရန်အောင်၏ သုံးဘဝကျွန်တော်အမည်ရှိ ဆောင်းပါးမှ ရရှိပါသည်။ သူနှင့်သိသော ရန်ကုန်မြို့မှ သူဌေးတစ်ယောက်ဟုသာ ဆောင်းပါးတွင် ဖော်ပြထားပါသည်။ နာမည်မဖော်ပြပေ။ ခေါင်းစီးတပ်ချင်၍ စာရေးသူက နာမည်ပေးလိုက်ခြင်းဖြစ်သည်။

ကျော်ဘသည် ရန်ကုန်မြို့သားဖြစ်၍ စီးပွားရေးအကွက်မြင်သည်။ ထို့ကြောင့်လည်း ဥစ္စာစည်းစိမ်များစွာကို ရှာဖွေနိုင်၍ သူဌေးကြီးဟူသော ဘွဲ့ကိုခံယူနိုင်ခဲ့သည်။ သို့သော် သူသည် ပစ္စုပ္ပန်ဘဝတွင်သာသုံးရသော ဥစ္စာကိုရှာဖွေ၍ သံသရာအတွက်သုံးရသောဥစ္စာကို မရှာဖွေခဲ့ပေ။

ဥစ္စာသည် ထာဝရဥစ္စာ၊ ဇင်္ဂမဥစ္စာ၊ အင်္ဂသမဥစ္စာ၊ အနုဂါမိကဥစ္စာဟူ၍ လေးမျိုးရှိ၏။ ထိုတွင် ရွှေ့ပြောင်း၍မရသော တိုက်တာ၊ ခြံမြေ၊ လယ်ယာတို့ကို ထာဝရဥစ္စာဟုခေါ်သည်။ ရွှေ့ပြောင်း၍ရသော ရွှေ၊ ငွေ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်တို့ကို ဇင်္ဂမဥစ္စာဟုခေါ်သည်။

အသက်မွေးဝမ်းကြောင်းအတွက် တတ်မြောက်ထားသော အတတ်ပညာမှန်သမျှကို အင်္ဂသမဥစ္စာဟုခေါ်သည်။ ဤဥစ္စာသုံးမျိုးကို လောကီဥစ္စာဟုခေါ်သည်။ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်တရားများကိုကား အနုဂါမိကဥစ္စာဟုခေါ်သည်။ သား၊ မယား၊ ဆွေမျိုးသားချင်းများရှိသည့်အတွက် လောကီဥစ္စာသုံးမျိုးကို သမ္မာအာဇီဝကျကျ ရှာရမည်သာဖြစ်၏။

တစ်ဖန် နိဗ္ဗာန်မရောက်မချင်း ကျင်လည်ရဦးမည့်ဘဝသံသရာရှိသည့်အတွက်ကြောင့် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်ဥစ္စာကိုလည်း ရှာရမည်သာဖြစ်၏။ မိမိသေသောအခါ တိုက်တာခြံမြေ၊ ရွှေငွေအတတ်ပညာဟူသော လောကီဥစ္စာသုံးမျိုးသည် တစ်ခုမှလိုက်မလာနိုင်ဘဲ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ဥစ္စာကသာ နောက်ဘဝသို့ လိုက်ပါမည်ဖြစ်သော ကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



# တကယ်ပိုင်သောမြေ

ရုရှားဝတ္ထုရေးဆရာကြီး တော်စတွိုင်းက အရင်းရှင်၊ မြေရှင်၊ ကြေးရှင်တို့ကို သရော်သော ဝတ္ထုတစ်ပုဒ်သည် ကမ္ဘာကျော်ခဲ့သည်။ ထိုဝတ္ထုက ပြောပြသော လိုရင်းအချုပ်မှာ မြေဧကများများပိုင်ချင်သော လူတစ်ယောက်သည် အထူးခြားဆုံးသောနည်းဖြင့် မြေရောင်းသောဒေသတစ်ခုသို့ ရောက်သွားခဲ့သည်။

ထိုဒေသ၏မြေရောင်းနည်းမှာ ငွေကိုပုံသေသတ်မှတ်ထားပြီး မြေဧကကိုကား ပုံသေသတ်မှတ်မထားပေ။ ဥပမာအားဖြင့် မြေရောင်းသူမှန်သမျှသည် ဝယ်သူထံမှငွေကို တစ်သောင်းသာယူကြရသည်။ ဝယ်သူသည် သတ်မှတ်ထားသောနေရာမှ နေထွက်သည်နှင့် လျှောက်နိုင်သလောက်လျှောက်ပြီး တစ်ဧကရှိလျှင် တုတ်တစ်ချောင်းထိုးပြီး မှတ်သားထားရသည်။

နေမဝင်ခင်အချိန်အတွင်း မိမိ ဧကတစ်ရာရှိအောင်သွားနိုင်လျှင် ဧကတစ်ရာရသည်။ ဧကတစ်ထောင်ရှိအောင်သွားနိုင်လျှင် ဧကတစ်ထောင်ရသည်။ နေဝင်ပြီးမှပြန်ရောက်လာလျှင်ကား တစ်ဧကမှ မရနိုင်တော့ပေ။ ပေးထားသောငွေပါ အဆုံးခံရသည်။

လောဘကြီးသောလူတစ်ယောက်သည် ထိုဒေသသို့ရောက်လာပြီး မြေဝယ်သည်။ ငွေတစ်သောင်းပေးပြီး နေထွက်မှစ၍ ခပ်သွက်သွက်လျှောက်ရင်း တစ်ဧကလျှင် တစ်ချောင်းနှုန်းဖြင့် တုတ်ချောင်းများကိုစိုက်လာရာ တုတ်ဘယ်နှစ်ချောင်းကုန်၍ မြေဘယ်နှစ်ဧကရှိသည်ကိုမရေတွက်နိုင်တော့။ သူကား လောဘ၏ကျေးကျွန်ဖြစ်သွားလေပြီ။

ထို့ကြောင့်လည်း နေမဝင်မီပြန်ရောက်ဖို့ကို သတိမထားနိုင်ဘဲ မြေဧကများများရဖို့တစ်ခုတည်းကြည့်ပြီး လျှောက်လာလိုက်ရာ နေသည် အနောက်ဂေါယာကျွန်းသို့ ယွန်းစပြုနေပြီကို အတော်ကြာမှသိသွားသည်။ နာရီအားဖြင့်ဆိုလျှင် ညနေလေးနာရီသာသာခန့်ရှိနေပြီ။ သူသည် ထိုအခါကျမှ အထိတ်တလန့်ဖြင့် နောက်ကြောင်းကို ခြေကုန်သုတ်ပြေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှာ ရှိခန့်လျှောက်လာခဲ့သောခရီးကို နှစ်နာရီသာသာဖြင့် ပြန်ရောက်ဖို့ကား အလွန်မှ ခဲယဉ်းလှပါ၏။ သို့သော် သူကားမလျှော့။ ပြေးနှုန်းကိုတင်မြဲတင်ပြီး ပြေးလျှက်ရှိသည်။ သူမှတ်သားခဲ့သော မြေဇကများသည် နောက်သို့ တစ်ရိပ်ရိပ်ကျန်နေခဲ့သည်။ တစ်နာရီခွဲလောက် အားစိုက်ပြေးလိုက်သည်နှင့် သူစပြီးတာထွက်ခဲ့ရာတောင်ကုန်းကို မှုန်ပျပျ လှမ်းမြင်ရပြီ။

သူအားတက်လာ၏။ ပြေးအားကိုထပ်ပြီးတင်ပြန်သည်။ သို့သော် သူ့ခန္ဓာကိုယ်က သူ့စိတ်အလိုကို မလိုက်နိုင်တော့။ ခြေထောက်များက ကျောက်ခဲကြီးများဆွဲထားသလို လေးလံလာသည်။ မောပြီးသေတော့မည်။ မြေတွေမရရင်လည်းနေပါစေတော့။ မြေကြီးပေါ်လှဲချပြီး အမောဖြေချင်စိတ်တို့က တားမနိုင်ဆီးမရပေါ်လာသည်။

ငွေတစ်သောင်းလည်းဆုံးမယ်၊ ရပြီးသားမြေတွေလည်း လက်လွှတ်ရမယ်။ ဒီအဖြစ်မျိုးတော့ မရောက်စေနဲ့၊ အခွင့်အရေးဆိုတာ ရတုန်းယူထားရတယ်ဟု လောဘစိတ်က တိုက်တွန်းလိုက်ပြန်သောအခါ သူသည် ကျန်သမျှအားများကို ဖျစ်ညှစ်ထုတ်၍ ပြေးမြဲဆက်ပြေးနေသည်။ သူ့မိတ်ဆွေတစ်ချို့နှင့် မြေပိုင်ရှင်တို့ကို သူလှမ်းမြင်နေရပြီ။

တောင်ကုန်းပေါ်မှ အော်ဟစ်အားပေးသူတို့အသံကိုလည်း ကြားနေရပြီ။ နေကိုမော့ကြည့်လိုက်ရာ တောင်စွယ်တွင် သုံးပုံပုံ တစ်ပုံခန့် ကွယ်နေပြီကို တွေ့ရသည်။ တောင်ခြေကိုရောက်လာပြီ။ မီတော့မီသေးတယ်ဟု အားတက်သွားပြန်သည်။ သူထင်သည့်အတိုင်း မီကားမီပါ၏။ သို့သော် သူကား မြေဇကများစွာကို ရမသွားခဲ့။

အဘယ့်ကြောင့်ဆိုသော် သတ်မှတ်ထားသောနေရာသို့သူရောက်သည်နှင့် နေလည်းဝင်သွား၏၊ စည်းကမ်းအရ နေမဝင်မီ စက္ကန့်ပိုင်းလောက်စော၍ရောက်သဖြင့် သူဖြတ်သန်းလာခဲ့သောမြေကို သူရရမည်ဖြစ်၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မှောက်လျက်လဲကျနေသောသူကို ဆွဲထူလိုက်ကြရာ အသက်ပါမလာတော့။ အမောဆို့ နှလုံးကွဲပြီး သေနေလေပြီ။

သူ့ပါးစပ်နှင့်နှာခေါင်းတို့မှလည်း သွေးတို့ကယိုစီးထွက်လျက်ရှိသည်။ နောက်ဆုံးတွင် လောဘလူသားသည် သူ့ကိုယ်ကိုမြှုပ်နှံထားသော နှစ်ပေခြောက်ပေမြေကိုသာ ပိုင်ဆိုင်သွားရသည်ဟု ရေးသားပြီး ဝတ္ထုကို အဆုံးသတ်ထားသည်။ ထိုဝတ္ထုကိုအကြောင်းပြု၍ လောဘတကြီး စီးပွားရှာသောသူများကို မင်းဘယ်လောက်ရှာရှာ နောက်ဆုံး တကယ်ပိုင်မှာက နှစ်ပေခြောက်ပေပါပဲကွာဟု ပြောတတ်ကြသည်။

စေ့စေ့တွေး ရေးရေးပေါ်ဆိုသောစကားအတိုင်း သေချာတွေးကြည့်သောအခါ နှစ်ပေခြောက်ပေသောမြေကိုပင် တကယ်မပိုင်သည်ကို တွေ့ကြရသည်။ တစ်ချို့သုသာန်များတွင် နှစ်ကြာလာသောအခါ မြေပုံဟောင်းပေါ်တွင် ထပ်တူးမိကြသည်။ ထိုအခါမျိုးတွင် အလောင်းသစ်မြှုပ်နိုင်ရန်အတွက် ဆွေးမြေ့နေသော မူလအရိုးဟောင်းများကိုထုတ်ယူပြီး တစ်နေရာသို့ သွားပစ်ထားကြရသည်။

ထို့ကြောင့် သုသာန်များတွင် ခေါင်းရိုးလက်ရိုးများကို မကြာခဏတွေ့ကြရခြင်းဖြစ်သည်။ ထိုဖြစ်ရပ်ကို ရှုးရှုးရှရှမြင်မိသော မြိတ်မြို့မှ ကဗျာဆရာ ဝင်းမြအောင်က ဘာသာသွေးမဂ္ဂဇင်းတွင် ဖော်ပြပါ အတွေးပါသော သံဝေဂကဗျာလေးကို ရေးဖွဲ့တင်ပြခဲ့သည်။

## သုသာန်ပြင်မှဖြစ်ရပ်မှန်

**အရိုးပြော** ▸ ဟော့အလောင်းကောင်
နေ့ကြောင်တောင်ကြီး
မောင်မင်းရောက်လာ
ငါ့နေရာကို
ဘာကြောင့်ဝင်လုနေတာလဲ

www.burmeseclassic.com

www.burmeseclassic.com



အလောင်းပြော ► သွားစမ်းပါဗျာ
ကျူပ်ခန္ဓာသည်
မကြာပုပ်သိုး
ညှိနံ့ဆိုးမည်
ကိုရီး ပြေးတော့ ပြေးပါတော့။

အရိုးပြော ► နှစ်ပေအနံ
သုံးပေခြောက်ပေ
အလျားမြေကို
လူတွေပိုင်သ
နောက်ဆုံးရဟု
ပြောကြသည်မှာ
မမှန်ပါဘူး
ငါအရိုးချောင်း
သူ့အလောင်းက
မောင်းထုတ်နှင်လိုက်
စားပြတိုက်တော့
သိမ်းပိုက်ငါနေ
သူ့သာန်မြေကို
ကွေကွင်းခဲ့ရ
ဆင်းရဲရ

(ဝင်းမြအောင်)

ဖော်ပြပါ သတိသံဝေဂတို့ကား ကျော်ဘာသန္တာန်တွင် တစ်ချက်မှမရှိ။ ထို့ကြောင့် စီးပွားရှာ၊ အိပ်၊ စား၊ ကာမဂုဏ်ခံစားအလုပ်တို့ဖြင့်သာ အချိန်တွေကုန်လာခဲ့သည်။ ထိုသို့ မေ့လျော့ပေါ့တန်စွာနေခြင်းကို မောဟဖြင့်နေခြင်းဟုခေါ်သည်။ တိရစ္ဆာန်တို့၏ အလေ့အထဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်သက်တာတွင် တိရစ္ဆာန်လိုအနေများသူအတွက် သေသော အခါ တိရစ္ဆာန်ဖြစ်ရသည်မှာ သဘာဝကျပေသည်။ မောဟကို အမှားသိ ခြင်းဟုလည်း အဓိပ္ပါယ်ဖွင့်သေးသည်။ ခန္ဓာငါးပါးကို ဗုဒ္ဓက အနိစ္စ၊ အမြဲမရှိဟုဟောသည်။ ကျော်ဘက နိစ္စမြဲသည်ဟု သိထားသည်။

ဗုဒ္ဓက ခန္ဓာငါးပါး ဒုက္ခဆင်းရဲသည်ဟု ဟောသည်။ ကျော်ဘက သုခ=ချမ်းသာသည်ဟု သိထားသည်။ ဗုဒ္ဓက ခန္ဓငါးပါး အနတ္တ=ငါဆိုတာ မရှိ၊ ငါမပိုင်ဟုဟောသည်။ ကျော်ဘက အတ္တ=ငါဆိုတာရှိသည်။ ငါပိုင် သည်ဟု သိထားသည်။ ဗုဒ္ဓက ခန္ဓာငါးပါးသည် အသုဘ=မတင့်တယ် ရွံရှာဘွယ်ရာဟုဟောသည်။ ကျော်ဘက သုဘ=တင့်တယ်သည်ဖွယ်ရာ သည်ဟုသိသည်။

ထိုမောဟဖြင့် တွေဝေစွာသေလျှင် တိရစ္ဆာန်ဘုံသို့ ကျရောက်တတ် သည်။ ထိုမောဟစိတ်များ လူသားတို့သန္တာန်မှာ များပြားလာလျှင် ကမ္ဘာ လောကကြီးမှာ ရောဂန္တရကပ်=အနာရောဂါဘေးကြီးများ ဆိုက်ရောက်တတ် သည်။ မောဟစိတ်များ ထို့ထက်အလွန်များပြားလာမည်ဆိုလျှင် ကမ္ဘာ လောကကြီးသည် လေပြင်းမုန်တိုင်းကြီး တိုက်ခတ်ခံရပြီး ပျက်စီးတတ်သည်။

ကျော်ဘတစ်ယောက်ကား ထိုမောဟကိုပွေ့ပိုက်ပြီး သေခဲ့ရသဖြင့် သူ့အိမ်မှာပြန်ပြီး ခွေးဖြစ်ခဲ့ရသည်။ သူ လူ့ဘဝကအသုံးပြုခဲ့ဖူးသော အသုံး အဆောင်လေးများကို ယူပြပေးသောအကြောင်းလေးများကြောင့် ခွေးလေး ကို ကျော်ဘ ဘဝကလာသူဖြစ်ကြောင်း အိမ်သားအားလုံးက လက်ခံခဲ့ကြ သည်။

ထို့ကြောင့်လည်း ဂရုတစိုက်ကျွေးမွေးသည့်အပြင် ခွေးလေးအတွက် လစဉ် အလှူလုပ်ပေးသည်။ လူ့ဘဝက ကုသိုလ်မရှိခဲ့သောကြောင့် ခွေး ဘဝရောက်ရသည်ဆိုသည်ကို ဗုဒ္ဓဘာသာဖြစ်သော အိမ်သားအားလုံး သတိ ထားမိသွားခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကို ဘယ်တော့မှ မမေ့ရ
ကုသိုလ်ကို ကိုယ်ကမေ့လျှင်
ကုသိုလ်က ကိုယ့်ကိုမေ့လိမ့်မည်
ကုသိုလ်က ကိုယ့်ကိုမေ့လျှင်
ဘေးတွေ့လိမ့်မည် (အပါယ်ကျလိမ့်မည်)

ဟူသော ရွှေဟင်္သာတောရစ်ကျောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒ လေးကား လူတိုင်း ဦးထိပ်ပန်ဆင်ထားသင့်သည်သာဖြစ်ပါ၏။ ထိုခွေးဘဝ မှသေသောအခါတွင်ကား ကုသိုလ်တရားတို့၏ထောက်ပံ့မှုကြောင့် သမီးဝမ်း ထဲ ပြန်ဝင်စားကာ ယောက်ျားလေးပင် ပြန်ဖြစ်ခဲ့ရသည်။

ထိုအခါကျမှ သူ၏လူ့တိရစ္ဆာန်လိုနေခဲ့သောဘဝ၊ ခွေးဖြစ်ခဲ့ရသော ဘဝတို့ကို ပြန်အမှတ်ရပြီး သံဝေဂကြီးစွာရကာ ကုသိုလ်ကောင်းမှုမျိုးစုံကို ပြုလုပ်ဖြစ်ခဲ့သည်။ ထိုအဖြစ်ကိုရည်၍ ဦးရန်အောင်က သုံးဘဝကျွန်တော် ဟူသောအမည်ဖြင့် ဆောင်းပါးရေးခဲ့ခြင်းဖြစ်သည်။ ကျော်ဘကဲ့သို့သောသူ များကား လူ့တိရစ္ဆာန်သာဖြစ်ပါ၏။

လူနှင့်တိရစ္ဆာန်၊ ခြားနားဟန်၊
နှစ်တန်သိရမည်၊ အိပ်စားကာမ၊
သိရုံမျှ၊ မှတ်ကြလူမပီ၊
အကုသိုလ်ပယ်၊ ကုသိုလ်ဆွယ်၊
တကယ်လူပီသည်။
လူမပီက၊ အပါယ်ကျ၊
ဒုက္ခမလွတ်ပြီ၊
လူပီလေက၊ ချမ်းသာရ၊
ရောက်ရနိဗ္ဗာန်ဆီ။

(ဓမ္မဒူတအရှင်ပညာဓောတ)

www.burmeseclassic.com

www.burmeseclassic.com



## လူ့ပြိတ္တာကျော်လှ

တစ္ဆေ၊ သူရဲ၊ မှင်စာ၊ ဥစ္စာစောင့်၊ ကြပ် စသည်အားဖြင့် အမျိုးမျိုး ခေါ်ဝေါ်နေကြသော ဘုံသားများကို ဗုဒ္ဓက ပေတ=ပြိတ္တာဟူသော စကား တစ်လုံးဖြင့် ဟောကြားခဲ့သည်။ ထိုပြိတ္တာများသည် သူတို့ဝမ်းရေးအတွက် တစ်သက်လုံးရှာဖွေကြရ၏။ အကုသိုလ်ကံကြောင့် ဘယ်လောက်ပင်ရှာဖွေ ရှာဖွေ ဝလင်အောင်ဘယ်သောအခါမှ မစားရပေ။

ထို့ကြောင့် သူတို့သည် အမြဲဆာလောင်၍သာနေကြရသည်။ အစား အတွက်သာ အမြဲတမ်းရှာဖွေနေရသဖြင့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် တစ်ခုမှမလုပ်နိုင်ပေ။ ဝမ်းရေးအတွက်ရှာဖွေရင်း သက်တမ်းကုန်ပြီး သေကြ ရသည်။ ထို့အတူ တစ်ချို့ လူကားလာဖြစ်ပါ၏။ သို့သော် ဘာသာရေးအသိ နကန်းတစ်လုံးမှမသိခြင်း၊ ဆင်းရဲနွမ်းပါးခြင်းဟူသော အကြောင်းများကြောင့် ဝမ်းစာအတွက်ရှာဖွေရင်း တစ်ဘဝဆုံးကြရသည်။

ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တစ်ခုမှလုပ်မသွားနိုင်ပေ။ ထိုကဲ့သို့ သောလူသားများကို ဗုဒ္ဓက လူအစစ်မဟုတ်သေး၊ လူ့ပြိတ္တာအဆင့်သာရှိ သေးသည်ဟု သတ်မှတ်ပေးခဲ့ပေသည်။ သူ့အမည်ကား ကျော်လှ၊ သူသည် ရွှေပြည်သာမြို့၊ (--------) ရပ်ကွက်တွင် နေထိုင်သည်။

သူသည် ဇနီးနှင့် လူမမယ်သားသမီးသုံးယောက်အတွက် ကုန်ထမ်း၊ မြေပေါက်၊ ငါးဖမ်း၊ ငါးရှဥ့်ထောင် စသောလုပ်ငန်းမျိုးစုံဖြင့် ဝမ်းရေးအတွက် ရှာဖွေရသည်။ သူ့အသက် လေးဆယ်နားကပ်လာသည်အထိ ဘာကုသိုလ် မှ မှတ်မှတ်ရရမလုပ်ဘူးခဲ့။ လုပ်ရမှန်းလည်းမသိခဲ့။ သူသေသေချာချာသိ သည်မှာ သူ့မယားနှင့် သားသမီးသုံးယောက်ကို စွဲလမ်းတွယ်တာခြင်းပင် ဖြစ်၏။

စွဲလမ်းတွယ်တာခြင်းကို တဏှာဟုလည်းခေါ်သည်။ လောဘဟု လည်းခေါ်သည်။ သစ္စာလေးပါးထဲတွင်ထည့်သွင်းလျှင် ထိုလောဘသည်

www.burmeseclassic.com

www.burmeseclassic.com



သမုဒယသစ္စာထဲပါသည်။ မိမိသန္တာန်မှ ပယ်သတ်ပစ်ရမည့်တရားဖြစ်၏။ ဖက်တွယ်ထားရမည့်တရားမဟုတ်ပေ။ လောဘနည်းနည်းကုန်လျှင် နည်းနည်းချမ်းသာ၏။ လောဘအားလုံးကုန်သွားလျှင် အချမ်းသာဆုံးဖြစ်သော နိဗ္ဗာန်ထိရ၏။

ထို့ကြောင့် သင်္ဂဟကျမ်းတွင် **ဝါနတော တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ** = ဝါနဟုဆိုအပ်သော တဏှာမှထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟုဆိုထားခြင်းဖြစ်သည်။ အစွဲအလမ်းလောဘရှိ၍ ဆင်းရဲပုံ၊ အစွဲအလမ်းလောဘကင်း၍ ချမ်းသာပုံ၊ သဘာဝယုတ္တိ သာဓကယုတ္တိများကို ဒါနပြုရခြင်းအကြောင်းအခန်းတွင် အကျယ်ရေးသားပါဦးမည်။

ထိုလောဘသည် သူ့ကိုလက်ခံထားသူများကို ဆိုးကျိုးသုံးမျိုးပေးသည်။ သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ တစ်စုံတစ်ခုကို စွဲလမ်းတပ်မက်သော လောဘစိတ်နှင့်သေလျှင် ပြိတ္တာဘုံရောက်သည်။ ထိုလောဘသည် လူသားတို့သန္တာန်တွင် ဝိသမလောဘအဆင့်အထိရောက်အောင် အားကြီးလာမည်ဆိုလျှင် ကမ္ဘာလောကကြီးသည် **ဒုဗ္ဘိက္ခန္တရကပ်** = အငတ်ဘေးကြီး ဆိုက်ရသည်။

ဝိသမလောဘစာတ်ကြီး အားအကြီးဆုံးအဆင့်သို့ ရောက်သွားပြီဆိုလျှင် ကမ္ဘာလောကကြီးသည် ရေများလွှမ်းမိုးပြီး ပျက်စီးသွားရသည်။ ကျော်လုကား လောဘ၏ဆိုးကျိုးများကို ကြားပင်မကြားဘူး။ ထို့ကြောင့်လည်း လောဘကိုဖက်တွယ်ရင်း သေရမည့်အချိန်သို့ရောက်လာခဲ့သည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် ပုထုဇဉ်များ ကြိုမသိနိုင်သောအရာငါးမျိုးကို ဖွင့်ဆိုထားသည်။ ယင်းတို့ကား ပုထုဇဉ်မှန်သမျှ

| | | |
|---|---|---|
| ဇီဝိတ | = | ဘယ်အသက်အရွယ်မှာသေမည် |
| ဗျာဓိ | = | ဘယ်အနာရောဂါနှင့်သေမည် |
| ကာလ | = | နံနက်၊ နေ့လည်၊ ည ဘယ်ကာလမှာသေမည် |

www.burmeseclassic.com

www.burmeseclassic.com



ဒေဟာနိက္ခေပနံ = ဘယ်သင်္ချိုင်းမှာသင်္ဂြိုဟ်မည်
ဂတိ = ဘယ်ဘုံရောက်မည်

ကို ကြိုတင်မသိနိုင်ခြင်းတို့ပင်တည်း။ ထို့ကြောင့်လည်း အသက်လေးဆယ်ခန့်အရွယ်မှာပင် ကျော်လှတစ်ယောက် ဦးနှောက်သွေးကြောပြတ်၍ ရုတ်တရက်သေဆုံးခဲ့ရသည်။ ကျော်လှ၏ဇနီးကား ဗုဒ္ဓဘာသာတို့ထုံးစံအတိုင်း သက်ပျောက်ဆွမ်း၊ မြေဆင်းဆွမ်း၊ ရက်လည်ဆွမ်း၊ လပတ်ဆွမ်းတို့ကို ကပ်လှူပြီး အမျှပေးခဲ့ပါ၏။ သို့သော် လူဖြစ်သော်လည်း ပြိတ္တာလိုနေခဲ့သဖြင့် ပြိတ္တာဘဝသို့ရောက်သွားသော ကျော်လှကား မကျွတ်။

သူမကျွတ်ပုံ၊ မကျွတ်ရခြင်းအကြောင်းများကို နှစ်ပတ်လည်ဆွမ်းကပ်သောအခါမှ သိကြရသည်။ ရွှေပြည်သာမြို့၊ (၆)ရပ်ကွက်၊ ရန်ကုန်ကျောင်းဆရာတော် ဦးနန္ဒာဘာသနှင့် သံဃာတော်ငါးပါး ကျော်လှ၏နှစ်ပတ်လည်ဆွမ်းကပ်ပွဲသို့ ကြွကြရသည်။ ရေစက်မချမီ တရားဟောကြားရာတွင် ဆရာတော်က လောဘနှင့်ပတ်သက်၍ သတိထားစရာကောင်းသောအောက်ပါအချက်ကလေးကို ထည့်သွင်းဟောကြားလိုက်သည်။

"ဒကာ၊ ဒကာမတို့ မီးပုံကြီးဟာ ဘယ်လောက်လောင်စာတွေထည့်ထည့် မရောင့်ရဲဘူး၊ သမုဒ္ဒရာဟာ ဘယ်လောက်ရေတွေဝင်ဝင် မရောင့်ရဲဘူး၊ ထို့အတူ လောဘကြီးသူဟာလဲ ဘယ်လောက်ပစ္စည်းဥစ္စာရှိရှိ မရောင့်ရဲဘူး၊ ဘုန်းကြီးရဲ့ကိုယ်တွေ့တစ်ခုကို ပြောပြမယ်။

ဘုန်းကြီးမှာ တောထွက်ရဟန်းကြီးတစ်ပါးရှိတယ်။ သူ့အသက်က ... လောက်ပေါ့၊ သူဟာ ပစ္စည်းဥစ္စာချမ်းသာတယ်၊ သားသမီးတွေအားလုံး ...မျှခွဲပေးပြီးတာတောင် တိုက်ဆောက်ထားတဲ့ခြံကွက်တစ်ကွက် သူ့အတွက် ကျန်သေးတယ်၊ ဒီတိုက်မှာ သူ့တူတွေကို ခဏထားပြီး သူက ဘုန်းကြီးဝတ် ...တယ်။

www.burmeseclassic.com

www.burmeseclassic.com



လေးဝါလောက်ရှိပြီးတော့ ရဟန်းဘဝကမထွက်တော့ဘူးဆိုတာသိလို့ ဘုန်းကြီးတို့က သူ့ကိုအကြံပေးတယ်၊ ဦးပဥ္စင်းကြီး ရဟန်းဘဝ တစ်သက် လုံးနေတော့မယ်ဆိုရင် တိုက်နဲ့ခြံကိုရောင်းပြီး ရသမျှထဲက ကျောင်းမြေတစ် ကွက်ဝယ်ပြီး ကိုယ့်ကျောင်းလေးနဲ့ကိုယ် အေးအေးဆေးဆေးနေ။

ပိုတဲ့ငွေကို ဒါနပြုပေါ့လို့အကြံပေးလိုက်တော့ သူ သဘောတူတယ်၊ သူ့တိုက်ကိုစပ်လိုက်တော့ အဲဒီတုန်းက (၁၉၉၄) ၁၅ သိန်းခေါ်လိုက်တော့ လိုချင်တဲ့သူပေါ်လာတယ်၊ ဒီအချိန်မှာ လောဘတရားက သူ့ကိုနှိပ်စက်နေ ပြီဆိုတော့ မရောင်းတော့ဘူး၊ သိန်း (၂၀၀)ရမှ ဖြစ်သွားပြန်တယ်။

တစ်ခါ သိန်း (၂၀၀)ပေးလာတော့လည်း (၂၅၀)သိန်းရမှဖြစ်သွား ပြန်တယ်။ ဘုန်းကြီးကတောင် မရောင်းသေးဘဲ လအတော်ကြာလာတော့ သတိပေးလိုက်သေးတယ်၊ ဦးပဥ္စင်းကြီး ဈေးကောင်းရတုန်း ရောင်းမှာဆို အမြန်ရောင်းလိုက်၊ သေခြင်းတရားက စိတ်ချရတာမဟုတ်ဘူး၊ တော်ကြာ သေသွားလို့ ဘာမှမလှူရဘဲဖြစ်နေမယ်လို့။

နားမထောင်ပါဘူး၊ ဝယ်သူရောက်လာလိုက်၊ ဈေးတင်လိုက်နဲ့ အတော် ကြာသွားတယ်၊ တစ်နေ့ အရုဏ်ဆွမ်းလာမစားလို့ သူ့အခန်းသွားကြည့်ခိုင်း လိုက်တော့ ရုတ်တရက်သေနေတာကိုတွေ့ရတယ်။ ညကတည်းကသေတာ နေမှာပေါ့၊ မနက်မှပဲသိကြရတယ်၊ အဲဒါ လောဘကိုအလိုလိုက်လို့ ဘာမှ မလှူရဘဲ ကိုယ်ကျိုးနည်းသွားတာပေါ့။

ဒါကြောင့် လောဘကို အလိုမလိုက်ကြနဲ့၊ ဘာကိုမှမစွဲလမ်းကြနဲ့၊ ကစ်ချို့လူတွေ ဘယ်လောက်များအစွဲအလမ်းကြီးသလဲဆိုရင် သားမယား စွဲသေကြတော့ ပြိတ္တာဘဝရောက်နေကြတယ်၊ မကျွတ်ဘူး၊ ဒီအခါ ကျန်ရစ် ခဲ့တဲ့မိသားစုက ကောင်းမှုပြုပြီး အမျှပေးကြတယ်။

အဲဒါ သာဓုမခေါ်ဘဲ ပေကပ်နေကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြိတ္တာဘဝကကျွတ်သွားမှာကြောက်လို့တဲ့၊ ပြိတ္တာဘဝကလွတ်ပြီး နတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားရင် ဒီသား၊ ဒီမယားတွေနဲ့ ဝေးသွားမှာကြောက်လို့တဲ့၊ ဘယ်လောက်များ သံဝေဂရစရာကောင်းလဲလို့"

ဆရာတော်၏ ထိုစကားအရောက်မှာပင် တရားနာပရိသတ်ထဲမှ မိန်းကလေးတစ်ယောက်သည် တုန်တုန်ရီရီဖြစ်လာပြီး ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။ တခြားသူမဟုတ် အစွဲအလမ်းကြီးသူ ကျော်လှကြီးပါတည်း။ မိန်းကလေးကိုဝင်ပူးပြီး သူ၏အမှားကို ရင်ဖွင့်သည်။

သူသည် သက်ပျောက်ဆွမ်း၊ မြေဆင်းဆွမ်းများလှူပြီး အမျှပေးဝေစဉ်ကတည်းက သာဓုခေါ်လိုက်လျှင် ပြိတ္တာဘဝက သေချာပေါက်လွတ်မည်။ သို့သော် သူကား သာဓုမခေါ်၊ သားမယားများနှင့် ဝေးကွာသွားရမှာ စိုးရိမ်နေသည်။ ထို့ကြောင့် ယခုလို (၁)နှစ်တိတိ ပြိတ္တာဘဝမှ မလွတ်နိုင်ခြင်း ဖြစ်နေရခြင်းပင်။

ယခုတော့ ဆရာတော်၏တရားကြောင့် သူ့အမှားကိုသိသွားရပါပြီ။ ဒီတစ်ကြိမ်တွင်တော့ အစွဲအလမ်းတွေဖြတ်ပြီး သာဓုခေါ်ပါတော့မည်ဟု ကတိပေးရာသည်။ ထို့နောက် မိန်းကလေးကို ပူးရက်ကပင် ကိုယ်တိုင်ရေစက်ချပြီး ကောင်းမှုကုသိုလ်များကို သာဓုခေါ်သွားလေသည်။

နောက်နေ့ညတွင် ဇနီးဖြစ်သူအား သူပြိတ္တာဘဝမှလွတ်ပြီး ကောင်းရာသုဂတိသို့ ရောက်သွားပြီဖြစ်ကြောင်း အိပ်မက်ပေးသဖြင့် ဆရာတော်နှင့် ...တ်ဆွေများအားလုံး ဝမ်းသာကြရသည်။ ထို့ကြောင့် ကျော်လှကဲ့သို့သော ...မှုများကို လူ့ပြိတ္တာများဟု ဗုဒ္ဓက ဆိုထားခြင်းဖြစ်၏။

*******

နောက်ဆုံးလူကား လူ့ပရမတ္ထ လူစစ်စစ်ဖြစ်၏။ ထိုသူကား စီးပွား...များကိုလည်း သမ္မာအာဇီဝကျစွာ လုပ်ကိုင်နိုင်၏ ...ကိုလည်း စွမ်းနိုင်သမျှပြု၏။ ဤသို့သောသူမျိုး ... ဗုဒ္ဓက လူ့ပရမတ္ထ လူစစ်စစ်ဟု ဆိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)
# ဗုဒ္ဓဘာသာဖြစ်သောအချိန်

လူ့ပရမတ္တဖြစ်ပြီးသည်နှင့် ဘာသာ၏တန်ဖိုးကို ကောင်းကောင်းကြီးနားလည်ရန် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏အကျိုးကျေးဇူးများကို ဖော်ပြရပေမည်။ သရဏဂုံသုံးပါးနှင့်စပ်၍ စာရေးသူသည် မျက်ရည်မကျခင်သိစေချင်၊ သရဏဂုံအစွမ်း အံ့မခန်းစာအုပ်များတွင် ရေးသားပြီးဖြစ်သည်။

ယခု ထိုနှစ်အုပ်တွင်မပါသေးသောဖြစ်ရပ်မှန်ဓာတ်လမ်းနှစ်ခုနှင့်အတွေးအခေါ်အချို့ကို ရေးသားဦးမည်ဖြစ်သည်။ အဘယ့်ကြောင့် သရဏဂုံအကြောင်းကို ဤမျှထိ ရေးသားနေရသနည်းဟု မေးလာခဲ့သော် ရဟန်းရှင်လူအားလုံး အရေးတကြီးသိရန်လိုအပ်နေသောကြောင့် ရေးသားနေရပါသည်ဟု ဖြေဆိုပါမည်။

လိုအပ်လျက်ရှိပုံကို ဖြစ်ရပ်နှစ်ခုနှင့် ဦးစွာဖော်ပြပါအံ့။ ၁၉၉၉ ခုနှစ်အတွင်းက ပထမကြီးတန်းအဆင့်ရှိ ရဟန်းတော်နှစ်ပါး စာရေးသူ၏ကျောင်းသို့ ဝါလာကပ်ကြသည်။ ထိုနှစ်ပါးတွင် ဦးခေမာစာရအမည်ရှိ လေးဝါရရဟန်းတော်က စာရေးသူ၏ ညတရားပွဲတစ်ပွဲကို လိုက်နာသည်။ ထိုညကသရဏဂုံအစွမ်း အံ့မခန်းအမည်ရှိတရားကို ဟောကြားသည်။

တရားပွဲပြီး၍ ကျောင်းသို့ပြန်ရောက်အခါ ဦးခေမာစာရက စာရေးသူကို လျှောက်ထားသည်မှာ -

www.burmeseclassic.com

www.burmeseclassic.com



''ဆရာတော် တပည့်တော် ဒီနေ့ညမှ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်တယ်''

''ဟေ မင်းဟာက မဟုတ်တရုတ်ကွာ၊ လေးဝါရနေတဲ့ ငယ်ဖြူ ရဟန်းတစ်ပါးက ခုမှ ဗုဒ္ဓဘာသာဖြစ်ရတယ်လို့၊ မင်းစကားကို ဘယ်သူက ယုံမှာတုန်း''

''တပည့်တော် တကယ်ကို ရိုးရိုးသားသား ပြောတာပါ ဆရာတော်၊ တပည့်တော် ကိုရင်ဝတ်တုန်းကလည်း သရဏဂုံဆိုခဲ့တယ်၊ ရဟန်းဖြစ်တော့ လည်း ကြုံရင်ကြုံသလို ဒကာ၊ ဒကာမတွေ သီလပေးရင်း သရဏဂုံဆိုပေး ခဲ့တယ်၊ ဒါပေမယ့် ကြက်တူရွေးစကားသင်ပေးလို့တတ်သလို ပါးစပ်က ဆိုတတ်လို့သာဆိုနေတာ သရဏဂုံရဲ့အဓိပ္ပာယ်လည်းမသိဘူး၊ သရဏဂုံရဲ့ အကျိုးသွားလဲ နားမလည်ခဲ့ဘူးဘုရား။

အခု ဆရာတော်ရဲ့တရားကိုနာမှ သရဏဂုံရဲ့အဓိပ္ပာယ် အကျိုးသွား တွေကို ကျကျနနသိရတော့တာပဲဘုရား၊ ဒါကြောင့် ဒီနေ့ညမှ ဗုဒ္ဓဘာသာ ဖြစ်တယ်လို့ ပြောရတာပါဘုရား''

တကယ့်ရင်ထဲကခံစားချက်အတိုင်း ရိုးသားစွာပြောဆိုနေခြင်းဖြစ် ကြောင်း စာရေးသူ သတိထားမိသည်။ တစ်လောက တောင်ငူမြို့ရှိ စာသင် တိုက်တစ်ခုမှ ကိုယ်တော်တစ်ပါးအဖြစ်ကိုတွေးမိလိုက်သောအခါတွင်ကား ဦးခေမာစာရ၏အဖြစ်သည် အံ့ဩစရာမဟုတ်တော့။

ညီအစ်ကို ရဟန်းနှစ်ပါးရှိရာ အစ်ကိုက ပထမကြီးတန်း၊ ညီငယ်က ပထမလတ်တန်းသို့ ရောက်နေပေပြီ။ ထိုအချိန်မှာပင် အစ်ကိုရဟန်းက ဘာသာခြားအမျိုးသမီးတစ်ယောက်နှင့်အကြောင်းပါပြီး ဗုဒ္ဓဘာသာကိုစွန့် ကာ ဘာသာခြားဇာတ်ထဲ ဝင်သွားခြင်းပါတည်း။

ထိုကိုယ်တော်သည်လည်း ပထမကြီးတန်းရောက် ရဟန်းတစ်ပါးဖြစ် နေစေကာမူ သရဏဂုံကောင်းကျိုးများကို ဦးခေမာစာရကဲ့သို့ မသိသူတစ် ယောက်သာ ဖြစ်နိုင်ပါ၏။ ပထမကြီးတန်းအောင်ပြီးသူ ရဟန်းတစ်ပါးက ဘာသာပြောင်းသွားခြင်းကို စာရှုသူများက အတော်အံ့ဩမိကြပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သရဏဂုံသုံးပါး၏ဂုဏ်ကျေးဇူးကို သေချာမသိသူဆိုလျှင် ပထမကြီးတန်းအဆင့်ရှိသူမဆိုထားနှင့်၊ အစိုးရဓမ္မာစရိယနှင့် ပရိယတ္တိသာသနာ့ဟိတဓမ္မာစရိယ (သကျသီဟ-မန္တလေး)စာမေးပွဲအောင်ပြီးသူသည်ပင် ဘာသာပြောင်းပါသေးသည်ဟု ထပ်ကွန့်၍ ပြောလိုက်ချင်ပေသေးသည်။

စာဖတ်သူအများစု ကြားဘူးပြီးသော ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာအားပြိုင်သည့် ကျောက်ကွင်းအရေးတော်ပုံတွင် ခရစ်ယာန်ဘက်မှ ခေါင်းဆောင်ဟောပြောသော ဓမ္မဆရာတစ်ယောက်မှာ အစိုးရနှင့် သကျသီဟဓမ္မာစရိယအောင်ပြီး ဗုဒ္ဓဘာသာရဟန်းလူထွက်တစ်ယောက် ဖြစ်နေခြင်းပင်။

ထို့ကြောင့်လည်း ရဟန္တာဟုသမုတ်ခံရသော တောင်ပုလုဆရာတော်ကြီး၏ ဥပဇ္ဈာယ်ဆရာတော်က ဝိပဿနာတရားချည်းသာ ဟောကြားနေသော တောင်ပုလုဆရာတော်ဘုရားကြီးကို ဩဝါဒပေးသည်မှာ -

## အထက်နေပါဦး အောက်လုံအောင်ဖုံး

"တပည့် အထက်နေပါဦး အောက်လုံအောင်ဖုံးဆိုတဲ့စကားအတိုင်း အထက်တန်းကျတဲ့ ဝိပဿနာတရားတွေ ခဏထားပါဦး၊ အခြေခံကျတဲ့ သရဏဂုံသုံးပါးကောင်းကျိုးတွေ အရင်ဟောပေးစမ်းပါ၊ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်လာရင် သရဏဂုံတည်ရတဲ့ကောင်းကျိုးကို အပြည့်အဝရသင့်တယ်။

ဒါကြောင့် သရဏဂုံတည်ပုံ၊ ကိုးကွယ်စရာများလာရင် သရဏဂုံပျက်တတ်ပုံ၊ သရဏဂုံတည်ရတဲ့ကောင်းကျိုးတွေကို အရင်ဆုံး မြန်မြန်ဟောပေးစမ်းပါ၊ သရဏဂုံ တကယ်စွဲမြဲပြီဆိုတဲ့အခါကျတော့ ကျန်တဲ့တရားတွေ သင့်သလိုဟောတာပေါ့။"

ဟူ၍ဖြစ်၏။ ထိုဩဝါဒကိုခံယူရသောနေ့မှစ၍ တောင်ပုလုဆရာတော်ဘုရားကြီးက ရောက်ရာဒေသတွင် သရဏဂုံတရားကိုသာ ဦးစွာဟောကြား

www.burmeseclassic.com

www.burmeseclassic.com



တော်မူပါသည်။ ထို့ကြောင့် ဤကျမ်းတွင်လည်း သရဏဂုံအကြောင်းကို ထပ်ဆင့်ရှင်းလင်းရခြင်းဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်များကို အခြားဘာသာဝင်များက မေးခွန်းတစ်ခု ထုတ်လာနိုင်သည်။ ကျွန်တော်တို့ အစ္စလာမ်ဘာသာမှာတော့ ဘာသာဝင်တဲ့ အခမ်းအနားရှိတယ်၊ ဗလီထဲဝင်ပြီး နမသ်ကျမ်းဖတ်လိုက်တာနဲ့ အစ္စလာမ်ဘာသာဝင်ဖြစ်သွားတာပဲ၊ ခင်ဗျားတို့ဗုဒ္ဓဘာသာတွေမှာရော ဘာသာဝင်တဲ့အခမ်းအနားရှိသလား။

ဘယ်အချိန်၊ ဘယ်အရွယ်မှာ ဗုဒ္ဓဘာသာဖြစ်ကြသလဲ၊ ခရစ်ယာန်ဘာသာဝင်များကလည်း ကျွန်တော်တို့ ခရစ်ယာန်ဘာသာမှာတော့ ဘာသာဝင်ချင်တဲ့သူကို ရေဖြန်းခြင်း၊ ရေနှစ်ခြင်း တစ်ခုခုလုပ်ပေးရပါတယ်၊ အဲဒီအခမ်းအနားပြီးတာနဲ့ ခရစ်ယာန်ဘာသာဝင်ဖြစ်သွားတာပါပဲ၊ ခင်ဗျားတို့ ဗုဒ္ဓဘာသာဝင်တွေမှာရော ဘာသာဝင်တဲ့အခမ်းအနားရှိသလားဟု မေးခွန်းပင်ဖြစ်၏။ လွယ်လွယ်နှင့်အဖြေခက်သော မေးခွန်းတစ်ခုပင်။

ဗုဒ္ဓဘာသာဝင်များက ဖြေရမည်မှာ ကျွန်တော်တို့ဗုဒ္ဓဘာသာမှာလည်း ဘာသာဝင်တဲ့အခမ်းအနားရှိပါတယ်။ ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူးနဲ့ အကျိုးသွားတွေကို တကယ်သိပြီး

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဓမ္မံသရဏံ ဂစ္ဆာမိ
သံဃံသရဏံ ဂစ္ဆာမိ

လို့ ပထမဆုံး သရဏဂုံဆောက်တည်တဲ့နေ့ဟာ ကျွန်တော်တို့ ဗုဒ္ဓဘာသာဖြစ်တဲ့နေ့ပါပဲဟု ဖြေကြရပေမည်။ သရဏဂုံဆောက်တည်သောအခါတွင်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဟူသော မြန်မာပြန်ကိုလည်း နားလည်နေရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဆိုရာ၌လည်း သူလိုကိုယ်လို အမည်ခံဘုရားမျိုးမဟုတ်၊ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာခပ်သိမ်း ကင်းပြတ်ငြိမ်းသဖြင့် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အရဟံဂုဏ်၊ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်ဟူသော ညေယျမြစ် တရားငါးပါးကို အကုန်သိမြင်သော သမ္မာသမ္ဗုဒ္ဓဂုဏ်။

အသိ၊ အကျင့်နှစ်ပါးနှင့် ပြည့်စုံသော ဝိဇ္ဇာစရဏသမ္ပန္နဂုဏ် ကောင်းသောအကျိုးရှိသောစကားကိုဆိုတော်မူတတ်သည့် သုဂတဂုဏ်၊ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟုဆိုအပ်သော လောကသုံးပါးကိုသိမြင်တော်မူသည့် လောကဝိဒူဂုဏ်၊ ဆုံးမထိုက်သူကို ဆုံးမရာ၌ အတုမရှိ၊ ပြိုင်ဘက်မရှိသော အနုတ္တရောပုရိသဓမ္မသာရထိဂုဏ်။

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့၏ဆရာဖြစ်ထိုက်သော သတ္ထာဒေဝမနုဿာနဂုဏ်၊ သစ္စာလေးပါးကိုသိမြင်သော ဗုဒ္ဓဂုဏ်၊ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော ဘုရားသာဖြစ်သည်ဟူ၍ အဓိပ္ပာယ်ကို သိထားရမည်။

တရားဆိုရာ၌လည်း သာမန်အမည်ခံတရားမျိုးမဟုတ်၊ ကောင်းမွန်စွာဟောကြားအပ်သော သွာက္ခာတဂုဏ်၊ မျက်မှောက်ဘဝ၌ပင်အကျိုးပေးနိုင်သော သန္ဒိဋ္ဌိကဂုဏ်၊ အခါမလင့်ချက်ခြင်းအကျိုးပေးသော အကာလိကဂုဏ်၊ လာကြည့်စမ်းပါဟု ပေါ်ပေါ်ထင်ထင်ခေါ်ပြနိုင်သော ဧဟိ ပဿိကဂုဏ်၊ ကပ်၍အမြဲဆောင်ထားထိုက်သော ဩပနေယျိကဂုဏ်။

အတွေးအခေါ်ပညာရှိသောသူတို့သာ သိစွမ်းနိုင်သော ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် ၆ ပါးနှင့်ပြည့်စုံသော တရားတော်သာဖြစ်သည်ဟူ၍ အဓိပ္ပာယ်ကို သိထားရမည်။ သံဃာဆိုရာ၌လည်း မဖောက်မပြန် ကောင်းမွန်မှန်ကန်စွာ ကျင့်ကြံတော်မူသော သုပ္ပဋိပန္နဂုဏ်၊ ဖြောင့်မတ်စွာကျင့်ကြံတော်မူသော ဥဇုပ္ပဋိပန္နဂုဏ်။

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ရဖို့အတွက်သာ ကျင့်သော ဉာဏပွင့်ပန်းဂုဏ်၊ လျော်ကန်သင့်မြတ်သောအကျင့်ကိုသာကျင့်သော သာမိစိပဋိပန္နဂုဏ်၊ အဝေးမှဆောင်ယူလာသော လှူဘွယ်ဝတ္ထုကို ခံယူထိုက်သည့် အာဟုနေယျဂုဏ်၊ ဧည့်သည်အလို့ငှာ စီမံထားသော လှူဘွယ်ဝတ္ထုကို အလှူခံထိုက်သော ပါဟုနေယျဂုဏ်။

ကောင်းကျိုးရဖို့ရည်မျှော်၍လှူသော လှူဘွယ်ဝတ္ထုကို ခံယူတော်မူထိုက်သည့် ဒက္ခိဏေယျဂုဏ်၊ လက်အုပ်ချီမိုးရှိခိုးခြင်းငှာ ခံတော်မူထိုက်သည့် အဉ္ဇလီကရဏီယဂုဏ်၊ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သည့် အနုတ္တရံပုညက္ခေတ္တံလောကဿ ဟူသောဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသောသံဃာသာ ဖြစ်သည်ဟူသော အဓိပ္ပါယ်ကို သိထားရပေမည်။

မူလပဏ္ဏာသအဌကထာတွင် သရဏဂုံတည်မြဲရခြင်း၏ အကျိုးငါးမျိုးကို ဖွင့်ပြထားသည်။ ယင်းတို့မှာ

ဘေးအမျိုးမျိုးမှ ကင်းလွတ်ခြင်း

ကြောက်လန့်ခြင်း၊ ပူပန်ခြင်းတို့ ကင်းပျောက်ခြင်း

ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကင်းခြင်း

အပါယ်လေးပါး မကျရောက်ခြင်း

စိတ်၏ညစ်နွမ်းမှုများ ပပျောက်ခြင်း

တို့ဖြစ်ပေသည်။ ထိုသရဏဂုံသည် လောကီသရဏဂုံ၊ လောကုတ္တရာသရဏဂုံဟု နှစ်မျိုးရှိပေသည်။ ပုထုဇဉ်တို့တည်သော သရဏဂုံကို လောကီသရဏဂုံဟုခေါ်ပြီး အရိယာများတည်သော သရဏဂုံကို လောကုတ္တရာသရဏဂုံဟု ခေါ်ခြင်းဖြစ်သည်။ လောကုတ္တရာသရဏဂုံသည် ဘယ်ဘဝရောက်ရောက်မပျက်စီးတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘယ်ဘဝရောက်ရောက် ဘာသာပြောင်းခြင်းမရှိတော့ပေ။ ထိုသို့ လောကုတ္တရာသရဏဂုံတည်ရန်အတွက်ကား ဝိပဿနာတရားကို ဆရာကောင်းဖြင့် နာကြားအားထုတ်ရပေမည်။ ဥာဏ်စခန်းဝိပဿနာယာနိကနည်းသည် သားမယားနှင့် ဥမကွဲသိုက်မပျက်နေယင်း၊ စီးပွားရှာယင်း ရှုပွားပြီး မဂ်ဖိုလ်ရနိုင်သောနည်းဖြစ်သည်။

ရှေးယခင်ထုတ်ဝေပြီးစာအုပ်များ အရှာရခက်လျှင် စာရေးသူ ရေးသားသည့် ''မဂ်တား ဖိုလ်တားအန္တရာယ်များ'' အမည်ရှိစာအုပ်ကို ဝယ်ယူဖတ်ရှုပြီး ကျင့်ကြံပွားများနိုင်ပေသည်။ ဤစာအုပ်နောက်ဆုံးအခန်းတွင်လည်း ပွားများနည်းအကျဉ်းချုပ်ကို ရေးသားဦးမည်ဖြစ်သည်။

ပုထုဇဉ်တို့မှာ တည်သော လောကီသရဏဂုံကားအကြောင်းနှစ်ခုတို့ကြောင့် ပျက်စီးနိုင်ကြောင်း ယင်း အဋ္ဌကထာ၌ပင် ဆက်လက်ဖော်ပြထားသည်။ ပဌမအကြောင်းမှာ အသက်သေ၍ သရဏဂုံပျက်ခြင်းဖြစ်သည်။ ဤပျက်ခြင်းသည် ဓမ္မတာဖြစ်သောကြောင့် အပြစ်လည်း မရှိပေ။ အကုသိုလ်လည်း မဖြစ်ပေ။

ဒုတိယအကြောင်းမှာ ဘုရား၊ တရား၊ သံဃာမှ တစ်ပါး၊ အခြားဘာသာက ဘုရားများနှင့် ဘိုးတော်၊ မယ်တော်၊ မင်းကြီး၊ မင်းလေး၊ အတွင်းအပြင် ၃၇ မင်း စသော ပုဂ္ဂိုလ်တို့အား အကျွန်ုပ်တို့၏အသက်ကို အပ်နှင်းကိုးကွယ်ပါသည်ဟူ၍ နှုတ်ကလည်းပြော ဦးလည်းချလိုက်လျှင် သရဏဂုံပျက်ပေသည်။

ယင်းသရဏဂုံပျက်ခြင်းသည် အပြစ်လည်းရှိသည်။ အကုသိုလ်လည်းဖြစ်ပေသည်။ တစ်ချို့ အမျိုးသမီးများက မေးခွန်းတစ်ခုထုတ်ချင်ပေလိမ့်မည်။ ဘာသာခြားဘုရားတော့ မကိုးကွယ်ပါ။ ရိုးရာဖြစ်တဲ့ အိမ်တွင်း၊ ကိုကြီးကျော်၊ မနဲ့လေး၊ မင်းကြီးမင်းလေးလောက်တော့ အစဉ်အလာရှိနေလို့ ကိုးကွယ်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘုရား၊ တရား၊ သံဃာကိုလည်း ကိုးကွယ်လျှက်ပါ။ မစွန့်လွှတ်ပါဘူး။ ဒါဆိုရင်ကော သရဏဂုံပျက်မလားဟူသော မေးခွန်းပင် ဖြစ်၏။ အပြေကား ရတနာသုံးပါးကို လုံးလုံးမစွန့်သောကြောင့် သရဏဂုံ သုံးပါးပျက်တော့မသွားပါ။ သို့သော် ပျက်ဖို့ရန်တဲတဲလေးသာကျန်ပါတော့ သည်။ မပျက်သေးသော်လည်း ထိုသူ၏ သရဏဂုံကား ညှိုးနွမ်းခြောက်သွေ့ သွားပေသည်။ ရေမသောက်ရသော သေလုသေခင်သစ်ပင်ကဲ့သို့တည်း။

ထိုသို့သောသူ၏ သရဏဂုံကို ကပြားသရဏဂုံဟု ခေါ်ပေသည်။ ပါဠိသုံးအားဖြင့် မိဿကသရဏဂုံဟု ခေါ်၏။ ကိုးကွယ်ဆည်းကပ်သော ရတနာသုံးပါးထဲတွင် ဘာမှရောယှက်မလာသော သုဒ္ဓသရဏဂုံဖြစ်ဖို့ အရေးကြီးသည်။

**အညာဏ = ရတနာသုံးပါး၏ဂုဏ်ရည်သတ္တိနှင့် ကောင်းကျိုးများကို** သေချာမသိခြင်း၊ သံသယ = ရတနာသုံးပါးဟာ တကယ်အားကိုးလောက် **တာ ဟုတ်ကဲ့လား ဟူ၍ ရတနာသုံးပါးအပေါ် ယုံမှားသံသယဖြစ်လာခြင်း။** ရတနာသုံးပါးအပေါ်မှားယွင်းသော ယုံမှားသံသယပေါ်ခြင်း မိစ္ဆာဉာဏတို့ သည် သရဏဂုံညစ်နွမ်းခြင်း၏ အကြောင်းများဖြစ်ကြောင်း မူလပဏ္ဏာသ အဋ္ဌကထာ၌ ဆက်လက်ဖွင့်ပြသည်။

ယင်းသုံးမျိုးတို့တွင် အညာဏ၊ သံသယနှစ်ပါးကို ရတနာသုံးပါး၏ ဂုဏ်ရည်သတ္တိကိုသိအောင် အားထုတ်ရင်း ပယ်ဖျောက်ရသည်။ မိစ္ဆာဉာဏ ကို ရတနာသုံးပါးအပေါ် သဒ္ဓါတရားယုံကြည်ဉာဏ်ကို ခိုင်ခိုင်မာမာထား ပြီး ပယ်ဖျောက်ရသည်။ ထို့ကြောင့် သရဏဂုံသုံးပါး၏ ဂုဏ်ရည်သတ္တိ အချို့ကို ထပ်ဆင့်တင်ပြရပေမည်။

အပါယ်လေးဘုံသို့ကျရောက်နိုင်သောသူမှာ ပုထုဇဉ်သာဖြစ်သည်။ ပုထုဇဉ်ဆိုလျှင် ရဟန်းဖြစ်စေ၊ လူဖြစ်စေ အဆင်မသင့်လျှင် အပါယ်ဘုံသို့ ကျရောက်တတ်သည်ဖြစ်၏။ မက်မောတွယ်တာစရာ ကာမဂုဏ် အာရုံများ

www.burmeseclassic.com

www.burmeseclassic.com



သော လူပုဂ္ဂိုလ်များကို မဆိုထားဘိ။ ကာမဂုဏ်အာရုံတို့ကို ပယ်စွန့်ထား သူဟု နာမည်ခံထားသည့် ရဟန်းအချို့ပင် အပေါယ်လေးဘုံသို့ ကျရသည် ဟုဆိုလျှင် စာရှုသူများ အတော်အံ့သြကြပေမည်။

## ဘုန်းကြီးသရဲနှင့် ဘုန်းကြီးလူထွက်ဆရာ

ဓမ္မဒူတ ဒုတိယတွဲတွင် ဖတ်ရှုရသော ဖြစ်ရပ်တစ်ခုကို ဖော်ပြ ပါမည်။ အင်းဝမြို့မှ ဦးပေါအမည်ရှိ ကုန်သည်ကြီးတစ်ယောက်သည် လှေ ကြီးတစ်စင်းထောင်၍ ထန်းလျက်၊ ဇီးသီးခြောက်၊ ပဲ စသော အညာကုန် များတင်၍ အောက်ပြည်အောက်ရွာတွင် ရောင်းချပြီး အောက်ပြည်အောက် ရွာမှ ငါးပိ၊ ငါးခြောက်များကို ပြန်တင်ကာ အညာတွင် ပြန်ရောင်းချကာ အသက်မွေးလျက်ရှိသည်။

ဦးပေါသည် ရဟန်းလူထွက် စာတတ်တစ်ယောက်ဖြစ်သည်။ တစ်နေ့ တွင် အညာကုန်များတင်၍ စုန်ချလာရင်း ပုဂံမြို့အောက်နားအရောက်တွင် မိုးချုပ်သွားသဖြင့် လှေကို ကမ်းနှင့်မနီးမဝေးတွင်ကျောက်ချပြီး ညအိပ် ရပ်နားကြသည်။ လှေထိုးသားများ အိပ်သွားသော်လည်း ဦးပေါမှာ ခေါင်း ဆောင်လှေသူကြီးပီပီ မအိပ်သေးဘဲ ပုံစင်ပေါ်တွင် ပရိတ်ရွတ်၊ မေတ္တာ ပို့လျက်ရှိသည်။

ဝတ်တက်ဝတ်ကပ်အားလုံးပြီးမှ ဦးပေါလည်း မှေးကနဲတစ်ချက် အိပ်ပျော်သွားသည်။ အအိပ်အနေနည်းသည့်အရွယ်ဖြစ်သဖြင့် နာရီပြန်နှစ်ချက် လောက်တွင် တရေးနိုးလာသည်။ ဆေးလိပ်သောက်ချင်သဖြင့် ပြောက်ဖူး ဖက်ဆေးလိပ်ကြီးကို ပါးစပ်တွင်တပ်လိုက်ကာ သံတုံးလေးနှင့် မီးခတ် ကျောက်ကိုကိုင်ပြီး မီးခြစ်လိုက်သည်။

အဆင်မသင့်သဖြင့် လက်ထဲမှ သံတုံးလေးမှာ မြစ်ထဲလွတ်ကျသွား သည်။ ဆေးလိပ်ကလဲသောက်ချင်နေသဖြင့် လှေထိုးသားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုနှိုးပြီး သံတုံးတောင်းရန် သတိရသော်လည်း မောမောနှင့် အိပ်ပျော်နေသော လေ့ထိုးသားကိုလည်း မနှိုးရက်သဖြင့် ကမ်းပေါ်သို့မျက်စိကစားကြည့်လိုက်ရာ ခပ်လှမ်းလှမ်း တံငါတဲတစ်တဲမှ မီးရောင်ထွက်နေသည်ကို တွေ့ရသဖြင့် ဆေးလိပ်မီးညှိရန် ကမ်းပေါ်အသာတက်ခဲ့တော့သည်။

မီးရောင်ထွက်သောနေရာရောက်သောအခါတွင်ကား ဦးပေါ်ခြေလှမ်းများ တုန့်ကနဲရပ်သွားပြီး ကြက်သီးမွေးညှင်းများ ထသွားသည်။ အံ့ဩထိတ်လန့်စရာကောင်းလှသဖြင့် ပြူးကျယ်သောမျက်လုံးနှင့် ဟသွားသောပါးစပ်တို့မှာ တော်တော်နှင့်ပုံမှန်ပြန်မဖြစ်။ မြင်လိုက်ရသောမြင်ကွင်းကား

အမွေးစုပ်ဖွားနှင့် ဆင်တစ်ကောင်၏ပမာဏထက်ကြီးမားသော မဲမဲလုံးလုံး ပြိတ္တာကြီးတစ်ကောင်သည် ဂဏန်းခေါ် ပုဇွန်လုံးကြီးများကို မီးဖုတ်ပြီး တစ်တောင်သာသာခန့်ပြဲသော ပါးစပ်ကြီးအတွင်းသို့ ထည့်ကာ ထည့်ကာ အားရပါးရစားနေသည်ကို တွေ့ရသောကြောင့်ပါတည်း။

ဦးပေါ်သည် ကြောက်စိတ်ကို မနည်းပြန်၍ထိန်းချုပ်ကာ မိမိရဖူးသော ဂုဏ်တော် ဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်သည်။ ထူးခြားသည်ကား ပြိတ္တာကြီးသည် ဦးပေါ်ရွတ်နေသော ဂုဏ်တော်၊ ဂါထာတော်များကို လုံးဝဂရုမစိုက်ခြင်းပါတည်း။ ဦးပေါ်၏ ရွတ်ဖတ်သံကို ကြားသည်နှင့် ပြိတ္တာကြီးသည် သားကောင်ကိုတွေ့လိုက်ရသောကျားပမာ ဦးပေါ်ထံ တစ်လှမ်းချင်းတိုးလာ၏။

ဦးပေါ်နောက်ဆုတ်လျှင် ပြိတ္တာကြီး ရှေ့တိုးလာသည်။ ဦးပေါ်ရပ်လျှင် ပြိတ္တာကြီးကလဲ ရပ်သွားသည်။ ဂုဏ်တော်၊ ဂါထာတော်ကိုပင် မကြောက်သော ပြိတ္တာများကို ယခုတစ်ခါသာ တွေ့ရဘူး၍ ဦးပေါ်မှာ ဘာလုပ်ရမှန်းမသိအောင် ဇောချွေးပျံနေသည်။ ခဏကြာသောအခါ မရွတ်မိဘဲ မေ့ကျန်နေသော သမ္ဗုဒ္ဓေဂါထာတော်ကြီးကို သတိရသွားသည်။ ရွတ်ဖို့ကြံလိုက်ပည်နှင့် ထူးခြားချက်တစ်ခုကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာကြီးထံမှ "မရွတ်နဲ့" ဟူသော အသံကြီးကို ကြားလိုက်ရသောကြောင့်ပါတည်း။ ဦးပေါကား ပြိတ္တာကြီးကြောက်သောလက်နက်ကို တွေ့သွားလေပြီ။ ဦးပေါ သမ္ဗုဒ္ဓေဂါထာကို စ၍ရွတ်သည်နှင့် ပြိတ္တာကြီးသည် နောက်သို့လှည့်ကာ ပြေးတော့သည်။ ဦးပေါလည်း အားတက်သွားကာ သမ္ဗုဒ္ဓေဂါထာရွတ်ယင်း ပြိတ္တာကြီးနောက်သို့ လိုက်လေသည်။

လူတစ်ခေါ်သာသာခန့်အရောက်တွင် ကျောင်းအိုကြီးတစ်ခုထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို တွေ့ရသဖြင့် နေရာကို သေချာမှတ်ထားကာ လှေရှိရာသို့ ပြန်ခဲ့သည်။ အပြန်ခရီးကျမှ သေချာစုံစမ်းကြည့်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ လှေသားများကိုကား ကြောက်လန့်မှာစိုးသဖြင့် ဖွင့်မပြောပေ။

အောက်ပြည်မှအပြန်တွင်ကား ပြိတ္တာကြီးကိုတွေ့သောနေရာတွင် လှေကိုခဏရပ်ကာ လှေသားသုံးယောက်လောက်ကိုခေါ်ပြီး ပြိတ္တာကြီးရှိရာ ကျောင်းအိုကြီးဝင်းထဲသို့ ဝင်ကြည့်ကြသည်။ ကျောင်းဝင်းကြီးမှာ သီးပင်စားပင်များဖြင့် သာယာလှပနေသည်ကို တွေ့ရသည်။

ကျောင်းကြီးမှာလည်း အကောင်းကြီးရှိသေးသည်။ ပြုပြင်မှု၊ သန့်ရှင်းမှုမရှိလို့သာ ဟောင်းနွမ်းနေခြင်းဖြစ်သည်။ ဘုန်းကြီးကျောင်းခြံဝင်းတစ်နေရာတွင်ကား ရေတွင်းတစ်တွင်းကို တွေ့ရသည်။ ရွာသူရွာသားအချို့ ရေခပ်နေသည်ကို တွေ့ရသဖြင့် အနားသွားပြီး ရွာသားတစ်ယောက်ကို မေးကြည့်ရသည်။

"မိတ်ဆွေ ဒီကျောင်းက ဘုန်းကြီးမရှိဘူးထင်တယ်"

"ဩော် ခင်ဗျားတို့က ဒီအရပ်ကမဟုတ်ဘူးထင်တယ်။ ဒါကြောင့် ဒီကျောင်းအကြောင်းကို လာမေးတာနေမှာ"

"မဟုတ်ပါဘူး၊ အင်းဝဘက်ကပါ။ ဟောဟိုက လှမ်းမြင်ရတဲ့ လှေကြီးက ခရီးသည်တွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"သိချင်ရင်လည်း ပြောရတာပေါ့။ ဒီကျောင်းက ပထမဆုံးထိုင်တဲ့ ကျောင်းထိုင်ဘုန်းကြီးဟာ ပျံလွန်တော်မူပြီးမကျွတ်ပဲ ဒီမှာ ပြိတ္တာလာဖြစ်နေတယ်။ နှစ်အတော်ကြာပြီး ကျောင်းထိုင်ဘုန်းကြီးအသစ်တင်ရင်လဲ ဝမ်းလျှောပြီး သေအောင်လုပ်ပစ်တယ်။ နောက်တက်တဲ့ ကျောင်းထိုင်ဘုန်းကြီးသုံးပါး လောက်သေပြီးတဲ့နောက် နောက်ထပ် ဘယ်ဘုန်းကြီးမှ ဒီကျောင်းမှာ ကျောင်းမထိုင်ရဲကြတော့ဘူး။ ဒါကြောင့်အခုအချိန်ထိ ကျောင်းကြီးက ဒီလိုကြီးဘဲ ဖြစ်နေတာ"

"ကမ္မဝါတို့ ပရိတ်တို့ ရွတ်ပြီးနှင်မထုတ်ကြဘူးလားဗျာ"

"ကမ္မဝါတို့ ပရိတ်တို့လောက်ကတော့ လုံးလုံးကို ဂရုမစိုက်တာဗျို့။ လာရွတ်တဲ့ကိုယ်တော်တွေသာ သူကခြောက်လှတ်လိုက်လို့ ထွက်ပြေးကြရတယ်။ သူကတော့ ဒီအတိုင်းနေမြဲဘဲ"

အင်း ဟုတ်မှာဘဲ။ ငါပရိတ်တွေ၊ ဂါထာတွေရွတ်တာတောင် ဂရုမစိုက်ဘဲ ပေရပ်နေသေးတာဘဲဟု ဦးပေါက ဆက်တွေးနေမိသည်။ ရွာသားက စကားတစ်ခွန်းကောက်မေးသည်။

"ဒါနဲ့ ခင်ဗျားတို့ ပယောဂလေးဘာလေး သေချာမကုတတ်ကြဘူးလားဗျာ"

"ဘယ်သူ ဘာဖြစ်နေလို့လဲ"

"ဒီရွာက သူကြီးသမီးပျိုလေးဟာ တစ်ရက် ရေတွင်းမှာ တစ်ယောက်တည်း ရေခပ်နေတယ်။ ဒီအချိန်မှာ ပြိတ္တာကြီးက ကျောင်းပေါ်ကဆင်းလာပြီး မိန်းကလေးကို ပွေ့လိုက်သတဲ့။ မိန်းကလေးလည်း လန့်ပြီး တစ်ခါတည်း သတိလစ်သွားတာပဲ"

"အိမ်ရောက်တော့ ရေမန်းတွေ ဘာတွေနဲ့ သတိရအောင် မနည်းမန်းမှုတ်ယူရတယ်"

"သတိကောပြန်ရရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"သတိတော့ပြန်ရပါရဲ့။ ဒါပေမယ့် စိတ်မကောင်းတော့ဘူး။ ရူးသွားတယ်။ ကိုယ်မှာ အဝတ်တောင်ကောင်းကောင်းမကပ်ဘူး"

"အစားရော စားသေးလား"

"စားလိုက်တာမှ အမဲဝမ်းတွင်းသားချည်းပဲ။ တစ်ခါစားရင် နှစ်ပိဿာချက်လောက်ကုန်တယ်"

"ဒါဆိုရင် ဒီပြိတ္တာကြီးက ပူးကပ်ပြီးစားနေတာပဲဗျာ၊ သူ့မိဘတွေက ပယောဂဆရာတွေဘာတွေနဲ့ ဆေးမကုဘူးလား"

"ကုတာလည်း ဆရာတော်တော်စုံသွားပြီဗျာ၊ တစ်ယောက်မှမနိုင်ဘူး၊ ထွက်ပြေးရတာချည်းပဲ"

ရွာသား၏စကားအဆုံးတွင် ဦးပေါက ပြိတ္တာကြီးကြောက်သော သမ္ဗုဒ္ဓေဂါထာကြီးကို သတိရလိုက်သဖြင့် -

"ဒါဖြင့်လည်း ခင်ဗျားတို့သူကြီးကိုပြောလိုက်ဗျာ၊ အင်းဝက ပယောဂကုဆရာတစ်ယောက်ရောက်နေတယ်၊ ကုကြည့်ချင်ရင် လာပင့်ပါလို့၊ ပြီးတော့ မပျောက်ရင် တစ်ပြားမှပေးစရာမလိုဘူးဆိုတာပါ ပြောလိုက်ဗျာ"

ထိုသို့ပြောပြီးသည်နှင့် ဦးပေါတို့ဆရာတပည့်များ လှေသို့ပြန်သွားကြသည်။ နောက်တစ်နေ့မနက်မှာပင် လှေရှိရာသို့ သူကြီးလွှတ်လိုက်သော နွားလှည်းတစ်စီးရောက်လာသဖြင့် ဦးပေါက သတ္တိကောင်းသော လှေထိုးသားတစ်ယောက်ကိုခေါ်ကာ လိုက်သွားလေသည်။

## အမင်္ဂလာစိန်ခေါ်သံ

ဦးပေါ သူကြီးအိမ်ပေါ်တက်လိုက်သည်နှင့် အိမ်နောက်ခန်းထဲမှ

"မလောက်လေးမလောက်စားဆရာကို ခေါ်လာပြန်ပြီလား၊ အားလုံးချက်ချင်းသေသွားချင်သလား"

ဟူသော ကြိမ်းဝါးသံကြီးက မင်္ဂလာကင်းမဲ့စွာ ကြုံဆိုလိုက်သည်။ လူနာမိန်းကလေးကိုပူးကပ်ပြီးပြောလိုက်သော ပြိတ္တာကြီး၏အသံပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးကုတ်ကုတ် ဟိတ်ဟန်မပါဘဲ လိုက်လာသော ဦးပေါကိုတွေ့ရသည်နှင့် သူကြီးက အထင်သေးသွားဟန်တူသည်။ ထွက်လာသောစကားက -

"ဆရာ နိုင်မယ်မထင်ရင်လည်း စောစောကပြန်ပါဗျာ၊ လူနာအခြေအနေကတော့ စောစောကကြားတဲ့အတိုင်းပါပဲ၊ တော်ကြာ ကုပြီးမှ မနိုင်ရင် ဆရာ သိက္ခာကျမှာစိုးလို့ပြောတာပါ"

"သူကြီးက ကျုပ်မှာဆေးအိတ်မပါလို့ အထင်သေးဟန်တူတယ်၊ စောင့်ကြည့်ပါဦးဗျာ၊ ကျုပ်ကလည်း ဒီမကောင်းဆိုးဝါးရဲ့နိုင်ကွက်ကို တွေ့ထားလို့ လာကုတာပါ၊ ဒီပြိတ္တာကြီးကို ကျုပ်ထုတ်လိုက်လို့ ထွက်သွားတဲ့အခါ နောက်ကနေ ခြောက်လှန့်ထုတ်ရအောင် အားကောင်းမောင်းသန်ယောကျ်ားနှစ်ဆယ်ယောက်နဲ့ ဓားတွေ၊ လှံတွေ၊ လင်းကွင်းတွေ၊ သံပုံးတွေ လိုချင်ပါတယ်၊ ရနိုင်မယ်ဆိုရင် ဗျောက်အိုးတွေဘာတွေပါရရင် ပိုကောင်းမယ်၊ ကျုပ်က ဒီကောင်ကြီးကို ရွာထဲမှာရော၊ ကျောင်းမှာပါ မနေနိုင်အောင် လုပ်ပေးခဲ့မှာပါ"

သူကြီးက ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးတဲ့ဆရာပဲဟူသော အကြည့်ဖြင့် တစ်ချက်ကြည့်ကာ ဦးပေါတောင်းဆိုသည့်အတိုင်း စီစဉ်ပေးလိုက်သည်။ အားလုံးပြီးသည်နှင့် ဦးပေါက ဘုရားရှိခိုး၊ ငါးပါးသီလ ဆောက်တည်လိုက်သည်။ ထိုအချိန်မှာပင် အခန်းထဲကလူနာက သောင်းကျန်းနေလေပြီ။

"ဒီဆရာကိုပြန်လွှတ်၊ ငါ့အခန်းထဲမလာစေနဲ့"

ဟု အော်ဟစ်နေသည်။ ဦးပေါက ဒီကတည်းက သူအနိုင်ရနေပြီဖြစ်ကြောင်း ကောင်းကောင်းနားလည်လိုက်သည်။ စွမ်းနိုင်သမျှပို၍စွမ်းရန် သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုလည်း ရေခွက်တွင် အခေါက်ခေါက်အခါခါမန်းလိုက်သည်။ ဂါထာ၏အဓိပ္ပာယ်ကိုနားလည်ပြီးမန်းလျှင် ပိုစွမ်းပါသည်။ ထို့ကြောင့် အဓိပ္ပာယ်မသိသေးသူများအတွက် ပါဠိနှင့်အဓိပ္ပာယ်တွဲဖက်၍ ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**သမ္မုဒ္ဓေ အဋ္ဌဝီသဉ္စ၊**
**ဒွါဒသဉ္စ သဟဿကေ။**
**ပဉ္စသတ သဟဿာနိ၊**
**နမာမိ သိရသာမဟံ။**

နှစ်ကျိပ်ရှစ်ဆူ (၂၈) ဆူကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ တစ်သောင်းနှစ်ထောင်ကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ ငါးသိန်းကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း အကျွန်ုပ်သည် ဦးခေါင်းရတနာဖြင့် ရှိခိုးပါ၏။

**အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊**
**အနန္တာ နိဗ္ဗုတာ ဇိနာ။**
**တေသံ ဓမ္မဉ္စ သံဃဉ္စ၊**
**အာဒရေန နမာမဟံ။**

ဂင်္ဂါမြစ်အတွင်းမှာရှိကြသော သဲလုံးတို့က နည်းကြပါသေး၏။ ပရိနိဗ္ဗာန်ပြုသွားကြသော ဘုရားရှင်တို့ကား ရေတွက်ပိုင်းခြား၍ပင်မရနိုင်ပါ။ ထိုများပြားလှသောဘုရားရှင်တို့ကိုလည်းကောင်း၊ ထိုဘုရားရှင်အားလုံးတို့၏ တရားတော်တို့ကိုလည်းကောင်း၊ ထိုဘုရားရှင်အားလုံးတို့၏ တပည့်သံဃာတော်များကိုလည်းကောင်း အကျွန်ုပ်သည် ရိုသေစွာ ရှိခိုးပါ၏။

**နမက္ကာရာ နုဘာဝေန၊**
**ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။**
**အနေက အန္တရာယာပိ၊**
**ဝိနဿန္တု အသေသတော။**

ဤသို့ ရှိခိုးပူဇော်ရသော ကုသိုလ်စေတနာတို့ကြောင့် ခပ်သိမ်းသော ဘေးရန်တို့ကိုပယ်ဖျောက်ပြီး တစ်ပါးမက များပြားလှသည့် အန္တရာယ်ဟူသမျှတို့ အကြွင်းအကျန်မရှိ ကြွင်းမဲ့ဥဿုံ ကင်းပျောက်ပါစေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အားရအောင်မန်းပြီးသည်နှင့် ရေမန်းခွက်ကိုကိုင်ကာ သူကြီးနှင့်အတူ လူနာအားထားသောအခန်းထဲသို့ ဝင်လိုက်ကြသည်။ အခန်းထဲဝင်လာသော ဦးပေါ်ကို လူနာမိန်းကလေးက မျက်လုံးကြီးပြူးပြီး အံကြိတ်ကာ ကြည့်နေလိုက်သည်မှာ ကြောက်တတ်သူဆိုလျှင် ကျောချမ်းစရာပင်ကောင်းလှ၏။

ဦးပေါ်က မကြောက်မရွံ့ မျက်လုံးချင်းဆိုင်၍ သမ္ဗုဒ္ဓေဂါထာကို စိတ်ထဲကရွတ်ပြီး ပြန်စိုက်ကြည့်လိုက်ရာ လူနာမှာ ဆက်လက်မကြည့်ရဲတော့ဘဲ မျက်နှာလွှဲသွားတော့၏။ ထိုအခါကျမှ သူကြီးမှာ သူ့ဆရာအတွက် အနည်းငယ်အားတက်လာ၏။

ထိုအချိန်မှာပင် ဦးပေါ်က နောက်ဆုံးအားဖြည့်သည့်အနေဖြင့် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အခေါက်အနည်းငယ် ထပ်၍ရွတ်လိုက်ရာ ဂါထာမဆုံးမီမှာပင် မိန်းကလေးမှာ သူ့ဖခင်ခြေရင်းတွင် ပုံလျက်လဲကျသွားသည်။ ထိုအခါကျမှ ပူးကပ်နေသော မကောင်းဆိုးဝါးမဲမဲကြီးကို အခန်းထောင့်တွင် ထင်ထင်ရှားရှား တွေ့လိုက်ကြရသည်။ သမ္ဗုဒ္ဓေရွတ်သံကို မခံနိုင်သဖြင့် မိန်းကလေးကိုယ်မှ ခွာထွက်သွားခြင်းဖြစ်သည်။

ဦးပေါ်က အချိန်ဆိုင်းမနေတော့ဘဲ မကောင်းဆိုးဝါးကြီးထံသို့ ရေမန်းနှင့်လှမ်းပက်လိုက်ရာ မကောင်းဆိုးဝါးကြီးမှာ ပွက်ပွက်ဆူနေသော ရေနွေးဖြင့် အလောင်းခံလိုက်ရသောခွေးကဲ့သို့ ကြောက်မက်ဘွယ်ရာ အသံနက်ကြီးနှင့်အော်၍ ဆင်းပြေးတော့သည်။

ထိုအခါ အသင့်စောင့်နေသော ရွာသားများက ဓားများ၊ တုတ်များ၊ လှံများဖြင့် ခုတ်ကြ၊ ရိုက်ကြ၊ ထိုးကြနှင့် နောက်မှလိုက်ကြသည်။ သံပုံး၊ ယင်းကွင်းများကိုလည်းတီး၊ ဗျောက်အိုးများကိုလည်း ပြိုင်တူဖောက်ကြသဖြင့် ရွာထဲတွင် တိုက်ပွဲတစ်ခုကဲ့သို့ပင် ဖြစ်သွားသည်။ ခွေးများကလည်း လူများနှင့်အတူ အူကြ၊ ဟောင်ကြနှင့် နောက်မှတသီကြီး လိုက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြေးရင်းလွှားရင်းမှပင် မကောင်းဆိုးဝါးကြီးက ထန်းပင်လောက်ကြီးမြင့်သွားလိုက်၊ တစ်ခါတစ်ရံ ခေါင်းကြီးပျောက်သွားလိုက်၊ တစ်ခါတစ်ရံ ခြေထောက်နှစ်ချောင်းလောက်သာ မြင်ရတော့သည်အထိ ကြီးသွားလိုက်နှင့် ခြောက်လှန့်ပြသေးသည်။ သို့သော် ရွာသားများကား လူအုပ်ကလည်းများသဖြင့် လုံးဝမကြောက်ကြတော့။ ရွာနှင့်အတော်ကြီးဝေးသော တောစပ်အထိ ရောက်အောင် မောင်းထုတ်လိုက်ကြလေသည်။

မကောင်းဆိုးဝါးကြီး ထွက်သွားသဖြင့် မိန်းကလေးမှာ နွမ်းနယ်ပင်ပန်းသည်ကလွဲ၍ ရောဂါအားလုံး ကင်းစင်လွင့်ပျောက်သွားတော့သည်။ ထိုအခါကျမှ သူကြီးတို့ဇနီးမောင်နှံမှာ သမီးလေးမှာ ဆရာကယ်တဲ့အသက်သာ ရှိပါတော့သည်ဟုဆိုပြီး လွန်စွာကျေးဇူးတင်လှသဖြင့် ငွေသားစစ်စစ်သုံးပိဿာကို ကလပ်နှင့်တင်ကာ သမီးကို ဦးပေါ်အား ကန်တော့စေသည်။

ထိုအခါကျမှ ဦးပေါ်က သူသည် ပယောဂဆရာတစ်ယောက်မဟုတ်ဘဲ အရောင်းအဝယ်လုပ်သော ကုန်သည်တစ်ယောက်သာဖြစ်ကြောင်း၊ ပြီးခဲ့သည့်လကတည်းက ဤမကောင်းဆိုးဝါးကြီးကို မြစ်ကမ်းစပ်တွင် တွေ့ရသည့်အကြောင်း၊ မကောင်းဆိုးဝါးကြီးသည် သမ္ဗုဒ္ဓေဂါထာမှတစ်ပါးဘယ်ဂါထာကိုမှမကြောက်ကြောင်း၊ ထိုအချိန်မှာပင် သူကြီး၏သမီးလေးကို မကောင်းဆိုးဝါးကြီးက ဖမ်းစားထားသည်ဟုကြားသဖြင့် စေတနာဖြင့် လာရောက်ကုသပေးခြင်းဖြစ်ကြောင်းရှင်းပြပြီး အတန်တန်ကန်တော့သည့်ကြားက လူနာရှင်များစိတ်ချမ်းသာစေရန် ငွေသားတစ်ပိဿာကိုသာ လက်ခံလိုက်သည်။

လူနာကိုလည်း နောက်ထပ် မကောင်းဆိုးဝါးကြီး ထပ်နှောက်ယှက်မလာရန် သမ္ဗုဒ္ဓေဂါထာနှင့်မန်းပြီး လက်ဖွဲ့လုပ်ပေးခဲ့သည်။ ရွာသူရွာသားအားလုံးကိုလည်း ညစဉ် အိပ်ယာဝင်ခါနီးတိုင်း သမ္ဗုဒ္ဓေဂါထာကြီးကို ရွတ်အိပ်ကြရန် တိုက်တွန်းခဲ့သည်။ ထို့ပြင် နောက်ကျောင်းထိုင်ဘုန်းကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ကို ပြိတ္တာကြီးက လာပြီးဒုက္ခမပေးစေရန် သမ္ဗုဒ္ဓေဂါထာဖြင့် မန်းထားသော ရေများဖြင့် ကျောင်းတွင်းကျောင်းပြင် အားလုံးကို ပက်ဖြန်းပေးခဲ့လေသည်။

ထိုမှနောက်ကား မကောင်းဆိုးဝါးကြီးသည် ထိုရွာနှင့်ကျောင်းတို့တွင် ဘယ်သောအခါမှ လာရောက်နှောက်ယှက်ခြင်း မပြုတော့ပေ။

## သမ္ဗုဒ္ဓေဂါထာ ဘာကြောင့်စွမ်း

ဤနေရာ၌ သမ္ဗုဒ္ဓေဂါထာ အစွမ်းထက်ရခြင်း၏ အဓိကအကြောင်းကို တင်ပြချင်ပေသည်။ သမ္ဗုဒ္ဓေဂါထာကို မြန်မာပြန်ကြည့်လိုက်သောအခါ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုရှိခိုးပြီး ထိုရှိခိုးရသော ကုသိုလ်စေတနာတို့ကြောင့် အန္တရာယ်ကင်း ဘေးရှင်းပါစေဟု ဆုတောင်းခြင်းပင်ဖြစ်၏။

အနှစ်ချုပ် အဖြေရှာကြည့်လိုက်သောအခါ သမ္ဗုဒ္ဓေဂါထာသည် သရဏဂုံသုံးပါးကို ဌာပနာသွင်း၍ ဂါထာစီထားခြင်းဖြစ်သည်။ ထို့ကြောင့် သမ္ဗုဒ္ဓေဂါထာစွမ်းသည်မှာ သရဏဂုံသုံးပါး ပါနေသောကြောင့်ဟုပင် ဆိုရပါမည်။

ဘုန်းကြီးပြိတ္တာအကြောင်းကို တင်ပြရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပုထုဇဉ်ဆိုလျှင် လူပုဂ္ဂိုလ်များမဆိုထားနှင့်၊ ရဟန်းပုဂ္ဂိုလ်များပင် အပါယ်ကျနိုင်သည်ဆိုသည်ကို သတိထားမိစေလိုခြင်းပင်ဖြစ်၏။ ထို့ကြောင့် ပရမတ်ပေါက်အောင် ဝိပဿနာမရှုတတ်ခင်၊ အရိယာမဖြစ်ခင်စပ်ကြားတွင် အပါယ်တံခါးပိတ်ကုသိုလ်ဖြစ်သည့် သရဏဂုံသုံးပါးကို စွဲစွဲမြဲမြဲရှိသင့်၏။

သရဏဂုံသုံးပါးအဓိပ္ပာယ်ကို နားလည်ပါးလည် ရွတ်ဖတ်သရဏဂုံ ယူ အားများနေသူ လူသားကိုမဆိုထားဘိ၊ သရဏဂုံရွတ်ဆိုသံလေး နားထောင်နာယူမိရုံနှင့်ပင် နတ်ပြည်ရောက်သွားသော နွားကြီးတစ်ကောင် ရှိခဲ့ဘူးသည်

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလျှင် ဟုတ်မှဟုတ်ပါ့မလားဟု၍ အံ့သြဘွယ်ရာ ဖြစ်နေပေလိမ့်မည်။

ယင်းဖြစ်ရပ်ကို မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ တရားစာအုပ် တစ်အုပ်တွင် ဖတ်ရှုလိုက်ရခြင်းဖြစ်သည်။ သီဟိုဠ်ကျွန်း ယခုအခေါ် သီရိလင်္ကာနိုင်ငံမှ တကယ့်ဖြစ်ရပ်လေးတစ်ခုပင်။ တစ်ခါတွင် ကုန်သည်တစ်ယောက်သည် နွားလှည်းတစ်စီးတွင် ရောင်းကုန်များအပြည့်တင်ပြီး ထွက်ခဲ့သည်။

တောတစ်တောသို့အဝင်တွင် ဒတ္တအမည်ရှိ နွားကြီးတစ်ကောင်မှာ နွံထဲတွင် ခြေရောလက်ရောနစ်သွားရာ ပြန်ရုန်း၍မရတော့ပေ။ အပေါ်ယံ ကြောလေးကတင်းနေသဖြင့် နွံမှန်းမသိရ၊ နင်းမိ၍ကျွံကျသွားမှသာ နွံမှန်း သိကြရသည်။ နှစ်ပေါင်းများစွာက နွံများဖြစ်၍ စေးပိုင်နေရာ ဘယ်လို ပြန်ဆွဲနှုတ်၍မှ မရပေ။

ကုန်သည်သည် ဘယ်လိုမှမတတ်နိုင်တော့သဖြင့် နောက်ထပ်နွား တစ်ကောင် ဝယ်ယူတပ်ဆင်ပြီး ခရီးဆက်လေတော့သည်။ ကံဆိုးသူ နွားကြီးဒတ္တအား နွံထဲတွင် သည်အတိုင်း ထားပစ်ခဲ့သည်။ ဒတ္တကား တဘဲဘဲ အော်ရင်းဖြင့် ကယ်တင်မည့်သူကိုမျှော်ကာ တောထဲတွင် တစ်ကောင်တည်း ကျန်ခဲ့လေသည်။

ပထမလူတစ်ယောက် ဒတ္တနားရောက်လာသည်။ ဒတ္တသည် သူ့ကို ကယ်တင်မည်ထင်သဖြင့် မျက်လုံးရွဲကြီးများဖြင့် စိုက်ကြည့်ရင်း အသနား ခံရှာသည်။ လူလို ကယ်ပါယူပါဟု ပါးစပ်ကမပြောတတ်သဖြင့် မျက်လုံး ဖြင့်သာ ပြောရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ဖြဟ္မာလိုလူ၊ မျောက်လိုလူ

လူစတင်ဖြစ်ပေါ်ခြင်းအကြောင်းကို တင်ပြကြရာတွင် တစ်ချို့က လူသည် တိရစ္ဆာန်ဖြစ်သော မျောက်မှဆင်းသက်လာသည်ဟုဆိုသည်။ တစ်ချို့ကလူသည် ဗြဟ္မာမှဆင်းသက်လာသည်ဟုဆိုသည်။ လူတို့၏စိတ်နေစိတ်ထား၊ အကျင့်အကြံတို့ကို ထောက်ဆကြည့်လိုက်လျှင် ဤအယူအဆနှစ်ခုလုံးသည် လျော်ကန်သင့်မြတ်နေ၏။

တိရစ္ဆာန်တို့သည် များသောအားဖြင့် ရက်စက်ကြမ်းကြုတ်ကြသည်။ နိုင်ရာစားဝါဒရှိကြသည်။ ထို့ကြောင့် မျောက်မှဆင်းသက်လာသော လူသားသည် ကိုယ့်အတွက်တစ်ဖို့သာကြည့်သည်။ ရက်စက်သည်။ ကြမ်းကြုတ်သည်။ အကြင်နာကင်းမဲ့သည်။

ဗြဟ္မာတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားနှင့်သာနေကြသကဲ့သို့ ဗြဟ္မာမှဆင်းသက်လာသော လူသားသည်လည်း ကိုယ်ချင်းစာတရားထားသည်။ သူ့ဖက်ကိုယ့်ဖက် နှစ်ဖက်မျှကြည့်သည်။ ကိုယ့်ထက်နိမ့်လျှင် သနားစိတ်ဖြင့်ကူညီသည်။ တန်းတူဆိုလျှင် မေတ္တာထားသည်။ ကိုယ့်ထက်သာသွားပြန်လျှင် မုဒိတာပွား ဝမ်းမြောက်သည်။

ယခု ဒတ္တရှေ့ရောက်လာသောလူသားသည်ကား မျောက်မှဆင်းသက်လာသောကြောင့် တိရစ္ဆာန်စိတ်ရှိသူသာဖြစ်၏။ ထို့ကြောင့် ဒတ္တအပေါ် သနားစိတ်မဝင်ဘဲ အရေပြားတွေကို ဓားထက်ထက်ဖြင့်လှီးကာ ခွာယူတော့သည်။ သူကား အရေပြားရောင်းစားသူတစ်ယောက်ပေတကား။

www.burmeseclassic.com

www.burmeseclassic.com



ဒတ္တကား အသည်းခိုက်အောင်နာသောဝေဒနာကို အချိန်အကြာကြီး အော်ဟစ်ခံစားနေရသည်။ အရေပြားရောင်းသမားထွက်သွား၍ မကြာမီမှာပင် လူတစ်ယောက် ရောက်လာပြန်၏။ သူသည်လည်း မျောက်ကဆင်းသက်လာသူသာဖြစ်၏။ ထို့ကြောင့် အရေပြားတွေအခွာခံလိုက်ရသဖြင့် အော်ဟစ်ညည်းညူနေသောဒတ္တအပေါ် သနားစိတ်လုံးလုံးမဝင်နိုင်ဘဲ အသားပေါ်တွင် ဖုဖုဖောင်းဖောင်းပေါ်လျက်ရှိသော အကြောများကို ဓားဦးနှင့်ထိုးကော်ယူပြန်ပါ၏။ နွားအကြောများကိုအခြောက်လှမ်းပြီး စောင်းကြိုးလုပ်တီးရန်ဟု ဆိုပါ၏။

နာကျင်လွန်းလှသဖြင့် အဆက်မပြတ် အသံကုန်အော်ဟစ်လိုက်သော ဒတ္တ၏အသံသည် တောတစ်ခုလုံး ပဲ့တင်ထပ်သွား၏။ တိရစ္ဆာန်စိတ်ရှိသော လူသားကား တစ်ချက်မှနောက်မတွန့်ဘဲ ဒတ္တအကြောများကုန်သည်အထိ ထိုးဆွကော်ယူသွားပါချေ၏။

ဒတ္တသည် နာကျင်မှုဝေဒနာကို အသားတဆတ်ဆတ်တုန်သည်အထိ ခံစားနေချိန်မှာပင် နောက်ထပ်လူတစ်ယောက် ရောက်လာပြန်၏။ ဒီပုပ်ထဲကဒီပဲပင်တည်း။ ထိုသူကား အမဲသားရောင်းစားသူတစ်ယောက်ဖြစ်၏။ ထို့ကြောင့်လည်း အရေခွံခွာပြီးသားဖြစ်နေသော ဒတ္တကိုယ်မှ အသားများကို လှီးဖြတ်ယူပြန်တော့သည်။

ဒတ္တကား အော်ရလွန်းသဖြင့် အသံတွေတိမ်ဝင်သွားသည်။ ပါးစပ်ကြီးဟကာ အော်နေသော်လည်း အသံကားထွက်မလာတော့။ ဒတ္တ မျက်လုံးမှ မျက်ရည်များကား တစ်တွေတွေ စီးကျလျက်ရှိ၏။ အသားများလှီးယူပြီးသွားသည်နှင့် ဒတ္တကား အသက်ငင်စပြုနေပေပြီ။ ဤလိုအခါတွင်ကား သေခြင်းတရားသည် အရောက်နောက်ကျလှ၏ဟု ဒတ္တက ထင်မိ၏။

ထိုအချိန်ကျမှ ဗြဟ္မာကဆင်းသက်သော လူသားတစ်ဦး ဒတ္တအနား ရောက်လာ၏။ သူသည် ဒတ္တကိုမြင်လိုက်သည်နှင့် သနားကြင်နာလွန်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သောစိတ်ကြောင့် မျက်နှာညိုးသွားကာ စုပ်တသပ်သပ်ဖြစ်နေ၏။ ဖြစ်မှ ဖြစ်ရလေဟု ညည်းတွားရင်း ဒတ္တနားကို ကပ်သွားသည်။

ဒတ္တအဖြစ်ကား မြင်ရက်စရာမရှိ။ ဤကဲ့သို့သော လူသားတို့၏ ရက်စက်စွာ အနိုင်ကျင့်မှုကို တိရစ္ဆာန်တို့သည် ဘာမှလက်စားပြန်ပြီးမချေ နိုင်ကြ။ ရန်ကုန်မြို့တစ်မြို့အတွက်ပင် တစ်နေ့လျှင် ဝက်အကောင်ပေါင်း ခြောက်ထောင်၊ ကြက်အကောင်ပေါင်း ခြောက်သောင်းလောက် လူတွေ စားဖို့အတွက် သတ်နေရသည်။

တစ်ပြည်လုံးအတွက်ဆိုလျှင် တစ်ကမ္ဘာလုံးအတွက်ဆိုလျှင် လူတွေ စားဖို့အတွက် တိရစ္ဆာန်ပေါင်း တစ်နေ့လျှင် မည်မျှလောက် အသတ်ခံနေ ရမည်ဆိုသည်ကို မှန်းဆကြည့်နိုင်သည်။ လူတစ်ယောက်က လူတစ်ယောက် ကိုမသတ်ရန် တရားဥပဒေရုံးက ထိန်းပေးသည်။ နိုင်ငံတစ်ခုက နိုင်ငံတစ်ခု ကို အနိုင်မကျင့်ရန် ကုလသမဂ္ဂရုံးက ထိန်းပေးသည်။

လူသားတို့က တိရစ္ဆာန်တို့ကိုမသတ်ရန်ကား ထိန်းပေးမည့်ရုံးမရှိ။ ထို့ကြောင့် လူတွေက တိရစ္ဆာန်တွေကို ထင်သလိုသတ်ကြသည်။ တိရစ္ဆာန် များကား ဘာမှပြန်မလုပ်နိုင်။ ကလဲ့စားလည်းမချေနိုင်။ ထိုအခါ သဘာဝ တရားက တိရစ္ဆာန်တို့ကိုယ်စား လူသားတို့ကို ကလဲ့စားချေတော့သည်။ ဒဏ်ခတ်တော့သည်။ အရေးယူတော့သည်။

ကင်ဆာနှင့်ဆီးချိုရောဂါ ပျောက်ကင်းသော ဆေးမပေါ်မီမှာပင် အေအိုင်ဒီအက်စ်ရောဂါ ပေါ်လာသည်။ အေအိုင်ဒီအက်စ်ရောဂါ ပျောက် ကင်းသော ဆေးမပေါ်မီမှာပင် ကိုးမားခေါ် အာရုံကြောအလုပ်မလုပ်သော ရောဂါပေါ်လာသည်။ ထိုရောဂါရှင်သည် ဦးနှောက်နှင့်အာရုံကြော လုံးဝ အလုပ်မလုပ်တော့သဖြင့် ရယ်ခြင်း၊ ပြုံးခြင်း၊ ငိုခြင်း၊ စကားပြောခြင်း၊ အစားစားခြင်း၊ ဆီး၊ ဝမ်းသွားခြင်း မလုပ်နိုင်တော့ဘဲ တစ်ချို့ ၁၅ နှစ်၊ ၂၀ နှစ် ခန့် ပက်လက်ကြီး မလှုပ်မယှက်သာ နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ၏နှလုံးကား ခုန်နေတုန်းပင်ဖြစ်၏။ သေတာလည်း မဟုတ်၊ ရှင်တာလည်းမဟုတ်သောရောဂါဟုပင် ဆိုရမလိုဖြစ်နေသည်။ ထို ကိုးမားရောဂါပျောက်ကင်းသော ဆေးမပေါ်မီမှာပင် ဆေးကုချိန်ပင် မရသော ဦးနှောက်သွေးကြောပြတ်ရောဂါက ဝင်ရောက်နှိပ်စက်လာပြန် သည်။

ထိုရောဂါများ ကမ္ဘာလောကမှ ပျောက်သွားစေချင်လျှင် တိရစ္ဆာန် များကို သတ်ချင်တိုင်းသတ်၍မရအောင် တရားဥပဒေဖြင့် တားမြစ်ပေးရန် သာရှိ၏။

**မှတ်ချက်** ။ ဤပါဏာတိပါတနှင့်ပတ်သက်သော အတွေးအခေါ် မြင်ကွင်းကျယ်ကို စာရေးသူရေးသားသော သီလအစွမ်းအံ့မခန်းစာအုပ်တွင် ဖတ်ရှုနိုင်ပေသည်။

ဒဏ္ဍနားသို့ နောက်ဆုံးရောက်လာသောလူသားကား ရဟန်းတစ်ပါး ပင်ဖြစ်၏။ ရဟန်းသည် ဒဏ္ဍကိုကြည့်၍စဉ်းစား၏။

"ဪ ဒီနွားကြီးဟာ အသေဆိုးနဲ့လည်း သေရမယ်။ ရတနာသုံး ပါးကို ဘာမှနားမလည်တဲ့အတွက် သေပြီးတဲ့နောက်မှာလည်း အပါယ်ငရဲ ကို သွားရဦးမယ်။

## နတ်ပြည်ရောက်တိရစ္ဆာန်များ

အသေဆိုးနဲ့သေမှာကိုတော့ ငါကယ်လို့မရတော့ဘူး၊ အပါယ်မကျ အောင်တော့ ငါကယ်လို့ရနိုင်တယ်၊ ဘုရားလက်ထက်က ဖားလေးတစ် ကောင်ဆိုရင် မြတ်စွာဘုရား တရားဟောတဲ့အသံကိုကြားတာနဲ့ ရေထဲကနေ ကုန်းပေါ်တက်ပြီး တရားနာတယ်။

တရားရဲ့အဓိပ္ပာယ်တွေတော့ သူဘယ်မှာသိမလဲ၊ ဒါဟာ သူတော် ကောင်းတစ်ယောက်ရဲ့ ကောင်းမြတ်တဲ့အသံဆိုတာလောက်ပဲ သိမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ နွားကျောင်းသားတစ်ယောက် ထောက်လိုက်တဲ့တုတ်ချောင်းထိပ်ဟာ သူ့ပေါ်တည့်တည့်ကျပြီး သေခဲ့ရတယ်။ နားမလည်ဘဲ နာခဲ့ရတဲ့ဓမ္မသဝနကုသိုလ်ကြောင့် နတ်ပြည်ရောက်သွားပြီး မဏ္ဍုကဝိက ဖားနတ်သားလို့ ထင်ရှားခဲ့တယ်။

ဒါက ဘုရားရှင်ကိုယ်တိုင်ရဲ့အသံကြောင့်ပါ။ သာမန်ရဟန်းတွေရဲ့တရားသံကြောင့်တော့ နာတဲ့တိရစ္ဆာန်တွေ နတ်ပြည်မရောက်နိုင်ပါဘူးလို့ပြောလာခဲ့ရင် ကဿပဘုရားလက်ထက်က လင်းနို့အကောင်ငါးရာအကြောင်းကို ပြန်ပြောရမှာပေါ့။

ဒီလင်းနို့အကောင်ငါးရာဟာ လိုဏ်ဂူထဲမှာ လာရွတ်ဖတ်သရဇ္ဈာယ်နေကြတဲ့ ရဟန်းတော်တွေရဲ့ အဘိဓမ္မာတရားသံကို နာယူကြတယ်။ သူတို့လည်း ဒါက ခန္ဓာ၊ ဒါက အာယတန၊ ဒါက ဓာတ်ဆိုပြီး တစ်လုံးမှ နားမလည်ကြပါဘူး။ ဒါပေမယ့် တရားနာတဲ့ကုသိုလ်ကြောင့် လင်းနို့ဘဝကသေကြတဲ့အခါ လူ့သက်နဲ့ဆိုရင် နှစ်ပေါင်း ၃ ကုဋေနဲ့ ၆ သန်းအသက်ရှည်တဲ့ တာဝတိံသာနတ်ပြည်ကိုရောက်ခဲ့ကြတာပဲ။

ဒီတော့ ဒီနွားကြီးကိုလည်း မသေခင်အချိန်အတွင်းမှာ ငါ သရဏဂုံသုံးပါး ရွတ်ဖတ်ပေးမယ်''

ဟုတွေးတောမိကာ ဒတ္တနားကပ်၍ သရဏဂုံသုံးပါးကို အခေါက်ခေါက်အခါခါ ရွတ်ဖတ်သရဇ္ဈာယ်ပေးသည်။ သေခါနီး ဒတ္တကြီးကလည်း ဘာမှနားမလည်သော်လည်း ဒါဟာ သူတော်ကောင်းရဲ့အသံဟူသောစိတ်ဖြင့် နားထောင်ရှာသည်။ ခဏအကြာမှာပင် ဒတ္တကြီး သေပွဲဝင်ခဲ့သည်။

သရဏဂုံသုံးပါးရွတ်ဆိုသံကို သေခါနီးကပ်ပြီးနာယူလိုက်ရသောကြောင့် ဒတ္တသည် တာဝတိံသာနတ်ဘုံသို့ ရောက်ခဲ့ရပေသည်။ ဤကဲ့သို့ သရဏဂုံသုံးပါးရွတ်ဆိုသံကို နားထောင်ရုံနှင့်ပင် နတ်ပြည်ရောက်ခဲ့သေးရာကိုယ်တိုင်ရွတ်ဆိုပွားများသူများအတွက်ကား ဆိုဖွယ်ရာမရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သရဏဂုံကြောင့် နတ်ပြည်ရောက်ပုံကို တင်ပြပြီး၍ သရဏဂုံကြောင့် ဘေးဆိုးအန္တရာယ်ဆိုးများ၊ အသက်အန္တရာယ်များကင်းပျောက်ပုံကို ဆက်လက်တင်ပြဦးမည်။ ရွှေပြည်သာတွင် ဦးသန်းဖေခေါ် ဦးနေလင်း ဦးဆောင်ဟည်ထောင်ထားသော မဟာဓမ္မသီတဂူဝတ်အသင်းရှိသည်။ ဆရာတော်ဦးဉာဏိဿရ၏တပည့်တစ်ယောက်ဖြစ်သဖြင့်လည်း သီတဂူဟူသော စကားလုံးကိုယူသုံးထားခြင်းဖြစ်သည်။

အမည်ရင်း ဦးသန်းဖေဖြစ်သော်လည်း ဦးနေလင်းဟူသောအမည်ကိုသာ လူသိများသည်။ ရွှေပြည်သာတွင်မနေခင်က ကြည့်မြင်တိုင်တွင် နေလင်းဟူသောအမည်ဖြင့် ရွှေပန်းထိမ်လုပ်ငန်းကို နှစ်အတော်ကြာ လုပ်ကိုင်ခဲ့သောကြောင့်ပေတည်း။ ယခု ဦးနေလင်းအသက်သည် ၆၀ ကျော်ပေပြီ။

သရဏဂုံကြောင့် အသက်ဘေးမှလွတ်ခဲ့ရစဉ်အချိန်က အသက် ၃၀ ကျော်ခန့်သာရှိသေးသည်။ တစ်ညတွင် သရဏဂုံကို အဓိဋ္ဌာန်ပုတီးစိပ်ရန် ကြည့်မြင်တိုင်မှ ရွှေတိဂုံဘုရားသို့ လာခဲ့သည်။ ထွက်လာခဲ့စဉ်က ည (၇)နာရီခန့်ရှိနေပြီဖြစ်သည်။ ထိုစဉ်က ဘုရားတွင် တစ်ညလုံး ပုတီးစိပ်သူများ၊ တရားထိုင်သူများရှိသည်။ ခွင့်လည်း ခွင့်ပြုထားသည်။

ဦးနေလင်းသည် သရဏဂုံကို မိုးအလင်းစိပ်ရန် အဓိဋ္ဌာန်ထားသည်။ ထို့ကြောင့် ဘုရားနှင့်အတော်လှမ်းသော ချောင်ကျကျနေရာတွင် ထိုင်လိုက်သည်။ ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၊ မေတ္တာပို့ပြီးသည်နှင့် သရဏဂုံပုတီးကို စ၍စိပ်တော့သည်။ ည ၁၁ နာရီလောက်ရောက်သည်နှင့် ဘုရားပတ်ဝန်းကျင်တွင် လူမရှိသလောက်ဖြစ်သွားသည်။ ည နာရီပြန်တစ်ချက်လောက်တွင်ကား ဘုရားဝန်းကျင်တွင် ဦးနေလင်းတစ်ယောက်သာ ရှိတော့သည်။

ဦးနေလင်းကား သူ့အဓိဋ္ဌာန်အတိုင်း ပုတီးကိုသာ ဖိ၍စိပ်နေ၏။ သမာဓိလည်း အတော်အားကောင်းလာ၏။ ထိုသို့ သမာဓိအားကောင်းနေ၍

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် အိမ်မြှောင်ကျွတ်ထိုးသံကအစ အကျယ်ကြီးလိုကြားရပြီး လန့်သွားတတ်သည်။ ထိုအချိန်မှာပင် ဦးနေလင်း၏နောက်နား ဝါးနှစ်ပြန်လောက် အကွာမှ ''အောင်မလေးဗျ'' ဟူ၍ အော်လိုက်သောအသံကြီးတစ်သံ ထွက်လာသည်။

ဦးနေလင်းမှာ ထိတ်ကနဲဖြစ်သွားပြီး ထပြေးတော့မလို ဟန်ပြင်လိုက်မိသည်။ နောက်မှ ငါ သရဏဂုံပုတီးစိပ်နေတာပဲ၊ ဒီအချိန်မှာသေလည်းကောင်းသောသေခြင်းပဲ၊ ကိုင်း နောက်ယှက်ချင်သလောက် နောက်ယှက်စမ်းဟု စိတ်ကိုတင်းလိုက်ကာ ပုတီးကိုသာ ဆက်စိပ်နေလိုက်သည်။ နောက်ထပ်ကား ဘာမှဆက်မကြားရတော့။

မိုးလင်းသည်နှင့် အစ်ဗွာန်အောင်မြင်သွားပြီဖြစ်ရာ မေတ္တာပို့အမျှဝေပြီး ဘုရားမှဆင်းခဲ့ကာ ဗဟန်း ၃ လမ်းထဲမှ အသိအိမ်တစ်အိမ်သို့ ဝင်လိုက်သည်။ အိမ်ရှင်မိတ်ဆွေများကလည်း ကော်ဖီများ၊ မုန့်များဖြင့်ဧည့်ခံသည်။ ထိုသို့ အိမ်ရှင်များနှင့်စကားပြောဆိုနေခိုက်မှာပင် မျက်နှာပေါက်ခပ်ဆိုးဆိုးနှင့်လူတစ်ယောက်သည် အခြားလူတစ်ယောက်ကိုတွဲလျက် ဦးနေလင်းကို လက်ညှိုးထိုးပြပြီး ဝင်လာကြသည်။

အိမ်ရှင်များကလည်း ဦးနေလင်းအသိဟုထင်သည့်အတွက် နေရာထိုင်ခင်းများပေးပြီး ကြိုဆိုနေကြသည်။ သို့သော် ဦးနေလင်းကား ထိုသူကို ယခုမှမြင်ဘူးခြင်းဖြစ်၏။ ပုံစံမှာ အများတက်နေဟန်တူသည်။ မျက်နှာမှာလည်း ရဲနေသည်။ ဦးနေလင်းက အံ့သြသောမျက်နှာဖြင့် လှမ်းကြည့်နေစဉ်မှာပင် ထိုသူသည် ဦးနေလင်းခြေရင်းတွင် ဒူးတုပ်ထိုင်ချလိုက်ကာ -

''နောင်ကြီးခင်ဗျား - နောင်ကြီးအပေါ် ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားမိသမျှကို ကျွန်တော် ဝန်ချကန်တော့ တောင်းပန်ပါတယ်။ ကျွန်တော့်အပေါ် ခွင့်လွှတ်သည်းခံတော်မူပါ။''

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ဦးအကြိမ်ကြိမ်ချနေတော့သည်။ ဦးနေလင်းက ပျာပျာသလဲဖြင့် -

''ဟင် ခင်ဗျားက ဘယ်တုန်းက ကျွန်တော့်အပေါ် ပြစ်မှားခဲ့လို့လဲ၊ ခင်ဗျား လူမှားနေပြီထင်တယ်။''

''မမှားပါဘူးခင်ဗျာ၊ နောင်ကြီး နေလင်း ရွှေပန်းထိမ်က ဦးသန်းဖေ မဟုတ်ပါလား။''

''အင်း ဒါတော့ ဟုတ်တယ်''

''ဒါဆိုရင် ကျွန်တော် လူမမှားပါဘူး''

''လူမမှားတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် မင်းက ငါ့ကို ဘယ်တုန်းကပြစ်မှားတယ်၊ ဘယ်လိုကြောင့် ပြစ်မှားမိတယ်ဆိုတာတွေလည်း ပြောဦးမှပေါ့။''

''အဲ ဟုတ်ပါရဲ့ဗျာ၊ ကျွန်တော်လည်း အပြစ်ပျောက်ဖို့ ကန်တော့ချင်တဲ့ဆန္ဒကစောနေတာနဲ့ အကြောင်းစုံအရင်ရှင်းပြရမှာကိုမေ့နေတယ်၊ ဒီလိုပါခင်ဗျာ၊ ကျွန်တော်ဟာ ထောင်ထွက်တစ်ယောက်ပါ၊ မြက်မြက်ကလေး ရမယ်ဆိုရင် ပစ္စည်းလု အနုကြမ်းစီးတဲ့အလုပ်ကို တစ်ခါတစ်ရံလုပ်ပါတယ်''

''ဒီနေ့ကစပြီး ဒီအလုပ်မျိုးကို နောင်ဘယ်တော့မှ မလုပ်တော့ဘူးဆိုတာ ဘုရားမှာသစ္စာဆိုပြီးလို့ အခုလို အမှန်အတိုင်း ကျွန်တော် ပြောပြရဲတာပါ။ ဒီကတိကို နောင်ကြီးကိုလည်း ပေးပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ နောင်ကြီးကြောင့်လည်း ဒီကတိသစ္စာကို ဘုရားရှေ့မှာ ဆိုမိတာပါ''

''မနေ့ညက နောင်ကြီး ဘုရားကိုဘက်လာကတည်းက နေလင်း ရွှေပန်းထိမ်ကမုန်း ကျွန်တော်သိတယ်၊ ဒါကြောင့် နောင်ကြီးထိုင်မယ့်နေရာကို မရောင်မလည်နဲ့ လိုက်ကြည့်တယ်၊ ရွှေပန်းထိမ်ပိုင်ရှင်ဆိုတော့ အဖိုးတန်ပစ္စည်းအနည်းအကျဉ်းတော့ ပါမှာပဲဆိုတာ ကျွန်တော်က တွက်ထားပြီးသားပါ''

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူညဥ့်နက်အောင်နေရင်တော့ ငါ့အတွက်အကွက်ပဲဆိုပြီး အိမ်ပြန်တရေးအိပ်ပြီး စောင့်နေလိုက်ပါတယ်။ တစ်ချက်ထိုးခါနီးလောက်ကျမှ ဓားမြှောင်ခါးထိုးပြီး ထွက်လာခဲ့တယ်၊ ဘုရားပရိဝုဏ်ထဲဝင်လိုက်ကတည်းက နောင်ကြီးပုတီးစိပ်နေတာကို လရောင်နဲ့ မြင်နေရတယ်"

## လှံတစ်ချောင်းနဲ့လူနီကြီး

ငါတော့ ဒီတစ်ခါကော်ပြန်ပြီဆိုပြီး ဝမ်းသာအားရစိတ်နဲ့ ခပ်သွက်သွက်လှမ်းလာလိုက်တာ နောင်ကြီးဆီရောက်ဖို့ ဝါးနှစ်ပြန်သာသာလောက်အလိုမှာ အရပ်ဆယ်ပေလောက်ရှိမယ့် လူနီနီကြီးတစ်ယောက် ကျွန်တော့်ရှေ့မှာ ဝုန်းကနဲရောက်လာတယ်၊ ဘယ်ကဘယ်လို ရောက်လာတယ်မသိပါဘူး။

သူ့လက်ထဲမှာလည်း ရောမလှံတံကြီးတစ်ချောင်း ကိုင်ထားတယ်၊ ပြီးတော့ သူတော်ကောင်းကို စော်ကားချင်တဲ့ကောင် သေပေတော့ဆိုပြီး လှံကြီးနဲ့ရွယ်လိုက်တာ၊ ကြောက်လိုက်တာဗျာ၊ ကျွန်တော့်တစ်သက်မှာ အဲဒီလောက်ကြောက်စရာကောင်းတဲ့အဖြစ်မျိုး တစ်ခါမှ မကြုံဘူးပါဘူး။

ဒါကြောင့် ငယ်သံပါအောင် အောင်မလေးဗျာ့လို့ တစ်ချက်ပဲအော်နိုင်ပြီး ချက်ချင်းထွက်ပြေးခဲ့တော့တာပဲ၊ အခု ကျွန်တော်လန့်ပြီး ဖျားနေတာပါ၊ **အဖြစ်ကတော့ ဒါပါပဲခင်ဗျာ၊ အဲဒီအဖြစ်တွေကို နောင်ကြီးက ခွင့်လွှတ်ပေးပါ။"**

"ဩော် ဒီလိုကိုး ညက ကျွန်တော်ကြားလိုက်တဲ့အသံဟာ ခင်ဗျားအော်လိုက်တာကိုး၊ ခွင့်လွှတ်ပါတယ်ဗျာ၊ မောဟမကင်းသေးသူမှန်သမျှအမှားဆိုတာ ရှိနေကြမှာပါပဲ။"

ထိုအခါကျမှ အိမ်ရှင်များမှာလည်း ဇာတ်ရည်လည်သွားကြသည်။ ဦးနေလင်းက -

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျွန်တော် ဒီအိမ်ပေါ်ရောက်နေတာ ခင်ဗျား ဘယ်လိုလုပ် သိသလဲ။"

ထိုသူက သူ့ကိုတွဲခေါ်လာသူအား လက်ညှိုးထိုးပြလိုက်ပြီး -

"သူ့ကိုစောင့်ကြည့်ခိုင်းထားတာ၊ နောင်ကြီး ဘယ်အရပ်ကပြစ်ပြစ် ကျွန်တော်ကတော့ လိုက်ကန်တော့တောင်းပန်ရမှာပဲလေ။

နောင်ကြီးကို ကျွန်တော်အလွန်သိချင်နေတဲ့မေးခွန်းတစ်ခု မေးချင် ပါတယ်၊ အဲဒါကတော့ နောင်ကြီးကို ဘေးမရောက်အောင်စောင့်ရှောက်ပေး နေတဲ့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေရှိနေတာ အမှန်ပါပဲ၊ ကျွန်တော့်ကိုယ်တွေ့ပဲလေ၊ အဲဒီတော့ ဒီလိုအစောင့်အရှောက်တွေရအောင် နောင်ကြီးဟာ ဘာဂိုဏ်းတွေ ဝင်ပြီး ဘာဆေးတွေထိုးထားသလဲဆိုတာ သိချင်ပါတယ်"

ဦးနေလင်းက တစ်ချက်ပြုံးလိုက်ပြီး

"နောင်ကြီးက ဘာဂိုဏ်းမှလည်းမဝင်ဘူး၊ ဘာဆေးမှလည်းမထိုး ဘူး၊ ဂိုဏ်းဆိုကတည်းက အခက်အလက်ပဲကွယ့်၊ ပင်စည်လောက်တော့ ဘယ်မှာခိုင်မြဲပါ့မလဲ၊ ဗုဒ္ဓဘာသာအားလုံးအတွက် သရဏဂုံသုံးပါးဟာ ပင်စည်ကြီးပဲ။

ဘုရား၊ တရား၊ သံဃာဆိုတဲ့ ပင်စည်ကြီးထဲကို ရောက်နေမှတော့ ဘာဂိုဏ်း၊ ညာဂိုဏ်းဆိုတာတွေဆီ ကူးသွားစရာ မလိုတော့ပါဘူး၊ ညီမောင် နောင်ကြီးကို အန္တရာယ်ပြုဖို့လာစဉ်အချိန်က နောင်ကြီးဟာ သရဏဂုံသုံးပါး ကို ပုတီးစိပ်နေတာပဲလေ။

ဒီတော့ ဘယ်သူကပဲ လာပြီးအကာအကွယ်ပေးပေး၊ သရဏဂုံသုံးပါး တည်မြဲတဲ့အတွက်ဆိုတာ အသေအချာပဲပေါ့။"

"ခုလိုရှင်းပြတာ ကျေးဇူးတင်ပါတယ် နောင်ကြီးရယ်၊ မသိသူကျော် သွား၊ သိသူဖော်စားဆိုတဲ့စကားအတိုင်း ကျွန်တော်လည်း ဗုဒ္ဓဘာသာတစ် ယောက်ပါပဲ၊ မသိတော့ကျော်သွားနေတာ ကြာလှပါပြီ၊ အခုသိသွားပြီဆို တော့ ဖော်စားရုံပဲရှိတော့တာပေါ့။"

www.burmeseclassic.com



''ဖော်စားတော့မယ်ဆိုရင် တစ်ခုတော့ သတိထားရမယ် ညီမောင်''

''ပြောပါ နောင်ကြီး''

''သရဏဂုံသုံးပါးကတော့ ဘာပြောစရာမှမရှိအောင် အစွမ်းအာနိသင်နဲ့ပြည့်စုံပြီးသားပဲ၊ ပွားများရွတ်ဖတ်သရဇ္ဈာယ်တဲ့ တို့တစ်တွေက ထက်ထက်သန်သန် ယုံကြည်ဖို့နဲ့ စွဲမြဲဖို့တော့လိုတယ်၊ ခလုတ်ထိမှ အမိတဆိုတဲ့ သဘောမျိုး အန္တရာယ်ရတ်တရက်ကြုံမှသာ ထရွတ်မယ်ဆိုရင် စွမ်းချင်မှ စွမ်းမယ်။

အဲဒါ သရဏဂုံရဲ့အပြစ်မဟုတ်ဘူး၊ မစွဲမြဲတဲ့ တို့တစ်တွေရဲ့အပြစ်ပဲ။ ဥပမာပေးရရင် သရဏဂုံက ဘက်ထရီအားနဲ့တူတယ်။ အန္တရာယ်ကင်းဘေးရှင်းတာက မီးချောင်းလင်းတာနဲ့တူတယ်။ ဘက်ထရီအိုးနဲ့မီးချောင်းထွန်းတဲ့သူတွေဟာ ဘက်ထရီအားကို ကုန်မသွားအောင် ဖြည့်ပေးနေရတယ်။

ဒါမှ ကိုယ်မီးထွန်းချင်တဲ့အချိန် ထည့်ပ်လိုက်တာနဲ့ မီးချောင်းက လင်းမှာပေါ့၊ ဘက်ထရီတော့ အားမဖြည့်ဘဲပစ်ထားပြီး မီးထွန်းတဲ့အချိန်မှာ မီးမလင်းရင် ဘက်ထရီအိုးရဲ့အပြစ်လား၊ အားမဖြည့်သူရဲ့အပြစ်လား''

''အားမဖြည့်သူရဲ့အပြစ်ပေါ့နောင်ကြီး''

''ဒီမှာလည်း ဒီအတိုင်းပါပဲ၊ သရဏဂုံသုံးပါးကတော့ အစွမ်းအာနိသင်နဲ့ ပြည့်စုံပြီးသားပါ။ ကိုယ်က မြဲမြဲမြံမြံမရွတ်ဘဲပစ်ထားပြီး ကောင်းကျိုးမရတဲ့အခါကျမှ သရဏဂုံကို အပြစ်တင်ရင် သဘာဝမကျပါဘူး။ လူတစ်ယောက်သေခါနီး အကျိုးပေးတဲ့အခါမှာ ဂရုကံကစပြီး အကျိုးပေးတယ်။

မြန်မာလို ကြီးလေးသောကံလို့ အဓိပ္ပာယ်ရတယ်၊ အကုသိုလ်အရ ပဉ္စာနန္တရိယကံကိုယူရတယ်။ ကုသိုလ်ကံအရ ပထမဈာန်၊ ဒုတိယဈာန်စတဲ့ လောကီမဟဂ္ဂုတ်ကုသိုလ်တွေကို ယူရတယ်။ ဂရုကံမရှိဘူးဆိုရင် အမြဲလေ့လာပွားများနေတဲ့ အာစိဏ္ဏကံက အကျိုးပေးတယ်။

သရဏဂုံသုံးပါးကို အာစိဏ္ဏကံဖြစ်အောင် အမြဲလေ့လာပွားများနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အာစိဏ္ဏကံမရှိရင် သေခါနီးမှကပ်ပေါ်တဲ့ အာသန္နကံက ကောင်းကျိုးပေးတယ်၊ ဒီကံသုံးမျိုးလုံးမရှိဘူးဆိုမှ ပြုကာမတ္တဖြစ်တဲ့ ကဋတ္တာကံက အကျိုးပေးတယ်၊ ဒီတော့ ညီတော်မောင်လည်း သရဏဂုံကို အာစိဏ္ဏကံဖြစ်အောင် အမြဲသတိရတိုင်းပွားများပါလို့ တိုက်တွန်းချင်ပါတယ်။''

''ဒီနေ့ကစပြီး သရဏဂုံသုံးပါးကို တစ်သက်လုံးစွဲမြဲတော့မယ်ဆိုတာကို ကတိပေးပါတယ်ခင်ဗျာ''

'' သာဓု ... သာဓု ... သာဓု ''

## ရာသက်ပန်သရဏဂုံဆောက်တည်ပုံ

**ဒိဝိတပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ**
**ဒိဝိတပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ**
**ဒိဝိတပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ**

အသက်ဆုံးသည့်တိုင်အောင် ဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အသက်ဆုံးသည့်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အသက်ဆုံးသည့်တိုင်အောင် သံဃာတော်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

## ဘာလိုနေသလဲ

ရတနာသုံးပါး ပြည့်စုံမှန်ကန်စွာ ထင်ရှားရှိခြင်းဟူသော ခေတ္တ။ ထက်သန်သောသဒ္ဓါဖြင့် ယုံကြည်ကိုးကွယ်ခြင်းဟူသော အဇ္ဈာသယ၊ ဤအင်္ဂါနှစ်ချက်နှင့်ပြည့်စုံစွာ ရတနာသုံးပါးကို ကိုးကွယ်လျှင် ယခုဘဝမှာပင် ကောင်းကျိုးပေးသည်။

ရတနာသုံးပါးကိုးကွယ်သော ဗုဒ္ဓဘာသာအများစု ယခုဘဝ ကောင်းကျိုးမရကြသည်မှာ အဇ္ဈာသယဟူသော အင်္ဂါပျက်ယွင်းသောကြောင့်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ဘုရားကျောင်းဆောင်ထဲတွင် ရတနာသုံးပါးမှတစ်ပါးသော အရုပ်မျိုးစုံရှိနေခြင်းသည် ဗုဒ္ဓဘာသာများကိုယ်တိုင် မိမိတို့တွင် အစွန်းသယအင်္ဂါပျက်နေကြောင်း ဝန်ခံရာရောက်ပေ၏။

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊
မန္တလေးကျောင်းဆရာတော်

အခန်း (၂) ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

**ယေဝိဓပမေဟန္တိကာမရာဂံ၊**
**ဘဝရာဂါနုသယဥ္စမောဟံ။**
**နစတေပုနဥပေန္တိ**
**ပရိန္နိဗ္ဗာနုဂတာသီတိဘူတာ။**

(မဟာသဂ်ဟာပါဠိတော်)

ခန္ဓာကိုယ်၌ စွဲလမ်းတပ်မက်သော လောဘတဏှာကို ပယ်စွန့်နိုင်သူသည် ဘဝအမျိုးမျိုးကို တပ်မက်သော လောဘတဏှာနှင့် မောဟကိုပါ ပယ်စွန့်နိုင်၍ တစ်ဖန် ပဋိသန္ဓေမနေရတော့ဘဲ နိဗ္ဗာန်သို့ ရောက်ရ၏။

### ဒါနပြုရခြင်းအကြောင်း

ဗုဒ္ဓက သာဝကတို့အား ဒါနပြုကြဖို့ တိုက်တွန်းခြင်းသည် ဖြစ်ရာဘဝ ပစ္စည်းဥစ္စာချမ်းသာဖို့ ရည်ရွယ်ချက်တစ်ခုတည်းအတွက် မဟုတ်ပေ။ ဘဝ အဆက်ဆက်ကပါလာသော လောဘတဏှာကို ကုန်ခမ်းစေလိုသည့်အတွက် လည်းဖြစ်၏။ ပထမရည်ရွယ်ချက်သည် သာမညဖြစ်ပြီး ဒုတိယရည်ရွယ် ချက်က အဓိကဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



# အဦးဆုံးဖြစ်သော အကုသိုလ်စိတ်

ပထမရည်ရွယ်ချက်က ပါရမီနုသူများအတွက်ဖြစ်ပြီး ဒုတိယရည်ရွယ်ချက်က ပါရမီရင့်သူများအတွက်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ လူသားသည် မိခင်ဝမ်း၌ သန္ဓေတည်ခြင်း ပထမဆုံးဖြစ်သောစိတ်မှာ လောဘစိတ်ပင်ဖြစ်၏။ စာအားဖြင့် ဘဝနိကန္တိကလောဘဇောဟုသုံးသည်။ ကောင်းသောဘဝရောက်ရောက်၊ မကောင်းသောဘဝရောက်ရောက် ရောက်လာရသောဘဝကို စွဲလမ်းတပ်မက်ခြင်းကို ဘဝနိကန္တိကလောဘဇောဟုခေါ်သည်။

သူငယ်ချင်းနှစ်ယောက်သည် ကတိကဝတ်တစ်ခု ထားကြသည်။ သူတို့နှစ်ယောက် သေဆုံးကြလျှင် ရောက်ရာဘုံဘဝမှ တစ်ယောက်ကိုတစ်ယောက် အသိပေးကြစတမ်း၊ တတ်နိုင်သမျှ ကယ်ဆယ်စောင့်ရှောက်ကြစတမ်းဟူသော ကတိပင်ဖြစ်၏။ ထိုလူ့ဘဝမှ သေဆုံးကြသောအခါ တစ်ယောက်က နတ်သားသွားဖြစ်သည်။ တစ်ယောက်က အိမ်သာတွင်းထဲတွင်လောက် သွားဖြစ်သည်။

နတ်သားဖြစ်သွားသောသူငယ်ချင်းက ဒိဗ္ဗစက္ခုနှင့်ကြည့်လိုက်သောအခါ သူ့သူငယ်ချင်း လောက်ဖြစ်သွားသည်ကိုတွေ့ရသဖြင့် ကျိုးယောင်ဖန်ဆင်းကာ သူငယ်ချင်းလောက်ကို တွင်းထဲမှဆယ်ယူလာပြီး သစ်ပင်ပေါ်နားကာ အကျိုးအကြောင်းပြောပြ၍ လောက်ဘဝမှ လွတ်မြောက်ဖို့ကူညီရန်ကြိုးစားသည်။

သို့သော် လောက်ကား မစင်တွင်းမှာသာပျော်နေလေပြီး သူသည် ဘယ်ဘဝကိုမှမရောက်ချင်ပါ၊ တွင်းထဲကိုသာပြန်ပို့ပါ၊ လောက်ဘဝမှာသာပျော်ပါသည်ဟုဆိုသဖြင့် သူငယ်ချင်းနတ်သားမှာ ဘာမှမတတ်နိုင်တော့ဘဲတွင်းထဲသို့သာ ပြန်ပို့ရလေတော့သည်။ ဤကား ရောက်ရာဘဝမှာပျော်တတ်သော ဘဝနိကန္တိကလောဘဇော၏သတ္တိပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဝအဆက်ဆက်ကလည်း လောဘနှင့်သာအဖော်လုပ်ခဲ့သည်။ ယခုလူ့ဘဝရောက်ရောက်ချင်းလည်း လောဘနှင့်သာစ၍ပေါင်းရသည်။ ထို့ကြောင့် လိုချင်တပ်မက်သောလောဘသည် လူသား၏သားအရင်းလိုဖြစ်ပြီး ချစ်ခင်ရင်းနှီးလှ၏။ အလောဘသည် စေတသိက်ပင်ဖြစ်၏။ မလိုချင်ခြင်းသဘောရှိ၏။ ဒါနပါရမီပြည့်အောင် ဖြည့်ဆည်းပေးသည်မှာ ထိုအလောဘစေတသိက်ပင်ဖြစ်၏။

သို့သော် အလောဘစေတသိက်သည် လူသားအတွက် မွေးစားသားလိုဖြစ်နေ၏။ ရင်းနှီးမှုမရှိ၊ အပြစ်ကိုသာအရှာခံရ၏ လူသား၏ဘဝသံသရာတစ်လျှောက်၌ လောဘနှင့်အလောဘသည် အမြဲတမ်း တိုက်ခိုက်သတ်ပုတ်ခဲ့ကြ၏။ အလောဘကသာ အမြဲတမ်းရှုံးနိမ့်၏။ ထို့အတွက် ရလာဒ်ကား လူသားသည် ဂင်္ဂါဝါဠုသဲစုမက မရေမတွက်နိုင်အောင် ဘုရားတွေပွင့်ခဲ့ကြသော်လည်း ယခုအချိန်တိုင်အောင် နိဗ္ဗာန်သို့မရောက်သေးခြင်းပါတည်း။

**ဝါနတောတဏှာယနိက္ခန္တတ္တာနိဗ္ဗာနန္တိပဝုစ္စတိ** = ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်ခြင်းကို နိဗ္ဗာန်ဟုဆိုထားရာ အလောဘက လောဘကို မနိုင်သေးသမျှ ဘယ်သောအခါမှ နိဗ္ဗာန်နှင့်နီးလိမ့်မည်မဟုတ်ပေ။ လောဘသည် လူ့သန္တာန်မှာဖြစ်ဖြစ်၊ နတ်သန္တာန်မှာဖြစ်ဖြစ်၊ ခွေးသန္တာန်မှာဖြစ်ဖြစ် လိုချင်ခြင်းသဘောတရားက ဘယ်သောအခါမှ ဖောက်ပြန်မသွားပေ။

ထို့အတူ သူ့ကိုလက်ခံသိမ်းပိုက်ထားသူကိုလည်း ပြိတ္တာဘုံသို့ ဆွဲချခြင်းသဘောမှ ဘယ်သောအခါမှ ဖောက်ပြန်လိမ့်မည်မဟုတ်ပေ။

## စောင်းသမားနားထိုင်း

နေ့ရောညပါ တစာစာ
သူများကိုသာ အတွင်ပဟော
ကိုယ်မကျင့်လို ပဥ္စင်းပို့

www.burmeseclassic.com

www.burmeseclassic.com



ပုံဆိုပါလော ကိုယ့်ဖြစ်ပျက်
စောင်းသမားနားထိုင်း ပုံနှင့်နှိုင်း
ရှိုင်းလိုက်လေခြင်း မဆိုနှင့်။

ဓမ္မကထိကဆရာတော်များကို ထိထိမိမိဆုံးမထားသော ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒလင်္ကာလေးပင်ဖြစ်၏။ သူတစ်ပါး ကိုသာဟောကြားပြီး ကိုယ်ကိုယ်တိုင်ကမကျင့်လျှင် နားထိုင်းသောစောင်း သမား စောင်းတီးသလိုသာရှိမည်။

နားထိုင်းစောင်းသမား စောင်းတီးလျှင် စောင်းသံ၏အရသာကို ဘေးမှ လူများသာ ခံစားရသည်။ သူကားမခံစားရ။ ထို့အတူ ဓမ္မကထိကများသည် သူတစ်ပါးကိုသာဟောပြီး မိမိကမကျင့်သုံးဘူးဆိုလျှင် တရားအရသာကို မိမိက မခံစားရဟု ဆိုလိုပေသည်။ ထိုဩဝါဒကို ပြည်ခရိုင်၊ ပေါက်ခေါင်း မြို့နယ်မှ ဓမ္မကထိကဦးနန္ဒိယ တစ်ခါမှ တွေ့ဖူးဟန်မတူ။

ထို့ကြောင့်လည်း ဒါနကောင်းကျိုးများကို ဝေဝေဆာဆာဟောပြီး သူကသာ အလှူခံသည်။ သူတစ်ပါးကို တစ်ခါမှ မလှူဖူး၊ ဝတ္ထုငွေကြေး သည် သူ့ထံသို့ အဝင်သာရှိသည်။ အထွက်မရှိ။ ထို့ကြောင့်ပင်ထင်သည် အင်္ဂလန်မှ ဗုဒ္ဓဘာသာအမွှားကြီးတစ်ယောက်သည် ကထိန်ပွဲတစ်ခုသို့ တက် ရောက်လာပြီး ဆရာတော် ဦးဉာဏိဿရနှင့်တွေ့သည်။

ထိုစဉ်က ဆရာတော် ဦးဉာဏိဿရသည် အင်္ဂလန်မှာဝါဆိုကြသော သံဃာတော်များကို ကထိန်သင်္ကန်းကို ကိုယ်တိုင်လှူဒါန်းခြင်းဖြစ်သည်။ ဒကာမပေါ်လျှင် ကထိန်သင်္ကန်းကို သီတင်းသုံးဖော်ချင်း ပြန်လှူ၍ရသည်။ ဦးဉာဏိဿရကိုတွေ့သည်နှင့် ထိုအမွှားကြီးက -

"ဆရာတော် ဒီကထိန်ဒကာက ဘယ်သူလဲ"

"ဘုန်းကြီးကိုယ်တိုင်ပါပဲ"

"အံ့ဩစရာပါလား ဆရာတော်။ ရဟန်းတွေဟာ ဒါနပြုရင် နောက် ဘဝချမ်းသာတယ်၊ နတ်ပြည်ရောက်တယ်လို့ မကြာခဏဟောကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ တပည့်တော်မက စဉ်းစားတယ်၊ ဒါနပြုသူသာ နတ်ပြည်ရောက်မယ် ဆိုရင် ဒကာ ဒကာမတွေချည်းရောက်မှာဘဲ၊ ရဟန်းတွေ တစ်ပါးမှရောက်မှာ မဟုတ်ဘူးလို့၊ ဘာဖြစ်လို့လဲဆိုတော့ ရဟန်းတွေက သူတစ်ပါးထံကသာ အလှူခံတာ၊ သူတို့က တစ်ခါမှလှူတာမတွေ့ရလို့ပါဘုရား" ဟု လျှောက် ထားဖူးလေသည်။

ယခုလည်း ဦးနန္ဒိယမှာ သူတစ်ပါးသန္တာန်တွင် လောဘစိတ်များ နည်းရန်၊ ကုန်ရန် ဟောပေးနေသော်လည်း သူ့သန္တာန်တွင်ကား လောဘသည် များသထက်များလာ၊ ပွားသထက်ပွားလာ၏။ အလှူရှင်များ ရေစက်ချကြ သည့်အခါ ရေစက်ခွက်ထဲတွင် ပိုက်ဆံအကြွေစေ့များ ထည့်တတ်ကြသည်။ ရေစက်ချပြီးလျှင် ဓမ္မကထိကကိုသာ နဝကမ္မအဖြစ် လှူလေ့ရှိသည်။

နဝကမ္မဆိုသည်မှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး အမှုသစ်အတွက်ဟု ဆိုလိုပေသည်။ ထိုအကြွေစေ့များကို စုထားရာ နှစ်ပေါင်း အတော်ကြာသောအခါ သောက်ရေအိုးတစ်လုံးစာခန့်ပင် ရှိလာသည်။ ငွေအကြွေစေ့များ အိုးထဲမှာ တဖြည်းဖြည်းများလာသလို ဦးနန္ဒိယသန္တာန် တွင်လည်း ထိုငွေအကြွေစေ့များအပေါ် တပ်မက်စွဲလမ်းသည့် လောဘစိတ် ကလည်း တဖြည်းဖြည်း များလာခဲ့သည်။

ထို့ကြောင့် ညည ကောင်းကောင်းအိပ်မပျော်တော့၊ ငွေအကြွေအိုး ကြီးကို မကြာခဏစိတ်မချသဖြင့် ထထကြည့်နေရသည်။ တစ်ညတွင်ကား သူခိုးဓားပြရန်က စိတ်ချရအောင်ဆိုပြီး ထိုငွေအကြွေအိုးကြီးကို ကျောင်း လှေကားခြေရင်းတွင် ဘယ်သူမှမသိအောင် တွင်းတူးမြှုပ်ထားလိုက်သည်။

လောကမှာရှိသည့် သူခိုးဓားပြက ဒီတစ်ဘဝသာ ဒုက္ခပေးနိုင်မည် ဖြစ်၏။ လောဘဟူသော သူခိုးဓားပြသည်ကား ဘဝအဆက်ဆက် ပြိတ္တာ ဘဝရောက်အောင်ဆွဲချပြီး ဒုက္ခပေးမည်ဖြစ်၏။ တစ်နေ့တွင်ကား ပုထုဇဉ်

www.burmeseclassic.com

www.burmeseclassic.com



တို့၏ဓမ္မတာအတိုင်း ဦးနန္ဒိယသည် လေနာရောဂါဖြင့် ရုတ်တရက်ပျံလွန်တော်မူသွားလေသည်။

ပျံတော်မူချိန်က သက်တော် ၄၀ ကျော်ကာစရှိသေးသည်။ အသက် ၄၀ မှဘဝစသည်ဟု ပြောဆိုသူများ သတိထားစရာပင်ဖြစ်၏။ ပျံတော်မူသောအခါ သူကြောက်သော သူခိုးဓားပြများက သူ့ကို ဘာမှဒုက္ခမပေးခဲ့။ သူမကြောက်သော လောဘက ငွေအိုးရှိရာ ကျောင်းဝိုင်းထဲ၌ပင် ပြိတ္တာဘဝရောက်အောင် ဆွဲချလိုက်သည်။

ထို့ကြောင့်ထင်ပါသည်။ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးက ဟောစဉ်တရားတော် ပထမတွဲ ၂၂၁ ၌

## ဒကာကအထက် ဆရာကအောက်

ဘုရားလက်ထက်တုန်းက ကပိလဝတ်ပြည်က ဂေါပိကာဆိုတဲ့ သာကီဝင်အမျိုးသမီးကလေးသေသွားတော့ သိကြားမင်းကြီးရဲ့သား အလွန်တန်ခိုးကြီးတဲ့ ဂေါပကနတ်သား သွားဖြစ်တယ်။

သူ့အိမ်မှာဆွမ်းခံနေတဲ့ကိုယ်တော်ကြီးသုံးပါးက ကဟဲ့ ဆိုဟဲ့ဆိုတဲ့ ဂန္ဓဗ္ဗနတ်ကချေသည်တွေ သွားဖြစ်တယ်။ ဒါသက္ကပဥှသုတ်မှာ ဒီဟောမဝတသုတ်က ဝိနည်းမိုရ်ကိုယ်တော်ကြီးနှစ်ပါးလည်း ဒီအတိုင်း ဖြစ်ကြတယ်။

သူတို့ရဲ့ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမတွေက အထက်အထက် နတ်ပြည်မှာ သူတို့ကတော့ နတ်ဘီလူးကြီးတွေ။ ဒါကြောင့် ဝတ်ချက်မင်းကျောင်းဆရာတော်ကြီးက အလျှူတစ်ခုမှာဟောတယ်။

"အခု မင်းတို့က အောက်ကနေပြီးတော့ စေတနာသုံးတန်ထက်သန်စွာနဲ့ ဟောဒီသင်္ကန်းတွေ၊ ထီးတွေ၊ ဖိနပ်တွေ၊ နိဗ္ဗာန်လက်ဆောင်တွေကွ။ မင်းတို့က ဝမ်းပန်းတသာ လှူလိုက်တော့ အခုမင်းတို့က အောက်မှာထိုင်ရပေမယ့်လို့ နောက်ဘဝကျရင် အထက်အထက်ဖြစ်တဲ့ တာဝတိံသာ၊ ယာမာ

www.burmeseclassic.com

www.burmeseclassic.com



အရပ်မှာသေချာတယ်။ အေး အခု သံဃာစင်ပေါ်မှာ အမြင့်ကနေကြတဲ့ တို့တစ်တွေကတော့ မင်းတို့လှူလိုက်တဲ့ ပစ္စည်းလေးပါးကိုစွဲရင် အခုအပေါ် ကနေပေမယ့်လို့ အင်း စွဲလမ်းတပ်မက်လို့ရှိရင်တော့ အောက်ရောက်ဖို့ သေချာတယ်။

ဝက်ချက်မင်းကျောင်းဆရာတော်ကြီးက ဒီလိုဟောတာ၊ သံဃာစင် ပေါ်က ပုဂ္ဂိုလ်က အောက်ရောက်လို့မကျွတ်ဘူးဆိုရင် ကမ္ဗဝါဖတ်လို့လည်း မရဘူး၊ ပရိတ်ဆိုလည်း သူကအရင်ရွတ်တယ်၊ ကြားဖူးကြမှာပေါ့ ဘယ်မှာ ဘယ်မှာဆိုတာ။

ဟူ၍ ရဟန်းသံဃာများအတွက် သတိပေးတရား ထည့်သွင်းဟော ကြားတော်မူခဲ့ခြင်းဖြစ်ပေသည်။

မင်းကွန်းဆရာတော်ကြီး သတိပေးတော်မူသည့်အတိုင်းပင်။ ဦးနန္ဒိယ သည် ပရိတ်ရွတ်လည်းမထွက်၊ ကမ္ဗဝါရွတ်လည်း မသွားနှင့်ဖြစ်နေရာ ကျောင်းထိုင်ဘုန်းကြီးလေးပါးလောက် ပြောင်းပြေးကြသည်။ အမှန်မှာ ဦးနန္ဒိယက ခြောက်လှန့်ခြင်းမဟုတ်။ သူ့ငွေအိုးကိုဖော် ကုသိုလ်ပြုပြီး သူ့ ကိုအမျှပေးရန် အကူအညီတောင်းခြင်းသာဖြစ်သည်။

ကျောင်းထိုင်ဘုန်းကြီးအသစ်များက အကြောက်ကြီးပြီး လန့်ပြေး ကြခြင်းဖြစ်၏။ နှစ်အတော်ကြာမှ မကြောက်တတ်သောဒကာတစ်ယောက် ရောက်လာပြီး ထိုကျောင်းပေါ်တက်အိပ်သည်။ ဦးနန္ဒိယကလည်း ထုံးစံ အတိုင်း အကူအညီတောင်းရန် ဒကာခြေထောက်ကို သွားဆွဲပြီးနှိုးသည်။ သတ္တိရော၊ သတိပါပြည့်စုံသောဒကာဖြစ်သောကြောင့် ဦးနန္ဒိယကို အတင်း ခုန်အုပ်ပြီး နပမ်းလုံးကာ ဦးနန္ဒိယခေါင်းပေါ်မှ ဦးထုပ်လေးကို ရသွားခဲ့ သည်။

ထိုအခါ ဦးနန္ဒိယသည် မလှုပ်မယှက်နိုင်ဖြစ်သွားသည်ဟုဆိုသည်။ ထိုအချိန်ကျမှ သတ္တိရှင်ဒကာကို ဦးနန္ဒိယက သူ့အဖြစ်ကိုပြောပြပြီး အကူ အညီတောင်းသည်။ ဒကာကလည်း ဦးနန္ဒိယဆန္ဒအတိုင်း ငွေအိုးကိုဖော်ကာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကိုသူယူ၍ ကျန်တစ်ဝက်ကို ဒါနပြုပြီး အမျှပေးသောအခါကျမှ ဦးနန္ဒိယသည် ပြိတ္တာဘဝမှ လွတ်သွားခဲ့လေသည်။

ထို့ကြောင့် လောဘသည် မည်သည့်သတ္တဝါ၏သန္တာန်မှာဖြစ်ဖြစ် လိုချင်ခြင်းသဘောတရားက ဘယ်သောအခါမှ ဖောက်ပြန်မသွားသကဲ့သို့ သူ့ကိုလက်ခံထားသူမှန်သမျှကိုလဲ ပြိတ္တာဘုံသို့ဆွဲချခြင်းသဘောမှ ဘယ်သောအခါမှ ဖောက်ပြန်လိမ့်မည်မဟုတ်ဟု ဆိုခဲ့ရခြင်းဖြစ်သည်။ လောဘကို သားအရင်းလို သဘောထားကြကြောင်း ရှေ့၌ တင်ပြခဲ့၏။

ယခုလောဘကို ပစားပေးပုံ၊ လောဘဖက်မှ ရှေ့နေလိုက်ပုံများကို သာဓကယုတ္တိဖြင့် တင်ပြဦးမည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်စဉ်အခါကပင်ဖြစ်၏။ ဒကာတစ်ယောက်သည် အိမ်ထောင်ရေးကိစ္စ အဆင်မပြေသဖြင့် စိတ်ဆင်းရဲကာ ဇေတဝန်ကျောင်းသို့ ရောက်သွားသည်။

## သောကဖြစ်ခြင်းအကြောင်းရင်း

ဒကာ၏ ဒုက္ခကို ကယ်တင်လိုသောဗုဒ္ဓက-

တဏှာယ ဇာယတေသောကော၊

တဏှာယဇာယတေ ဘယံ။

တဏှာယ ဝိပ္ပမုတ္တဿ၊

နတ္ထိသောကောကုတောဘယံ။

ဒကာ၊ ချစ်ခင်စွဲလမ်းမှုတဏှာကြောင့်သာ စိုးရိမ်ပူဆွေးငိုကြွေးရတဲ့ သောကဆိုတာဖြစ်တာ၊ ဘေးဆိုတာဖြစ်တာ၊ စွဲလမ်းခြင်းတဏှာမှ ကင်းလွတ်သူအား သောကရော၊ ဘေးရော မရှိတော့ဘူးဟု ဟောကြားပေးလိုက်သည်။ ကာကား ဘုရားရှေ့မို့သာ အားနာ၍ နာလိုက်ရသည် ထိုတရားကို လုံးလုံး သဘောမကျ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တရားနာပြီး မြို့ထဲထွက်လာသည်နှင့် ဗုဒ္ဓဝါဒကို ဝေဖန်ကာ လူပြိန်းကြိုက် သူ့ဝါဒကိုတင်ပြ၏။ ချစ်ခင်စွဲလမ်းမှုရှိလျှင် သောကတို့၊ ဘေးတို့ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားသည်မှာ မဖြစ်နိုင်။ လူ့ဘဝသည် ချစ်ခင်စွဲလမ်းမှု လောဘရှိမှသာလျှင် ပျော်မွေ့ဖွယ်ကောင်း၏။ နေချင်ဖွယ်ကောင်း၏။

ချစ်ခင်စွဲလမ်းမှုကြောင့် စိတ်ချမ်းသာစရာများသာရှိ၏ဟု ပြောကြားရာ တရားမရှိသူများက ထိုသူ၏ဝါဒကို သဘောကျကြ၏။ တရားရှိသူ အတွေးအခေါ်ရှိသူများကား ဗုဒ္ဓဝါဒကို သဘောကျ၏။ ထိုဝါဒနှစ်ခုသည် သာဝတ္ထိမြို့ထဲတွင် အတော်ပျံ့နှံ့သွားရာ နောက်ဆုံး သာဝတ္ထိမြို့ရှိ နန်းတော်ထဲထိ ရောက်သွားသည်။

အသိဉာဏ်နည်းသော ကောသလမင်းကား ဒကာ၏ အယူအဆကို ကြိုက်၏။ သူကြိုက်သလို အတွေးအခေါ်ရှိသော မလ္လိကာလဲလိုက်ကြိုက်မည်ထင်သဖြင့် သူ့ဘက်က ပါ၊ မပါ မေးကြည့်၏။

``မလ္လိကာမြို့ထဲမှာ အယူဝါဒနှစ်ခု ပေါ်နေတယ်။ ချစ်ခင်စွဲလမ်းမှုရှိရင် သောကတို့ဘေးတို့ဖြစ်တယ်ဆိုတဲ့ ဗုဒ္ဓရဲ့ဝါဒနဲ့ ချစ်ခင်စွဲလမ်းမှုရှိမှ စိတ်ချမ်းသာတယ်။ ဘဝဟာနေပျော်စရာကောင်းတယ်ဆိုတဲ့ အမျိုးသားတစ်ယောက်ရဲ့ ဝါဒ ပဲ။''

``ငါကိုယ်တော်မြတ်ကတော့ ချစ်ခင်စွဲလမ်းမှုလေးရှိနေမှ လောကဟာ နေပျော်တယ်။ စိတ်ချမ်းသာစရာကောင်းတယ်ဆိုတဲ့ဝါဒကိုပဲကြိုက်တယ်။ သင်မိဖုရားရော ဘာကိုကြိုက်သလဲ''

ထိုအခါ အတွေးအခေါ်ရှိသော မလ္လိကာက

``မင်းကြီးလေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ သိမြင်လာတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဟောထားတဲ့တရားဆိုတာ ဘယ်တော့မှ မှားယွင်းသွားတယ်ဆိုတာ မရှိပါဘူး။ ဘုရားကျွန်တော်မျိုးမကတော့ ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



ဝါဒကိုပဲ နှစ်သက်ပါတယ်''ဟု လျှောက်၏။ မယားက သူ့ဘက်မပါသော အခါ ကောသလမင်းကြီးသည် မျက်နှာညိုကာ စက်ခန်းဆောင်ထဲ ဝင်သွား လေတော့သည်။ ဘုရင်အလိုမကျသည်ကို သိသွားသော မလ္လိကာက မင်းချင်း တစ်ယောက်ကိုခေါ်ကာ တဏှာယဇာယတေသောကော စသော ဒေသနာ၏ အကျယ်ကို လျှောက်ထားမေးမြန်းနာယူရန် လွှတ်လိုက်၏။

မလ္လိကာသည် ဒေသနာကို အကျယ်ပြန်နာပြီးသောအခါကျမှ တစ်ည မင်းကြီးစိတ်ကြည်သာနေသောအချိန်တွင်

''မင်းကြီး ချစ်ခင်စွဲလမ်းမှုကြောင့် စိတ်ဆင်းရဲမှုဖြစ်သလား၊ စိတ်ချမ်းသာမှု ဖြစ်သလားဆိုတာ သိရအောင် သင်မင်းကြီးကို မေးကြည့် ချင်ပါတယ်။ သင်မင်းကြီးစိတ်ထဲမှာဖြစ်တဲ့အတိုင်းသာဖြေပါ။ သင်မင်းကြီး ဟာ ကျွန်တော်မျိုးမကို ချစ်ခင်ပါသလား''

''ချစ်ခင်လို့ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ထားတာပေါ့''

''အရှင်မင်းကြီး ချစ်ခင်တဲ့ ကျွန်တော်မျိုးမဟာ ရုတ်တရက် သေ သွားမယ်ဆိုယင် မင်းကြီး စိတ်ချမ်းသာမလား၊ စိတ်ဆင်းရဲမလား''

''အို ... ဘယ်မှာလာပြီး စိတ်ချမ်းသာပါ့မလဲ။ မအိပ်နိုင် မစား နိုင်ဖြစ်လောက်အောင် စိတ်ဆင်းရဲမှာ အမှန်ပါ''

''အို ... မင်းကြီး စဉ်းစား၍ဖြေပါလော။ အရှင် မင်းကြီးယူဆ ထားသည်က ချစ်ခင်စွဲလမ်းမှုကြောင့် စိတ်ချမ်းသာသည်၊ နေပျော်သည်ဟု ထင်သည်မဟုတ်ပါလား။ ယခု သင်မင်းကြီးထင်သလို မဟုတ်တော့ဘဲ စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှုကိုသာ တွေ့ရသည် မဟုတ်လော''

ကောသလမင်းကြီး ချစ်ခင်စွဲလမ်းသော သားများ၊ သမီးများ၊ မှန်းတော်ကြီးများကို ရှေးနည်းအတိုင်းမေးရာ မင်းကြီးသည် နောက်ဆုံးတွင် များလည်သဘောပေါက်လက်ခံသွားလေသည်။ ချစ်ခင်စွဲလမ်းမှုကြောင့် စိတ်ဆင်းရဲမှုဖြစ်ရပုံကို သဘာဝယုတ္တိအားဖြင့် ပြပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအိမ်ရှေ့မှ အသုဘတစ်ခု ဖြတ်ချသွားမည်။ သေသူသည် မိမိနှင့် မသိသူဆိုလျှင် စိတ်ထဲတွင် ဘာသောကမှမဖြစ်။ အဘယ့်ကြောင့် သောက မဖြစ်သနည်း။ သေသူအပေါ်တွင် ချစ်ခင်စွဲလမ်းမှုမရှိသောကြောင့်ပါတည်း။ တစ်ဖန်သေသူသည် မိမိဆွေမျိုးသားချင်း မိတ်ဆွေတစ်ယောက်ယောက် ဖြစ်မည်ဆိုလျှင် သောကပရိဒေဝဖြစ်ရပြီ။

အဘယ်ကြောင့်ဖြစ်ရသနည်း။ သေသူအပေါ် ချစ်ခင်စွဲလမ်းမှု ရှိနေသောကြောင့်ပါတည်း။ ထို့ကြောင့် ချစ်ခင်စွဲလမ်းမှုရှိသူအား စိတ်ဆင်းရဲမှုသာ ဖြစ်ရသည်။ စိတ်ချမ်းသာမှုကားမဖြစ်နိုင်ပေ။ ထိုလောဘ၏ နယ်ပယ်ကား ကျယ်ဝန်းလှ၏။ အနာဂါမ်ပုဂ္ဂိုလ်ထိ ဗြဟ္မာဘဝကိုလိုချင်သော လောဘ (ဘဝရာဂါနုသယ)ရှိသေး၏။

လေးမက်လေးဖိုလ်ရပြီး ရဟန္တာဖြစ်မှပင် ထိုလောဘ အမြစ်ပြတ် ပယ်ပျောက်သည်။ လေးမက်လေးဖိုလ်မရခင်စပ်ကြားမှာလဲ လောဘခေတ် ဆိုးကြီး ခေါင်းထောင် ထမလာနိုင်ရန် ဒါနပြုခြင်း၊ ဓုတင်ဆောက်တည် ခြင်းတို့ဖြင့် နှိမ်ထားရန် ဗုဒ္ဓက နည်းလမ်းပေးခဲ့သည်။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက ဓုတင် ၁၃ ပါးတွင် တစ်ပါးပါးကို စွမ်းနိုင်သမျှ ဆောက်တည်သင့်သည်။ ယခုဘဝ မဂ်ဖိုလ် ရကြသူများသည် အရင်ဘဝက ဓုတင်ဆောက်တည်ဘူးသူများသာ ဖြစ်ကြ သည်ဟု ဓုတင်ကို အမွှန်းတင်ခဲ့ခြင်းဖြစ်သည်။

ဓုတင်ဆိုသည်မှာ ကိလေသာကို ခါထွက်ခြင်း၊ ခါထုတ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ကိလေသာဆယ်ပါးတွင်လည်း လောဘကိလေသာကို အများဆုံးခါထွက်သည်။

ပုံစံအားဖြင့် ထမင်းတစ်ခွက်၊ ဟင်းလေးခွက် စုစုပေါင်း ခွက်ငါးခွက် စားနေကြလူသည် ပတ္တပိဏ်ဓုတင်ဆောင်ကာ တစ်ခွက်တည်းပေါင်းပြီး စားလိုက်သောအခါ လောဘငါးမျိုးရှိရမည့်နေရာတွင် လေးမျိုးပြတ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်မျိုးသာကျန်တော့သည်။ ပဋ္ဌာပိုက်မှတင်က ကျန်လောဘမျိုးကို ခါထွက်ပစ်လိုက်ခြင်းပင်ဖြစ်၏။

ဒါနတရားဖြင့် လောဘကိုပယ်သတ်ရန် ကြိုးစားတော့မည်ဆိုလျှင် လောဘ၏အဆင့်သုံးဆင့်ဖြင့် တည်နေပုံကို ဦးစွာသိရမည်။

## လောဘ၏အဆင့်သုံးဆင့်

လောဘ၏ နံပါတ်တစ် အစွဲလမ်းအတပ်မက်ဆုံးအရာကား အသက် ဝိညာဉ်ဖြစ်၏ နံပါတ်နှစ် အစွဲအလမ်းတပ်မက်ဆုံးအရာကား ခန္ဓာကိုယ် အသွေးအသားဖြစ်၏။ နံပါတ်သုံး အစွဲအလမ်းအတပ်မက်ဆုံးအရာကား ပစ္စည်းဥစ္စာ ငွေကြေးဖြစ်၏။ ထင်ရှားအောင် သဘာဝယှဉ္တိဆောင်၍ပြအံ့။

သူဌေးတစ်ယောက်သည် သူပိုင်ဥစ္စာရွှေငွေများကို ဘာမှမသက်ဆိုင် သူ တစ်စိမ်းတစ်ယောက်အား အလကားပေးပစ်ဖို့ဆိုသည်မှာ အလွန်မဖြစ် နိုင်သောအရာပင်ဖြစ်၏။ အဘယ့်ကြောင့်နည်း၊ ဥစ္စာရွှေငွေအပေါ်တွင် စွဲလမ်း တပ်မက်သော လောဘရှိနေသောကြောင့်ပင်တည်း။

သို့သော် ထိုဥစ္စာရွှေငွေကို အကုန်ပေးပစ်နိုင်သောအခါ ရှိတတ်၏။ ထိုအခါကား လောဘ လောဘချင်းတိုက်ခိုက်သောအခါဖြစ်၏။ ထိုသူဌေး၏ ခြေထောက်တွင် အကုသရခက်သောအနာတစ်ခုပေါက်၏။ ထိုအနာသည် ရှိသမျှ ဥစ္စာရွှေငွေကုန်သည်အထိကုသမှ အမြစ်ပြတ်ပျောက်ကင်းမည်။

ထိုသို့မကုသလျှင် ခြေထောက်ကိုဖြတ်ပစ်ရမည်ဟု ဆရာဝန်ကပြော လိုက်ပါက သူဌေးသည် ခြေထောက်တော့အဖြတ်မခံနိုင်၊ ရှိသမျှဥစ္စာရွှေငွေ များကို ဆရာဝန်အားပေးပြီး ကုသစေမည်မှာ အမှန်ပင်ဖြစ်၏။ အဘယ့် ကြောင့်နည်း၊ ဥစ္စာရွှေငွေအပေါ်၌ စွဲလမ်းတပ်မက်သောလောဘထက် ကိုယ် ခန္ဓာအသွေးအသား၌ စွဲလမ်းတပ်မက်သောလောဘက ပို၍ကြီးမားပြင်းထန် သောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ယောက်၏ ခန္ဓာကိုယ်အသွေးအသားအပေါ် စွဲလမ်းတပ်မက်သောလောဘကား မည်မျှထိကြီးမားသနည်းဆိုလျှင် မိမိသေသောအခါတွင်မှ လှူရသောမျက်ကြည်လွှာအလှူကိုပင် ရက်ရက်ရောရောမလှူနိုင်ကြ။ ၁၉၉၂ ခုနှစ်က စာရေးသူသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် မျက်ကြည်လွှာ သွားလှူသည်။

စာရေးသူ၏အလှူရှင်နံပါတ်မှာ ခုနစ်ထောင်သာသာ ( ) လေးသာရှိသည်။ ရန်ကုန်တိုင်းတွင် လူဦးရေငါးသန်းကျော်ရှိ၏။ ထိုငါးသန်းကျော်တွင် ခန္ဓာအသွေးအသားနှင့်ပတ်သက်သော မျက်ကြည်လွှာအလှူရှင်မှာ တစ်သောင်းပင်မရှိပေ။

**မှတ်ချက်** ။ ယခုအခါတွင် မျက်ကြည်လွှာကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ၌သာ လှူဒါန်းရသည်။ မိမိသေသောအခါတွင်မှ ဆရာဝန်များရောက်လာပြီး မျက်ကြည်လွှာကို ပြန်သုံးလို့ရ၊ မရ စမ်းသပ်စစ်ဆေးသည်။ ရသည်ဆိုသောအခါတွင်မှ အပေါ်ယံအကြည်လွှာလေးကို စနစ်တကျပြုတ်၍ယူရခြင်းဖြစ်သည်။ မျက်လုံးတစ်လုံးလုံးကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ယူခြင်းမဟုတ်ပေ။

တစ်ဖန် ခြေထောက်ကိုပြုတ်ပစ်ရသောအခါ ရှိပြန်၏။ ထိုအခါကား ဆရာဝန်က ခင်ဗျားခြေထောက်တစ်ဖက်ဖြတ်ပစ်မှ အသက်ရှင်မယ်ဟုပြောဆိုသောအခါပါတည်း။ အဘယ့်ကြောင့် ခြေထောက်ကိုအပြတ်ခံနိုင်သနည်း။ ခန္ဓာကိုယ်အသွေးအသားမှာပါသော ခြေထောက်ကို စွဲလမ်းတပ်မက်သောလောဘထက် အသက်ဝိညာဉ်ကို စွဲလမ်းတပ်မက်သော လောဘကအားကြီးပြင်းထန်သောကြောင့်ပေတည်း။

ထိုလောဘနှင့်တကွသော ကိလေသာဆယ်ပါးကို ဗုဒ္ဓက မာတိကာတွင် **သံကိလိဋ္ဌသံကိလေသိကာ** = ပူပန်စေတတ်၊ နှိပ်စက်တတ်သောတရားများဟု နာမည်ပေးပြီး ဟောကြားတော်မူခဲ့၏။ အစွဲအလမ်းလောဘသည်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလက်ခံထားသူအား တကယ်လည်း ပွပန်စေတတ်ပါသည်။ တကယ်လည်း နှိပ်စက်တတ်ပါသည်။ မည်မျှအထိ ပွပန်စေသလဲ။ မည်မျှအထိ နှိပ်စက်စေလဲဟုမေးခဲ့လျှင် အသက်သေသည်အထိ ပွပန်စေပါသည်။ အသက်သေသည်အထိ နှိပ်စက်ပါသည်။

ဂုတ်ကျားအမည်ရှိ ခွေးလေးတစ်ကောင်ကို တွေ့ဖူး၏။ သူသည် မြန်မာခွေးဖြစ်၍ သေးရသည့်အထဲ အစာရွေးသဖြင့် ပိန်လှီလှသည်။ ခွေးတို့ရာသီ တော်သလင်းလရောက်သောအခါ သူသည် ခွေးမများနောက် တကောက်ကောက်လိုက်၏။ သူ့ပတ်ဝန်းကျင်ရှိခွေးထီးကြီးများမှာ သူ့ထက်ထွားကြိုင်းသန်မာကြသည်ချည်းဖြစ်၏။

ထို့ကြောင့် ထစ်ကနဲရှိကိုက်ကြလျှင် ဂုတ်ကျားတစ်ကောင်ကား အခံဘက်ကချည်းဖြစ်၏။ တစ်နေကုန်လည်၍ ကျောင်းပြန်ရောက်လာလျှင် သူ့ကိုယ်တွင် ခွေးကိုက်ရာ ဒဏ်ရာဒဏ်ချက်များပြည့်နေ၏။ စာရေးသူတို့က သေမှာစိုး၍ ဆေးထည့်ပေးပြီး အပြင်မထွက်အောင် ကြိုးချည်ထားလျှင် တစ်နေကုန်နားမခံသာအောင် အော်ဟစ်၏။

နောက်ဆုံး ကြိုးကိုပါကိုက်ဖြတ်ပြီး ခွေးမများနောက်လိုက်ပြန်၏။ ခွေးထီးကြီးများကလည်း မနှင့်ပတ်သက်လာလျှင် နည်းနည်းမှအလျှော့မပေး၊ ဂုတ်ကျားကို သေလုမျောပါးဖြစ်အောင် ကိုက်ကြ၏။ ဂုတ်ကျားက အကိုက်ခံလျှက် ခွေးမများနောက် လိုက်မြဲလိုက်၏။

နှစ်ပတ်လောက်အကြာတွင်ကား ဂုတ်ကျားသည် ခွေးမများနောက် မလိုက်တော့ဘဲနေ၏။ အခြားကြောင့်မဟုတ်၊ အစာငတ်သောဒဏ်၊ အကိုက်ခံရသောဒဏ်တို့ကြောင့် ဂုတ်ကျားတစ်ကောင် သေဆုံးသွားသောကြောင့်ပါတည်း။ ဤကား လောဘက ဂုတ်ကျားကိုသေအောင်နှိပ်စက်လိုက်ခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မသင်းရသေးသော နွားသိုးများဆိုလျှင် နွားမတွေ့လျှင် နောက်မှ ထပ်ကြပ်မကွာလိုက်၏။ နွားမမှလွဲပြီး ဘယ်ကိုမှမကြည့်တော့။ ဘာကိုမှ လည်း မမြင်တော့။ တစ်ချို့နွားသိုးများဆိုလျှင် စည်းရိုးခတ်ထားသော ကြခတ်ဝါးအတက်များနှင့် မျက်စိတစ်ဖက်ထိုးချိတ်မိပြီး မျက်စိအလုံးလိုက် ပြုတ်ကျန်ခဲ့၏။

မျက်လုံးတစ်ဖက်ဟောက်ပက်ဖြစ်ပြီး သွေးများပန်းထွက်လာသော် လည်း နွားသိုးကား တစ်ချက်မတွန့်၊ နွားမနောက်သို့လိုက်မြဲလိုက်နေ၏။ ဤသည်လည်း လောဘကသေလုမျောပါးနိပ်စက်ခြင်းပင်ဖြစ်၏။ ဒါတွေက တိရစ္ဆာန်တွေမို့ပါ လူဆိုလျှင် ဒီလောက်ဖြစ်မည်မထင်ဟု စောဒကဝင်ချင် သူများအတွက် သာဓကနှစ်ခု ထပ်ပြပါမည်။

ဗုဒ္ဓလက်ထက်တော်က ဘိက္ခုနီမများ ဥပုသ်ပြုပြီး၍ သိမ်မှတစ်စု တစ်ဝေးကြီး ထွက်လာကြသည်။ သိမ်ပရိဂုဏ်အဝင်ဝ၌ ချောမောလှပပြီး လက်ရာမြောက်လှသော ယောကျ်ားပျိုရုပ်တုတစ်ခုကို ထုလုပ်ထား၏။ ဘိက္ခုနီမတစ်ယောက်သည် ထိုရုပ်တုကို စူးစိုက်ကြည့်ရင်း အလွန်နှစ်သက် သွားဟန်တူ၏။ အနားမှမခွာတော့၊ နေပူထဲရပ်ကျန်နေခဲ့သည်။

တခြားဘိက္ခုနီမများက သူ့ကိုကျော်ပြီးထွက်သွားကြသည်။ ဘိက္ခုနီမ အားလုံး ရှေ့ကိုရောက်သွားကြပြီ။ ထိုဘိက္ခုနီမကား သူ့မျက်လုံးကို ရုပ်တု မှမခွာနိုင်ဖြစ်နေ၏။ ထိုအချိန်မှာပင် ရှေ့တော်တော်လွန်သွားပြီဖြစ်သော သူ့မိတ်ဆွေ ဘိက္ခုနီမတစ်ပါးက တစ်ပါးတည်းကျန်နေခဲ့မည်စိုးသဖြင့် နောက်ပြန်လာပြီး ထိုဘိက္ခုနီမ၏လက်ကို ဆွဲခေါ်လေ၏။

ထိုအခါကျမှ ရုပ်တုကိုကြည့်နေသော ဘိက္ခုနီမ၏ခန္ဓာကိုယ်သည် မြေပြင်သို့ ဝုန်းကနဲ ပြုတ်ကျသွားတော့သည်။ သူမကား ရုပ်တုကိုကြည့်ရင်း ဖြင့် ပေါ်လာသော လောဘစိတ်၏သတ်ဖြတ်ခြင်းကို ခံလိုက်ရလေပြီ။ ဆရာဝန်တင်ရွှေရေးသားသော သိပ္ပံနယ်လွန်ဖြစ်ရပ်ဆန်းများစာအုပ်တွင်

www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းသားတစ်ယောက်သည် သူ၏ကုတင်ပေါ်မှာပင် သူ့ခန္ဓာကိုယ်မှ မီးများ ထွက်လာပြီး လောင်ကျွမ်းသေဆုံးသွားပုံ ဓာတ်ပုံတစ်ပုံကို ရှာဖွေဖော်ပြထားသည်။

ထိုမီးသည် ထိုသူ၏ခန္ဓာကိုယ်တစ်ခုကိုသာ လောင်သည်။ ဘေးက ပစ္စည်းပစ္စယတစ်ခုကိုမှမလောင်ပေ။ ယိုးဒယားနိုင်ငံ ပါတီပွဲတစ်ခုတွင်လည်း စုံတွဲတစ်တွဲ တွဲကနေရင်းက အမျိုးသမီးဖြစ်သူ၏ ခန္ဓာကိုယ်မှာ မီးများထွက်လာပြီး တစ်ကိုယ်လုံးကို လောင်ကျွမ်းသွားလေသည်။ ထိုဖြစ်ရပ်ကား ကနေသူအားလုံး၏ရှေ့မှာဖြစ်၏။

ဘေးဘီကို လုံးဝမလောင်ပေ။ သူတို့၏သန္တာန်မှထွက်လာသော လောဘမီးမှတစ်ပါး တခြားမီးမဖြစ်နိုင်တော့ပေ။ ရထဝိနီတသုတ်၌ အဋ္ဌကထာဆရာ ဖွင့်ပြသောသီရိလက်ာမှ ဖြစ်ရပ်ဆန်းလေးသည်လည်း လောဘမီးသည် သူ့ကို လက်ခံထားသူမှန်သမျှကို သေအောင်လောင်ကျွမ်းနိုင်ကြောင်း ထောက်ခံချက်ပေးသကဲ့သို့ ဖြစ်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



# ဝါဝါနှင့်ယုဇန

ပုထုဇဉ်လောကၚွ ကိုယ်ကျိုးကိုယ်စီးပွားကို စွန့်ပြီးအများအကျိုး အတွက်လုပ်ပါသည်ဆိုသောသူများပင် ကုသိုလ်လောက်ကတော့ လိုချင် ပါသေးသည်။ ကုသိုလ်လိုချင်တာလောက်ကိုတော့ ဘယ်သူမှအပြစ်မတင်။ ကိုယ်ကျိုးကိုယ်စီးပွားစွန့်နိုင်တာကိုပင် ချီးကျူးလို့မဆုံးနိုင်ဖြစ်နေကြရသည်။

ရဟန္တာပုဂ္ဂိုလ်များကား ကိုယ်ကျိုးကိုယ်စီးပွားသာမက ကုသိုလ်တရား ကိုပါစွန့်ပြီး သာသနာအကျိုး အများအကျိုးကို ဆောင်ရွက်ကြခြင်းဖြစ်ရာ အဘယ်မျှချီးကျူးစရာကောင်းပါသနည်း။ ရဟန္တာများသည် နောက်ဘဝ မရှိတော့သည့်အတွက် ယခုဘဝသူတို့ပြုကြသော ကုသိုလ်များသည် ကောင်း ကျိုးမပေးနိုင်တော့ပေ။

သို့အတွက် ကုသိုလ်ဟူသော အမည်ကိုမရတော့ဘဲ ကြိယာဟူသော အမည်အဖြစ်သို့ပြောင်းသွားသည်။ မိမိတို့ပြုသော ကုသိုလ်သည်ကောင်းကျိုး မပေးတော့မှန်းသိသော်လည်း ရဟန္တာများက သူတစ်ပါးအကျိုး၊ သာသနာ အကျိုးနှင့်ဆိုင်သော ကုသိုလ်များကို ပြုလုပ်ကြသည်သာဖြစ်၏။

ပုထုဇဉ်လုပ်သော ကုသိုလ်သည်လည်း ရဟန္တာများကဲ့သို့ ကောင်းကျိုး မပေးတော့ဟုဆိုလျှင် ကုသိုလ်လုပ်သောသူမရှိသလောက်ပင် ရှားသွားပေလိမ့် မည်။ ဤကား ပုထုဇဉ်စိတ်ဓာတ်နှင့်ရဟန္တာတို့၏စိတ်ဓာတ် မိုးနှင့်မြေပမာ

www.burmeseclassic.com

www.burmeseclassic.com



ကွာခြားပုံပင်ဖြစ်၏။ ဗုဒ္ဓလက်ထက်တော်ကဆိုလျှင် ရဟန္တာဖြစ်တော်မူကြသော အရှင်သာရိပုတ္တရာနှင့် အရှင်ဥပါလိတို့သည် အဘိဓမ္မာနှင့်ဝိနည်းတို့ကိုစာသင်သားတို့အား ပို့ချသင်ကြားပေးတော်မူကြသည်။

(၇) နှစ်သားကတည်းက ရဟန္တာဖြစ်သွားသော အရှင်ဒဗ္ဗမထေရ်ဆိုလျှင် ဆွမ်းစားကျောင်းဝေယျာဝစ္စတာဝန်၊ ရဟန်းတို့အား အိပ်ယာနေရာစီမံပေးရသော ဝေယျာဝစ္စတာဝန်များကို ပရိနိဗ္ဗာန်စံသည်အထိ ပြုလုပ်တော်မူခဲ့သည်။

ရဟန္တာအဖြစ် သမုတ်ခံရသော ဝေဘူဆရာတော်ဘုရားကြီးဆိုလျှင် ကျောက်ဆည်မြို့ ဝေဘူတောင်သို့ တက်သောလမ်းကို မည်သူမျှမသိအောင် ကျောက်များထမ်းပြီး ကိုယ်တိုင်ပြုပြင်တော်မူသည်။

ဆရာတော်ကြီးသည် အဘယ်မျှကြာအောင် တောင်တက်လမ်းကို ပြုပြင်နေသည်မသိ။ ဆရာတော်ကြီး၏ပုခုံးများ ပွန်းပဲ့နီရဲလာသောအခါတွင်မှ အားလုံးကသိကြရသည်။ စစ်ကိုင်းဝတ်ချက်မင်းကျောင်း ဆရာတော်ဘုရားကြီးဆိုလျှင် ဧရာဝတီမြစ်ထဲ ရေချိုးရာမှပြန်လာလျှင် သံဃာတော်များဆောင်းတွင်းမီးလှုံရန် ထင်းများကို ရေထဲမှဆယ်ယူကာ တနင့်တပိုးကြီးထမ်းလာတတ်သည်။

ထင်းသယ်စရာမရှိလျှင် ကမ်းစပ်မှ သဲများကို ကေသီထဲထည့်ပြီး ထမ်းသွားတတ်သည်။ သံဃာတော်များ ခြေနင်း၍ကောင်းရန်အတွက် ကျောင်းတိုက်အတွင်း သဲခင်းပေးသည်။ လယ်တီဆရာတော်ဘုရားကြီးဆိုလျှင်လည်း ကျောင်းတိုက်ရှိသံဃာအပါးတစ်ရာခန့်အတွက် ချိုးရေ၊ သောက်ရေများကိုလည်းကောင်း မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက် ၂၀ ခန့်အတွက် သောက်ရေအိုး ၂၀ ကိုလည်းကောင်း နှစ်ပေါင်းနှစ်ဆယ်တိတိ တစ်ရက်မှ မပျက်အောင်လှူဒါန်းခဲ့ပါသည်။ သံဃာတော်များ နေထိုင်မကောင်းလျှင်လည်း ဆရာတော်ကိုယ်တိုင် ပြုစုသည်။ တစ်ခါကဆိုလျှင် ရဟန်းတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ကာလဝမ်းရောဂါဖြစ်သဖြင့် အိပ်ယာထဲတွင် မစင်များဖြင့် ပေကျံလူးလဲနေသည်။ ကူးမှာကြောက်သဖြင့် ဘယ်ကိုယ်တော်မှ လာမပြုစုပေ။

လယ်တီဆရာတော်ဘုရားကြီးက ထိုရဟန်းတော်ကို ကိုယ်တိုင်သွား၍ ဆေးကြောသုတ်သင်ပြုစုပေးသည်။ အခက်ဆုံးအရာကား မစင်များဖြင့် ပေကျံနေသော ဂိလာနရဟန်း၏ အိမ်ယာခင်းနှင့်သင်္ကန်းများကို လျှော်ဖွပ်ရသောအခါပါတည်း။

ပြုစုသူမရှိဘဲ ရက်ကြာသွားသဖြင့် ဂိလာနရဟန်း၏အိပ်ယာခင်းနှင့် သင်္ကန်းတို့တွင် မစင်အညစ်အကြေးများ အပုံလိုက်အထပ်လိုက်ဖြစ်အောင် များနေသည်။ ကာလဝမ်းရောဂါဖြစ်သဖြင့်လည်း အနံ့မှာ မခံနိုင်အောင် ဆိုးဝါးလွန်းလှသည်။ ထို့ကြောင့် အဝတ်တို့ကို လျှော်ရန် ကိုင်လိုက်သည်နှင့် လယ်တီဆရာတော်မှာ ရွံရှာလွန်းသဖြင့် ပျို့သွားရှာသည်။

သူတော်ကောင်းစိတ်ဓာတ်အပြည့်ရှိသော ဆရာတော်ဖြစ်ရကား ကဲ.. ဒီလောက်ရွံချင်တာ ရွံဦးကွာ၊ ရွံဦးကွာဆိုပြီး မစင်များကို လက်နှင့်ဆုပ်ကိုင်ကာ သူ့တစ်ကိုယ်လုံးကို သုတ်ပစ်လိုက်လေသည်။ ထိုအခါကျမှ ရွံရှာသောစိတ်များ ပျောက်သွားပြီး လျှော်ဖွပ်နိုင်တော့သည်ဟုဆိုသည်။

## မိမိကိုယ်ကို ခန္ဓာကိုအငှားနွားလို သဘောထား

သက်ကြီးဝါကြီးလည်းဖြစ်၊ နိုင်ငံတွင်းသာမက ကမ္ဘာကျော်နေသော ဆရာတော်ကြီးတစ်ပါး တပင်တပန်းခပ်လှူသောရေကို မသုံးရက်သဖြင့် မြို့ခံသံဃာများက ရေခပ်မလှူရန် တားမြစ်ကြရာ လယ်တီဆရာတော်ဘုရားကြီးက -

"အရှင်ဘုရားတို့ တပည့်တော်ကို သနားရင် တပည့်တော် ရေလှူတာကို အလှူခံကြစမ်းပါ။ တပည့်တော်ခန္ဓာဟာ ဘဝအဆက်ဆက်က သားကျွန်၊ မယားကျွန်သာ ခံခဲ့ရတာပါ။ ဒီတစ်ဘဝတော့ သာသနာ့ကျွန်ခံပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တပည့်တော်က တပည့်တော်ခန္ဓာကိုယ်ကို အငှားနွား လိုသဘောထားတယ်။ နွားမရှိတဲ့ လယ်သမားတွေဟာ သူတစ်ပါး ဆီက နွားကို အခကြေးငွေပေးပြီး ငှားကြရတယ်။ ငွေပေးငှားရတဲ့ နွားဆိုတာ ပြန်မပေးရခင်မှာ ပေးထားတဲ့ ငွေနဲ့တန်အောင်ခိုင်းရတယ်။ တန်အောင်မခိုင်းရင် ရှုံးတာပေါ့။

အခုလဲ တပည့်တော်ကိုယ်ဟာ သေမင်းဆီက ခဏငှားထားရ တာပါ။ တန်အောင်ခိုင်းရပါလိမ့်မယ် တန်အောင်မခိုင်းရင် ကိုယ်ရှုံး တာပေါ့။''

ဟု လျှောက်ထားသဖြင့် သံဃာတော်များ ဘာမှ မတတ်သာအောင်ရှိကြသည်။

ဝတ်ချက်မင်းကျောင်းဆရာတော်နှင့် လယ်တီဆရာတော်တို့သည် လည်း ရဟန္တာဟု သမုတ်ခံရသူတို့ပင်ဖြစ်သည်။ ယခုဖော်ပြလတ့်သော သီဟိုဠ်ကျွန်းရှိ စာသင်တိုက်ကြီးတစ်တိုက်မှ ကျောင်းထိုင်စာချဆရာတော် သည်လည်း အဘိညာဥ်ရ ရဟန္တာမထေရ်ကြီးပင်ဖြစ်၏။ သူ့အတွက် ကုသိုလ် မလိုတော့သော်လည်း သာသနာတော်အတွက် သက်သက်အပင်ပန်းခံပြီး ပို့ချပေးနေခြင်းဖြစ်သည်။

တစ်နေ့တွင် ဖြူဖြူသွယ်သွယ်နှင့်အလွန်သပ္ပါယ်သော ရဟန်းပျိုလေး တစ်ပါး စာသင်သားအဖြစ် နေထိုင်ခွင့်ပြုဖို့လာလျှောက်သည်။ ဆရာတော် ကြီးသည် ရဟန်းတော်လေး မာတုဂါမတစ်ယောက်ကြောင့် သီလပျက်မည့် အရေးကို အဘိညာဥ်တန်ခိုးဖြင့် ကြိုတင်ပြီးမြင်သောကြောင့်

''မောင်ပဉ္စင်းကို ဒီကျောင်းတိုက်မှာ လက်ခံလို့မဖြစ်ပါဘူး။''

ဟု ငြင်းပယ်လိုက်၏။ ထိုအခါပဉ္စင်းပျိုက ပျာပျာသလဲ -

''တပည့်တော် ဆရာတော်ဘုရားကြီးစာသင်တိုက်မှာ နေခွင့်ရအောင် နှစ်အကြာကြီးကြိုးစားခဲ့ရတာပါဘုရား၊ တပည့်တော်နာမည်ပျက်မရှိခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း အရင်နေခဲ့တဲ့ အခြေပြုစာသင်တိုက် ဆရာတော်ရဲ့ ထောက်ခံစာ လဲပါပါတယ်ဘုရား၊ ဒါ့ကြောင့် သနားသဖြင့် တပည့်တော်ကို နေထိုင်ခွင့် ပြုပါဘုရား။

ဆရာတော်ကြီးမှာ တည့်တည့်ပြောရမှာလည်း အားနာစရာဖြစ်နေသောကြောင့်

"မောင်ပဥ္စင်းနဲ့မသင့်တော်လို့ပါ။ မထားချင်လို့မဟုတ်ပါဘူး။"

ပဥ္စင်းပျိုကလည်း မလျှော့။

"တပည့်တော် ရွာက ဆရာတော်နဲ့ မိဘသားချင်းများကိုပါ ဒီကျောင်းတိုက်မှာနေမယ့်အကြောင်း ပြောခဲ့ပြီးဖြစ်နေပါတယ်ဘုရား၊ ပြီးတော့ ဝါဆိုဖို့ကလည်း ကပ်နေပြီဆိုတော့ နောက်ထပ်ကျောင်းတိုက်လည်း ရှာချိန်မရှိတော့ပါဘုရား၊ ဒါ့ကြောင့် တပည့်တော်ကို နေခွင့်ပြုပါဘုရား"

"မဖြစ်လို့ပါမောင်ပဥ္စင်း"

"တပည့်တော် ဆရာတော်ဘုရားကြီးရဲ့စကားကို မြေဝယ်မကျနားထောင်ပါမယ်ဘုရား၊ တပည့်တော်ကြောင့် ဆရာတော်ကြီးရော ကျောင်းတိုက်ရော ဘာအမည်းကွက်မှမထင်အောင် တပည့်တော် ကောင်းကောင်းနေထိုင်ပြီး စာသင်မယ်ဆိုတာ ကတိပြုပါတယ်ဘုရား"

ရဟန်းပျိုလေးမှာ မျက်ရည်များဝဲလာသည်အထိ ၃ ကြိမ်တိုင်တိုင် လျှောက်ထားလာသောအခါ ဆရာတော်ကြီးမှာ တော်တော်အခက်တွေ့သွားရှာသည်။ ပုထုဇဉ်များသည် ရှေ့မျက်တောင်မွေးတစ်ထောက်ကိုသာမြင်ပြီး ဆုံးဖြတ်ချက်ချကြခြင်းဖြစ်၏။ ရဟန္တာများကား ယခုဘဝသာမက သံသရာ အဆက်ဆက်ကိုပါကြည့်ပြီး ဆုံးဖြတ်ချက်ချကြခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ထူးထူးဆန်းဆန်းပြိတ္တာနှစ်မျိုး

ယခု ဆရာတော်ကြီးငြင်းနေသည်မှာ သူ့အတွက်မဟုတ်။ ရဟန်းပျို လေးအတွက်သာဖြစ်၏။ သို့သော် ရဟန်းပျိုလေးကား သူ့အတွက်ဟု မသိရှာ။ ကာလသုံးပါးကို တစ်ခုတည်းကဲ့သို့ ထွင်းဖောက်၍မြင်နေသော သူတော်ကောင်းကြီးများအနေဖြင့် သိတိုင်းမြင်တိုင်းကို ကြိုတင်၍ပြောပြထားခြင်း မရှိချေ။

ကြိုတင်၍ ပြောပြထားခြင်းဖြင့် ကောင်းတာရှိသလို မကောင်းတာလည်းရှိနေသောကြောင့်တည်း။ ပါရာဇိကဏ်ပါဠိတော်စာမျက်နှာ ၁၄၇ တွင် အရှင်မဟာမောဂ္ဂလာန်က ဂိဇ္ဈကုဋ်တောင်၌တွေ့ခဲ့ရသော ထူးထူးဆန်းဆန်း ပြိတ္တာနှစ်မျိုး၏ရေးကံအကြောင်းကို ပရိသတ်ကြားထဲတွင် မေးလျှောက်သည်။ အရှင်မဟာမောဂ္ဂလာန်တွေ့မြင်ခဲ့သော ပြိတ္တာနှစ်မျိုးအနက် တစ်မျိုးမှာ -

သက်န်းဝတ်ပြိတ္တာများအားလုံး မီးလောင်နေသော သင်္ကန်းများကို ဝတ်ရုံထားကြရသည်။ တစ်ဖန် မီးလောင်နေသောသပိတ်များကိုလည်း ပိုက်ထားကြရသည်။ မီးတစ်ရှိန်ရှိန်တောက်လောင်နေသည့် သင်္ကန်းနှင့် သပိတ်များကို ချွတ်ပစ်၍မရ၊ ချပစ်၍မရနှင့် ပူလောင်သည့်ဒဏ်ကို အလူးအလဲခံစားရကာ မရပ်မနားပြေးလွှားနေကြရသည်။

ထိုအချိန်မှာပင် ကောင်းကင်မှပေါ်လာကြသော လှည်းဘီးကိုယ်လောက်ကြီးမားထွားကြိုင်းကြသည့် ကျီးနှင့်ငှက်တများသည် သင်္ကန်းဝတ်ပြိတ္တာများ၏ ပြောင်နေသောဦးခေါင်းများကို နှုတ်သီးများဖြင့်ထိုးဖောက်ကာ ဦးနှောက်များကို ကုန်သွားသည်အထိ နှိုက်စားကြသည်။

ပြိတ္တာများကား မီးလောင်နေသော သပိတ်များမှ လက်ကိုခွာမရ သဖြင့် မောင်းနှင်ခြင်းမပြုနိုင်ဘဲ ဦးနှောက်များကို ကုန်သည်အထိ ပြေးရင်း

www.burmeseclassic.com

www.burmeseclassic.com



လွှားရင်း သည်အတိုင်းသာ ခံနေကြရသည်။ ဦးနှောက်ကုန်သည်နှင့် လဲကျသေဆုံးသည်။ အကုသိုလ်ကံမကုန်သေးသဖြင့် ထပ်မံပြီး ချက်ချင်းအသက်ပြန်ရှင်ကာ ယခင်အတိုင်း ဆက်လက်ခံစားနေရသည်။

နောက်ပြိတ္တာတစ်မျိုးမှာ အရိုးပေါ်အရေတင် ပိန်လှီနေသော ပြိတ္တာများဖြစ်၏။ အူနှင့်ဝမ်းတွင်းကလီစာအားလုံးကို အပြင်ဘက်မှ မြင်နေရသည်။ သူတို့၏ပါးစပ်မှ မီးလောက်များ တဖွားဖွားထွက်ကျလျက်ရှိသည်။ ကိုယ်လုံးတစ်ခုလုံးမှလည်း အပုပ်နံ့များ တစ်ထောင်းထောင်းထပြီး ပတ်ဝန်းကျင်သို့ ပြန့်နှံ့လျက်ရှိသည်။

သူတို့ဝမ်းဗိုက်အတွင်းမှ ကလီစာများကိုလည်း ကျီးများ၊ ငှက်တမျိုးက ဝိုင်းဝန်းဖောက်ဆိတ်ကာ စားသောက်ကြသည်။ သူတို့သည်လည်း ပြေးရင်းလွှားရင်းဖြင့် အူကလီစာများကုန်သောအခါ လဲကျသေဆုံးကြသည်။ အကုသိုလ်ကံမကုန်သေးသောအခါ ချက်ချင်း အကောင်းပကတိပြန်ဖြစ်ပြီး ယခင်အတိုင်း ကျီး၊ ငှက်တတို့၏ ထိုးဆိတ်စားသောက်ခြင်းကို ခံကြရပြန်သည်။

ထိုပြိတ္တာများ၏ ရှေးအတိတ်ကံကို ဗုဒ္ဓကပြန်ပြောင်းဟောပြရာ၌ ပထမပြိတ္တာများသည် ကဿပဘုရားလက်ထက်က ရဟန်းသာမဏေများဖြစ်သည်။ စာပေအလုပ်၊ တရားဘာဝနာအလုပ် တစ်ခုမှမလုပ်ဘဲ သာသနာ့ဘောင်တွင် အချောင်နေခဲ့ကြသည်။ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးစွဲခဲ့ကြသည်။

ထိုသို့နေခြင်းကို **ဣဏပရိဘောဂ**=အကြွေးစားသုံးခြင်းဟုခေါ်သည်။ သာသနာအပေါ်၊ ဒကာ၊ ဒကာမများအပေါ် တင်ခဲ့သောအကြွေးတည်း။ ထိုအကြွေးကို ယခုဘဝတွင် ခန္ဓာဖြင့် လာဆပ်နေကြရခြင်းဖြစ်၏။ လက်ကြောမတင်း၍ သာသနာ့ဘောင်ဝင်ပြီး အချောင်စား၊ အချောင်နေချင်သူများ သတိထားဖွယ်ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပြိတ္တာများမှာ လိမ်ညာ၊ ခြောက်၊ မြှောက်ပြီး စားသောက်ခဲ့ ဘဲသော နတ်ကတော်များပင်ဖြစ်၏။ ထိုပြိတ္တာများကို အရှင်မောဂ္ဂလာန်တို့ ခရင် မြတ်စွာဘုရား မြင်တော်မူပြီးဖြစ်၏။ သို့သော် သာဝကတို့ထဲက ခမေးမရှိဘဲ ကြိုတင်မဟော။ အဘယ့်ကြောင့်နည်း။

မည်သူမှမတွေ့ဘူးခင် မြတ်စွာဘုရားက ကြိုတင်ဟောခဲ့လျှင် သဒ္ဓါ ည်းပါးသူများက မြတ်စွာဘုရားက မဟုတ်တာကို အဟုတ်လုပ်ဟော ာယ်ဆိုပြီး ပြစ်မှားကြပါက အပါယ်လားကြမည်ဖြစ်၏။ ထိုအပြစ်ကို မြင် ာက်မူ၍ ကြိုတင်မဟောခြင်းဖြစ်သည်။ ယခု သီဟိုဠ်ကရဟန်းပျိုကိစ္စ ၄င်လည်း ဆရာတော်ကြီးက အကြောင်းစုံကို ကြိုတင်ပြောလိုက်လျှင် ဟန်းပျိုက သဒ္ဓါတရားနည်းပါးပြီး -

ဆရာတော်ကြီးက ငါ့ကိုသူ့ကျောင်းမှာမနေစေချင်လို့ လုပ်ကြံပြီး ာ်မ်ညာပြောနေတာဟု စွပ်စွဲလိုက်လျှင် ရဟန်းပျိုမှာ ရဟန္တာကိုစော်ကား ည့်အတွက် ငရဲလားဖို့သာရှိသည်။ ထိုအပြစ်ကိုမြင်၍ ရဟန္တာမထေရ်ကြီး အကြောင်းစုံကို တိုက်ရိုက်မပြောခြင်းဖြစ်သည်။

ဆရာတော်ကြီးသည် အတန်ကြာစဉ်းစားနေပြီးမှ -

"မောင်ပဉ္စင်း ကျောင်းအနောက်ဖက်က ရွာထဲကို ဘယ်တော့မှ ာ့ပါဘူးလို့ ကတိပေးရင်တော့ နေခွင့်ပြုမယ်"

"မှန်ပါ ကတိပေးပါတယ်ဘုရား"

"မောင်ပဉ္စင်းရဲ့ဘွဲ့ ဘယ်လိုခေါ်သလဲ"

"ယုဇနပါဘုရား"

## မသွားနဲ့ဆိုမှသွားချင်

အရှင်ယုဇနကို မကြွခိုင်းသော ကျောင်းအနောက်ဖက်ကရွာတွင် းကလေးဝါဝင်းပြီး ကြွေရုပ်ကလေးလို ချောမောလှပသော မိန်းကလေး ဟာက်ရှိသည်။ ထို့ပြင် ပွဲနေ့ပွဲတိုင်ရှိသောအခါ အဝါရောင်ဝတ်စုံနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဝါရောင်ပုဝါတို့ကို အသုံးပြုလေ့ရှိသောကြောင့် ဝါဝါဟုပင် တစ်ရွာလုံးကခေါ်ကြသည်။

ချောမောလှပလွန်းပြီး ဣန္ဒြေသိက္ခာရှိလွန်းလှသဖြင့် ရွာရှိ ကာလသားများမှာ သူတို့နှင့်မတန် မင်းနှင့်သာတန်သည်ဟူသော သဘောမျိုးဖြင့် အနားမကပ်ရဲနိုင်အောင်ဖြစ်နေကြသည်။ ဝါဝါကလည်း ယောက်ျားလေးများကို လုံးလုံးစိတ်မဝင်စားဘဲ ဘာသာရေးဖက်ကိုသာ လိုက်စားသည်။

အိမ်ရှိမြတ်စွာဘုရားအား ဆွမ်းတော်၊ ရေတော်၊ ပန်းတော်များကို ဘယ်သူမှမပြောရဘဲ ဝါဝါကိုယ်တိုင် အမြဲကပ်လှူသည်။ ဆွမ်းခံကြွလာသော သံဃာတော်များကိုလည်း ဝါဝါကသာ နေ့စဉ်လောင်းလှူသည်။ ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်းများဖြင့် ဘာဝနာတရားပွားရာတွင်လည်း လူကြီးများထက်ပင် သာသည်။

သို့ဖြစ်သောကြောင့် ဝါဝါအတွက် မိဘများမှာ အမြဲဂုဏ်တက်နေသည်။ ဝါဝါနှင့်အရှင်ယုဇနတို့ကား ဘဝက ဘယ်လိုအကြောင်းရေစက်ပါလာလေသည်မသိ၊ သီတင်းဝါလကျွတ်ပြီး တစ်နေ့တွင်ကား အရှင်ယုဇနသည် ဆရာတော်ကြီးက မကြွရန်တားမြစ်ထားသော အနောက်ဖက်မှ ရွာထဲသို့ကြွကြည့်ချင်စိတ်ပေါ်လာသည်။

ဘာဖြစ်လို့ ဆရာတော်ကြီးက မကြွနိုင်းတာလဲမသိဘူး၊ ကြွကြည့်လိုက်ရင် ဘာများဖြစ်မလဲဟူသော အတွေးနှင့်အတူ တစ်နေ့နံနက်တွင် အရှင်ယုဇနသည် အနောက်ရွာထဲသို့ ဆွမ်းခံကြွခဲ့လေတော့သည်။ ရွာရှိ အိမ်ခြေတစ်ဝက်ကျော်ခဲ့ပြီ။ ဘာမှမထူးခြားသေး။

ဝါဝါတို့အိမ်ရှေ့တွင်လည်း ထုံစံအတိုင်း မျက်လွှာချကာ ဆွမ်းရပ်လိုက်သည်။ ဆွမ်းလောင်းရန် အသင့်စောင့်နေသောဝါဝါက ဆွမ်းလောင်းရန်အတွက် ဇလုံကိုမပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ အရှင်ယုဇနနား ရောက်သည်နှင့် မသိစိတ်၏တိုက်တွန်းမှုကြောင့် အပေါ်မော့ကာကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အရှင်ယုဇနကလည်း အလိုလိုကြည့်ချင်စိတ်ပေါက်လာသဖြင့် မျက်လွှာကိုပင့်၍ ကြည့်လိုက်ရာ အကြည့်နှစ်ခုသည် လမ်းခုလတ်တွင် ထိခိုက်မိသွားသည်။ အကြည့်ချင်းဆုံသွားသည်နှင့် **စက္ခုရူပေန သံဝါသာ ရာဂပုတ္တံဝိဇာယတိ** = စက္ခုပသာဒရုပ်နှင့် အဆင်းရူပါရုံတို့၏ ပေါင်းဖော်မိခြင်းကြောင့် တပ်မက်စွဲလမ်းခြင်းဟုဆိုအပ်သော ရာဂဟူသော သားကို မွေးဖွား၏ဟူသော ဒေသနာအတိုင်း တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်နှစ်သက်မိကြလေပြီ။

ချစ်ခင်သူတို့၏ထုံးစံအတိုင်း နှစ်ဦးစလုံး ရင်များတစ်ဒိန်းဒိန်းခုန်၏။ မျက်တောင်ခတ်ချိန်ပင် မပေးနိုင်တော့သည့်အလား အတန်ကြာမျှ တစ်ယောက်နှင့်တစ်ယောက် စူးစိုက်၍ကြည့်နေမိကြသည်။ မိန်းကလေးဖြစ်သော ဝါဝါက သူတို့၏အဖြစ်ကို အရင်သတိထားမိသွားကာ မျက်လွှာကို မြန်မြန်ပြန်ချလိုက်သည်။ သူမဘဝတွင် ယောကျ်ားပီသတစ်ယောက်နှင့် ဤကဲ့သို့ တစ်ခါမျှ မျက်လုံးချင်းဆုံပြီး မကြည့်ဘူးသဖြင့်လည်း ရှက်သွေးများဖြန်းသွားကာ အဝါရောင်မျက်နှာလေးသည် ပန်းနုရောင်သို့ ပြောင်းသွားသည်။

ဝါဝါ မျက်လွှာချသွားမှပင် အရှင်ယုဇနလည်း ဣန္ဒြိယသံဝရသီလကို ဖျက်မိသော သူ၏အမှားကို သတိရသွားကာ မွန်ထူသောစိတ်ဖြင့် ရုတ်တရက် နောက်ကြောင်းပြန်လှည့်ကြွသွားလေတော့သည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဖြင့် မြင်သောအခါ၊ ကြားသောအခါ၊ နံသောအခါ၊ စားသောအခါ၊ ထိသောအခါ၊ တွေးကြံသိသောအခါတို့တွင် လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာများ ဝင်မလာအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဣန္ဒြိယသံဝရသီလဟုခေါ်သည်။

ဝါဝါမှာလည်း ရှက်ကိုးရှက်ကန်းဖြစ်ကာ ဘာပြောလို့ဘာပြောရမှန်း မသိတော့ဘဲ ဆွမ်းဇလုံကို အိမ်ရှေ့မှာချပြီးလျှင် သူမ၏အခန်းထဲသို့ ဝင်

www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။ အိပ်ယာပေါ်ရောက်သည်နှင့် ပက်လက်လှန်ချလိုက်ကာ လှိုက်ဖိုဆဲရှိသောရင်ဘတ်ပေါ်သို့ လက်နှစ်ဖက်နှင့် အသာဖိထားပြီး မျက်လုံးကို မှိတ်ထားလိုက်သည်။

သို့သော် နုနယ်သပ္ပာယ်လှသော အရှင်ယုဇန၏ရုပ်ပုံလွှာက သူမ၏ မျက်စေ့ထဲမှမထွက်တော့။ လောဘမီးသည် ဝါဝါကို စတင်လောင်ကျွမ်းလေပြီ။ သို့သော် ဝါဝါကား မီးမှန်းမသိ၊ ပူမှန်းမသိ။

ဝါဝါသည် သူမကိုယ်သူမ အလွန်အံ့သြနေ၏။ အဘယ့်ကြောင့် ကိုယ်တော်တစ်ပါးကိုမှ စွဲလမ်းမိရသနည်း။ သူမအဖြေရှာ၍မရ။ ဝါဝါထက်ဆိုးသောဖြစ်ရပ်မျိုး ဗုဒ္ဓလက်ထက်ကလည်း ဖြစ်ခဲ့ဘူးသည်။ သေဒဏ်ကျခံရသော သူခိုးတစ်ယောက်ကို အာဏာသားများက သုသာန်ထုတ်၊ ဓားခုတ်သတ်ရန် ကြိုးတုပ်ပြီး လမ်းမပေါ်မှ ဆွဲခေါ်လာကြသည်။

သူဌေးသမီးတစ်ယောက်သည် ထိုသူခိုးကိုမြင်သည်နှင့် ရှေးဘဝက ရေစက်ကြောင့် မရရင်သေရပါတော့မည်ဆိုကာ အဖေထံတွင် ငိုယိုတောင်းပန်သောကြောင့် ဖခင်သည် အာဏာသားတို့ကို လာဘ်ထိုးပြီး သူခိုးအား ရွေးယူကာ သမီးနှင့် လက်ဆက်ပေးရတော့သည်။

သူခိုးကား သူဌေးသားမက်ဖြစ်သွားသော်လည်း ယုတ်ညံ့သောစိတ်ဓာတ်က မပျောက်။ ကောင်းကောင်းစား ကောင်းကောင်းဝတ်ပြီး မယားအလိမ္မာလေးကို ရထားသော်လည်း မပျော်မွေ့။ အရင်အတိုင်း ခိုးဆိုးတိုက်ခိုက်ချင်စိတ်များက အမြဲပေါ်က်နေ၏။

တစ်နေ့တွင် သူခိုးက သူဌေးသမီးအား သင်နှင့်ငါ ယခုလို ဖူးစာဆုံရခြင်းသည် မြို့ပြင်တောင်ထိပ်ပေါ်ရှိ တောင်စောင့်နတ်က စောင်မခြင်းဖြစ်သည်။ ထိုနတ်ကို ကျေးဇူးဆပ်သည့်အနေဖြင့် တို့လင်မယားနှစ်ယောက်သွားပြီး ပူဇော်ပသကြမည်။ စိန်၊ ရွှေ၊ ပတ္တမြားစသော လက်ဝတ်တန်ဆာများကို ပြည့်စုံအောင် လှပစွာဝတ်ဆင်ခဲ့ပါဟုပြော၏။

www.burmeseclassic.com

www.burmeseclassic.com



သူဌွေးသမီးလည်း ချစ်ခင်နေစဉ် အပြစ်မမြင်သဖြင့် အဟုတ်ထင်ပြီး အဆင်တန်ဆာများဆင်ကာ နှစ်ယောက်တည်း သွားကြလေ၏။ သူခိုး၏ အကြံကား တောင်ထိပ်ရောက်မှ လက်ဝတ်တန်ဆာများကိုယူပြီး သူဌွေးသမီး ကိုသတ်ပစ်ရန်ဖြစ်သည်။ တောင်ထိပ်ပေါ်ရောက်သည်နှင့် သူခိုးက သူ့အကြံ အစည်ကိုပြောပြပြီး သူဌွေးသမီးကို သတ်ရန်ပြင်ဆင်လေသည်။

တောင်ထိပ်ပေါ်တွင် သူတို့နှစ်ယောက်တည်းဖြစ်၍ ကယ်မည့်သူကား ဝေးလေပြီ။ သူဌွေးသမီးက ရှိက်ကြီးတငင် ငိုယိုတောင်းပန်သော်လည်း သူခိုးကား သနားစိတ်မပေါ်။ သူ့အကြံအစည်အတိုင်း သတ်ဖို့ကကဲကဲလုပ် နေ၏။ တစ်ဘီးတည်းလိမ့်လျှင် လိုရာသို့မရောက်။ နှစ်ဘီးလိမ့်မှ လိုရာ ရောက်သည်ဆိုသောစကားအတိုင်း မိမိတစ်ယောက်တည်း နှစ်နှစ်ကာကာ တစ်ဖက်သတ်ချစ်ရုံဖြင့် စိတ်ချမ်းသာမှုကိုမရနိုင်ပေ။

## တောင်ထိပ်ပေါ်က အသက်လုပွဲ

တစ်ဖက်ကလဲ မိမိချစ်တာထက်တစ်ဝက်လောက်ပြန်ချစ်မှသာလျှင် နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာနိုင်ပေသည်။ ဘယ်လိုမှတောင်းပန်၍မရသော အခါတွင်ကား သူဌွေးသမီးက လင်သားဖြစ်သူကို နောက်ဆုံးအနေဖြင့် လက်ယာရစ် တစ်ပတ်လှည့်၍ ရှိခိုးခွင့်ပြုပါရန်တောင်းဆို၏။ သူခိုးကလည်း ခွင့်ပြု၏။

သူဌွေးသမီးသည် လှည့်ပတ်ရှိခိုးရင်းကပင် ရုတ်တရက်ထ၍ သူခိုး ကိုတောင်ထိပ်ပေါ်မှ တွန်းချသတ်လိုက်ရလေတော့သည်။ သူဌွေးသမီးသည် လုပ်သင့်လုပ်ထိုက်သောအမှုကို ပြုလုပ်ခြင်းသာဖြစ်ကြောင်း ဘုရားအလောင်း ရုက္ခစိုးက သြဘာပေးခဲ့သည်။

ယခု ဝါဝါသည်လည်း တစ်ဘီးတည်းလား နှစ်ဘီးလားတော့မသိ၊ လိမ့်ကားလိမ့်နေလေပြီ။ ထိုနေ့ကား ဝါဝါတစ်နေ့လုံး ထမင်းမစားနိုင်၊

www.burmeseclassic.com

www.burmeseclassic.com



မိဘများကမေးသောအခါ နေမကောင်းလို့ဟုသာ သာမန်ဖြေလိုက်သည်။ ထိုအချိန်တွင် အရှင်ယုဇနမှာလည်း ဝါဝါလောက်မဟုတ်သော်လည်း ဆင်လည်းဆင့်အထွာ၊ ဆိတ်လည်းဆိတ်အထွာဆိုသည့်အတိုင်း သူ့အတိုင်းအတာနှင့်သူ ခံစားနေရ၏။

တရစ်ရစ်ဝဲကာပါလာသော ဝါဝါ၏ရုပ်ပုံလွှာက နှလုံးသားထဲမှ ပျောက်၍မရ။ ထိုနေ့က စာကျက်၍လည်းမရ၊ စာထဲလည်း စိတ်မပါတော့။ တခဏမြင်ခဲ့ရသော ဝါဝါဆိုသောမိန်းကလေးကို ပြန်တွေ့ချင်စိတ်က တအား ပြင်းထန်နေသည်။ ထိုအခါကျမှ ကျောင်းထိုင်ဆရာတော်ကြီးက သူ့ကို ထိုရွာသို့မကြွရန် ကတိတောင်းခဲ့သောအကြောင်းကို သတိရ၏။

သို့သော် လွန်ခဲ့လေပြီ။ သူကား ထိုရွာသို့မသွားဘဲမနေနိုင်။ သုံးရက်ခန့်တော့ မသွားဘဲ အောင့်နေနိုင်သေး၏။ လေးရက်မြောက်တွင်ကား သူ နေလို့မရတော့။ ဆွမ်းခံချိန်တွင် သပိတ်ပိုက်ကာ ဝါဝါတို့ရွာဘက်သို့ ထွက်ခဲ့မိပြန်သည်။ တခြားအိမ်တွေဆွမ်းရပ်စဉ်ကတော့ ဣန္ဒြေမပျက်။ ဝါဝါတို့အိမ်ဘက်သို့ လျှောက်လာသောအခါတွင်ကား အရှင်ယုဇန ဣန္ဒြေမရတော့။

အိမ်ပေါက်ဝရောက်သည်နှင့် မရပ်သေးဘဲ သွားရင်းကပင် လှမ်းကြည့်ရာ နှမ်းယိုဖျော့တော့နေသောဝါဝါနှင့် သူမိခင်ဖြစ်ဟန်တူသူ အမျိုးသမီးကြီးတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ ဝါဝါက သေးသွယ်သော လက်ချောင်းလေးဖြင့် သူမိခင်အား သူ့ထံညွှန်ပြလိုက်သည်ကို တွေ့ရသည်နှင့် အရှင်ယုဇနသည် ထိတ်ကနဲ လန့်သွားကာ မရပ်ရဲတော့ဘဲ ချက်ချင်းဆက်ကြွသွားသည်။

ဝါဝါက သူ့အကြောင်းကို သူ့အမေအား ပြောပြလိုက်ခြင်းဟု ထင်သွား၍ဖြစ်သည်။ ရက်စိတ်တို့ဖြင့်ဆူဝေသွားကာ အရှင်ယုဇန ခြေလှမ်းကို ခပ်သွက်သွက်လှမ်းနေမိသည်။ ဗုဒ္ဓ၏အဆုံးအမ ဒေသနာတစ်ခုကလည်း

www.burmeseclassic.com

www.burmeseclassic.com



စက္ကုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ
အဘိဇ္ဈာ ဒေါမနဿာ ပါပကာ
အကုသလာ ဓမ္မာ အနွာဿဝေယျုံ။

မျက်စေ့ကိုမစောင့်စည်းဘဲကြည့်သောရဟန်းအား မတရားရလိုခြင်း အဘိဇ္ဈာ၊ နှလုံးမသာယာခြင်း ဒေါမနဿဟုဆိုအပ်ကုန်သော ယုတ်မာသော အကုသိုလ်တရားတို့သည် အဖန်ဖန်နှိပ်စက်ကုန်ရာ၏။

အရှင်ယုဇန ဘယ်သူမှလိုက်မလာပါစေနဲ့ဟူသော အတွေးဖြင့် မဝံ့မရဲ နောက်သို့လှည့်ကြည့်လိုက်၏။ ဆုတောင်းကားမပြည့်။ ဝါဝါ၏အမေဖြစ်ဟန်တူသူသည် သူ့နောက်မှ ခပ်သွက်သွက်လိုက်လာသည်ကို တွေ့ရ၏။ အရှင်ယုဇနစိတ်ထဲ ထိတ်ကနဲဖြစ်သွားကာ ဒီတစ်ခါတော့ အရှက်ကွဲပြီ ထင်ပါရဲ့ဟု တွေးလိုက်မိ၏။

လူရှင်းသောနေရာအရောက်မှာပင် -

"အရှင်ဘုရား ခဏရပ်တော်မူပါဦးဘုရား"

ဟူသော အသံကြောင့် ကွပ်ပျစ်ရိုက်ထားသော အရိပ်ကောင်းကောင်း သစ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်လိုက်ရလေ၏။ အရှင်ယုဇနနားရောက်သည်နှင့် ဒါယိကာမကြီးက လက်အုပ်ချီကာ -

"အရှင်ဘုရား၊ တပည့်တော်မအိမ်ကို ခဏကြွပါ ဘုရား၊ တပည့်တော်မ အရေးတကြီးလျှောက်ထားစရာရှိလို့ပါဘုရား"

အရှင်ယုဇန မျက်နှာပျက်နေသည်။ ရှက်လည်းရှက်လှပြီ။ သူတို့အိမ်သို့လည်း လိုက်မသွားရဲ၊ လိုက်လည်းမလိုက်ချင်။ ထို့ကြောင့်

"ဒါယိကာမကြီး အချိန်မရလို့ မကြွပါရစေနဲ့တော့။"

"အဲဒီဆိုရင်လည်း ဒီကွပ်ပျစ်ပေါ် ခဏကြွပါဘုရား၊ တပည့်တော်မ လျှောက်ထားစရာရှိတာ မြန်မြန်လျှောက်ပါမယ်။"

ထိုသို့ပြောဆိုပြီး သူမပုခုံးပေါ်မှတဘက်ကို ကွပ်ပျစ်ပေါ်ခင်းလိုက်သည်။ အရှင်ယုဇနဘာမှမတတ်နိုင်တော့၊ သွားထိုင်လိုက်ရသည်။ ချောင်

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်မိနေပြီမဟုတ်ပါလား။ အရှင်ယုဇနထိုင်ပြီးသည်နှင့် အမျိုးသမီးကြီးသည် မတ်တပ်ရပ်လျက်က လက်အုပ်ချီပြီး လျှောက်ထားသည်။ အရှင်ယုဇနကိုမှီအောင်လိုက်ခဲ့ရသောကြောင့် မောပြီး ချွေးများပျံနေသည်။

``အရှင်ဘုရား၊ ရဟန်းတစ်ပါးကို မလျှောက်အပ်တဲ့စကားဖြစ်လို့ နားနဲ့မနာ၊ ဖဝါးနဲ့နာပါဘုရား၊ လွန်ခဲ့တဲ့သုံးရက်က အရှင်ဘုရားနဲ့ မျက်လုံးချင်းဆုံခဲ့တဲ့သူငယ်မဟာ တပည့်တော်ရဲ့ တစ်ဦးတည်းသော သမီးလေးပါဘုရား။

ဘယ်ယောက်ျားလေးကိုမှ စိတ်မဝင်စားခဲ့တဲ့ သမီးလိမ္မာလေးပါဘုရား၊ အဲဒါ အရှင်ဘုရားကိုမြင်လိုက်တာနဲ့ ရေးဘဝကရေစက်ထင်ပါရဲ့ဘုရား၊ တစ်ခါတည်းစွဲလမ်းသွားပြီး အဲဒီနေ့ကစပြီး အိပ်ယာထဲလဲတော့တာပါပဲဘုရား၊ အခု အစားမစားတာ ဒီနေ့နဲ့ဆို လေးရက်တောင်ရှိပါပြီဘုရား။

တပည့်တော်တို့ကိုလည်း ဘာမှမပြောဘဲ ကြိတ်မှိတ်ခံနေတာပါဘုရား၊ မနေ့ညကမှ တပည့်တော်မက ကတိအမျိုးမျိုးပေးပြီး ချော့မော့မေးမှ အဖြစ်မှန်ကို ပြောပြတယ်ဘုရား၊ သမီးလေးအဖြစ်ကတော့ အရှင်ဘုရားကိုမရရင် သေတော့မှာပါဘုရား၊ ဘာဆေးမှလည်း တိုက်လို့မရဘူး၊ ဘာအစာမှလည်း ကျွေးလို့မရပါဘူးဘုရား``

ထိုစကားအရောက်တွင် အမျိုးသမီးကြီးသည် အရှင်ယုဇန၏မျက်နှာကို တစ်ချက်လှမ်းအကဲခပ်လိုက်သည်။ အရှင်ယုဇနမျက်နှာသည်လည်း သိသိသာသာ ညိုးကျသွား၏။ သူကိုယ်တိုင်လည်း ခံစားနေရသည်မဟုတ်ပါလား။

``အရှင်ဘုရားကို မြင်မြင်ချင်းလည်း တပည့်တော်မ သားအရင်းတစ်ယောက်လို ချစ်ခင်မိပါတယ်ဘုရား၊ ဒါကြောင့်လည်း လူဝတ်လဲပြီး တပည့်တော်မအိမ်မှာ သမီးလေးနဲ့အတူနေပေးပါဘုရား၊ အရှင်ဘုရားမှာ

www.burmeseclassic.com

www.burmeseclassic.com



သမီးအပေါ်ချစ်တဲ့စိတ်မရှိလည်း သမီးအသက်ကိုကယ်တဲ့အနေနဲ့ပေါ့ဘုရား"

အရှင်ယုဇနစဉ်းစားရပြီး အကြည့်တစ်ခုကနေဆက်နွယ်ပြီး ဖြစ်လာလိုက်တဲ့ဒုက္ခတွေ မနည်းပါလားဟုလည်း သံဝေဂဖြစ်မိသည်။ လူဝတ်လဲပြီး လိုက်သွားလိုက်လျှင် သူနှင့်ဝါဝါကတော့ စိတ်ချမ်းသာမည်။ သို့သော် သူနေသောစာသင်တိုက်ကြီး နာမည်ပျက်မည်။ ဆရာတော်ကြီးလည်း သိက္ခာကျမည်။ တပည့်မကောင်း ဆရာ့ခေါင်းမဟုတ်ပါလား။

ထို့ပြင်သူ့ရွာမှ ဥပဇ္ဈာယ်ဆရာနှင့် မိဘဆွေမျိုးများကား တစ်သက်လုံး မျက်နှာဖော်နိုင်ကြမည်မဟုတ်။ အကယ်၍ လူမထွက်ဘဲနေလျှင် သူနှင့်ဝါဝါဆိုသောမိန်းကလေးသည် နှစ်ယောက်သာ စိတ်ဆင်းရဲရမည်။ ကျန်သူများအားလုံး စိတ်ချမ်းသာကြရမည်။

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မတွေ့ဘဲနေလိုက်လျှင် ကြာလျှင် မေ့ပျောက်သွားကြမည်။ ယောကျ်ားလေးတစ်ယောက်ကို မရလို့ အသေခံမည်ဆိုသည်မှာ မဖြစ်နိုင်။ ငါ့စိတ်ကို ထိခိုက်အောင် ပိုမိုပြောခြင်းသာဖြစ်မည်ဟုတွေးလိုက်ပြီး စိတ်ကိုတင်းကာ

"ဒါယိကာမကြီး၊ ဦးပဥ္စင်း လူဝတ်လဲလို့ ဘယ်လိုမှမဖြစ်ပါဘူး၊ စာတတ်အောင်သင်မယ်ဆိုတဲ့စိတ်နဲ့ ဒီကျောင်းတိုက်ကိုရောက်လာတာပါ။ အိမ်ထောင်ပြုရအောင် ရောက်လာတာမဟုတ်ပါဘူး။ ဒါ့ကြောင့် ဒါယိကာမကြီးသမီးကို တခြားယောကျ်ားတစ်ယောက်ကိုသာယူလိုက်ပါ၊ ဦးပဥ္စင်းကို မေ့လိုက်ပါလို့သာ ပြောပေးပါ။"

ဟုပြောပြီး အရှင်ယုဇန သုတ်ကနဲ ပြန်ကြွလေတော့သည်။ ဝါဝါ၏အမေသည် အရှင်ယုဇန၏ကျောပြင်ကို လှမ်းကြည့်ရင်း မျက်ရည်များတွေတွေကျကာ "သမီးလေးအပေါ် ရက်စက်လိုက်တာဘုရား" ဟု တစ်ခွန်းသာ ပြောနိုင်တော့၏။

ထိုဖြစ်ရပ်များဖြစ်ပြီး ရက်အတန်ကြာတွင် စာသင်တိုက်မှ စာချဆရာတော်တစ်ပါးသည် အရှင်ယုဇန၏အခန်းတွင်းသို့ ဝင်လာ၏။ အရှင်

www.burmeseclassic.com

www.burmeseclassic.com



ယုဇနကို လှန်ကြည့်လာမေးခြင်းဖြစ်၏။ အရှင်ယုဇနလည်း ဝါဝါနှင့်ပတ်သက်ပြီး နှလုံးသားရှိသူတို့၏ထုံးစံအတိုင်း ခံစားရသည်သာဖြစ်၏။ ထိုနေ့ကစပြီး ယခုအချိန်အထိ အခန်းထဲမှအပြင်သိပ်မထွက်။ အစားအသောက်လည်း ကောင်းကောင်းမဝင်ပေ။

စာချဆရာတော် သူ့အခန်းတွင် ဝင်လာသည်ကိုတွေ့သည်နှင့် အရှင်ယုဇနကရှိခိုးဦးချရန် အိပ်ယာမှ ကြိုးစားထနေသည်။ အားမရှိသဖြင့် တော်တော်နှင့်မထနိုင်ဖြစ်နေသည်။ စာချဆရာတော်က -

"ယုဇန မထနဲ့ လှဲသာနေ၊ မင်းကဂိလာနပဲ ဦးမချလည်းရတယ်၊ ဘယ်နှယ့်လဲ ရောဂါက သက်သာရဲ့လား။"

"သိပ်တော့ မသက်သာသေးဘူးဘုရား"

"အေး ကျန်းမာရေးဂရုစိုက်ကွာ၊ မင်းကြည့်ရတာ သိပ်ပိန်တာပဲ၊ အစားမဝင်ဘူးထင်တယ်၊ မင်းစားချင်တာပြော၊ ငါ့ရဟန်းအမကြီးကို ခိုင်းပေးမယ်၊ ရော့၊ ဟောဒီမှာ ဒီနေ့ရက်လည်ဆွမ်းကျွေးကရလာတဲ့ အဝါရောင်အနေကထိုင်လေး၊ လှလိုက်တာ မင်းသုံးရအောင် လာစွန့်တာ၊ သေသွားတဲ့ မိန်းကလေးရဲ့ပုဝါကိုချုပ်ထားတာတဲ့။"

အဝါရောင်နေကထိုင်လေးကို မြင်လိုက်ရသည်နှင့် အရှင်ယုဇန တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ဝါဝါကိုလည်း တအားသတိရသွားသည်။ ဝါဝါခြုံသောပုဝါလေးများဖြစ်နေမလားဟူသောအတွေးနှင့်အတူ

"ဆရာတော် ဘယ်ဘက်ရွာက ရခဲ့တာလဲ"

"အနောက်ဖက်ရွာကလေ၊ သနားစရာပါကွာ၊ သေတဲ့မိန်းကလေးက အသက် ၁၈ နှစ်လောက်ရှိသေးတာပဲ၊ အသုဘချတဲ့နေ့က ငါတို့ပါတယ်၊ သေတာတောင် လှလိုက်တာကွာ၊ အသက်ရှင်စဉ်ကဆို ဘယ်လောက်လှမယ်မသိဘူး၊ ဘုရားလက်ထက်က သိရိမာစွဲပြီး ရဟန်းတစ်ပါး မအိပ်နိုင်၊ မစားနိုင် ဖြစ်ဘူးတယ်၊ အဲဒီ သိရိမာလှတယ်ဆိုတာ ဒီမိန်းကလေးလိုနေ

www.burmeseclassic.com



မှာပဲလို့ ငါက တွေးနေမိတယ်၊ အင်း နာမည်လေးကလည်း တစ်မျိုးလေးကွ၊ ဝါဝါတဲ့။"

## မကျစကောင်းသော ရဟန်းမျက်ရည်

အရှင်ယုဇနခေါင်းထဲတွင် မိုးကြိုးပစ်ချခံလိုက်ရသလို ဒိုင်းကနဲမြည်ဟီးသွားသည်။ ငါ့ကြောင့် အပြစ်မဲ့တဲ့မိန်းကလေးတစ်ယောက် သေရပြီ။ ငါဟာ သိပ်ရက်စက်တဲ့ယောက်ျားတစ်ယောက်ဖြစ်သွားပြီဟူသောအတွေးနှင့်အတူ မျက်ရည်ပေါက်ကြီးများ ချက်ချင်းကျလာသည်။

ဝါဝါခြုံခဲ့သောပုဝါမှဖြစ်လာသည့် နေကထိုင်လေးကို ရင်ဘတ်ပေါ်တယုတယတင်လိုက်ရင်း ကျနေသောမျက်ရည်များကို ဆရာတော်မမြင်ရန် စောင်ကို ခေါင်းမြီးခြုံလိုက်သည်။ စာချဆရာတော်ကတော့ ဘာမှမသိ၊ သနားစရာကောင်းသော ဝါဝါ၏အဖြစ်ကိုသာ ဆက်ပြောနေသည်။

"အေး ... မင်းချမ်းရင် စောင်ခြုံထား၊ စောစောက ဝါဝါဆိုတဲ့မိန်းကလေးဟာ ရဟန်းတစ်ပါးကိုမြင်မြင်ချင်း စွဲစွဲလမ်းလမ်းချစ်သွားတာဆိုပဲကွ၊ နောက်ဆုံး မစားနိုင် မသောက်နိုင်ထိဖြစ်လာလို့ အဲဒီကိုယ်တော်လေးကို လူထွက်ဖို့ သူ့အမေကပြောတော့ ကိုယ်တော်လေးက မထွက်နိုင်ဘူးလို့ပြောလိုက်သတဲ့ကွ"

"သနားစရာပဲကွာ၊ အဲဒီနေ့ကစပြီး ဘာအစာမှမစားဘဲနေလိုက်တာ၊ ခုနစ်ရက်၊ ရှစ်ရက်လောက်ရှိတော့ သေတာပါပဲ"

စာချဆရာတော်သည် သူပြောနေသည်ကို အရှင်ယုဇနက တင်ပါ့၊ ဟုတ်လားဘုရားစသောအားဖြင့် အားတက်သရော တစ်ချက်မှ လိုက်မလာသောကြောင့် မသင်္ကာဖြစ်ကာ ခြုံထားသောစောင်ကို ဆွဲလှပ်ကြည့်လိုက်၏။ စာချဆရာတော်ထံမှ "ဟင်"ဟူသော အာမေဋိတ်သံသည် တ[illegible]တသြ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေကထိုင်အဝါလေးကို ရင်ဘတ်ပေါ်တင်ကာ လက်နှစ်ဖက်ဖြင့် ဖိထားပြီး အသက်ပျောက်နေသော အရှင်ယုဇနကို တွေ့ရသောကြောင့် ပေတည်း။ သေဆုံးသွားပြီဖြစ်သော်လည်း အရှင်ယုဇန၏မျက်လုံးအိမ်မှ မျက်ရည်စီးကြောင်းကြီးများကိုကား အထင်အရှားတွေ့နေရသေး၏။

ဖော်ပြခဲ့သော ဝါဝါနှင့်ယုဇနတို့သည်ကား သေလောက်အောင်ပင် လောဘမီးအလောင်ခံကြရခြင်းဖြစ်၏။ လောဘသည် နံပါတ်တစ် အသက် ဝိညာဉ်ကိုစွဲလမ်းသည်။ နံပါတ်နှစ် ခန္ဓာကိုယ်အသွေးအသားကိုစွဲလမ်းသည် နံပါတ်သုံး ဥစ္စာရွှေငွေကိုစွဲလမ်းသည်။ စွဲလမ်းမှု အားအသေးဆုံးအဆင့်မှ စ၍ လောဘစိတ်ကို စွန့်ကြရမည်ဖြစ်သည်။

တစ်စ တစ်စ၊ စွန့်ဝံ့မှလျှင်

ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်း၏

ဟူသော ဥပဒေလေးသည် ဤနေရာနှင့် အကိုက်ပင်ဖြစ်နေသည်။ ထိုလောဘကို နည်းနည်းစွန့်နိုင်လျှင် နည်းနည်းချမ်းသာ၏။ များများစွန့် နိုင်လျှင် များများချမ်းသာ၏။ လောဘအကုန်လုံးကို စွန့်နိုင်လျှင် နိဗ္ဗာန် ချမ်းသာကိုပါ ရမည်ဖြစ်၏။

နံပါတ်သုံးဖြစ်သော ပြင်ပဥစ္စာပစ္စည်းအပေါ် တွယ်တာသည့်လောဘ ကို စွန့်နိုင်ရုံမျှနှင့် ရရှိလာသည့် ချမ်းသာကား များပြားလှ၏။ အပါဒါန် ပါဠိတော်တွင် ဒုဿမည်သော ရဟန္တာမထေရ်မြတ်တစ်ပါး၏အကြောင်းကို ဖော်ပြထားသည်။ ဒုဿသည် ပုဆိုးကိုဟောသည်။ ထိုမထေရ်သည် လွန်ခဲ့ သော ကမ္ဘာတစ်သိန်းက ပွင့်တော်မူသည့် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက် တော်အခါက ဆင်းရဲသား မြက်ရိတ်သမားတစ်ယောက် ဖြစ်ခဲ့ရသည်။

မည်မျှဆင်းရဲသနည်းဆိုလျှင် အင်္ကျီပင်မရှိဘဲ ပုဆိုးနှစ်ထည်သာရှိ သည်။ တစ်ထည်ကို ခါးမှာဝတ်ပြီး ကျန်တစ်ထည်ကို ကိုယ်ပေါ်ခြုံထားရ သည်။ တစ်နေ့တွင် ပဒုမုတ္တရမြတ်စွာဘုရားကိုဖူးတွေ့ရရာ ကြည်ညိုသွား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပြီး ကိုယ်ပေါ်ခြုံသော ပုဆိုးကို သင်္ကန်းအဖြစ် လှူဒါန်းလိုက်လေသည်။

ဒီလောက်ဆင်းရဲတဲ့ဒကာဆီကပုဆိုးကို မြတ်စွာဘုရားက ဘာ့ကြောင့် အလှူခံရတယ်မသိဘူးဟု သဒ္ဓါနည်းသူအချို့က စောဒကတက်ချင်ပေလိမ့်မည်။ အဖြေကား ထိုဒကာကို ချီးမြှောက်ချင်သောကြောင့်သာ အလှူခံခြင်းဖြစ်သည်။ ထိုအလှူကြောင့် ဆင်းရဲသားဒကာသည် ယခုဘဝသော်လည်းကောင်း၊ ဒုတိယဘဝသော်လည်းကောင်း၊ တတိယဘဝသော်လည်းကောင်း၊ ဘဝတစ်ခုခု၌ ဖလ်ပေးရကောင်းကျိုးပေးပေလိမ့်မည်။

## ကိုယ်ချင်းမစာရမည့်နေရာ

တကယ့်ပညာရှိသူတော်ကောင်းကြီးတို့၏အပြုအမူကို သာမန်လူများက သူတို့စိတ်နှင့် ကိုယ်ချင်းစာကြည့်လျှင် မှားတတ်သည်သာများသည်။ အင်းဝခေတ်က စာတတ်အကျော် ညောင်ကန်ဆရာတော် ဦးဗုဒ်၏ မယ်တော်ကြီးသည် အိမ်မီးလောင်ခံရသဖြင့်သာ ဘုန်းကြီးထံ ငိုကြီးချက်မနှင့် ပြေးလာပြီ။

“သားဘုန်းကြီး မယ်တော်ကြီးကိုကယ်ပါ။ ရေတွင်းမှာ ရေချိုးသွားတုန်း အိမ်မီးထဲပါသွားလို့ ဘာမှ မရလိုက်ပါဘူး။ အခုရင်လျှားဝတ်လာတဲ့ ထမိန်နဲ့ အပေါ်က ခြုံထားတဲ့ တစ်ဘက်ပဲကျန်ပါတော့တယ်” ဟု လျှောက်၏။ ဆရာတော်သည် မယ်တော်ကြီးကို တစ်ချက်ကြည့်ပြီး

“ဒါဆိုယင် ဒါယိကာမကြီး တော်တော်ဆင်းရဲသွားတာပေါ့”

“မှန်ပါ ကုန်းကောက်စရာမရှိအောင် ဆင်းရဲသွားပါပြီဘုရား”

“ဒါဆိုယင် ချမ်းသာချင်သလား”

“ချမ်းသာချင်ပါတယ်ဘုရား”

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းသာချင်ယင် ဒါနပြုရတယ်။ ကဲ ဒါယိကာမကြီးဟဘက်ကို ဘုန်းကြီးလှူခဲ့ပေတော့"

ဘုန်းကြီးမယ်တော်ပိပိ နားမဝေးသော မယ်တော်ကြီးကလည်း တစ်ထည်တည်းသာကျန်သော တဘက်ကို ဝမ်းသာကြည်နူးစွာ ပေးလှူလိုက်၏။ အပေါ်ယံကြည့်လျှင် ဟိုမှာ မီးလောင်လို့ ဆင်းရဲပါတယ်ဆိုမှ ကျန်တဲ့တဘက်ကို အလှူခံနေသေးတယ်ဟု အပြစ်မြင်စရာပင်ဖြစ်၏။

ဆရာတော်၏အမြင်ကား မယ်တော်ကြီးသည် မင်းကိုးကွယ်သော ဆရာတော်၏ မယ်တော်ဖြစ်သောကြောင့် မင်းကိုယ်တိုင် ချီးမြှောက်ထားသော အိမ်နှင့်ခြံနှင့်နေရ၏။ ထိုကြားထဲက ဘာမှမကျန်တော့အောင် မီးလောင်ခံရသည်ဆိုသည်မှာ မယ်တော်ကြီးမှာ အကုသိုလ်တွေများပြီး ကုသိုလ်ကရားနည်းနေသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ကုသိုလ်ဆက်ပေးသည့်အနေဖြင့် မယ်တော်ကြီး၏ ဟဘက်ကို အလှူခံခြင်းဖြစ်သည်။ ဆရာတော် တွေးထင်ယူဆသည့်အတိုင်း မယ်တော်ကြီး၏ တဘက်အလှူသည် ယခုဘဝမှာပင် ကောင်းကျိုးပေးပါသည်။ မယ်တော်ကြီးသည် အိမ်မီးလောင်ခံရပြီး ဘာမှမရှိသည့်ကြားထဲက ဆရာတော်ကို တဘက်တစ်ထည်လှူသပဲ့ဟူသော သတင်းသည် တစ်မြို့လုံးသို့ ပြန့်နှံ့သွားသည်။

မယ်တော်ကြီးကို အားလုံးက လေးစားသွားကြပြီး မင်းနှင့်တကွ ပြည်သူများက ပိုင်းဝန်းဆောက်ပံ့ကြရာ မီးမလောင်ခင်ကထက်ပင် ပစ္စည်းဥစ္စာ ပိုမိုပြည့်စုံသွားလေသည်။ ထို့ကြောင့် တကယ့်ပညာရှိသူတော်ကောင်းကြီးများ၏ အပြုအမူကို သာမန်လူများက သူတို့စိတ်နှင့်နှိုင်းပြီး ကိုယ်ချင်းစာကြည့်လျှင် မှားတတ်သည်သာများသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ယခုသည်း မြဲတာရိုက်သမားသည် ဗုဒ္ဓကို သက်န်းအပြင်ဒဲသုံးရန်

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးတစ်ထည်ကိုလှူခဲ့သောကုသိုလ်ကြောင့် တစ်နည်းပုဆိုးတစ်ထည်အပေါ်မှာ တွယ်တာသော နံပါတ်သုံး လောဘကို ပယ်သတ်နိုင်ခဲ့ခြင်းကြောင့်

ကမ္ဘာတစ်သိန်း အပါယ်တံခါးပိတ်ခြင်း

လူချမ်းသာကို အကြိမ်ကြိမ်ခံစားရခြင်း

နတ်ချမ်းသာကို အကြိမ်ကြိမ်ခံစားရခြင်း

သိကြားမင်းဘဝ ၃၆ ကြိမ်ဖြစ်ရခြင်း

၃၃ ကြိမ် စကြာမင်းဖြစ်ရခြင်း

ပဒေသရာဇ် ဧကရာဇ်မင်းဘဝသို့

မရေမတွက်နိုင်အောင်ရောက်ရခြင်း

နောက်ဆုံးဘဝတွင်လည်း ဂေါတမမြတ်စွာဘုရား သာသနာတွင် လွယ်ကူသောအကျင့်၊ လျင်မြန်သောအသိဉာဏ်ဖြင့် ရဟန္တာဖြစ်ရခြင်းဟူသော ကောင်းကျိုးတို့ကို ခံစားခဲ့ရပေသည်။

နိဗ္ဗာန်ရွှေပြည်ရောက်ခဲ့သည်

ပါရမီမချရ၊

ပါရမီချလျှင်၊ ဝဋ်ထဲတွင်

မူပင်ဆင်းရဲရ

ဟူသော မဟာစည်ဆရာတော်ဘုရားကြီး၏ အဆုံးအမ လင်္ကာလေးအတိုင်း ငါ့မှာ ပါရမီမှမရှိတာ နိဗ္ဗာန်ရောက်မှာမဟုတ်ပါဘူးဆိုပြီး ပါရမီလွဲချကာ အလကားနေလျှင် နိဗ္ဗာန်ကို ဘယ်သောအခါမှ ရောက်လိမ့်မည်မဟုတ်ပေ။ ပါရမီဟူသည် မိုးကျရွှေကိုယ်မဟုတ် လုပ်ယူမှရကောင်းသောအရာဖြစ်သည်။ ထို့ကြောင့် ပြင်ပဉစ္စာပစ္စည်းအပေါ် စွဲလမ်းသော လောဘမှစ၍ တဖြည်းဖြည်းချင်း စွန့်လာလျှင် နောက်ဆုံးတွင် ဒုဿမထေရ်ကဲ့သို့ အသက်ဝိညာဉ်အပေါ် တွယ်တာသည့်လောဘကိုပါစွန့်နိုင်သော ရဟန္တာတော် ဖြစ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



# ထန်းလျက်နှစ်လုံးနဲ့လောကဓာတ်

စာရေးသူ၏ ကျင့်စဉ်တစ်ခုကို တင်ပြပါမည်။ စာရေးသူတို့ စာသင်သားဘဝကပင်ဖြစ်၏။ တစ်ညတွင် စာပြန်အပြီး ဆာဆာရှိသည်နှင့် ထန်းလျက်ဗူးကိုဖွင့်လိုက်ရာ နှစ်လုံးသာရှိတော့သည်။ ထိုအချိန်မှာပင် အနားရောက်လာသော မိတ်ဆွေတစ်ပါးက သူ့ကိုပါကျွေးရန် တောင်းခံလာသည်။ လောဘဓာတ်က မကျွေးနိုင်။ နှစ်လုံးတည်းရှိသောကြောင့်ဟု အကြောင်းပြ၏။ နှစ်လုံးရှိသည့်အနက် တစ်လုံးက ဗီးထန်းလျက်၊ တစ်လုံးက ရိုးရိုးထန်းလျက်ဖြစ်သည်။

ထိုအချိန်က စာရေးသူသည် ကိုရင်ဘဝသာရှိသေးသည်။ သို့သော် လောဘဓာတ်ကို အလျှော့မပေးပေ။ ထို့ကြောင့် ဘယ်လောက်နည်းနည်း နှစ်လုံးရှိတာ တစ်လုံးပေးမယ်ဟု ဇွတ်ဆုံးဖြတ်လိုက်သောအခါ လောဘဓာတ်က တစ်မျိုးလာပြန်သည်။ ပေးတော့ပေးမည် သို့သော် စားရခဲ့သော ဗီးထန်းလျက်ကိုကား မပေးနိုင်။ ရိုးရိုးထန်းလျက်သာပေးမည်တဲ့။

ဤကား လောဘဓာတ်ကတစ်မျိုးနှင့်မရလျှင် နောက်တစ်မျိုးဖြင့် လူသားအား ချယ်လှယ်အုပ်စိုးနေပုံကို မြင်သာအောင်ပြခြင်းဖြစ်၏။ နောက်ဆုံး၌ စာရေးသူက ဟယ် လှူတယ်ဆိုတာ ကိုယ်အကြိုက်ဆုံး၊ အကောင်းဆုံးကို လှူရတယ်။ ဒါမှ နောင်အကျိုးပေးတဲ့အခါ ကိုယ်အကြိုက်ဆုံး၊ အကောင်းဆုံးကို အကျိုးပေးမှာပေါ့ဟူသော လူပြိန်းကြိုက်တရားလေးနှင့် ကိုယ့်ကိုယ်ကို ဆုံးမခါ ဗီးထန်းလျက်ကိုသာ ပေးလှူလိုက်ပါသည်။

ပထမငယ်တန်းအောင်သောနှစ်က တောင်သာမြို့ခံ ဒကာကြီး တစ်ယောက်သည် စာမေးပွဲအောင်သံဃာများကို တခြားအသုံးအဆောင် ပစ္စည်းများနှင့်အတူ ဖြူဖွေးနေသော လက်ကိုင်ပုဝါလေးတစ်ထည်စီပါ လှူဒါန်းသည်။ စာရေးသူအပါအဝင် စာအောင်သံဃာများသည် တခြားပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



ထက် အစကောင်းဖြင့် ချုပ်ထားသော လက်ကိုင်ပုဝါအဖြူလေးကို အနှစ်သက်ဆုံးဖြစ်နေကြသည်။

စာမေးပွဲအောင်ဆုလည်းဖြစ်၊ အနှစ်သက်ဆုံးလည်းဖြစ်သဖြင့် စာရေးသူက ချက်ခြင်းမသုံးရက်ဘဲ သေတ္တာထဲထည့် သော့ခတ်ထားလိုက်သည်။ တစ်နေ့တွင် ပညာဓာတအမည်ရှိ ကိုရင်တစ်ပါးက ထိုလက်ကိုင်ပုဝါကိုလာ၍ အလှူခံသည်။ စာရေးသူသည် မိမိ၏ လောဘစာတ်ကို အသိဉာဏ်ချွန်းနှင့်နှိမ်ကာ လှူဒါန်းလိုက်ပါသည်။

တောင်သာမြို့၊ ဘာယမမ္မာရုံကြီးဘေးနားတွင် မိုးကုတ်ဝိပဿနာ ရိပ်သာဆောက်မည်ဟု သိရသောအခါတွင်လည်း မရှိမဲ့ရှိမဲ့ သင်္ကန်းတစ်စုံကို ရောင်း၍ အလှူငွေ ထည့်ဝင်ခဲ့ပါသည်။ ထိုစာသင်တိုက်တွင်နေစဉ်က (၁)နှစ်မှ သင်္ကန်းတစ်စုံသာရပါသည်။ စာရေးသူသည် ထိုသို့ ကိုရင်ဘဝက တည်းက လောဘကို အခွင့်ကြုံတိုင်း အနိုင်တိုက်နေသည်ဖြစ်ရာ အသက်ရလာသည်နှင့်အမျှ လောဘစာတ်ကို ပို၍နိုင်လာပါသည်။

စာရေးသူ တောင်သာကျောင်းသစ်ကျောင်းစာသင်တိုက်မှ အကြီးတန်း (၁)နှစ်ဖြေပြီးသောအခါ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်သို့ရောက်သည်။ ရဟန်း၊ အသိ၊ ဒကာ၊ ဒကာမ အသိတစ်ယောက်မှ မရှိသဖြင့် စားရေး၊ သောက်ရေး အင်မတန်မှ ဒုက္ခရောက်ပါသည်။ အမရပူရမှ မယ်တော်ကြီးက ငါးပိကြော်၊ ငါးခြောက်ကြော်လေးပို့ပေး၍သာ တော်သေးသည်။

ဆွမ်းခံအိမ်ဖိတ်ပေးသူမရှိ၍ စိန့်ပန်းရပ်ကွက်ထဲတွင် အိမ်စဉ်လှည့် ခံရသည်။ ရပ်ကိုယ်တော်ကို ထိုင်ကိုယ်တော်လောက် ဂရုမစိုက် မလောင်းပေ။ ထို့ကြောင့် ဆွမ်းမှာ စားလောက်အောင်ရသော်လည်း ဟင်းက စားလောက်အောင်မရ။ ချဉ်ရည်ဟင်း၊ ပဲပြုတ်နှစ်ခွက်လောက်ရသောနေ့သည် ဟင်းအရဆုံး၊ အကောင်းဆုံးနေ့ပင်ဖြစ်သည်။

တစ်ခါတစ်ရံ တစ်ရပ်ကွက်လုံးလှည့်ပြီးသည်အထိ အကြော်တစ်ခု ရလာရသောအခါလည်းရှိသည်။ မန္တလေးတွင် လူထက်သံဃာက

www.burmeseclassic.com

www.burmeseclassic.com



များသလိုဖြစ်နေသည်။ အိမ်တစ်အိမ်တွင် ထိုင်ကိုယ်တော်က အနည်းဆုံး ဆယ်ပါးခန့်ရှိသည်။ တစ်ချို့အိမ်ဆိုလျှင် အပါး ၅၀ လောက်ထိ လက်ခံ လောင်းလှူတာကိုလဲ တွေ့ရသည်။

စာရေးသူတို့လို ရပ်ကိုယ်တော်များ၊ ဟင်းအရနည်းသည်မှာလည်း မလောင်းချင်၍မဟုတ်။ မတတ်နိုင်၍သာဖြစ်သည်။ တစ်နေ့တွင် စာရေး သူသည် ထူးထူးခြားခြား ဟင်းသုံးခွက်ထိ ရလာသည်။ ရနေကျ ချဉ်ရည် **ဟင်းနှင့် ပဲပြုတ်အပြင် ဝက်သားဆီပြန်တစ်ခွက်ပါ ပါလာသည်။**

ဆွမ်းစားရန် ပြင်ဆင်နေစဉ်မှာပင် စာရေးသူထက်ပင် လာဘ်လာဘ နည်းသော ဦးမေ့သနအမည်ရှိ ကိုယ်တော်တစ်ပါးက သူ့တွင် ဆီမပါသော ပဲပြုတ်တစ်ခွက်သာရလာ၍ ဘယ်လိုမှ စားမဖြစ်ပါ။ ငါးပိကြော်ရှိယင် နည်းနည်းမျှပါဟု အလှူခံလာသည်။ စာရေးသူက ချက်ခြင်းပင် ဝက်သား ဟင်းခွက်ကိုယူပြီး တစ်ခွက်လုံး လှူလိုက်ပါသည်။

## တကယ့်သူတော်ကောင်းအဆင့်

**တစ်သံသရာလုံးက မိမိကိုနိုင်လာသော လောဘစိတ်ကို မိမိက ပြန်၍ အနိုင်ယူရသည်ကား အရသာရှိပေစွ။ ယူရသော အရသာနှင့်ပေးရ သော အရသာတို့တွင် ပေးရသောအရသာကို နှစ်သက်သောအဆင့်ကို ရောက်လာပြီဆိုမှသာလျှင် တကယ့်သူတော်ကောင်းအဆင့်ကို ရောက်ပြီဟု ဆိုသင့်သည်။**

ဝက်သားဟင်းတစ်ခွက်အပေါ်မှာ တွယ်တာသောလောဘကို သတ် နိုင်သည်နှင့် စာရေးသူမှာ စိတ်လည်းချမ်းသာသည်။ ကိုယ်လည်း ချမ်းသာ သည်။ စိတ်ချမ်းသာခြင်းဟူသည် ခက်ခဲစွာ လှူလိုက်ရသော ကိုယ့်အလှူကို ပြန်တွေးမိတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရခြင်းပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချမ်းသာခြင်းဟူသည် ဝက်သားဟင်းခွက်လျှပြီး နောက်ရက်မှစ၍ ဆွမ်းခံအိမ်များသည် သူတို့ကိုယ်တိုင် ထိုင်အိမ်ပင့်ပြီး ဂရုတစိုက်လောင်းလှူကြရာ ဆွမ်းသည် သပိတ်နှင့် အပြည့်အသိပ်ရသလို ဟင်းခွက်သည်လည်း အနည်းဆုံး ၁၅ ခွက်မှ ခွက် ၂၀ ကျော်ထိ နေ့စဉ် ရရှိလာခြင်းပါတည်း။

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ကြံခင်းကျောင်းစာသင်တိုက်တွင် စာချဘုန်းကြီးဘဝသို့ရောက်လာသောအခါတွင်လည်း စာရေးသူက လောဘဓာတ်ကိုနိုင်ပြီးယင်းနိုင်ယင်းသာဖြစ်၏။ ထိုကျောင်းတိုက်ကို ကိုးကွယ်သော ဒကာ၊ ဒကာမတို့အိမ်များ ပတ်ခြာလည် အကုန်မီးလောင်သွားသဖြင့် ကျောင်း သည် မီးလောင်ပြင်တွင် ထီးတည်းကြီးကျန်ရစ်သည်။

ပရပဋိဗဒ္ဓ ဒကာ၊ ဒကာမ အထောက်အပံ့ကိုမှီ၍သာ သာသနာပြုရသော ရဟန်းသံဃာများဖြစ်သဖြင့် ထောက်ပံ့နိုင်သော ဒကာ၊ ဒကာမများမရှိသောအခါ ထိုကျောင်းတိုက်သံဃာများ ဆင်းရဲကြရသည်။ ထိုအချိန်တွင်ရောက်သွားသော စာရေးသူလဲ ဆင်းရဲရတော့သည်သာ။

စာရေးသူက ဆင်းရဲသည့်ကြားထဲတွင် ဆွမ်းစား၊ ကွမ်းစားရသမျှလာဘ်လာဘဝတ္ထုငွေများကို စုဗူးဖြင့်စုထားသည်။ အိုဟောင်း၊ ယိုင်နဲ့နေသောကျောင်းများကို ပြင်ဆောက်ခဲ့လျှင် ကိုယ့်ချွေးနည်းစာလေးဖြင့် လှူချင်၍စုခြင်းဖြစ်သည်။ တစ်နေ့တွင် အရိယာအမည်ရှိ ကိုရင်တစ်ပါးက စာရေးသူကိုစာချဘုန်းကြီးဆိုပြီး အထင်ကြီးကာ သက်န်းအလှူလာခဲ့သည်။

ဝတ်သူက မွဲသူထဲ အကူအညီတောင်းခြင်းမျိုးပါတည်း။ သူ့မှာဆွမ်းခံထွက်ဖို့ ရုံစရာသင်္ကန်းမရှိလို့ပါတဲ့။ စာရေးသူမှာလဲ အပိုမရှိ။လေးငါးလခန့်ကတည်းကစုထားသော ဗီးကွက်ရုပ်စုဗူးကြီးကို ချက်ခြင်းဖောက်လိုက်သည်။ ငွေ ၄၅၀ ခန့်ရသည်။ သူအလှူလာခဲ့ချိန်က ည ၉ နာရီ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် သက်န်းဆိုင်တွေ မရှိတော့။ သက်န်းပေါသော စာသင်သားတစ်ပါးထံမှ ရှုန်သက်န်း တစ်စုံကိုဝယ်ပြီး ချက်ခြင်းလှူလိုက်သည်။

ထိုနေ့မှစပြီး ယခုအချိန်တိုင်အောင် စာရေးသူမှာ သက်န်းတွေ တအားရလာသည်။ တစ်နှစ်လျှင် ကျောင်းရှိ သံဃာများနှင့် ဘေးမှ သံဃာများကို စာရေးသူက ပြန်လှူသော သက်န်းပင် အစုံ ၆၀ ကျော်ထိ ရှိသည်။ အမှတ်(၃)လောဘကို အနိုင်ယူလိုက်သောအခါ စာရေးသူသည် တစ်ဆင့်တက်ပြီး ခန္ဓာကိုယ်အသွေးအသားအပေါ် စွဲလမ်းတပ်မက်သည့် နံပါတ် (၂) လောဘကိုလည်း အနိုင်တိုက်နေပါပြီ။

ယခုဆိုလျှင် စာရေးသူသည် သွေးအကြိမ်(၅၀)လှူပြီးပြီ။ မျက်ကြည်လွှာလဲ စာရင်းပေးလှူထားပြီး။ နောက်ယပ် ခန္ဓာကိုယ်နှင့် ကျောက်ကပ်ကိုပါ လှူနိုင်သည်အထိ ဆက်၍ ကြိုးစားသွားရပေမည်။

မှတ်ချက်။ ယခုဖြစ်ရပ်တို့၏အကျယ်ကို ရေးသားပြီးသော်လည်း မထုတ်ဝေရသေးသောဘဝနှင့် ရင်းရသော အတွေးအမြင်များစာအုပ်တွင် ဆက်ဖတ်ရပါမည်။

## ဗုဒ္ဓအလိုကျ ဒါနပြုနည်း

ဗုဒ္ဓအလိုကျ ဒါနပြုနည်းဖြစ်အောင် အင်္ဂုတ္တိုရ်ပါဠိတော်လာ သပ္ပုရိသဒါနသုတ်ကို လေ့လာကြရမည်။ မြန်မာပြန်လျှင် သူတော်ကောင်းတို့ပြုသော ဒါနဟု အဓိပ္ပာယ်ရသည်။ အင်္ဂါငါးချက်ရှိသည် ယင်းတို့မှာ-

ရတနာသုံးပါးကို ကြည်ညိုခြင်း
အလှူခံပုဂ္ဂိုလ်ကို ရိုသေခြင်း
လိုအပ်သောအရာကိုလှူခြင်း
လှူပြီးဝတ္ထုကို မစွန်းငြိခြင်း
မိမိအလှူအတွက် သူတစ်ပါးကို မထိခိုက်ခြင်း

[illegible] ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပုဒ်။ သဒ္ဒါကြည်ညို၊ ရှိသေလှူစွာ
အခါကိုသိ၊ မစွန်းငြိဘဲ
မထိမပါး၊ ဤငါးပါး
မှတ်သားသပ္ပုရိသ
မြတ်ဒါန။

ဒါနတောဘောဂဝါ = ဟူသော ဒေသနာအတိုင်း ဒါနပြုသူမှန်သမျှ ဖြစ်ရာဘဝတွင် ပစ္စည်းဥစ္စာပေါများမည်ကား ဧကန်ပင်ဖြစ်၏။ ဖော်ပြပါ အင်္ဂါငါးချက်နှင့်ညီအောင် လှူဒါန်းနိုင်လျှင် ပစ္စည်းဥစ္စာ ပေါများချမ်းသာ သည့်အပြင် အကျိုးထူးငါးမျိုးကိုလည်း ပိုမိုရနိုင်ပေသည်။

သဒ္ဒါကြည်ရွှင်၊ လှူဒါန်းလျှင်၊
ရုပ်သွင်အဆင်းလှ။

ရတနာသုံးပါးကိုကြည်ညိုသော သဒ္ဒါစိတ်များများဖြင့် ပေးလှူ ခဲ့လျှင် ဖြစ်ရာဘဝတွင် ချမ်းသာသည့်အပြင် ရုပ်ရည်ချောမောလှပခြင်း ဟူသော အကျိုးထူးတစ်ခုကို ပိုမိုခံစားရပေသည်။ ယခုခေတ်တွင်လည်း တစ်ချို့သူဋ္ဌေးများ၊ ပစ္စည်းဥစ္စာလည်း ပေါများချမ်းသာသည်၊ ရုပ်လည်း ချောမောလှပသည်။

တစ်ချို့သူဋ္ဌေးများကား ပစ္စည်းဥစ္စာ ချမ်းသာသော်လည်း အရုပ်ဆိုး အကျည်းတန်ကြသည်။ ဤသည် ယခင်ဘဝ ဒါနပြုကြစဉ်အခါတုန်းက ရတနာသုံးပါးကို ကြည်ညိုခြင်း၊ မကြည်ညိုခြင်းဟူသော အချက်က ကွဲပြားခြားပေးလိုက်ခြင်းသာဖြစ်သည်။

ရှိသေလှူခြား၊ သူ့စကား
အများနာယူကြ။

အလှူခံပုဂ္ဂိုလ်ကို ရိုရိုသေသေ လှူဒါန်းလျှင် ပစ္စည်းဥစ္စာ ပေါများ ချမ်းသာသည့်အပြင် သြဇာအာဏာညောင်းခြင်း၊ ထင်ပေါ်ကျော်ကြားခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အကျိုးထူးကို ပိုမိုရရှိသည်။ ဇေတဝန်ကျောင်း ဒကာ အနာထပိဏ် ဟုဆိုလျှင် ဗုဒ္ဓဘာသာတိုင်းလိုလိုသိသည်။ ပုဗ္ဗာရုံကျောင်း အမဝိသာခါ ဆိုလျှင်လည်း ထိုနည်းတူပင်။

တကယ်တော့ သူတို့နှစ်ယောက်သည် အိမ်ထောင်သည်များဖြစ်ကြ၏။ ဇေတဝန်ကျောင်းကို အနာထပိဏ်ရော သူ့ဇနီးရော နှစ်ယောက်စလုံးက လှူဒါန်းကြခြင်းဖြစ်သည်။ ပုဗ္ဗာရုံကျောင်းကိုလည်း ဝိသာခါရော၊ သူ့ခင်ပွန်းရော နှစ်ယောက်စလုံး လှူဒါန်းခဲ့ကြသည်သာဖြစ်၏။ သို့ဖြစ်ပါလျက် နှစ်ပေါင်း ၂၅၄၆ နှစ်ကျော်လာသည်အထိ အနာထပိဏ်နှင့် ဝိသာခါတို့၏ နာမည်သာလျှင် ယနေ့အချိန်ထိ ထင်ရှားလျက်ရှိပြီး သူတို့ပါရမီဖြည့်ဖက် များနာမည်ကား အဘယ့်ကြောင့် လူသိနည်းရသနည်း။

အဖြေကား ဒါနပြုကြစဉ်အခါတုန်းက ဝိသာခါနှင့် အနာထပိဏ် တို့က သဒ္ဓါစေတနာအားကောင်းခဲ့ပြီး သူတို့ပါရမီဖြည့်ဖက်များက သဒ္ဓါစေ ဒါနအား မကောင်းခဲ့သောကြောင့်ပါတည်း။ အနာထပိဏ်၏ ဇနီးသည် အမည်ကို ပုညလက္ခဏာဒေဝီဟုခေါ်၍ ဝိသာခါ၏ခင်ပွန်းအမည်ကို ပုဏ္ဏဝဍ္ဎန ဟုခေါ်သည်။

## အုံသြစရာကြံပြိတ္တာ

ပေတဝတ္ထု ပါဠိတော်တွင် အံ့သြစရာ ကြံပြိတ္တာတစ်ယောက်၏ အကြောင်းကို ဟောကြားထားသည်။

တစ်နေ့တွင် အရှင်သာရိပုတ္တရာသည် ကောင်းကင်ခရီးမှ ရှာန်ယာဉ် စီးပြီးကြွလာစဉ် ရောမကြံခင်းကြီးတစ်ခင်းရှေ့၌ ရှိက်ကြီးတငင်ငိုကြွေးနေ သော ပြိတ္တာတစ်ယောက်ကိုတွေ့ရသဖြင့် ဆင်းသက်ကြွလာကာ မေးမြန်း လေသည်။

"အသင်ပြိတ္တာ အဘယ့်ကြောင့် ငိုကြွေးနေသနည်း"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်ဟာ ဒီကြဲခင်းကြီးကိုပိုင်တဲ့ပြိတ္တာပါပဲ၊ ဒါပေမယ့် ကြဲတွေကိုစုပ်မယ်ဆိုတဲ့အကြံနဲ့ သွားချိုးလိုက်ရင် ကြဲတွေဟာ အလိုလို ပျောက်ပျက်သွားပါတယ်၊ ဒါ့ကြောင့် အစာရေစာငတ်လွန်းလို့ ငိုကြွေးနေ ဘာပါဘုရား၊ တပည့်တော်ဒုက္ခကို ကယ်တင်တော်မူပါဘုရား။"

ထိုအခါ အရှင်သာရိပုတ္တရာသည် ပြိတ္တာကြီး၏ရှေးအတိတ်ကံကို အဘိညာဉ်တန်ခိုးဖြင့် ဆင်ခြင်ကြည့်ပြီးလျှင် အောက်ပါအတိုင်း အကြံပေး လေ၏။

"အသင်ပြိတ္တာသည် အရင်လူဖြစ်စဉ်ဘဝက အိပ်၊ စား၊ ကာမ သုံးမျိုးဖြင့်သာ အချိန်ကုန်ခဲ့သည်။ ဘာကုသိုလ်မှမပြုလုပ်ခဲ့။ ထို့ကြောင့် ဤပြိတ္တာဘုံသို့ ကျရောက်ရခြင်းဖြစ်သည်။ သို့သော် တစ်နေ့တွင် သင်သည် ကြံတစ်ချောင်းကိုစုပ်ပြီးသွားလျက်ရှိစဉ် ကလေးငယ်တစ်ယောက်က သင့်ထံ မှ ကြံတစ်ဆစ်လောက်ပေးရန် နောက်မှလိုက်၍တောင်းသည်။

ထိုအခါ သင်က ကြံတစ်ဆစ်ကို နောက်ပြန် မရိုမသေပစ်ပေးလိုက် သည်။ ကလေးငယ်အား ကြံတစ်ဆစ်လှူခဲ့သည့်ဒါနကြောင့် ယခုကြံခင်း ကြီးကို သင်ပိုင်ရခြင်းဖြစ်သည်။ သဒ္ဓါစေတနာမရှိဘဲ မရိုမသေ နောက်ပြန် ပစ်ပေးခဲ့သောကြောင့် ယခု ကြံများကိုလည်း သင်သည် နောက်ပြန်သွား ၍ ယူမှသာရမည်။"

ထိုနေ့မှစ၍ ပြိတ္တာကြီးသည် သူ၏ကြံခင်းကို နောက်ပြန်သွား၍သာ ချိုးယူစားသုံးရတော့သည်။ ထို့ကြောင့်ပင်ထင်ပါသည်။ စာရေးသူတို့ ဥပဇ္ဈာယ်ဆရာဆိုလျှင် စာရေးသူတို့လို တပည့်သားမြေးကို သကာ်နီ၊ ဖိနပ် များ စွန့်ကြဲသည့်အခါ၌ပင် လက်နှစ်ဖက်ဖြင့် သေချာကိုင်ပြီး ရိုရိုသေသေ ပေးပါသည်။

အခါသင့်သဖြင့် လှူတဲ့လင့်၊
ချိန်သင့်ကောင်းကျိုးရ။

www.burmeseclassic.com

www.burmeseclassic.com



တတိယအင်္ဂါကို ကာလဒါနဟုခေါ်သည်။ အလှူခံပုဂ္ဂိုလ်လိုအပ်သော အခါတွင် လိုအပ်သောအရာကို ပေးလှူရမည်ဟု ဆိုလိုခြင်းဖြစ်၏။ အလှူခံ ပုဂ္ဂိုလ်သည် ၁၄ ယောက်ရှိသည်။

## အလှူခံ ၁၄ ယောက်

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်
ပစ္စေကဗုဒ္ဓါခေါ် ဘုရားငယ်
အရိယာပုဂ္ဂိုလ်ရှစ်ယောက်
သာသနာပအခါ ကိလေသာကင်းအောင်ကျင့်သောရသေ့
သီလရှိသော လူသူတော်ကောင်း
သီလမရှိသောလူမိုက်
တိရစ္ဆာန်

တို့ဖြစ်ပေသည်။ ထို ၁၄ ယောက်တို့တွင် တိရစ္ဆာန်တစ်ကောင်ကောင် ကိုပေးလှူလျှင် ဘဝတစ်ရာ ချမ်းသာသည်။ သီလမရှိသောလူမိုက်ကို ပေးလှူလျှင် ဘဝတစ်ထောင် ချမ်းသာသည်။ သီလရှိသော လူသူတော် ကောင်းကိုပေးလှူလျှင် ဘဝတစ်သောင်းချမ်းသာ၏။ သာသနာပအခါ ကိလေသာကင်းအောင်ကျင့်နေသောရသေ့ကိုပေးလှူလျှင် ဘဝကုဋေတစ်သိန်း ချမ်းသာသည်။

အရိယာ ၈ ယောက်၊ ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဤ ၁၀ ယောက်တို့တွင် မည်သူ့ကိုပင်လှူလှူ ဘဝပေါင်းမည်မျှချမ်းသာမည်ဟု ရေတွက်၍မရနိုင်ကြောင်း ဟောကြားထားပါသည်။

(ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ်)

ပုထုဇဉ် ရဟန်းသံဃာတော်များကိုကား ဝိပဿနာရှုပွားပါက သောတာပန်ကစ၍တည်ရမည်ဖြစ်သောကြောင့် သောတာပန်အရိယာတ

www.burmeseclassic.com



ထည့်သွင်းရမည်ဟု အဋ္ဌကထာဆရာက ညွှန်ပြထား၏။ အလှူခံပုဂ္ဂိုလ် ၁၄ ယောက်တို့အား ဘယ်ပုဂ္ဂိုလ်တွေ့တွေ့ တွေ့သည့်ပုဂ္ဂိုလ်ကို လိုအပ်သလို ပေးလှူရမည်ဖြစ်သည်။

ဒါနပြုခြင်းသည် လောဘကိုပယ်သတ်ခြင်းဖြစ်၍ လိုအပ်နေသော အလှူခံကိုတွေ့ပါလျက် မလှူဘဲ အကျိုးများများရရန်မျှော်ကိုးပြီး မြတ်သော အလှူခံကိုသာ စောင့်စား၍လှူခြင်း၊ မိမိအလှူကို လူသိများစေလိုခြင်းတို့သည် ဒါနပြုသည်နှင့်မတူဘဲ လောဘအမျိုးမျိုးကို အလဲအလှယ်ပြုခြင်းနှင့်သာတူပေ၏။

## အရေးအကြီးဆုံးသည်မျိုးစေ့

လှူချင်သောစေတနာသည် မျိုးစေ့နှင့်တူသည်။ လှူဘွယ်ဝတ္ထုသည် ရေနှင့်တူသည်။ အလှူခံပုဂ္ဂိုလ်သည် မြေနှင့်တူသည်။ သီးပင်တစ်ပင် အောင်မြင်ရန် မျိုးစေ့၊ ရေ၊ မြေ သုံးမျိုးလုံး လိုအပ်၏။ ထိုသုံးမျိုးတွင် အရေးကြီးဆုံးကား မျိုးစေ့ဖြစ်၏။ မြေနှင့်ရေသည် မျိုးစေ့အပင်ဖြစ်လာရန် အထောက်အပံ့ပေးသော အရာများသာဖြစ်၏။

မြေနှင့်ရေ ဘယ်လောက်ပင်ကောင်းကောင်း မျိုးစေ့ကသာ ပိုးထိုးဖြစ်နေလျှင် အပင်ပေါက်မလာတော့ပေ။ မြေနှင့်ရေ ညံ့သော်လည်း မျိုးစေ့ ကကောင်းလျှင် ထိုက်သင့်သလောက် သီးပွင့်မည်သာဖြစ်၏။ ထို့အတူ စေတနာ၊ လှူဘွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့တွင် စေတနာသည် အရေးအကြီးဆုံးဖြစ်၏။

ကောင်းကျိုးချမ်းသာကိုပေးသော အဓိကအကြောင်းမှာ စေတနာပင်ဖြစ်၏။ လှူဘွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့မှာ ထိုစေတနာ ကောင်းကျိုးပေး၍ရအောင် ဝိုင်းဝန်းထောက်ပံ့ကြသော အကြောင်းများသာဖြစ်၏။ လှူဘွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်များမှာ မည်မျှလောက်ပင် ကောင်းမွန်ပါ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း စိတ်စေတနာညံ့ဖျင်းနေပါက အကျိုးပေးကောင်းရန် မလွယ်ကူပေ။

လှူဘွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်က ညံ့ဖျင်းပါသော်လည်း စိတ်စေတနာက ထက်သန်ကောင်းမွန်လျှင် အကျိုးပေးကောင်းသည်သာဖြစ်၏။ သာဓကပြပါအံ့။ မဓုရသဝါဟိနီကျမ်းတွင် သီဟိုဠ်က ရှင်သီဝလိဟုခေါ်ဆိုလောက်အောင် လာဘ်လာဘပေါများသော မထေရ်တစ်ပါးအကြောင်းကို မှတ်တမ်းတင်ထားသည်။

သီဟိုဠ်ကျွန်းတွင် ထူပါရုံအမည်ရှိ စေတီကြီးတစ်ဆူရှိသည်။ ဘုရားဒကာမှာ ဒေဝါနံပိယတိဿမင်းကြီးဖြစ်သည်။ ထိုစေတီတွင် ဂေါတမမြတ်စွာဘုရား၏ ညှပ်ရိုးတော်နှင့် ဘုရားလေးဆူတို့၏ မွေတော်၊ ဓာတ်တော်နှင့် ပရိဘောဂ (အသုံးအဆောင်)များကို ဌာပနာထားသဖြင့် ဘုရားလေးဆူတို့ကို တစ်ပြိုင်နက် ပူဇော်ခွင့်ပေးသကဲ့သို့ဖြစ်၏။

ဘုရားဒကာမှာ ဒေဝါနံပိယတိဿမင်းကြီးဖြစ်သည်။ ထိုစေတီ၏ အနီးတွင် သံဃာတော်ပေါင်း သုံးသောင်းကျော် သီတင်းသုံးနေထိုင်သော ကျောင်းတိုက်ကြီးတစ်တိုက်ရှိသည်။ စေတီအမည်ကိုစွဲ၍ ထူပါရုံကျောင်းတိုက်ဟုခေါ်တွင်သည်။ ကျောင်းဆောင်ပေါင်းများစွာရှိသည့်အနက် ဘုရင့်သံလျက်စွဲတော်အမတ်ကြီး (အသိဂ္ဂါဟက) ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်တွင် စူဠနာဂမည်သော မထေရ်တစ်ပါး သီတင်းသုံးသည်။

တစ်နေ့ မထေရ်ဆွမ်းစားပြီး ကျောင်းဆောင်သို့ပြန်အလာတွင် ပိန်ခြုံးချိနဲ့နေသော ခွေးသားအုပ်မတစ်ကောင်သည် မထေရ်နားရောက်လာပြီး မော့ကြည့်ကာ အစာရလိုရငြား အလှူခံလေသည်။ ခွေးငယ်လေးငါးကောင်ကလည်း ခွေးမကြီး၏နို့ကိုစို့လိုက်၊ နို့မထွက်သဖြင့် ပြန်လွှတ်ကာ တအင်အင်ငြီးလိုက်နှင့် အလုပ်ရှုပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရက်အတန်ကြာ အစာရေစာပြတ်လပ်နေသဖြင့် ခွေးမကြီး၏နို့သီးခေါင်းများမှ နို့ရည်မထွက်နိုင်တော့ပေ။ မထေရ်မှာ ခွေးတော်မကို လွန်စွာသနားကြင်နာမိလေ၏။ သို့သော် ကျွေးစရာ အစားအစာက ဘာမှမရှိတော့။ နေပြထားသောသပိတ်ကို လက်သုတ်ပုဝါဖြင့် ယှုသုတ်သည်ကိုပင် ခွေးမက သူ့အား အစာကျွေးမည်ထင်သဖြင့် မထေရ်အနားသို့ ပိုတိုးလာ၏။

ခွေးတော်မကို အစာကျွေးချင်သော သဒ္ဓါစိတ်ကို မထေရ်သည် ထိန်းမထားနိုင်တော့။ သမံတလင်းတစ်နေရာကို သုတ်သင်ရှင်းလင်းပြီးလျှင် အာခေါင်ကိုလက်ညှိုးထိုးကာအန်ချပြီး ခွေးမကိုကျွေးလိုက်၏။ ရက်အတန်ကြာကတည်းကငတ်နေသောခွေးမသည် ဆာဆာနှင့် တရှိန်ထိုးဟပ်ပြီးစားလိုက်ရာ ခဏနှင့်ကုန်သွား၏။ သို့သော် ဝဟန်မတူသေး၊ မထေရ်၏မျက်နှာကို ဆက်လက်မော့ကြည့်နေသေး၏။

မထေရ်သည် ဒုတိယအကြိမ် အန်၍ကျွေးပြန်၏။ ထိုအကြိမ်တွင်ကား ခွေးမသည် သုံးပုံနှစ်ပုံလောက်ကိုသာ အမြန်စားပြီး နောက်ဆုံးတစ်ပုံလောက်ကိုကား ဖြည်းဖြည်းနေးနေးသာ စားတော့၏။ ထိုအချက်ကို ထောက်ထား၍ ခွေးမသည် ဝသွားပြီဖြစ်ကြောင်း မထေရ်သည် သတိထားမိသွား၏။

ခွေးမစားပြီးသည်နှင့် အိုးခြမ်းကွဲတစ်ခုကို ဆေးကြောပြီး ရေသန့်သန့်ကိုထည့်ကာတိုက်၏။ ခွေးမသည် ရေသောက်ပြီးသွားသောအခါ အရိပ်တစ်နေရာတွင် အသာအယာလှဲချပြီး သူ့ကလေးများကို နို့တိုက်လေ၏။ မထေရ်သည် ခွေးမကိုကြည့်ပြီး သူ့အလှူကို ပီတိသောမနဿ လွန်စွာဖြစ်မိ၏။ ထို့ကြောင့် -

"ငါသည် မိမိကိုယ်ကိုမငဲ့ကွက်ဘဲ စွန့်လှူရသော ဤကောင်းမှုကြောင့် ဖြစ်ရာဘဝ၌ လာဘ်လာဘအရာတွင် အမြတ်ဆုံးဖြစ်ရပါလို၏။ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကိုလည်း လျှင်မြန်စွာ မျက်မှောက်ပြုပါလို၏။"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဝမ်းမြောက်စွာဆုတောင်း၏။ ဤနေရာ၌ မြေနှင့်တူသော အလှူခံသည် ခွေးမ၊ ရေနှင့်တူသော လှူဘွယ်ဝတ္ထုသည် အန်ဖတ်မျှသာ ဖြစ်၍ လွန်စွာညံ့ဖျင်း၏။ သို့သော် မျိုးစေ့နှင့်တူသော စေတနာသည်ကား ထက်သန်ကောင်းမွန်လွန်းလှသောကြောင့် ထိုဒါနသည် မထေရ်မြတ်ကို ယခုဘဝမှာပင် ချက်ချင်းကောင်းကျိုးပေး၏။

ထိုနေ့ညမှာပင် အနုရာဓနေပြည်တော်ရှိ ဒကာ ဒကာမတို့သည် ထောပတ်၊ တင်လဲ၊ ပျားသကာ၊ စတုမဓုတို့ကို မထေရ်မြတ်ထံသို့ ထားစရာ မရှိအောင်ပင် လာ၍လှူကြ၏။ မထေရ်မြတ်သည် ထူပါရုံတိုက်အတွင်းရှိ သံဃာတော်သုံးသောင်းလုံးကို ပြန်၍လှူရ၏။

မနက်အရုဏ်ဆွမ်းအချိန်တွင်လည်း ဆွမ်းနှင့်ဆွမ်းဟင်းများ ထားစရာ မရှိအောင် တစ်ပုံတစ်ပင်ကြီး လာလှူကြပြန်သဖြင့် သံဃာသုံးသောင်းကို ပင့်၍ တစ်ဆင့် ပြန်လှူရပြန်သည်။ နေ့ဆွမ်းခံကြွချိန်တွင်ကား ထူပါရုံ ကျောင်းတိုက်ကြီးအထွက်မှာပင် နတ်များကိုယ်တိုင် မထေရ်မြတ်ကို ဆွမ်း လှူရန် စောင့်နေကြသည်မှာ တစ်မျှော်တစ်ခေါ်ကြီး မဆုံးနိုင်အောင် များပြား လှ၏။

သံဃာသုံးသောင်းကိုပါပင့်၍ကြွရာ အားလုံးအတွက် လုံလောက် လေ၏။ မထေရ်မြတ်ကို ဆွမ်းလောင်းချင်သောသူများမှာ များလှသဖြင့် အိမ်များကို အလှည့်ကျ စီစဉ်ပေးရ၏။ အရှင်မြတ်ကြွနေကျ စန္ဒဝက်လမ်းမ ကြီး၏ အစွန်ဆုံးအိမ်သည် စူဠနာဂမထေရ်ကို ဆွမ်းလောင်းခွင့်ရရန် (၃၂) နှစ်ကြာ စောင့်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်တစ်ကျွန်းလုံးတွင် လာဘ်လာဘအရာတွင် အရှင်သီဝလိ မထေရ်ကဲ့သို့ ကျော်စော်ထင်ရှားလေသည်။ ထိုများပြားလှသော လာဘ်လာဘ များကို အလှူခံနေရသည့်ကြားထဲကပင် ဝိပဿနာကိုရှုမှတ်ရာ လွယ်ကူ သောအကျင့်၊ လျှင်မြန်သောအသိဉာဏ်ဖြင့် လေးမင်္ဂလေးဖိုလ်ရ၍ ရဟန္တာ ဖြစ်၏။

မထေရ်မြတ်ကောင်းခဲ့သည့်ဆုအတိုင်း နှစ်ခုလုံးပြည့်ခြင်းဖြစ်၏။ စေတနာကြူသော မျိုးစေ့မှန်သောကြောင့် အကျိုးပေးကြူသော အပင်သန်ခြင်း ဖြစ်၏။ ထို့ကြောင့် ဒါနပြုသူတိုင်း မျိုးစေ့နှင့်တူသော စေတနာကို အထက်သန်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားသင့်၏။

ဗုဒ္ဓဘာသာအများစုသည် ရတနာသုံးပါးနှင့်ပတ်သက်သောနေရာတို့ ၌ကား ပိုရုံမက လျှံထွက်အောင်ပင်လှူကြ၏။ သို့သော် အစိုးရတန်းကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတားတို့ကိုကား လှူရကောင်းမှန်းမသိကြ။ လှူရကောင်း မှန်းသိသောသူများကလည်း ရတနာသုံးပါးကိုလှူဘာလောက် ကောင်းကျိုး များများမရနိုင်ဟုယူဆ သော မလှူဖြစ်ကြပြန်ပေ။

ရှင်္ဂနာဂမထေရ်သည် အလှူခံ (၁၄)ယောက်တွင် အောက်တန်းအကျ ဆုံးဖြစ်သော ခွေးကိုပင် စေတနာ အထက်သန်စွာလှူခဲ့သဖြင့် ယခုဘဝမှာပင် ကောင်းကျိုးပေးသေးရာ ခွေးထက်အဆင့်မြင့်သော လူသားတို့ကို စေတနာ အထက်သန်စွာ လှူနိုင်မည်ဆိုလျှင် ပိုမို၍ပင် ကောင်းကျိုးပေးစရာရှိပါ၏။

ရှင်္ဂနာဂမထေရ် ရှင်သီဝလိကဲ့သို့ ဘုန်းတန်ခိုးကြီးနေစဉ်အချိန်မှာပင် ဥပါရုံကျောင်းတိုက်မှ ရဟန်းတော်ပါးရာကို့က မချိမဆေသ၊ ဗုဒ္ဓဂါယာသို့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးသွားရန် ပြင်ဆင်ကြသည်။

ငါးရာသော ရဟန်းတို့အတွက် စားရေးသောက်ရေး အဆင်ပြေရန် မလွယ်ကူသဖြင့် စူဠနာဂမထေရ်အရပင့်သွားကြသည်။ ပင့်ရကျိုးနပ်ပါသည်။ စူဠနာဂမထေရ်ပါသွားသောကြောင့် ကုန်းလမ်းခရီးက သွားသောအခါ လူများ၊ နတ်များက အားရပါးရ လှူဒါန်းပူဇော်နေသောကြောင့် အလှူခံယင်း ချီးမြှောက်ယင်း ဖြည်းဖြည်းခြင်းကြွရရာ (၄)လထိကြာသွား၏။

ရေလမ်းခရီးဖြင့် သွားသောအခါတွင်လည်း သမုဒ္ဒရာအတွင်းမှ နတ်နဂါးများက ပင့်ဆောင်ပူဇော်လှူဒါန်းကြပြန်သဖြင့် နောက်ထပ် ၃ လ တိတိကြာပြီးမှ ဗုဒ္ဓဂါယာသို့ရောက်ကြသည်။ ဘုရားများစုံအောင်ဖူးပြီး၍ ပြန်ကြွသောအခါ လမ်းခရီးတွင် စူဠနာဂမထေရ် လေနာရောဂါဖြစ်သည်။ ခန္ဓာဝန်ချမည့်လက္ခဏာကိုတွေ့ရသောအခါ ရဟန်းတော်ငါးရာမှာ မျက်နှာမကောင်း ဖြစ်ကုန်ကြသည်။

ထိုအခါ စူဠနာဂမထေရ်က

''အရှင်ဘုရားတို့ အဘယ့်ကြောင့် မျက်နှာမသာမယာ ဖြစ်နေကြသနည်း''

''တပည့်တော်တို့သည် အရှင်ဘုရား ဘုန်းကံကိုမှီပြီး လာခဲ့ရသောကြောင့် ပစ္စည်းလေးပါး ပေါများချမ်းသာစွာဖြင့် ဗုဒ္ဓ ဂါယာသို့ ရောက်ခဲ့ရပါသည်။ ယခု အရှင်ဘုရား ခန္ဓာဝန်ချသွားပါက အပြန်လမ်းခရီးတွင် တပည့်တော်များ ပစ္စည်းလေးပါး ဆင်းရဲခေါင်းပါးကြပါတော့မည်။ ထို့ကြောင့် မျက်နှာမသာမယာဖြစ်ကြခြင်းပါဘုရား''

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့ ဒီအတွက်နဲ့တော့ စိတ်မကောင်းမဖြစ်ကြပါနဲ့ အကယ်၍ တပည့်တော် လမ်းခုလတ်မှာ ပျံတော်မူခဲ့လျှင် မီးသင်္ဂြိုဟ်ပြီး ကျလာသည့် တပည့်တော်၏ ဓာတ်တော်များကို ရေစစ်တစ်ခုတွင်ထည့်ကာ ရှေ့ဆုံးမှကြွသော မထေရ်ကြီး၏သပိတ်တွင် ချိတ်ထားပါ။ တပည့်တော် ပါလာသကဲ့သို့ပင် အရှင်ဘုရားများ ပစ္စည်းလေးပါး၊ လာဘ်လာဘ ပေါများမြဲ ပေါများကြပါမည်။

ထိုသို့ မှာကြားပြီးမကြာမီမှာပင် မထေရ်မြတ်သည် ခန္ဓာဝန်ချသွားသည်။ မထေရ်မှာခဲ့သည့်အတိုင်း မီးသင်္ဂြိုဟ်ပြီး ကျလာသော ဓာတ်တော်များကို ဝါအကြီးဆုံးမထေရ်က သပိတ်မှာချိတ်ပြီးဆောင်ခဲ့ရာ မထေရ်ပါလာသကဲ့သို့ပင် ပစ္စည်းလေးပါးပေါများကြလေ၏။ ထူပါရုံကျောင်းတိုက်ကြီးသို့ ချမ်းသာချောမောစွာ ပြန်ရောက်ပြီး အမောပြေနားနေကြစဉ် ဝါအကြီးဆုံး မထေရ်ကြီးက ဘုရားဖူးသံဃာငါးရာတို့အား-

"ငါ့ရှင်တို့ - မြတ်စွာဘုရားသာသနာ၌ ဒါနစေတနာသည်ပင် အံ့ဖွယ်ကောင်းလေစွ၊ အရှင်စူဠနာဂမထေရ်၏ ကျေးဇူးတော်သည်လည်း ကြီးမားပေစွ။ ကျေးဇူးတော်ရှင် စူဠနာဂမထေရ်မြတ်ဟာ ခွေးငတ်မလေးတစ်ကောင်အား အစာကိုအန်၍ ကျွေးမွေးရသောဒါနစေတနာဟာ ယခုမျက်မှောက်ဘဝမှာပင် အံ့သြ၍မကုန်နိုင်သော လောကီပစ္စည်းလာဘ်လာဘများကို ဒိဋ္ဌဓမ္မ အကျိုးပေးခဲ့တာ ငါ့ရှင်တို့ မျက်မြင်ပဲ"

"သည်မျှမက ဒီဒါနစေတနာကပဲ အရှင်မြတ်အား အရဟတ္တဖိုလ်ဆုကြီးကိုရအောင် ပို့ဆောင်ပေးခဲ့ပေတယ်။ မြတ်စွာဘုရား အဆုံးအမ၊

www.burmeseclassic.com

www.burmeseclassic.com



အရှင်စုဋ္ဌနာဂမထေရ်၏ စေတနာသည် အားကျဖွယ်ကောင်းပေစွ။ ငါ့ရှင်တို့ ယုံယုံကြည်ကြည် ဝီရိယရှိရှိ၊ သတိများများဖြင့် ကြိုးစားရှုမှတ်ပြီး မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် အရှင်မြတ်ကို ကျေးဇူးဆပ်နိုင်အောင် လုပ်ကြရမယ်"

မထေရ်မြတ်ကြီးအမိန့်ရှိနေစဉ်မှာပင် သံဃာတော်ငါးရာသည် စုဋ္ဌနာဂမထေရ်၏ဒါနကို အားကျကြည်ညိုသော ပီတိသောမနဿများ တဖွားဖွား ဖြစ်ပေါ်လာကြ၏။ ထိုပီတိကိုခွာပြီးလျှင် ရုပ်၊ နာမ်တရားတို့၏ ဖြစ်ပျက် လက္ခဏာရေးသုံးပါးကိုရှုပွားရာ ထိုနေရာ၌ပင် အပါးငါးရာလုံး ရဟန္တာ ဖြစ်ကြလေသည်။

မစွန်းငြိတောင်း၊ လှူတုံ့ရှောင်း၊
အကောင်းသုံးဆောင်ရ။

"စတုတ္ထအင်္ဂါအရ = ပေးကမ်းစွန့်ကြဲပြီးသော လှူဘွယ်ဝတ္ထုအပေါ် စွန်းငြိတွယ်တာခြင်းမရှိလျှင် ချမ်းသာသည့်အပြင် ပေါများလာသည့်အစားကောင်း၊ အဝတ်ကောင်း စသည်တို့ကို အားပါးတရ အလိုရှိသလို သုံးဆောင်နိုင်ခြင်းဟူသော အကျိုးထူးတစ်ခုကို ပို့ရသည်။

အကောင်းကို လှတိုင်းသုံးဆောင်ရသည်မဟုတ်။ အထက်ပါ အင်္ဂါနှင့်အညီ လှူခဲ့သော ဒါနရှင်များသာ သုံးဆောင်ရသည်။ အကောင်းကို မသုံးဆောင်နိုင်ခြင်းသည် နှစ်မျိုးရှိ၏။ မရှိ၍၊ မဲ့၍ မသုံးဆောင်နိုင်ခြင်း ရှိသော်လည်း သုံးဆောင်မရသောကြောင့် မသုံးဆောင်ရခြင်းတို့ဖြစ်သည်။

ဤနေရာ၌ရှိသော်လည်း သုံးဆောင်၍မရသောကြောင့် မသုံးဆောင် ရသော

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။ ဓမ္မပဒအဋ္ဌကထာ၌ ဖွင့်ပြထား သော အပုတ္တက သူဌေးတစ်ယောက်အကြောင်းပင်ဖြစ်၏။ သာဝတ္ထိပြည်၌ သားသမီးမထွန်းကား သော အပုတ္တကအမည်ရှိသူဌေးတစ်ယောက်ရှိသည်။ သူသည် မြေပေါ်မြေ အောက် ကုဋေများစွာ ချမ်းသာသူဖြစ်သည်။

## အကောင်းမကြိုက်သောသူဌေး

ထူးခြားသည်ကား ထိုသူဌေးသည် ကုဋေများစွာ ကြွယ်ဝချမ်းသာ သော်လည်း အကောင်းဟူသမျှ တစ်ခုမှ မသုံးဆောင်ခြင်းပင်။ အစား အသောက်ဆိုလျှင် နေ့စဉ် ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းသာ စားသည်။ အဝတ်ဆိုလျှင် အကြမ်းဆုံး၊ အညံ့ဆုံးကိုသာဝတ်သည်။

မြင်းရထားဆိုလျှင် အစုတ်ဆုံးကိုသာသုံးသည်။ ထိုသူဌေးသေသွား သောအခါ ရွှေငွေဥစ္စာပစ္စည်းများ အမွေခံမည့်သူမရှိသဖြင့် လှည်းအစီး ပေါင်းများစွာဖြင့် မင်းဘဏ္ဍာအဖြစ် သိမ်းယူရသည်။ ပစ္စည်းဥစ္စာ ပေါများ ချမ်းသာပါလျက် အကောင်းသုံးဆောင်မရခြင်း၏ ရှေးအကြောင်းကံ ကောသလ မင်းကြီးက ဗုဒ္ဓအား မေးလျှောက်လေ၏။

ဗုဒ္ဓဖြေကြားချက်အရ သိရသည်မှာ အပုတ္တကသူဌေးသည် ဘဝ တစ်ခုက သူဌေးတစ်ယောက်ပင်ဖြစ်ခဲ့သည်။ တစ်နေ့ နန်းတော်သို့ ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြင့်သွားယင်း လမ်းတွင် တဂ္ဂရသိခီအမည်ရှိ ပစ္စေကဗုဒ္ဓါတစ်ပါးကို တွေ့ရလေ၏။ ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပေါ်လာသဖြင့် သူ့အိမ်သို့ ဆွမ်းခံကြွရန်ပင့်လိုက်ပြီး သူက နန်းတော်သို့ ဆက်သွားသည်။

"ပစ္စေကဗုဒ္ဓါလည်း သူဌေးကြီး၏စကားအတိုင်း သူ့အိမ်သို့ ကြွရာ သူဌေးကတော်ကြီးကလည်း သူဌေးကြီးကိုယ်တိုင် လွှတ်လိုက်တာဆိုသဖြင့် ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ် အကောင်းစားများကို သပိတ်ပြည့်ကပ်လှူလိုက်၏။ ဆွမ်းလောင်းပြီး၍ ပစ္စေကဗုဒ္ဓါလည်းပြန်အကြွ၊ သူဌေးကြီးကလည်း နန်းတော်ကကိစ္စပြီး၍ ပြန်အလာ လမ်းခုလတ်တွင် တွေ့ကြပြန်၏။

သူဌေးက ဖွင့်ပြခိုင်းသဖြင့် ပစ္စေကဗုဒ္ဓါက သပိတ်အဖုံးကို ဖွင့်ပြလိုက်ရာ ပြည့်လျှံနေသော အကောင်းစားဘောဇဉ်တို့ကို မြင်ရသည်နှင့် သူဌေးကတော်ကြီးသည် အတိုင်းအရှည်ကို နားမလည်ဘဲ အကောင်းစားဘောဇဉ်များကို ပြည့်လျှံသည်အထိ လောင်းလှူလိုက်သည်။ ဒီဆွမ်းကောင်းများကို ရဟန်းအားမလှူဘဲ အိမ်မှကျွန်များကို ကျွေးလိုက်လျှင် လုပ်ငန်းများကို ပိုမိုလုပ်ကိုင်ပေးကြမည်။

ဤရဟန်းသည်ကား ဆွမ်းကောင်းများကိုစားပြီး အိပ်နေမည့်သူသာ ဖြစ်၏။ လှူလိုက်သောဘောဇဉ်များကား အလကားဖြစ်ရချေပြီဟုဆိုကာ အပရစေတနာပျက်သွားခဲ့၏။ ပစ္စေကဗုဒ္ဓါအား စွန့်ကြဲပေးကမ်းလှူဒါန်းခဲ့မှုကြောင့် ယခုလို ကုဋေများစွာကြွယ်ဝသော သူဌေးကြီးလာဖြစ်ရ၏။

လှူပြီးနောက် အပရစေတနာပျက်ကွက်ခဲ့မှု တစ်နည်း လှူဖွယ်ဝတ္ထုအပေါ် ပြန်လည်စွန်းငြိတွယ်တာမှုကြောင့် အကောင်းမှန်သမျှ မသုံး

www.burmeseclassic.com

www.burmeseclassic.com



ာင်နိုင်ဖြစ်ရသည်။ ဤဖြစ်ရပ်ကို သင်ခန်းစာယူ၍ ဒါနရှင်များသည် မိလှူဒွယ်ဝတ္ထုကို အလှူခံပုဂ္ဂိုလ်က ဘာလုပ်ပစ်ပစ် စိတ်မကွက်ဖို့ ရေးကြီးပေသည်။

လှူပြီးပေးပြီးသော ဝတ္ထုပစ္စည်းကို ထွေးပြီးသားတံတွေးလို သဘော ားနိုင်လျှင် အကောင်းဆုံးဖြစ်၏။

## ရန်သူမျိုးငါးပါးမှလွတ်လိုလျှင်

"မထိမပါး၊ လှူတုံငြားမူ၊
ထိုသောသူ၏၊ ပြောထူများပြား၊
စည်းစိမ်အား၊ ငါးပါးရန်မစ။

ငါးခုမြောက်အင်္ဂါအရ ဒါနပြုသူသည် အလှူပေးတိုင်း မိမိအလှူ အတွက် ူတစ်ပါးကို မထိခိုက်စေလျှင် ချမ်းသာသမျှသော စည်းစိမ်ဥစ္စာ များကို န်သူမျိုးငါးပါး ဖျက်စီး၍မရပေ။

၁၃၄၀ ခုနှစ်ခန့်လောက်က မန္တလေးမြို့တွင် မီးအကြီးအကျယ် လောင် ျွမ်း၏။ ထိုမီးမတိုင်မီက တောင်တွင်းကြီးမြို့ကို မီးလောင်ကျွမ်းရာ အိမ်ခြေ ါးထောင်ကျော်ပါသွားသဖြင့် မြန်မာပြည်တွင် အိမ်ခြေအများဆုံး မီးလောင် ျွမ်းမှုအဖြစ် စံချိန်တင်သွား၏။ ယခု မန္တလေးမီးတွင်ကား အိမ်ခြေ

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ထောင်ကျော်ပါသွားသဖြင့် တောင်တွင်းကြီးမြို့စံချိန်ကိုပင် လိုက်ချိုးလိုက်သလိုဖြစ်သွား၏။

ထိုမီးလောင်ချိန်က စာရေးသူသည် မန္တလေးမြို့၊ မူလစီးဘန်နီကျောင်းတိုက်၊ ပညာ့ဗိမာန်ကျောင်းတွင် (၁၄)နှစ်သားကိုရင်ဘဝသာ ရှိသေးသည်။ မီးလောင်ခြင်းကား မထူးဆန်း၊ ထူးဆန်းသည်ကား နောက်တစ်နေ့ မီးလောင်ပြင်ကို သွားကြည့်သောအခါ အိမ်တစ်လုံး မီးမလောင်ဘဲ လွတ်ကျန်ခဲ့သည်ကို တွေ့ရခြင်းပါတည်း။

အိမ်ခြေခြောက်ထောင်ကျော်လောင်ထားသော မီးလောင်ပြင် အလယ်တွင် သည်အိမ်တစ်လုံးသည် အဘယ့်ကြောင့် ကျန်ရစ်ရသနည်း။ ဒကို့ဏသာခါဘုရားရှိလို့ ပရိတ်ရေရှိလို့ပေါ့ဟူသောအကြောင်းသည် မလုံလောက် ပေ။ လောင်သွားသော အိမ်ခြေခြောက်ထောင်ကျော်ထဲမှာလည်း ဒကို့ဏသာခါဘုရားတို့၊ ပရိတ်ရေတို့ဆိုသည်မှာ ရှိကြမည်သာဖြစ်၏။

## ထိနိုက်ခြင်း (၃)မျိုး

ထိုအိမ်ကို မီးမလောင်ခြင်း၏ အဓိကအကြောင်းကား ထိုအိမ်ပိုင်ရှင်များသည် အရင်ဘဝသို့မဟုတ် အခုဘဝ ဒါနပြုစဉ်အခါတုန်းက သူတစ်ပါးကို မထိနိုက်ခဲ့သောကြောင့်ပါတည်း။ သူတစ်ပါးကို ထိနိုက်ခြင်းကား (၃)မျိုးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်မျိုးကား သည်အလှူမျိုးကို ငါသာလျှင် လှူနိုင်၏။ တခြားသူများ မလှူနိုင်ဟူ၍ မာနထောင်ခြင်းပါတည်း။

ဒုတိယတစ်မျိုးကား သူတစ်ပါးကို သတ်ဖြတ်၍ သို့မဟုတ် ခိုးဝှက်လိမ်ညာလာဘ်စား၍ရလာသော ဥစ္စာဖြင့် ပေးလှူခြင်းပါတည်း။

တတိယတစ်မျိုးကား အလှူပြုခါနီးတွင်၊ သား၊ ငါးတို့ကို ရက်ကြိုး၍ မှာထားခြင်းမျိုးပါတည်း။ မိမိမှာထားမှုကြောင့် သားသတ်သမားသည် တိရစ္ဆာန်တို့ကို ပိုသတ်ရ၏။ တိရစ္ဆာန်တို့ ပိုသေရခြင်းသည် မိမိဒါနအတွက် သူတစ်ပါးကို ထိခိုက်ခြင်းပါတည်း။

မိမိအလှူအတွက် တိရစ္ဆာန်တို့ကို မထိခိုက်စေချင်လျှင် အသားလွတ်ကျွေးပါ။ သို့မဟုတ် သား၊ ငါးတို့ကို ကြိုမမှာဘဲ ဆိုင်ပေါ်တင်ရောင်းသော ့သုကူသားကိုသာ ရသမျှ ဝယ်ချက်လှူပါ။ အသားလွတ်ကျွေးသည့်အတွက် ဂုသိုလ်ကား လျော့မသွားပါ။ ပိုတိုးလာစရာသာရှိပါ၏။

"ဇောတိကသူဌေးအလောင်းသည် အတိတ်ဘဝဒါနပြုစဉ်အခါတုန်း က ပုတစ်ပါးကို မထိခိုက်ခဲ့ခြင်း၊ မိမိစည်းစိမ်ဥစ္စာကို ရန်သူမျိုးငါးပါး ဖျက်ဆီးနိုင်ပါစေနှင့် ဆုတောင်းခဲ့ခြင်းတို့ကြောင့် ဇောတိကသူဌေးဘဝ ရောက်သောအခါ အဇာတသတ်မင်းက သူ၏ ရတနာဗိမာန်ကြီးကို ဆင်တပ်၊ င်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်များနှင့် လာရောက်တိုက်ခိုက် သိမ်းယူ က်လည်း မရရှိပေ။

တံခါးလေးမုခ်မှာ စောင့်ကြပ်နေသော ဘီလူးတို့က ထွက်တိုက် ကြောင့် အဇာတသတ်မှာ တပ်ပျက်ကြီးဘုရားကျောင်းတော်သို့

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးရလေသည်။ ထိုအချိန်က ဇောတိကသူဌေးသည် ဘုရားကျောင်းတော်တွင် တရားနာနေသခိုက်ဖြစ်သည်။ ဇောတိကသူဌေးကို မြင်သည်နှင့် အဇာတသတ်မင်းက သူခိုးက လူဟစ်သည်မှာ-

"ဇောတိကသူဌေး၊ သင့်တပ်သားတွေကို ငါ့ကို တိုက်ဖို့အမိန့်ပေးပြီး သင်ကတော့ ဘုရားကျောင်းမှာ တရားနာယောင်လာဆောင်နေတယ်ပေါ့"

"အရှင်မင်းကြီး ကျွန်ုပ်ရတနာ့စံအိမ်ကို သွားသိမ်းတယ်ထင်တယ်"

"အေးဟုတ်တယ် သိမ်းတယ်"

"ရခဲ့သလား အရှင်မင်းကြီး"

"မရဘူး၊ သင့်တပ်သားတွေထွက်တိုက်လို့ ငါတို့ ထွက်ပြေးခဲ့ရ တယ်"

"အရှင်မင်းကြီး ကျွန်ုပ်စံအိမ်ကိုမဆိုထားနဲ့ ကျွန်ုပ်က မပေးဘူး ဆိုယင် ကျွန်ုပ်လက်မှာဝတ်ထားတဲ့ လက်စွပ်တစ်ကွင်းကိုတောင် အရှင် မင်းကြီး လုယူလို့မရပါဘူး"

"ဇောတိက သင်ကား အပြောကြီးလွန်းလှ၏။"

"မင်းကြီး လက်တွေ့ပြပါအံ့။ ကျွန်ုပ်လက်ဆယ်ချောင်း၌ လက်စွပ်ဆယ်ကွင်းဝတ်ထား၏။ ကျွန်ုပ်ကား သင်မင်းကြီးကို တစ်ကွင်းမှ မပေးပါ မင်းကြီးလက်တွေ့ချွတ်ကြည့်လော့"

ထိုသို့ပြောပြီး ဇောတိက က အဇာတသတ်အား လက်ဆယ်ချောင်းကို ထိုးပေးလိုက်၏။ ထိုင်ရာက ခုန်လျှင်ပင် ၁၈ တောင်အမြင့်ထိ ရောက်အောင်ခုန်နိုင်စွမ်းရှိသည့် အဇာတသတ်မင်းသည် အားကုန်သုံးကာ လက်စွပ်တို့ကိုချွတ်၏။ အဇာတသတ် ချွေးတဒီးဒီးကျပြီး ဖင်ထိုင်ရက်လဲကာ အရှေ့

www.burmeseclassic.com



ပေးလိုက်ရ၏။ လက်စွပ်ကား တစ်ကွင်းမှမကျွတ်ပေ။

ထိုအခါကျမှ ဇောတိက က

"မင်းကြီး လက်တွေ့သိပြီမဟုတ်လား။ ကဲဒီလက်စွပ်ဆယ်ကွင်းကို သင်မင်းကြီးအား ပေးလှူပါတော့မည်။ သင်မင်းကြီး၏ ပုဝါကိုသာ ဖြန့်ထားပါ။

ဟုပြောပြီး လက်ဆယ်ချောင်းကို အောက်သို့စိုက်လိုက်ရာ လက်စွပ်ဆယ်ကွင်းလုံး အလွယ်တကူ ကျွတ်ကျသွား၏။ အဇာတသတ်ကား ထိုအခါကျမှ သူတစ်ပါးကိုမထိခိုက်အောင် လှူဒါန်းခဲ့သော ဒါနရှင် ဇောတိကသူဌေးကို လေးစားသွား၏။ အံ့ဩသွား၏။

ထိုနေ့မှစ၍ ဇောတိကသူဌေးသည် သံဝေဂရကာ ရဟန်းပြုသွားလေ၏။ ဇောတိကသူဌေး ရဟန်းပြုသွားသည်နှင့် ရတနာစံအိမ်ကြီးလည်း အလိုလိုကွယ်ပျောက်သွား၏။ ဒါနပြုရခြင်း၏အကြောင်းအခန်း နိဂုံးချုပ် ခါနီးတွင် အရေးတကြီး မှာချင်ပါ၏။

လူတိုင်းသည် ချမ်းသာချင်စိတ်ရှိကြ၏။ လူတိုင်း စီးပွားရှာကြ၏။ လူတိုင်း ချမ်းသာချင်တာချင်းလည်းတူ၏။ စီးပွားရှာတာချင်းလည်းတူ၏။ သို့သော် လူတိုင်း မချမ်းသာ၊ ချမ်းသာတာလည်းရှိ၏။ မချမ်းသာတာလည်း ရှိ၏။ မချမ်းသာတာက ပိုများ၏။ အဘယ့်ကြောင့် ဤသို့ ကွဲပြားသွားရသနည်း။ ဗုဒ္ဓက ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်တွင် ဒါနရှိ သူချမ်းသာ၍ မရှိသူ ဆင်းရဲ၏ဟု ဖြေထား၏။

ထို့ကြောင့် လူတိုင်း ဒါနရှိဖို့လို၏။ ဒါနပြုသောအခါတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လောဘကုန်ဖို့ အဓိကထားကာ သပ္ပုရိသဒါန အင်္ဂါငါးချက်နှင့်ညီအောင် လှူဒါန်းသင့်၏။ တစ်ဖန် ဝိဝဋ္ဋနိဿိတ=ပင္ဂသုံးပါးကိုမမှီသော ဒါနဖြစ်ရန် အတွက် ဒါနပြုတိုင်း နိဗ္ဗာန်ကိုသာ ဆုတောင်းသင့်၏။

ရန်ကုန်ဘုတာကြီးမှ မန္တလေးဘုတာကြီးသို့ လက်မှတ်ဖြတ်ထားလျှင် မန္တလေးဘုတာကြီးလည်းရောက်၏။ ကြားဘုတာများလည်း အလိုလိုရောက် ၏။ ထို့အတူ ဒါနပြုတိုင်း နိဗ္ဗာန်ကိုဆုတောင်းခဲ့လျှင် နိဗ္ဗာန်လည်းရောက် ၏။ နိဗ္ဗာန်မရောက်မီစပ်ကြားမှာ လူ့ချမ်းသာ၊ နတ်ချမ်းသာကိုလည်း ခံစား နိုင်ပါ၏။

## ပုဂ္ဂိုလ်စွဲနဲ့လှူနေလျှင်

ခင်ဗျားတို့ ဒီလိုပုဂ္ဂိုလ်စွဲနဲ့သာလှူနေလျှင် ငါစွဲ၊ ငါ့ပစ္စည်းစွဲဆိုတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေက ဘယ်တော့လွတ်မတုန်းဗျ၊ ငါတော့ ဘယ်ဆရာတော် ကြီးကို ဘာလှူလိုက်ရတာဆိုတဲ့ စွဲစိတ်တွေ မျှော်စိတ်တွေ။

ဒီလိုလှူလိုက်ရလို့ နောင်ဘဝကျ ငါဘာဖြစ်မှာဆိုတဲ့ အမျှော်စိတ် တွေနဲ့လှူနေသမျှ ခင်ဗျားတို့ ဒါနအကျိုးပေးမစင်ကြယ်သေးဘူးလို့ မှတ်ပါ။ အကျိုးပေးမှ မစင်ကြယ်သေးရင် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ ဝေးသေးဗျာ။

. ပြီးတော့ ခင်ဗျားတို့ ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာဆိုတာတွေကရော စင်ကြယ်ရဲ့လားဆိုတာ ပြန်ဆန်းစစ်ဗျာ၊ သူများမျက်ရည်ပေါက်ကြီးငယ်ကျ ပြီးမှ ရလာတဲ့ပစ္စည်းတွေနဲ့ လာလှူတာလားဗျာ။

ဒါနပြုတယ်ဆိုတာ ငါစွဲဖြတ်နေတာ၊ ငါပိုင်တယ်ဆိုတာတွေကို စွန့် လွှတ်ပေးလှူပစ်တာ လိုချင်မှု၊ သိမ်းပိုက်မှုဆိုတဲ့ တဏှာလောဘတွေကို ဒါနနဲ့ခွာချနေတာ၊ ရင်ဝမှာစူးနေတဲ့လှံကို ဆွဲနှုတ်ပစ်တာ။

ငါဒီလို အလှူကြီးလှူလိုက်လို့ နောင်ဘဝ ဘယ်လိုကောင်းစားဦးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အမျှော်စိတ်နဲ့လှူနေရင် နောက်ထပ် စိုက်ဝင် စူးဝင်လာမယ့် လုံတွေကို ရင်ကော့ပြီးခံနေသလိုဖြစ်မှာပေါ့။ ငါးကြီးကြီးလိုချင်လို့ ငါးသေးသေးကို ငါးစာလုပ် ငါးမျှားချိတ်မှာ တပ်မျှားသလိုဖြစ်မှာပေါ့။

ဒီလိုအလှူမျိုး လှူတိုင်းမကောင်းဘူး၊ ကုသိုလ်လိုချင်လို့လုပ်တာ၊ အကုသိုလ်ပဲများမယ်၊ ငါ၊ ငါ့စွဲအတ္တ၊ ပစ္စည်းမာန၊ ပုဂ္ဂိုလ်စွဲတွေရှိနေသမျှ ပါရမီမြောက်တဲ့ဒါနမဖြစ်ဘူး။ အဲဒီ ငါ့စွဲဒိဋ္ဌိရှင်တွေဟာ ဒါနရဲ့မူရင်းသတ္တိဖြစ်တဲ့ စွန့်လွှတ်ခြင်းလိုနေလို့ ပါရမီဆိုတဲ့စကားနဲ့တော့ ဖီလာကန့်လန့် ချည်းပဲ။

ပါရမီဒါနဆိုတာ လှူဆဲကာလ ဉာဏ်ယှဉ်ပါမှဗျာ၊ အဲဒီတော့ ငါ့စွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပစ္စည်းစွဲတွေအစား ငါလည်းမမြဲ၊ ပုဂ္ဂိုလ်လည်းမမြဲလို့ ဆင်ခြင် ပြီးလှူနိုင်ပါမှ မဂ်ဖိုလ်နိဗ္ဗာန်အကြောင်း အထောက်အပံ့ဖြစ်တယ်ဗျာ။

(မဟာဓောစိမြိုင်ဆရာတော်ဘုရားကြီး)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)
# သီလစောင့်ထိန်းခြင်းအကြောင်း

## လူ့သိက္ခာဆိုသည်မှာ

ရဟန်းတို့စောင့်ထိန်းရသော အကျဉ်းအားဖြင့် ၂၂၇ သွယ်သော သီလတို့ကို သိက္ခာဟုခေါ်သည်။ ထို့ကြောင့် ဒုလ္လဘရဟန်းများ လူထွက်တော့မည်ဖြစ်၍ ရဟန်းသီလများကိုစွန့်ပစ်ခြင်းကို သိက္ခာချသည်ဟုခေါ်ခြင်းဖြစ်သည်။ ရဟန်းတို့စောင့်ထိန်းရသော ၂၂၇ သွယ်သောသီလသည် ရဟန်းတို့၏သိက္ခာဖြစ်သကဲ့သို့ လူတို့စောင့်ထိန်းရသော ငါးပါးသီလကိုလည်း လူ့သိက္ခာဟုခေါ်ပေသည်။

ဘယ်လောက်ပင်ရာထူးကြီးကြီး၊ ဘယ်လောက်ပင်ပစ္စည်းဥစ္စာရှိရှိ၊ ငါးပါးသီလမလုံခြုံလျှင် သိက္ခာမရှိသူဟု ဆိုနိုင်၏။ တစ်ချို့က ဒါနတစ်ခုသာအားသန်သည်။ သီလမလိုဟုထင်၏။ ထို့ကြောင့် သီလကို အမျိုးမျိုးဖောက်ဖျက်ပြီး စီးပွားဥစ္စာကို မတရားသောနည်းဖြင့် ရှာကြရ၏။ ရလာသောအခါ သိန်းကို ရာနှင့် ထောင်နှင့်ချီ လှူကြ၏။

ဒါနတောဘောဂဝါ=ဟူသော ဒေသနာအတိုင်း ဒါနအတွက် ပစ္စည်းဥစ္စာကား အမှန်ပင်ပေါများချမ်းသာပါမည်။ သီလမရှိလျှင်ကား ကိုယ်ကျန်းမာ ချမ်းသာခြင်း ရှိတော့မည်မဟုတ်ပေ။ ဗုဒ္ဓက သီလတောသုခိတာ=

www.burmeseclassic.com

www.burmeseclassic.com



သီလရှိမှ ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာမည်ဟု ဟောကြားထားသောကြောင့် ပါတည်း။

ထို့ကြောင့် ဟစ်ချိုသူဌေးကြီးများ ပစ္စည်းဥစ္စာ ပေါများချမ်းသာသော်လည်း ဘာတစ်ခုမှ ကောင်းစွာမခံစားနိုင်ဘဲ ရောဂါတစ်မျိုးပြီးတစ်မျိုး ဆက်ဖြစ်ပြီး ဆေးကုကာ အချိန်ကုန်နေရခြင်းသည် သီလမရှိမှု၏ဒဏ်ကို ခံစားရခြင်းဖြစ်၏။ တစ်ချို့ကလေးသူငယ်များ ချမ်းသာကြွယ်ဝသော မိဘဝမ်းထဲသို့ရောက်၏။ သို့သော် ကျန်းမာရေးထိခိုက်ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးသွား၏။ အဘယ့်ကြောင့် ထိုသို့ဖြစ်ရသနည်း။

ဒါနကုသိုလ်ပါသောကြောင့် ချမ်းသာသောမိဘဝမ်းထဲရောက်ရပြီး သီလကုသိုလ်မပါသောကြောင့် အသက်တိုရခြင်းဖြစ်၏။ ထို့ကြောင့် သီလဖောက်ဖျက်ပြီးမှ လှူနိုင်သော သိန်းတစ်ထောင်အလှူထက်၊ သီလမဖောက်ဖျက်ဘဲလှူရသော တစ်သိန်းအလှူကိုသာ အားကျသင့်၏။

လူသားတို့သည် သက်တမ်းရှည်ချင်ကြ၏။ ကျန်းမာချင်ကြ၏။ ထို့ကြောင့် အသက်ရှည်ဆေးများထွင်ကြ၏။ လူတို့၏သက်တမ်းကား ပို၍သာ တိုလာ၏။ ရောဂါပျောက်ကြောင်း ဆေးမျိုးစုံဖော်ကြ၏။ သို့သော် ကုသ၍ မရသောရောဂါတို့ကား တစ်မျိုးပြီးတစ်မျိုး တိုး၍သာလာ၏။

အကျိုးတရားဟူသည် အကြောင်းတရားကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ထို့ကြောင့် အကျိုးတရားပေါ်မလာစေချင်လျှင် အကြောင်းတရားကို ပယ်သတ်ရပေမည်။ လူတစ်ယောက်သည် အစားများသောကြောင့် အစာမကြေ၊ ရင်ပြည့်ရင်ကယ်သောရောဂါ မကြာခဏဖြစ်၏။ အစာမကြေခြင်းသည် အစားများသောကြောင့်ဖြစ်၏။ ထို့ကြောင့် အစာမကြေရောဂါပျောက်ချင်လျှင် အစားလျှော့စားရမည်ဖြစ်၏။ ဤကား အကြောင်းတရားကို သတ်ခြင်းဖြစ်၏။

ထိုသို့မဟုတ်ဘဲ အကျိုးတရားကိုပြုပြင်သည့်အနေဖြင့် အစာကြေဆေးတွေကိုသာစားမည်။ အစားအစာကိုတော့မလျှော့ဟုဆိုလျှင် ထိုရင်ပြည့်သော

www.burmeseclassic.com

www.burmeseclassic.com



ရောဂါ ဘယ်သောအခါမှပျောက်မည်မဟုတ်ပေ။ ထို့အတူ ဗုဒ္ဓက ဥပရိ ပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်တွင် အသက်ရှည်ခြင်းသည် သူ တစ်ပါးအသက်ကို မသတ်သောကြောင့်ဖြစ်သည်။

အသက်တိုခြင်းသည် သူတစ်ပါးအသက်ကို သတ်သောကြောင့်ဖြစ် သည်။ ရောဂါများခြင်းသည် သူတစ်ပါးကို နှိပ်စက်ညှဉ်းဆဲသောကြောင့် ဖြစ်သည်။ ရောဂါကင်းခြင်းသည် ညှဉ်းဆဲနှိပ်စက်ခြင်းမှရှောင်ကြဉ်သော ကြောင့်ဖြစ်သည်ဟူ၍ အကြောင်းတရားတို့ကို ထုတ်ဖော်ဟောကြားခဲ့၏။

ထို့ကြောင့် အသက်ရှည်ချင်သူသည် သူတစ်ပါးအသက်ကို သတ်ခြင်း မှ ရှောင်ကြဉ်လိုက်ရန်ဖြစ်၏။ အနာရောဂါကင်းချင်သူသည် သူတစ်ပါးကို နှိပ်စက်ညှဉ်းဆဲခြင်းမှရှောင်ကြဉ်လိုက်ရန်သာဖြစ်၏။ ထိုသို့ အကြောင်းတရား ကိုမပြုပြင်ဘဲ အကျိုးတရားကိုပြုပြင်သည့်အနေဖြင့် အသက်ရှည်ဆေးများ၊ ရောဂါပျောက်ဆေးများ မည်မျှပင်ဖော်၍စားစား အသက်ရှည်ကျန်းမာလာ မည်မဟုတ်ပေ။

## ပါဏာတိပါတ လုပ်သင့်သောအခါ

ပါဏာတိပါတကံသည် မလုပ်သင့်သောအခါ လုပ်သင့်သောအခါဟု ခွဲထားရ၏။ မလုပ်သင့်သောအခါကား အပျော်အနေဖြင့် သူတစ်ပါးအသက် ကို မသတ်အပ်။ တခြားနည်းများဖြင့် ပျော်ရွှင်စရာများစွာရှိသောကြောင့် တည်း။ အစာအတွက် သူတစ်ပါးအသက်ကို မသတ်အပ်။ အသားမှတစ်ပါး တခြားစားစရာ အသီးအနှံ၊ အရွက်၊ အဥများစွာ ရှိနေသောကြောင့်တည်း။

ပါဏာတိပါတကို လုပ်သင့်သောအခါကား မိမိ၏အမျိုး၊ ဘာသာ၊ သာသနာကိုဖျက်ဆီးသောအခါပင်ဖြစ်၏။ သာကီဝင်မင်းမျိုးတို့သည် ထိုခေတ် ထိုအချိန်က လေးအတတ်ကို အကျွမ်းကျင်ဆုံးဖြစ်၏။ ဝိဋူဋဘပခေါင်းဆောင် သော တပ်များက သူတို့ကိုသတ်ရန်လာသောအခါ လေးနှင့်သာ အဝေးမှ

www.burmeseclassic.com

www.burmeseclassic.com



ပစ်သတ်လျှင် သာကီဝင်တို့ နိုင်မည်သာဖြစ်၏။ သို့သော် ပါဏာတိပါတကံကိုကြောက်ကြသောကြောင့် မှန်အောင်မပစ်ကြ။ ကြောက်လန့်သွားအောင်သဘောနှင့် လည်ပင်းဘေး၊ နားရွက်ဘေးတို့မှကပ်ပြီးသွားအောင် ပစ်ကြ၏။

တကယ်မှန်အောင်မပစ်မှန်းသိသည်နှင့် ဝိဋူဍူပတပ်သားများက အတင်းတက်ပြီး ထိုးခုတ်သတ်ဖြတ်ကြသောအခါ သာကီဝင်များ ကုန်လုနီးပါး အသတ်ခံကြရ၏။ သာကီဝင်တစ်ချို့ ထွက်ပြေးတိမ်းရှောင်ရင်းမှ မြန်မာပြည်ဘက်ထိရောက်လာပြီး မြန်မာလူမျိုးဖြစ်လာမည့် ပြူ၊ သက်၊ ကမ်းရံတို့နှင့် ရောနှောသွားကြ၏။ ထို့ကြောင့် သာကီမျိုးဟောတို့မြန်မာဟူသော ကြွေးကြော်သံသည် ယုတ္တိရှိသောကြွေးကြော်သံဖြစ်၏။

ဗုဒ္ဓသည် မြန်မာလူမျိုးသာဖြစ်၏။ ကုလားလူမျိုးမဟုတ်ပေ။ ထို့ကြောင့် အိန္ဒိယနိုင်ငံရှိ ကုလားလူမျိုးများက သူတို့လူမျိုးမဟုတ်သဖြင့် ဗုဒ္ဓကို မကိုးကွယ်တော့သော်လည်း အမျိုးဖြစ်သောမြန်မာများက ရာသက်ပန်ကိုးကွယ်နေခြင်းဖြစ်၏။ ဗုဒ္ဓသည် မြန်မာလူမျိုးဖြစ်ကြောင်း အကျယ်ကို ဦးလှသိန်းထွဋ်ရေးသားသော ဗုဒ္ဓနှင့်မြန်မာလူမျိုးစာအုပ်တွင် ဆက်ဖတ်သင့်သည်။

ပါဏာတိပါတကံကို ဘုရားအလောင်းကိုယ်တိုင်ပင် ပြုသင့်သောအခါ၌ ပြုရသည်သာဖြစ်၏။ စဟုပ္ပန္နိပါတ်၊ စူဠကာလိင်္ဂဇာတ်တွင် ကာလိင်္ဂတိုင်း၊ ဒန္တပူရမြို့တွင်မင်းပြုသော ကာလိင်္ဂမင်းက ဒဿကတိုင်း၊ ပါဋလိမြို့ကို လာရောက်တိုက်ခိုက်သောအခါ ဘုရားအလောင်း နန္ဒိသေနအမတ်သည် အဿကဘုရင်နှင့် ဦးဆောင်ပြီး ကာလိင်္ဂမင်း၏တပ်သားတို့ကို သတ်ဖြတ်ရသည်သာဖြစ်၏။

ဘုရားအလောင်း ဝက်မင်းဖြစ်သောဘဝကလည်း ကျားကြီးတစ်ကောင်သည် နောက်ဆုံးကျန်သည့် ဝက်တစ်ကောင်၊ တစ်ကောင်ကို နေ့စဉ် သာစား၏။ ဘုရားအလောင်းဝက်မင်းသိသောအချိန်တွင် ဝက်များ အတော်ကုန်နီးသွား

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ထိုကျားကိုပြန်သတ်မှဖြစ်ပေတော့မည်။ သို့မဟုတ်ပါက မိမိအမျိုး ကုန်သွားပေလိမ့်မည်။

ဝက်မင်းက တွင်းကြီးတစ်တွင်းတူးပြီး တွင်းဘေးခပ်လှမ်းလှမ်းတွင် အစွယ်ကောင်းသောဝက်တို့ကို နေစေသည်။ ဘုရားအလောင်းက တွင်းထိပ်တွင်ထိုင်ကာ ကျားကိုစိတ်ဆိုးအောင် စိန်ခေါ်လိုက်၏။ ကျားသည် စိတ်ဆိုးမာန်ဆိုး အတင်းခုန်အုပ်သောအခါ ဘုရားအလောင်းက တွင်းနောက်သို့ ခုန်ရှောင်လိုက်၏။ ထိုအခါ ကျားကြီးသည် တွင်းထဲသို့ကျသွားလေသည်။

တွင်းထဲတွင် ကျားကြီး ကောင်းကောင်းမလှုပ်နိုင်၊ မရုန်းနိုင်ဖြစ်နေသောအခါတွင်မှ ဘုရားအလောင်းနှင့်ဝက်များက အစွယ်နှင့်ဝိုင်းပက်ပြီး သတ်လိုက်ကြသည်။ ဤသို့ ပါဏာတိပါတကံများသည်ကား ပြုသင့်သောကံများဖြစ်၏။ ကိုယ်ကျိုး၊ အတ္တကျိုးအတွက်မဟုတ်၊ လောကကျိုး၊ သာသနာကျိုးအတွက်သာဖြစ်၏။ သာသနာနှစ် ၁၇၀၀ ခုနှစ်ခန့်က တူရကီနွယ်ဖွား မွတ်စလင်ဘာသာဝင် မိုဟာမက်ဘိန်ဘစတီယာရ်သည် မြင်းတပ်သားအနည်းငယ် (      ) ခန့်နှင့် အိန္ဒိယမြောက်ပိုင်းတစ်ခုလုံးကို သိမ်းပိုက်ရင်း နာလန္ဒာတက္ကသိုလ်ကြီးတစ်ခုလုံးကို အသေပိတ်ပြီး ဗုဒ္ဓဘာသာရဟန်းသုံးသောင်းကျော်ကို မီးရှို့သတ်ခဲ့သည်။ ထိုအချိန်က ဗုဒ္ဓဘာသာဝင်များ တိုက်ခိုက်သင့်သည်ကို ပြန်လည်မတိုက်ခိုက်သောကြောင့် အိန္ဒိယတွင် ဗုဒ္ဓဘာသာ မြန်မြန်ကွယ်ပျောက်ခဲ့ရသည်။

ပါဏာတိပါတကံချင်းတူသော်လည်း အတ္တကျိုးအတွက်ပြုသော ပါဏာတိပါတကံသည် ငရဲထိဆွဲချနိုင်၏။ အများအတွက်ပြုသော ပါဏာတိပါတကံသည်ကား အလွန်ဆုံး တိရစ္ဆာန်ဘုံလောက်သာ ဆွဲချနိုင်၏။ ထို့ကြောင့် ဘုရားအလောင်းသည် တိရစ္ဆာန်မျိုးစုံဖြစ်ခဲ့ရခြင်းဖြစ်သည်။ သို့သော် အမျိုးဘာသာ၊ သာသနာအတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သောကြောင့် တိရစ္ဆာန်ဘဝရောက်သော်လည်း အောက်ကျနောက်ကျကား မဖြစ်၊ ဝက်ဖြစ်လျှင် ဝက်မင်း၊ သမင်ဖြစ်လျှင် သမင်မင်းသာ ဖြစ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် ဘုရားအလောင်းသည် ကိုယ့်အမျိုးဘာသာ သာသနာကို အပါယ်ကျခံ၍ ချစ်ခြင်းဟု ဆိုသင့်၏။ အမျိုးဘာသာ၊ သာသနာကို ဖျက်ဆီးသော ကြေးကုလားပေါင်း နှစ်သိန်းခွဲကျော်ကို သတ်ဖြတ်ခဲ့သော ဒုဋ္ဌဂါမဏိမင်းကြီးကား ယခုအချိန်တွင် တုသိတာနတ်ဘုံသို့ ရောက်ရှိ၏။ ရေများရေနိုင်၊ မီးများမီးနိုင်ဟူသောစကားအတိုင်း ဒုဋ္ဌဂါမဏိမင်းကြီး ပြုခဲ့သော ဘုရားတည်၊ ကျောင်းဆောက် စသောကုသိုလ်တို့က သတ်ဖြတ်ခဲ့သော ပါဏာတိပါတ အကုသိုလ်ကံတို့ကို လွှမ်းမိုးသွားခြင်းဖြစ်၏။

အမေသတ်သောကံ၊ အဖေသတ်သောကံ၊ ရဟန္တာသတ်သောကံ၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်လုပ်သောကံ၊ သံဃာသင်းခွဲသောကံ ဤကံကြီးငါးပါးမှတစ်ပါး ကျန် ပါဏာတိပါတကံများကား ဒါန၊ သီလ၊ သမထဟူသော လောကီကုသိုလ်များ အားကောင်းလျှင် တော်တော်နှင့် ခေါင်းမထောင်နိုင်ပေ။

ဝိပဿနာအားထုတ်၍ သောတာပတ္တိမဂ်ကိုရပြီဆိုလျှင်ကား အပါယ်ဆွဲချမည့် အကုသိုလ်ကံမှန်သမျှ အကုန်ပျောက်သွားရပေသည်။ ဤကျမ်းအဆုံးပိုင်း၌ လွယ်ကူသောအကျင့်၊ လျှင်မြန်သောအသိဉာဏ်ဖြင့် မဂ်ဖိုလ်ကိုရစေနိုင်သော ဝိပဿနာကျင့်စဉ်ကို အကျဉ်းချုပ်ရေးသားပါဦးမည်။

## ပါဏာတိပါတအင်္ဂါ

သတ္တဝါတစ်ကောင် မိမိအတွက်သေသွားရာ၌ ပါဏာတိပါတကံထိုက်၊ မထိုက်သိရန် အင်္ဂါငါးချက်ဖြင့် စိစစ်ရသည်။ အင်္ဂါငါးချက်ကား သတ္တဝါမှန်ခြင်း၊ သတ္တဝါဟူသော အမှတ်လုံ့လရှိခြင်း၊ သေစေလိုသောစိတ်ရှိခြင်း၊ သေဖို့ရန် လုံ့လပြုခြင်း၊ သေသွားခြင်းတို့ ဖြစ်ပေသည်။ (ခုဒ္ဒက၊ ၅၊ ၂၂)

www.burmeseclassic.com

www.burmeseclassic.com



ပါဏာတိပါတကံအတွက် သီးသန့်ခံရသော ဆိုးကျိုးများကား ကိုယ်လက်အင်္ဂါချို့တဲ့တတ်ခြင်း၊ မဲပြာနေခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ လေးလံဆိုင်းမိုင်းခြင်း၊ အမြဲကြောက်နေရခြင်း၊ သူတစ်ပါးသတ်တာခံရခြင်း၊ အနာရောဂါများခြင်း၊ အခြွေအရံပျက်ခြင်း၊ အသက်တိုခြင်းတို့ ဖြစ်သည်။ ပါဏာတိပါတကံမှ ရှောင်ကြဉ်လျှင် ကိုယ်လက်အင်္ဂါပြည့်စုံခြင်း၊ လှပခြင်း၊ ရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း စသော ဆန့်ကျင်ဘက်ကောင်းကျိုးများ ပြန်ရပေသည်။

အကုသိုလ်သည်လည်း ကုသိုလ်နည်းတူ ဘယ်အကုသိုလ်လုပ်လုပ် မကောင်းကျိုးပေးရန် ဇော (၇)ချက်ဇောသည်။

ထိုဇောတို့တွင် ပထမဇောက ယခုဘဝ မကောင်းကျိုးပေးသည်။ သတ္တမဇောက ဒုတိယဘဝ မကောင်းကျိုးပေးသည်။ အလယ်ဇောငါးချက်က တတိယ[illegible]ပြီး နိဗ္ဗာန်မရောက်မချင်း လိုက်ပြီး မကောင်းကျိုးပေးသည်။ ကလေး[illegible]ပစဉ်က ငှက်ကလေးများကို အရှင်ဖမ်းပြီး မျက်လုံးကိုပင့်အပ်ဖြ[illegible]ုံးဖောက်ပြီး လွှတ်လိုက်သည်။

ထိုအခါ ငှက်ကလေးသည် ဘာမှမမြင်ရတော့သဖြင့် ရမ်းသမ်းပျံရင်း ဟိုတိုက်ဒီတိုက်ဖြစ်သည်ကိုကြည့်ပြီး ဝမ်းသာအားရ ပျော်မြူးခဲ့သည်။ ထိုမိတ်ဆွေ အရွယ်ရောက်သောအခါ ရွှေပန်းထိမ်လုပ်၏။ တစ်နေ့တွင် ရွှေချေးစားသော ငရဲမီးများထည့်ထားသည့်ပန်းကန်ပေါ်သို့ ကြောင်တစ်ကောင်သည် ကြွက်လိုက်ရင်း ပြုတ်ကျသွားသည်။

အပေါ်လွင့်စင်လာသော ငရဲမီးများသည် မိတ်ဆွေ၏မျက်စေ့ထဲသို့ ဝင်သွားလေ၏။ ထို့ကြောင့် အရွယ်ငယ်ငယ်မှာပင် စုံလုံးကန်းခဲ့ရသည်။ ပထမဇောစေတနာ၏ အကျိုးပေးမဟုဘ်။ တိုက်ဆိုင်မှုသာဖြစ်နိုင်သည်ဟု ထင်သူများအတွက် စာရေးသူတို့အမရပူရမြို့မှ ဝက်သတ်သမားတစ်ယောက် အကြောင်းကို ဆက်လက်တင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် စာရေးသူတို့အိမ်နှင့် မျက်စောင်းထိုးမှာရှိသည်။ သူသည် ဝက်သတ်ရုံတွင် အခစားဖြင့် နေ့စဉ် ဝက်သတ်သည်။ သူသတ်ရမည့်ဝက်များ ခြံထဲမှထွက်ပြေးသောအခါ သူ အလွန်စိတ်ဆိုးသည်။ ထို့ကြောင့် သူသတ်ရမည့်ဝက်များ သေချာထွက်ပြေးလို့မရအောင် မျက်စိများကို ဓားဖြင့် မသတ်ခင် ကြိုပြီးထိုးဖောက်ထားလေ့ရှိသည်။

တစ်နေ့တွင် သူလုပ်သော အကုသိုလ်ကံ၏ ပထမဇောက ယခုဘဝမှာပင် အကျိုးပေးတော့သည်။ သူ့မျက်လုံးနှစ်လုံးထဲတွင် အနာများပေါက်လာပြီး မျက်လုံးကို တဖြည်းဖြည်းစားပစ်ရာ အတန်ကြာလျှင် သူ့မျက်လုံးနှစ်လုံးမှာ အခေါင်းပေါက်ကြီးပင်ဖြစ်သွားတော့သည်။ သူ မျက်ကန်းဘဝရောက်မှ စာရေးသူ၏မိခင်ကြီးကို သူ ရိုက်ခဲ့သည့်အကြောင်းများ၊ ရက်စက်သည့်အကြောင်းများကို နောင်တရစွာဖြင့် ပြောပြခဲ့သည်။

သူသည် မျက်မမြင်ဘဝတွင် သုံးနှစ်ခန့်နေပြီး အသက် (၅၅) နှစ်ခန့်တွင် ဆုံးသွားသည်။ အကုသိုလ် သတ္တမဇောအကျိုးပေးပြီး ဒုတိယဘဝကျမှ ခံစားရပုံ လက်တွေ့ဖြစ်ရပ်ကိုလည်း စာရေးသူတို့မျက်နှာချင်းဆိုင်အိမ်မှာ ပင် တွေ့လိုက်ရ၏။ သူသည် ရပ်ကွက်ထဲမှ ကြောင်များကိုထောင်ဖမ်းပြီး သတ်ကာ အရက်နှင့်မြည်းလေ့ရှိသည်။

စာရေးသူတို့မွေးထားသော ကြောင်နှစ်ကောင်ပင် ပါသွား၏။ စာရေးသူတို့အိမ်မှ ကြောင်တစ်ကောင်ကို ထိုသူသတ်ထားကြောင်း သူတို့ အိမ် အရက်သွားဝယ်သော ကလေးတစ်ယောက်က အပြန်တွင် စာရေးသူ ့ သတင်းပေးသွားခြင်းဖြစ်သည်။ ဒေါသဖြစ်ပြီး ရန်ဖြစ်ရန်တာရူနေကြသော ရေးသူတို့ကို မိဘများက သူလုပ်တဲ့အကုသိုလ်ထဲ ကိုယ်ဝင်မပါစေနဲ့။ လုပ်တဲ့အကုသိုလ်အတိုင်း သူပြန်ခံရလိမ့်မယ်ဟုပြောကာ ဖြောင့်ဖျပေး သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ထိုသူ၏အိမ်မှ ကြောက်မက်ဖွယ်ရာ ကြောင်အော်သံကြီးများကို အဆက်မပြတ် ကြားနေရ၏။ စာရေးသူတို့က ထိုသူ ကြောင်တွေ အများကြီးသတ်နေသည်ဟုပင် ထင်မိ၏။ ကြောင်အော်သံကြီးများ နှစ်ရက်ခန့်ထိရှိသောအခါမှ အဖြစ်မှန်ကို သိကြရသည်။ ထိုသူသည် သေလောက်သည့်ရောဂါဒဏ်ကို ခံစားရသဖြင့် ညည်းညူအော်ဟစ်ရာ လူသံမထွက်ဘဲ သူသတ်ခဲ့သော ကြောင်များ၏အသံမျိုး ထွက်နေခြင်းပါတည်း။

## ပုပ်စော်နံသောမထေရ်

သုံးရက်ခန့်ရှိမှ သေသွားခဲ့သည်။ သူ့အတွက် ငရဲသည်ကား သေချာနေပါ၏။ အလယ်အကုသိုလ်ဇောငါးချက်၏ တတိယဘဝမှစ၍ အကျိုးပေးပုံကိုကား ပူတိဂဿတိဿမထေရ်ဝတ္ထုနှင့်ပင် ထင်ရှားပါသည်။ သူသည် သာဝတ္ထိမြို့သား၊ အမျိုးကောင်းသားတစ်ယောက်ဖြစ်သည်။

ရဟန္တာဖြစ်ရန် ကျင့်မည်ဟူသောစိတ်ဖြင့် ရဟန်းဝတ်လာသူဖြစ်ရာ မနေမနား ရဟန်းတရားကို ကြိုးစားကာ ပွားများအားထုတ်၏။ တရားထူး မရမီမှာပင် သူ့ခန္ဓာကိုယ်တစ်ကိုယ်လုံးတွင် မုန်ညင်းစေ့ခန့်ရှိသော အဖုလေးများ အပ်ချစရာနေရာမရှိအောင် ပေါက်လာသည်။ ထိုအဖုလေးများသည် တဖြည်းဖြည်းဖြင့် မုန်ညင်းစေ့ခန့်မှ ပဲနောက်စေ့ခန့်ထိ ကြီးလာသည်။

တစ်ဖန် ပဲနောက်စေ့ခန့်မှ ဇီးသီးလုံးခန့်ထိ ကြီးလာသည်။ ဇီးသီးလုံးခန့်မှ နောက်ဆုံး ဥသျှစ်သီးကြီးခန့်ထိ ရှိလာသောအခါတွင် မထေရ်သည် ဘယ်မှမသွားနိုင်တော့ပေ။ ထိုအလုံးကြီးများသည် ရောင်ကားလာပြီး ပေါက်ထွက်ကုန်ရာ မထေရ်၏သင်္ကန်းနှင့် အိပ်ယာတစ်ခုလုံး သွေးပုပ်၊ ပြည်ပုပ်များဖြင့် ရစရာမရှိအောင်ဖြစ်သွားသည်။

နွားရာဝဲစွဲဟူသောစကားအတိုင်း တစ်ကိုယ်လုံးပြည့်နှက်နေသော အနာများကြောင့် ထမရ၊ ထိုင်မရဖြစ်နေစဉ်မှာပင် မထေရ်၏ ခြေရိုး၊ လက်ရိုးများ

www.burmeseclassic.com

www.burmeseclassic.com



သည် တစ်စုံတစ်ယောက် လာပြီးရိုက်ချိုးသလို အလိုလို အပိုင်းပိုင်းကျိုးကုန်ကြ၏။ ထို့ကြောင့် မထေရ်မှာ ပက်လက်ကနေထထိုင်ဖို့နေနေသာသာ လှုပ်တောင်မလှုပ်နိုင်တော့ပေ။

မထေရ်အနာမှ အပုပ်နံ့တို့သည် ဆိုးဝါးလွန်းလှသဖြင့် ဘယ်ရဟန်းမှ အနားသို့မကပ်နိုင်တော့ပေ။ ထို့ကြောင့် ပြုစုမည့်သူမရှိသဖြင့် မထေရ်မှာ အနာမှထွက်ကျသောအညစ်အကြေးများ၊ ကိုးပေါက်သောဒွါရမှထွက်ကျသော အညစ်အကြေးများကြားတွင် စိတ်ဆင်းရဲစွာနေရလေသည်။

ထိုအပုပ်နံ့ကိုအကြောင်းပြု၍ ထိုမထေရ်ကို ပူတိဂတ္တတိဿမထေရ်=မြန်မာလိုအားဖြင့် ပုပ်စော်နံနေသော တိဿမထေရ်ဟု အမည်တွင်ရပေသည်။ တစ်နေ့တွင် ဗုဒ္ဓသည် ကျောင်းစဉ်လှည့်လည်ရင်းဖြင့် ပူတိဂတ္တတိဿမထေရ်ကို တွေ့သွားလေသည်။

ဗုဒ္ဓသည် ပူတိဂတ္တတိဿမထေရ်၏အညစ်အကြေးများကို ကိုယ်တိုင်ဖွပ်လျှော်တော်မူပြီး ပြုစုယုယသည်။ ပူတိဂတ္တတိဿမထေရ်၏ ကိုယ်ကိုလည်း ရေနွေးဝတ်တိုက်ပေးကာ သန့်ပြန့်ခြောက်သွေ့သောသင်္ကန်းကို ရုံပေးသည်။ ထို့ကြောင့် ပက်လက်ပင်နေရငြားသော်လည်း ပူတိဂတ္တတိဿမထေရ်သည် စိတ်ကြည်လင်သွားလေသည်။

ပူတိဂတ္တတိဿမထေရ်သည် စိတ်ကြည်လင်သွားသည်နှင့် ဗုဒ္ဓက သစ္စာလေးပါးတရားကို ဟောပေးရာ တရားအဆုံးတွင် မထေရ်သည် ရဟန္တာဖြစ်သွားသည်။ ရဟန္တာဖြစ်ပြီးမကြာမီမှာပင် ပရိနိဗ္ဗာန်ဝင်စံသွား၏။ ရဟန်းများကြုံသည့်အခါတိုင်း ပူတိဂတ္တတိဿမထေရ်၏အဖြစ်မှာ ပြောစမှတ်ဖြစ်နေကြ၏။ ရဟန်းများသိချင်သောအချက်မှာ ပူတိဂတ္တတိဿမထေရ်သည် ရဟန္တာဖြစ်ရမည့်ပစ္ဆိမဘဝိကဘဝဖြစ်ပါလျက် အဘယ့်ကြောင့်ကြီးကျယ်သောအနာရောဂါဒဏ်၊ ခြေလက်ကျိုးသည့် ဒဏ်တို့ကို ခံစားရ[illegible]သော အချက်ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဗုဒ္ဓရှင်တော်မြတ်ကို မေးလျှောက်သဖြင့် ဗုဒ္ဓက ဖြေကြားတော်မူသည်မှာ- ပူတိဂဿတိဿမထေရ်သည် ဘဝတစ်ခုက ငှက်မုဆိုးတစ်ယောက်ဖြစ်ခဲ့သည်။ သူသည် ငှက်များကို အရှင်ဖမ်းပြီး ဘုရင့်နန်းတွင်းစားဖိုဆောင်သို့ နေ့စဉ်ဆက်သွင်းရသည်။ ထိုမှ ပိုသောငှ က်များကို ဈေးတွင်ရောင်းသည်။ ထိုကမှ ပိုသောငှက်များကိုကား ခြေနှင့်အတောင်ပံများကိုချိုးပြီးအိမ်ဝိုင်းအတွင်း သည်အတိုင်းပစ်ထားလိုက်သည်။

သတ်ထားလျှင်အသားများပုပ်ကုန်မည်စိုးသဖြင့် ခြေနှင့်အတောင်ပံများကို ချိုးထားခြင်းဖြစ်သည်။ ထိုအကုသိုလ်ကံများက အလယ်ဈေးငါးချက်အနေဖြင့် ယခုရဟန္တာဖြစ်ရသည့်အကြောင်းမှာ ငှက်မုဆိုးသည်တစ်ရက်တွင် ဆွမ်းခံကြွလာသော ရဟန္တာတစ်ပါးကို တွေ့ရသောအခါ ကြည်ညိုသဖြင့်ပြီး ငှက်သားဟင်းနှင့်ဆွမ်းကို လောင်းလှူခဲ့သည်။

ဤကုသိုလ်ကြောင့် အရှင်ဘုရားများရရှိထားသောတရားများကို တပည့်တော်လည်း ရရပါလို၏ဟု ဆုတောင်းခဲ့သည်။ ထိုကုသိုလ်နှင့်ဆုတောင်းက ရဟန္တာအဖြစ်ကို ပို့ပေးခြင်းဖြစ်သည်။

## အဒိန္နာဒါနအင်္ဂါ

အဒိန္နာဒါနကံမြောက်ရန်အတွက် အင်္ဂါငါးချက်လို၏။ ယင်းတို့ကား သူတစ်ပါးဥစ္စာဖြစ်ခြင်း၊ သူတစ်ပါးဥစ္စာဟုသိခြင်း၊ ခိုးယူလိုသောစိတ်ရှိခြင်း၊ ခိုးယူကြောင်းဖြစ်သောကိုယ်မှု၊ နှုတ်မှုလုံ့လတစ်ခုခုကိုပြုခြင်း၊ ခိုးယူခြင်းတို့ဖြစ်ပေသည်။(ခုဒ္ဒက၊ ၄၊ ၂၁၊ အဋ္ဌသာလိနီ၊ ၄၊ ၁၄)

အဒိန္နာဒါနအကုသိုလ်ကံက သီးသန့်ပေးသော ဆိုးကျိုးများမှာ ဖြစ်ရာဘဝတွင် ဥစ္စာနည်းသည်။ မွဲသည်။ ဆင်းရဲသည်။ ငတ်သည်။ အလိုရှိတာကို ဘယ်သောအခါမှမရ။ ရလာသမျှသော စည်းစိမ်ဥစ္စာတို့ကို ရန်သူမျိုးငါးပါး

www.burmeseclassic.com

www.burmeseclassic.com



က ဖျက်ဆီးပစ်ခြင်းပင်ဖြစ်၏။ မတရားသောနည်းဖြင့် ရယူခြင်းမှန်သမျှကို စာပေတွင် ခိုးခြင်းဟုသုံးသည်။

ထို့ကြောင့် စာရင်းလိမ်ပြခြင်း၊ လာဘ်စားခြင်း၊ အတုလုပ်ရောင်းခြင်း၊ လိမ်လည်ခြင်း၊ ဈေးကောင်းသောပစ္စည်းထဲတွင် ဈေးမကောင်းသောပစ္စည်းကို ရောနှော၍ ရောင်းခြင်း၊ ခါးပြတိုက်ခြင်း၊ အနုကြမ်းစီးခြင်းစသောအားဖြင့် မတရားမှု၊ မသမာမှုအားလုံးကို အဒိန္နာဒါနတွင်းသို့ သွင်းရမည်။ သူတော်ကောင်းစိတ်ရှိသော မိသားစုတစ်စုကို တွေ့ဘူး၏။

သူတို့ကိုယ်ပိုင်အိမ်မရှိစဉ်ကပင် စာရေးသူကျောင်း၌ ကျောင်းဆောင် လှူဘူး၏။ ထိုမျှထိ စေတနာကောင်း၏။ ကျောင်းလှူသော ပထမဇော စေတနာသည်လည်း အံ့သြဘွယ်ကောင်း၏။ အိမ်ငှားဘဝဖြင့် ကျောင်းဆောင် လှူပြီးမကြာမီမှာပင် သူတို့လည်း ကိုယ်ပိုင်တိုက်အိမ်နှင့်ဖြစ်သွားကြ၏။ ထိုမျှစေတနာအားလည်းကောင်း၊ ကုသိုလ်အားလည်းကောင်းကြသော သူတို့ မိသားစုသည် မီးသုံးကြိမ်တိတိအလောင်ခံရပြီး အိုးအိမ်ဥစ္စာ ပစ္စည်းများစွာ ဆုံးရှုံး၏။

အတိတ်ဘဝကပြုခဲ့သော အဒိန္နာဒါန အကုသိုလ်ကံ၏ ဒဏ်ခတ်ချက် ပင်ဖြစ်၏။ သူတို့သည် ပစ္စုပ္ပန္နဘဝတွင် ကုသိုလ်အားကောင်းသောကြောင့် မီးလောင်းပြီးခဏမှာပင် ပစ္စည်းဥစ္စာများ ပြန်လည်စုဆောင်းမိသည်သာဖြစ် ၏။ သူတို့အဖြစ်ကိုကြည့်၍ ပြီးပြီးသားအတိတ်ကံကား မိမိတို့ ဘာမှမတတ် နိုင်။ ပစ္စုပ္ပန္နဘဝတွင် ကံကောင်းအောင် ကုသိုလ်တရားများ ကြိုးစားနေဖို့ သာအရေးကြီးသည်ဟူသော သင်ခန်းစာထွက်လာ၏။

ရန်ကုန်တိုင်း၊ (- - -)မြို့နယ်တွင် ကျောင်းထိုင်ဘုန်းကြီးတစ်ပါးရှိ၏။ ပူသည် ကျောင်းဝင်းတံခါးကို အမြဲပိတ်ထားလေ့ရှိ၏။ သူ့ကျောင်းသို့ လူ ..ားလူလာလည်း အင်မတန်နည်း၏။ ပတ်ဝန်းကျင်မှကျောင်းများနှင့်လည်း ..ဆက်အသွယ်သိပ်မရှိ။ တစ်နေ့တွင် ထိုဆရာတော်သည် အပြင်မှပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျောင်းဝင်းတံခါးကိုပိတ်ရန် မေ့သွား၏။

ထိုအချိန်မှာတွင် ထိုမြို့သို့ပြောင်းလာကာစ ဒကာတစ်ယောက်သည် ဆွမ်းစားပင့်ရန် ယင်းကျောင်းဝင်းထဲသို့ဝင်သွား၏။ ကျောင်းဝိုင်းထဲရောက်သည်နှင့် ဆရာတော်ကိုမြင်လိုက်ရသောဒကာသည် မျက်နှာကွက်ကနဲပျက်သွားကာ ချက်ချင်းပြန်ထွက်သွားလေတော့၏။ ဒကာမြင်လိုက်သောမြင်ကွင်းကား ဆရာတော်သည် သင်္ကန်းလုံးလုံးမပါဘဲ ကိုယ်လုံးတီးဖြင့် လမ်းလျှောက်နေခြင်းပါတည်း။

နောင် စုံစမ်းသိရှိ၍ရသည်မှာ ယင်းဆရာတော်သည် အတိတ်ဘဝတစ်ခုက သူတစ်ပါး၏ အဝတ်အထည်များကို ခိုးယူခဲ့ဘူး၏။ ထိုအကုသိုလ်ကံကြောင့် ယခုလူ့ဘဝရောက်လာသောအခါ အဝတ်အစားဝတ်၍မရ။ အဝတ်အစားဝတ်လိုက်လျှင် ခန္ဓာကိုယ်သည် မနေနိုင်အောင် ယားယံလာ၏။ ထို့ကြောင့် လူကြားသူကြားထဲသွားသောအခါတွင်သာ ကြိတ်မှိတ်အဝတ်အစားကိုဝတ်ပြီး တစ်ယောက်တည်းဆိုလျှင် ကိုယ်လုံးတီးသာနေလေ၏။

အဒိန္နာဒါနကံ၏ ဆိုးကျိုးကား ကြောက်စရာကောင်းပေစွ။ ဆရာတော်ကြီးတစ်ပါးကား ငယ်ရွယ်စဉ် ကလေးဘဝက သူတစ်ပါး၏ ပစ္စည်းတစ်ခုကို ခိုးယူခဲ့ဘူး၏။ ထိုအကုသိုလ်ကံ၏ပထမဇောစေတနာသည် ဆရာတော်ကြီးကို ယခုဘဝမှာပင် မကောင်းကျိုးပေး၏။ ဆရာတော်ကြီး အသက်ကြီးလာသောအခါ ကိုယ်ပိုင်ပစ္စည်းပစ္စယများ မကြာခဏပျောက်၏။

လက်တွေ့သိချင်၍ တခြားမိတ်ဆွေတစ်ယောက်၏ ပစ္စည်းများကို ခဏငှားပြီး သူ့ပစ္စည်းနှင့်အတူ ရောထား၏။ လက်နှိပ်ဓာတ်မီးနှစ်ခု ယှဉ်ထားသည်ဆိုလျှင် မိတ်ဆွေ၏ ဓာတ်မီးကားမပျောက် ဆရာတော်ကြီး၏ ဓာတ်မီးသာပျောက်၏။ ထိုအခါကျမှ ဆရာတော်ကြီးမှာ ငယ်ရွယ်စဉ် မသိတတ်ခင်က ခိုးမိသောအပြစ်ကို နောင်တကြီးစွာရ၏။

ထို့ကြောင့် စာသင်တိုက်ဆရာတော်ကြီးတစ်ပါးက-

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့ ကိုယ့်ရဲ့ပစ္စည်းဥစ္စာ အခိုးခံရတဲ့အခါ ဘယ်တော့မှ လူသိရှင်ကြား အာပေါင်းအာရင်းသန်သန်နဲ့ လျှောက်မပြောကြနဲ့။ အဲဒါ ကိုယ်လဲ အရင်ဘဝက သူခိုးပဲဆိုတာကြေငြာချက်ထုတ်တာနဲ့ တူတယ်"ဟု ဩဝါဒပေးဘူး၏။

## ကာမေသုမိစ္ဆာစာရအင်္ဂါ

"မသွားလာအပ်သော မိန်းမနှစ်ဆယ်ဖြစ်ခြင်း၊ ထိုမိန်းမဌ်မှီဝဲလိုစိတ်ရှိခြင်း၊ လုံ့လပြုခြင်း၊ သာယာခြင်းဟူသော အင်္ဂါလေးချက်နှင့်ညီလျှင် ကာမေသုမိစ္ဆာစာရကံ မြောက်သည်။ ထိုကံကို ကျူးလွန်ကြသူများသည် ယခုဘဝမှစ၍ ဖြစ်ရာဘဝတွင် လူမုန်းများ၏။ ရန်သူများ၏။ ပစ္စည်းလာဘ်လာဘရှားပါး၏။ ဆင်းရဲ၏။ မိန်းမသော်လည်းလောင်း ပဏ္ဍုတ်သော်လည်းကောင်းဖြစ်ရ၏။ ဣန္ဒြေဖောက်ပြန်၏။ စိုးရိမ်ကြောက်လန့်စွာ နေရတတ်၏။ မိမိချစ်သောသူနှင့် ကွေကွင်းရတတ်၏။

## ပဏ္ဍုတ်ငါးမျိုး

### မသွားလာအပ်သော မိန်းမ ၂၀

၁။ မိခင်အုပ်ထိန်းသောမိန်းမ
၂။ ဖခင်အုပ်ထိန်းသောမိန်းမ
၃။ မိဘနှစ်ပါးအုပ်ထိန်းသောမိန်းမ
၄။ မောင်ကြီးမောင်ငယ်အုပ်ထိန်းသောမိန်းမ
၅။ အစ်မ၊ ညီမအုပ်ထိန်းသောမိန်းမ
၆။ ဆွေမျိုးအုပ်ထိန်းသောမိန်းမ
၇။ အမျိုးအနွယ်အုပ်ထိန်းသောမိန်းမ

www.burmeseclassic.com

www.burmeseclassic.com



၈။ တရားကျင့်ဖော်အုပ်ထိန်းသောမိန်းမ
၉။ ကိုယ်ဝန်တည်ကတည်းက မှတ်သားသိမ်းဆည်းထားသောမိန်းမ
၁၀။ ဤမိန်းမကို သွားလာလျှင် ဒဏ်သင့်စေဟု မင်းမိန့်ထုတ်ထားသော မိန်းမ
၁၁။ ဥစ္စာဖြင့်ဝယ်ယူပေါင်းသင်းနေသောမိန်းမ
၁၂။ အလိုတူ၍ပေါင်းသင်းနေသောမိန်းမ
၁၃။ ဥစ္စာစည်းစိမ်အပ်နှင်း၍ ပေါင်းသင်းနေသောမိန်းမ
၁၄။ အဝတ်တန်ဆာဆင်၍ ပေါင်းသင်းနေသောမိန်းမ
၁၅။ လူကြီးစုံရာ လက်ထပ်ပေါင်းသင်းနေသောမိန်းမ
၁၆။ ထင်းခွေ၊ ရေခပ်လုပ်ကိုင်နေသောမိန်းမအား ထိုအလုပ်ကိုမလုပ်စေဘဲ ပေါင်းသင်းထားသောမိန်းမ
၁၇။ မယားပြုခံရသောမိန်းမ
၁၈။ မယားပြုခံရသောအလုပ်သူမ
၁၉။ မယားအဖြစ်ပေါင်းသင်းခံရသော သုံ့ပန်းမိန်းမ
၂၀။ ခေတ္တငှားရမ်းပေါင်းသင်းသောမိန်းမ

ထို ၂၀ တွင် ၁ မှ ၈ အထိ အမျိုးသမီးတို့သည် အပျိုများဖြစ်သည်။ သူတို့ကာမကို သူတို့ပိုင်ဆိုင်ကြသည်။ အုပ်ထိန်းသောသူများသည် အစောင့်အရှောက်သာဖြစ်၏။ ထို့ကြောင့် ယင်းရှစ်ယောက်ကို သွားလာလျှင် သွားလာသောအမျိုးသားများသာ ကာမေသုမိစ္ဆာစာရဖြစ်သည်။

ယင်းအမျိုးသမီးရှစ်ယောက်တို့မှာကား ကာမေသုမိစ္ဆာစာရမဖြစ်ပေ။ ကာမေသုမိစ္ဆာစာရမဖြစ်သော်လည်း ယင်းအမျိုးသမီးများအတွက် လောကတွင် မျက်နှာမပြရဲစရာ ရှက်ကြောက်စရာလည်းဖြစ်၏။ တန်ဖိုးကျစရာလည်းဖြစ်၏။ ရှက်ကြောက်စရာကား ထင်ရှား၏ တန်ဖိုးကျစရာကိုသာပြအံ့။

www.burmeseclassic.com

www.burmeseclassic.com



၈။ တရားကျင့်ဖော်အုပ်ထိန်းသောမိန်းမ
၉။ ကိုယ်ဝန်တည်ကတည်းက မှတ်သားသိမ်းဆည်းထားသောမိန်းမ
၁၀။ ဤမိန်းမကို သွားလာလျှင် ဒဏ်သင့်စေဟု မင်းမိန့်ထုတ်ထားသော မိန်းမ
၁၁။ ဥစ္စာဖြင့်ဝယ်ယူပေါင်းသင်းနေသောမိန်းမ
၁၂။ အလိုတူ၍ပေါင်းသင်းနေသောမိန်းမ
၁၃။ ဥစ္စာစည်းစိမ်အပ်နှင်း၍ ပေါင်းသင်းနေသောမိန်းမ
၁၄။ အဝတ်တန်ဆာဆင်၍ ပေါင်းသင်းနေသောမိန်းမ
၁၅။ လူကြီးစုံရာ လက်ထပ်ပေါင်းသင်းနေသောမိန်းမ
၁၆။ ထင်းခွေ၊ ရေခပ်လုပ်ကိုင်နေသောမိန်းမအား ထိုအလုပ်ကိုမလုပ်စေဘဲ ပေါင်းသင်းထားသောမိန်းမ
၁၇။ မယားပြုခံရသောမိန်းမ
၁၈။ မယားပြုခံရသောအလုပ်သူမ
၁၉။ မယားအဖြစ်ပေါင်းသင်းခံရသော သုံ့ပန်းမိန်းမ
၂၀။ ခဏတွင်မယားရမ်းပေါင်းသင်းသောမိန်းမ

ထို ၂၀ တွင် ၁ မှ ၈ အထိ အမျိုးသမီးတို့သည် အပျိုများဖြစ်သည်။ သူတို့ကာမကို သူတို့ပိုင်ဆိုင်ကြသည်။ အုပ်ထိန်းသောသူများသည် အစောင့်အရှောက်သာဖြစ်၏။ ထို့ကြောင့် ယင်းရှစ်ယောက်ကို သွားလာလျှင် သွားလာသောအမျိုးသားများသာ ကာမေသုမိစ္ဆာစာရဖြစ်သည်။

ယင်းအမျိုးသမီးရှစ်ယောက်တို့မှာကား ကာမေသုမိစ္ဆာစာရမဖြစ်ပေ။ ကာမေသုမိစ္ဆာစာရမဖြစ်သော်လည်း ယင်းအမျိုးသမီးများအတွက် လောကတွင် မျက်နှာမပြရဲစရာ ရှက်ကြောက်စရာလည်းဖြစ်၏။ တန်ဖိုးကျစရာလည်း ဖြစ်၏။ ရှက်ကြောက်စရာကား ထင်ရှား၏ တန်ဖိုးကျစရာကိုသာပြအံ့။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတို့သည် ထိုကဲ့သို့ အညာလွယ်တတ်သော အမျိုးသမီးများကို အထင်သေးတတ်၏။ ဘယ်သောအခါမှ အတည်မကြံပေ။ ကျောရရုံ အပျော်သာကြံကြ၏။ ထို့ကြောင့် ယောက်ျားတစ်ယောက်ယောက်နှင့် နာမည်ပျက်ခဲ့ဘူးသော မိန်းမတစ်ယောက်သည် လင်ကောင်းသားကောင်းမရသည်သာများ၏။

ပြည့်တန်ဆာဖြစ်သွားသော မိန်းကလေးအများစုသည် ယောက်ျားများကို လိုက်လျောလွန်း၊ အညာလွယ်လွန်းရာမှ စကြသည်သာများ၏။ အရလွယ်သောပစ္စည်းကို တန်ဖိုးမထားတတ်သည်မှာ လူတို့၏ဓမ္မတာသာဖြစ်၏။

## အညာလွယ်ခြင်း၏ဆိုးကျိုး

ကမာရွတ်ဖက်မှ အမျိုးသမီးတစ်ဦးသည် ကောင်းကောင်းနေလျှက်နှင့်ပင် လင်သားဖြစ်သူ၏ စွပ်စွဲကဲ့ရဲ့ခြင်းကို အမြဲခံနေရ၏။ လင်သားဖြစ်သူ၏ သံသယမျက်လုံးဖြင့်ကြည့်သောဒဏ်ကို အမြဲခံနေရသဖြင့် သူမသည် စိတ်ဆင်းရဲလာသည်။ လင်သား ယုံယုံကြည်ကြည်ဖြစ်အောင် ဘယ်လိုနေရမည်ကိုပင် မတွေးတတ်အောင် ဖြစ်နေသည်။

ငါ ဘယ်နေရာမှာ မှားခဲ့လို့ ဒီလောက်တောင် သံသယအဖြစ်ခံနေရတာလဲဟု နောက်ကြောင်းကို ပြန်တွေးကြည့်သောအခါ ယခုလင်သားနှင့် သမီးရည်းစားဖြစ်စအချိန်က ချစ်သူတောင်းဆိုသမျှကို ချစ်စိတ်ကြောင့် မငြင်းဆန်ဘဲ အမြဲတမ်း လိုက်လျောမိ၏။ ထိုကဲ့သို့ ချစ်စိတ်ကြောင့် အညာလွယ်ခြင်းကိုပင် လင်မယားဖြစ်သည်အထိ ချစ်သူက အထင်သေးနေခြင်းဖြစ်သည်။

အပျိုဘဝကတောင် ငါ့ခွင့်တောင်းတိုင်း လိုက်လျောသေးတာ၊ အခုလို အအိုဘဝဆိုရင် ကာမေသုမကြောက်တဲ့ ယောက်ျားတွေက အခွင့်အရေးတောင်းလာရင် ဒီမိန်းမ လိုက်လျောဦးမှာပဲဟူသော အတွေးအခေါ်က

www.burmeseclassic.com

www.burmeseclassic.com



လင်သားဖြစ်သူ၏ ဦးနှောက်တွင်စွဲသွား၏။ ထို့ကြောင့် တကယ်ယူဖြစ်မည့် ခင်ပွန်းလောင်းဖြစ်စေကာမူ လက်မထပ်မီတွင် အညှာမလွယ်သည်မှာ အကောင်းဆုံးဖြစ်၏။

ထို့ကြောင့် မိန်းမပျိုတို့သည် မိမိတို့ကိုယ်ကို သောက်ရေအိုးထဲကရေလို ဖြစ်အောင် နေသင့်၏။ ခြေဆေးအိုးထဲရေလို မနေသင့်ပေ။ လူတို့သည် သောက်ရေအိုးထဲကရေကိုသာသောက်သည်။ ထို့အတူ ယောက်ျားကောင်းတို့သည် ဣန္ဒြေသိက္ခာရှိသော အညှာမလွယ်သည့်မိန်းကလေးများကိုသာ ရာသက်ပန် လက်တွဲဖော်အဖြစ် အတည်ကြံကြသည်။

လူတို့သည် ခြေဆေးအိုးထဲကရေကို ခြေသာဆေးသကဲ့သို့ ယောက်ျားတို့သည် ဣန္ဒြေသိက္ခာမရှိသော၊ အညှာလွယ်လွန်းသော မိန်းကလေးများကို အပျော်ကျောရရုံသာ ကြံကြပေသည်။ ဤကား အပျို (၈) ယောက်နှင့် ပတ်သက်သော အရေးကြီးသည့် အတွေးအခေါ်ကို တင်ပြခြင်းဖြစ်၏။ ကျန် (၁၂)ယောက်သော မိန်းမများကား အအိုများဖြစ်၏။ သူတို့၏ကာမကိုပိုင်သူ လင်ယောက်ျားရှိ၏။

ထို့ကြောင့် ယင်း (၁၂)ယောက်သောမိန်းမတို့သည် တခြားယောက်ျားတစ်ပါးတို့နှင့်ပျော်ပါးလျှင် နှစ်ဦးလုံး ကာမေသုမိစ္ဆာစာရဖြစ်သည်။ ကိုယ့်ဇနီး၊ ခင်ပွန်းရှိပါလျက်နှင့် တခြားယောက်ျား၊ မိန်းမတို့အပေါ် ကျူးလွန်တပ်မက်ချင်စိတ်ပေါ်သည်မှာ စိတ်၏လှည့်စားခြင်းတစ်ခုသာဖြစ်၏။ လှည့်စားခြင်းကိုဖြေနိုင်လျှင် ပြေသည်သာဖြစ်၏။

ဇလေန ဘဝတိပင်္ကံ၊
ဇလေနေဝဝိသုဇ္ဈတိ။
စိတ္တေန ဘဝတိပင်္ကံ၊
စိတ္တေနေဝဝိသုဇ္ဈတိ။

ရေကြောင့်ဖြစ်သော အညစ်အကြေးကို ရေဖြင့်သာဆေးကြောသန့်စင်ရသကဲ့သို့၊ စိတ်ကြောင့်ဖြစ်သော ကိလေသာအညစ်အကြေးကိုလည်း စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သာ စင်ကြယ်အောင် ဆေးကြောရမည်။

ဟူသော ဒေသနာအတိုင်း စိတ်ကြောင့်ဖြစ်သော အညစ်အကြေးကို စိတ်ဖြင့်သာ ဆေးကြောပြသော ပညာရှိအမျိုးသမီးတစ်ယောက်အကြောင်းကို ဇာတ်တော်တစ်ခုတွင် တွေ့ရ၏။ တစ်ခါသော် ပုရောဟိတ်ပုဏ္ဏားကြီးတစ်ယောက်သည် မိဖုရားခေါင်ကြီးအပေါ်တွင် စွဲလမ်းတပ်မက်စိတ်ဖြစ်ကာ အိပ်ယာထဲလဲလေ၏။ ဘာဆေးနှင့်မှလည်း ကုမရပေ။

ပညာရှိသော မိဖုရားကြီးသည် ပုရောဟိတ်ကြီး သူ့ကြောင့် အိပ်ယာထဲလဲမှန်းသိ၏။ ထို့ကြောင့် လူသားချင်းစာနာသောအားဖြင့် အခြွေအရံများနှင့်အတူ လူနာမေးသွား၏။ ပုရောဟိတ်ကတော်နှင့်တကွ လူကြီးလူကောင်းအားလုံးတို့၏ရှေ့တွင် ပုရောဟိတ်ကြီး၏ကာမရောဂါကို ကုပေးခြင်းမှာ ပညာသားပါလှ၏။

သူနှင့်ပုရောဟိတ်ကြီးတို့နှစ်ယောက်သာ နားလည်သောစကားဖြင့် တရားဟောရမည်ဖြစ်၏။ ပုရောဟိတ်ကြီး၏ ကာမရောဂါကို လူလည်းမသိအောင်၊ ပျောက်လည်းပျောက်အောင် တရားဟောဖို့ဆိုသည်ကား တွေးလေခက်လေပင်ဖြစ်၏။ မိဖုရားကြီးကိုယ်တိုင် ဆေးတိုက်လာသည်ဟုသိရသဖြင့် ပုဏ္ဏားကြီးမှာ ရောဂါတစ်ဝက်ပင် အလိုလိုသက်သာနေ၏။

ထူးခြားသည်ကား မိဖုရားကြီးသည် ဆေးတိုက်ရန်ခွက်ကို ကြေးခွက်၊ ငွေခွက်၊ ရွှေခွက်ဟု သုံးခွက်တိတိယူလာခြင်းဖြစ်၏။ ဆေးကား တစ်မျိုးတည်းသာ။ မိဖုရားကြီးက -

"ပုရောဟိတ်ကြီး၊ တိုက်မယ့်ဆေးကတော့ တစ်မျိုးတည်းပါ၊ ဒါပေမယ့် ခွက်သုံးမျိုးနဲ့ခွဲတိုက်မယ်၊ လျှာမှာပေါ်လာတဲ့ အရသာကိုတော့ မှတ်သားပြီး ပြောပြရမယ်"

ဟုပြောပြီး ပထမဆုံး ကြေးခွက်ထဲတွင် ဆေးကိုထည့်ပြီး တိုက်လေ၏။ ပုရောဟိတ်ကြီးသောက်ပြီးသောအခါ မိဖုရားကြီးက -

www.burmeseclassic.com

www.burmeseclassic.com



''ပုရောဟိတ်ကြီး အရသာဘယ်လိုနေသလဲ''

''မှန်ပါ၊ ဖန်တန်တန်ပါဘုရား''

''ဟုတ်ပြီ၊ နောက်တစ်ခါ ငွေခွက်နဲ့ ဒီဆေးကိုပဲ ထပ်တိုက်မယ်''

ပုဏ္ဏားကြီး သောက်ပြီးသည်နှင့် -

''အရသာ ဘယ်လိုနေသလဲ ပုရောဟိတ်ကြီး''

''မှန်ပါ၊ မထူးပါဘူး၊ ဖန်တန်တန်ပါပဲဘုရား''

နောက်တစ်ခါ ရွှေခွက်နဲ့တိုက်အပြီးတွင် -

''ဒီတစ်ခါရော ဘယ်လိုနေသလဲ ပုရောဟိတ်ကြီး''

ပညာမသေးသော ပုရောဟိတ်ကြီးကား မိဖုရား၏ လက်တွေ့ကျသော တရားကို သဘောပေါက်သွားပြီး ရောဂါသက်သာလေပြီ။ ထို့ကြောင့် -

''ဖန်တန်တန်ပါဘဲ မိဖုရားခေါင်ကြီး၊ ခွက်သာပြောင်းသွားတာက ဆေးကမှ မပြောင်းဘဲနဲ့ အရသာမပြောင်းနိုင်ပါဘူး'' ဟု မိဖုရားကြီးကို ကျေးဇူးတင်သောမျက်နှာဖြင့် လှမ်းကြည့်ပြီး လျှောက်တင်၏။ မိဖုရားကြီးက

''ပုရောဟိတ်ကြီးကိုလည်း ဒီအချက်ကိုပဲသိစေချင်တာပါ၊ ကာမဂုဏ် အာရုံအားလုံးဟာ အတူတူချည်းပါပဲ၊ မိမိစိတ်က လှည့်စားလို့သာ အထူး အဆန်းထင်ပြီး စွဲလမ်းနေကြတာပါ'' ဟု ပုဏ္ဏားကြီးမျက်နှာကို အဓိပ္ပာယ် နှင့်လှမ်းကြည့်ပြီး ပြောလိုက်၏။

ထိုအခါ ပုဏ္ဏားကြီးက သဘောပေါက်သွားသဖြင့် ''မိဖုရားကြီး ကျွန်တော်မျိုးရောဂါ ပျောက်ပါပြီ''ဟု လျှောက်၏။

ကာမရောဂါ၊ ကိုယ်တွင်းနာကား၊
ကုရာနတ္ထိ၊ ဆေးမရှိဘူး၊
မိမိပညာ၊ သတိသာလျှင်၊
မဟာသြသဓ၊ ဆေးမည်စွရှင့်။

(မဃဒေဝ)

www.burmeseclassic.com

www.burmeseclassic.com



ပညာ၊ သတိတို့ဖြင့်ကုလျှင် ကာမရောဂါသည် ပျောက်သည်သာဖြစ်၏။ ထိုသို့ သတိ၊ ပညာတို့ဖြင့် မထိန်းသိမ်းမိသောကြောင့် အရှင်အာနန္ဒာသည် နှစ်ည် ရှေ့ပန်းထိမ်သည်သားဘဝက ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိခဲ့၏။

## အလှည့်ကျလျှင် မနွဲ့ကြစတမ်း

ထိုကြာကူလီဘဝမှ စုတေသောအခါ ငရဲသို့ တန်းမကျသေးဘဲ ကောသမ္ဗီပြည်တွင် သူဌေးသား သွားဖြစ်၏။ ကာမေသုမိစ္ဆာစာရအကုသိုလ်ကံများသည် ပထမဘဝ၊ ဒုတိယဘဝတွင် အကျိုးမပေးသေးဘဲ စောင့်နေခြင်းဖြစ်၏။ တတိယဘဝကျမှ အကျိုးပေးမည်ဖြစ်သည်။ ပထမဇောသည် ပထမဘဝတွင် အကျိုးမပေးရလျှင်ပျက်၏။ သတ္တမဇောသည် ဒုတိယဘဝတွင် အကျိုးမပေးရလျှင် ပျက်၏။ စာလို အဟောသိကံဖြစ်သည်ဟုခေါ်၏။

အလယ်ဇောငါးချက်ကား မပျက်ကောင်းပေ။ တတိယဘဝမှစပြီး အကျိုးပေး၏။ ထိုကောသမ္ဗီသူဌေးသားဘဝတွင်ကား သူတော်ကောင်းနှင့် ပေါင်းမိပြီး ကုသိုလ်တရားတို့ကို အားထုတ်၏။ ထိုဘဝမှ သေသောအခါ ရှေ့ပန်းထိမ်သည်သားဘဝကပြုခဲ့သော ကာမေသုမိစ္ဆာစာရကံတို့က အရင်လာ၍ မကောင်းကျိုးပေးခွင့်ရသွား၏။ ကောသမ္ဗီသူဌေးသားဘဝက ပြုခဲ့သော ကုသိုလ်တို့က စောင့်နေရပြန်သည်။

ကောသမ္ဗီသူဌေးသားဘဝမှ သေသောအခါ ရောရုဝငရဲ၌ လူ့အသက်နှင့်တွက်လျှင် နှစ်ပေါင်း ၅၇ ကုဋေနှင့် အနှစ်ခြောက်သန်းတိတိ ငရဲဒုက္ခကို ခံစားရ၏။ ထိုမှလွတ်သောအခါ ကိန္နာကတတိုင်းတွင် သင်းကွပ်ခံရသော ဆိတ်သိုးကြီးဖြစ်ရသည်။ ထိုမှသေသောအခါ တောတစ်ခုထဲတွင် မျောက်ဖြစ်ရသည်။ ကာမေသုမိစ္ဆာစာရကံ၏အကျိုးဆက်ကြောင့် အထီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အထီးအင်္ဂါကို ဖခင်မျောက်ထီးကြီးက ကိုက်ဖောက်ပစ်ခြင်းကို ခံရသည်။

ထိုမှသေသောအခါ သုဒ္ဒသနတိုင်း၌ နွားထီးကြီး သွားဖြစ်ရသည်။ ကာမေသုမိစ္ဆာစာရကံပါခဲ့သောကြောင့် သင်းကွပ်ခံရသည်သာဖြစ်၏။ ထိုမှ သေသောအခါ ဝဇ္ဇီတိုင်း၌ နပုံးဖြစ်ရသည်။ ယောက်ျားအင်္ဂါ၊ မိန်းမအင်္ဂါ နှစ်ခုလုံးမပါသောသူကို နပုံးဟုခေါ်၏။ ထိုမျှထိခံပြီးမှ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံအကျိုးရင်းက ကုန်သွား၏။ အကျိုးဆက်အနည်းငယ်ကား ကျန် သေး၏။

ရွှေယန်းထိမ်သည်သားဘဝကပြုခဲ့သော ကာမေသုမိစ္ဆာစာရ အကုသိုလ် ကံ ကုန်သောအခါ ကောသမ္ဗီသူဌေးသားဘဝကပြုခဲ့သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကံတို့၏အလှည့်ရောက်လာသောကြောင့် နတ်ပြည်သို့ ရောက်ရ၏။ သို့သော် ကာမေသုမိစ္ဆာစာရကံ အမျှားလေးက လာခတ်သေး ရာ သိကြားမင်းမိဖုရား နတ်သမီးသာ ဖြစ်ရ၏။ လေးဘဝဖြစ်၏။

ထိုသိကြားမင်းမိဖုရား လေးဘဝမှ သေသောအခါ ဇဝနနတ်သား၏ မိဖုရားဘဝ တစ်ဘဝဖြစ်ရ၏။ ထိုမှသေသောအခါ ဝိဒေဟတိုင်း၊ မိထိလာ မြို့မှ အင်္ဂတိမင်းကြီး၏သမီးတော် ရုစာမင်းသမီး သွားဖြစ်၏။ ထိုဘဝမှ သေသောအခါ တာဝတိံသာနတ်သားတစ်ယောက်၏မိန်းမ နတ်သမီးသွား ဖြစ်ရပြန်၏။ (မဟာနာဒရဇာတ်)

ဤဖြစ်ရပ်ကိုကြည့်၍ လောဘအလိုသို့လိုက်ပြီး ကာမေသုမိစ္ဆာစာရကို မကျူးလွန်မိအောင် သတိထားသင့်၏။ ကျူးလွန်ချိန်တွင် ခံစားရသော ခဏတာ သုခထက် အပါယ်ဘုံတွင် ဘဝများစွာ ခံစားရသောဒုက္ခက ကြီးမားလွန်းလှ၏။ ထို့ကြောင့် ကာမေသုမိစ္ဆာစာရအလုပ်ကို ချမ်းသာတစ်ပဲ ငရဲတစ်ပိဿာအလုပ်ဟု ဆိုသင့်၏။

www.burmeseclassic.com

www.burmeseclassic.com



## မုသာဝါဒအင်္ဂါ

မဟုတ်မမှန်သောအကြောင်းဖြစ်ခြင်း၊ မဟုတ်မမှန်ပြောလိုစိတ်ရှိခြင်း၊ ပြောလည်းပြောခြင်း၊ လိမ်ညာသည့်အတိုင်း တစ်ဖက်ကသိခြင်း ဝါ ယုံသွားခြင်း၊ ဤအင်္ဂါလေးချက်နှင့်ညီလျှင် မုသာဝါဒကံထိုက်သည်။ မုသားပြောသူများ သီးသန့်ခံစားရသည့်ဆိုးကျိုးများမှာ ဖြစ်ရာဘဝတွင် စကားမပီခြင်း၊ သွားများ ညီညီညာညာမပေါက်ခြင်း၊ ပါးစပ်မှ အပုပ်နံ့ထွက်ခြင်း။

အသားအရည်ခြောက်ကပ်ခြင်း၊ ကြွေဖောက်ပြန်ခြင်း၊ ဩဇာအာဏာမရှိခြင်း၊ နှုတ်လျှာကြမ်းတမ်းခြင်း၊ လျှပ်ပေါ်လော်လီခြင်း၊ တည်ကြည်သောသမာဓိမရှိခြင်းတို့ဖြစ်သည်။ မုသားပြောခြင်းမှ ရှောင်ကြဉ်လျှင် ဖြစ်ရာဘဝတွင် စကားပီခြင်း၊ သွားညီခြင်း၊ အာခံတွင်းမှ ကြာညိုနံ့သင်းခြင်း စသောအဆိုးနှင့်ဆန့်ကျင်ဘက် ကောင်းကျိုးများ ပြန်ရပေသည်။

## အကုသိုလ်မှန်သမျှလုပ်ရဲသူ

ဧကံဓမ္မံ အတီတဿ၊
မုသာဝါဒဿဇန္တုနော။
ဝိတိဏ္ဏ ပရလောကဿ၊
နတ္ထိပါပံ အကာရိယံ။

(ဓမ္မပဒ၊ ဝိဠမာဏဝိကာဝတ္ထု)

သစ္စာတရားကိုပယ်ရှား၍ တမလွန်လောကကို လက်မခံသော မုသားစကားကို ပြောလေ့ရှိသောသူအား မပြုလုပ်ရဲသော မကောင်းမှုအကုသိုလ်ဟူ၍ မရှိပေ။

ဤဒေသနာအရ မုသားသည် အကုသိုလ်အားလုံး လုပ်ဖြစ်ခြင်း၏အဓိကအကြောင်းကြီးဖြစ်၏။ လုပ်ခဲ့သမျှသော အကုသိုလ်အလုပ်များကို

www.burmeseclassic.com

www.burmeseclassic.com



မုသားဖြင့် ကာကွယ်လေ့ရှိကြ၏။ မုသားသည် ငါးပါးသီလတွင် အရေးအကြီးဆုံးဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓသည် နှစ်ဦးအခါက တခြားအကုသိုလ်များကို ကျူးလွန်မိသော်လည်း မုသားကိုကား မပြောခဲ့ပေ။

ရာဟုလောဝါဒသုတ်တွင် ဗုဒ္ဓက ရှင်ရာဟုလာအား

"ချစ်သား ရာဟုလာ၊ မုသားကိုရယ်စရာပင်မပြောရ။ မုသားပြောလေ့ ရှိသောသူသည် မလုပ်ရဲသည့်အကုသိုလ်မရှိသောကြောင့်တည်း။"

ဟု ဆုံးမတော်မူခဲ့၏။ သူတစ်ပါးအကျိုးပျက်စီးသည်ဖြစ်စေ၊ မပျက်စီးသည်ဖြစ်စေ၊ မုသားပြောလျှင် မုသာဝါဒကံ ပျက်သည်သာဖြစ်၏။ အကုသိုလ်အကြီးအသေးသာ ကွာသွား၏။ စာရေးသူတို့နေသောမြို့မှ လူကြီးတစ်ယောက်သည် လာဘ်စားခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို စာရင်းလိမ်၍ယူခြင်း စသောအားဖြင့် မကောင်းမှုမျိုးစုံလုပ်၏။

မကောင်းမှုပြုလုပ်သူတိုင်း ဘေးလေးမျိုးဆိုက်၏။ ယင်းတို့ကား

| | | |
|---|---|---|
| ပရာနုဝါဒဘေး | = | သူတစ်ပါးက စွပ်စွဲကဲ့ရဲ့ခြင်း |
| ဒဏ္ဍဘေး | = | ထောင်တန်းကျခြင်း |
| အတ္တာနုဝါဒဘေး | = | မိမိကိုယ်မိမိစွပ်စွဲကဲ့ရဲ့ခြင်း |
| ဒုဂ္ဂတိဘေး | = | အပါယ်လေးဘုံသို့ကျရခြင်း |

တို့ဖြစ်၏။ ထိုလေးမျိုးတို့တွင် သူသည် အလိမ်အညာကောင်းသောကြောင့် ပရာနုဝါဒဘေးမှ လွတ်သွား၏။ သူမကောင်းတာလုပ်သည်ကို စာရေးသူတို့အိမ်ကဲ့သို့ အိမ်နီးချင်းအချို့နှင့် လုပ်ဖော်ကိုင်ဖက် အတွင်းလူအချို့သာ သိပေသည်။ သူသည် စာရင်းစစ်များနှင့် သက်ဆိုင်ရာလူကြီးများကို လာဘ်ထိုးသောကြောင့် ဒဏ္ဍဘေးမှလည်း လွတ်သွား၏။

သို့သော် ငါသည် သူတစ်ပါးပစ္စည်းများကို ယန်ကာအောက်မှထိုင်ခိုးနေသော သူခိုးကြီးတစ်ယောက်သာတည်းဟု မိမိကိုယ်မိမိ စွပ်စွဲကဲ့ရဲ့သော အတ္တာနုဝါဒဘေးမှကား မလွတ်တော့ပေ။ မိမိကိုယ်မိမိ မကြည်ညိုတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်သည် သူတစ်ပါးကိုလိမ်၍ရသော်လည်း မိမိကိုယ်မိမိကား လိမ်၍မရပေ။

တစ်စိမ်းက ကြည်ညိုခြင်း၊ မိသားစုကကြည်ညိုခြင်း၊ မိမိကိုယ်မိမိ ကြည်ညိုခြင်းဟူသော သုံးမျိုးတို့တွင် မိမိကိုယ်မိမိ ကြည်ညိုဖို့သည် အရေးအကြီးဆုံးဖြစ်၏။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ဘေးလူများက ဘယ်လောက်ပင်ကြည်ညို ကြည်ညို မိမိကိုယ်မိမိ တကယ်မကြည်ညိုလျှင် ဘယ်သောအခါမျှ ဘဝကူးကောင်းလိမ့်မဟုတ်ပေ။

အတ္တာနုဝါဒဘေးသည် ဒုဂ္ဂတိဘေးနှင့် တစ်ဆက်တည်းဖြစ်၏။ ထို့ကြောင့် ထိုလူကြီးသေခါနီးသောအခါ သူလုပ်ခဲ့သော မကောင်းမှုများ ပြန်ပေါ်လာပြီး မချိမဆန့်အော်ဟစ်ညည်းညူနေသည်ကို စာရေးသူတို့အိမ်မှ တစ်ညလုံး အတိုင်းသားကြားရ၏။ မနက်လင်းသောအခါ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ခုတင်ပေါ်မှလိမ့်ကျပြီး သေဆုံးနေသည်ကို တွေ့ကြရ၏။ အပါယ်ကျသည့် ဒုဂ္ဂတိဘေးကိုကား သူသည် လာဘ်ထိုး၍၊ လိမ်၍ မရတော့ပါချေ။

သားသမီးများ ငယ်ရွယ်စဉ်ကတည်းက သစ္စာကတိရှိသူများဖြစ်လာရန် လိမ်ပြောလျှင် ပြင်းထန်စွာအရေးယူပြီး အမှန်အတိုင်းပြောလျှင်ကား အချို့အပြစ်ကို လျှော့ပစ်ရမည်။ မှန်တာပြောသည့်အတွက် ဂုဏ်ပြုခြင်းသဘောပင်ဖြစ်၏။ ထို့နောက် လိမ်ပြောခြင်း၏ဆိုးကျိုးများနှင့် မှန်ကန်စွာပြောခြင်းတို့၏ကောင်းကျိုးများကို အလျှဉ်းသင့်သလို စိတ်ဝင်စားဖွယ်ရာပြောပြရမည်။

ထိုကဲ့သို့ ပြုစုပျိုးထောင်ပေးလျှင် လောကအတွက် တန်ဖိုးဖြတ်မရသော မှသားကင်းသည့် လူ့အဖိုးတန်လေးများ ဖြစ်လာကြပါလိမ့်မည်။

သာဝါဒ=လိမ်ညာပြောခြင်း။ ပိသုဏဝါစာ=ဂုံးတိုက်ခြင်း။ ဖရုသဝါစာ=နှုတ်ကြမ်းတမ်းသောစကားကို ပြောခြင်း။ သမ္ဖပ္ပလာပ = လောကီ၊

www.burmeseclassic.com

www.burmeseclassic.com



လောကတ္တရာ အကျိုးမရှိသောစကားတို့ကိုပြောခြင်းတို့မှ ရှောင်ကြဉ်လေ့ရှိသော ပါးစပ်သည် အကြောင်းတိုက်ဆိုင်၍ သစ္စာပြုလျှင် အံ့သြဖွယ်ရာ အစွမ်းထက်၏။

## ယုန်သွေးထက်စွမ်းသောသစ္စာ

လောက၌ သစ္စာပြုခြင်းမှတစ်ပါး အခြားသောနည်းဖြင့် ဖြေရှင်း၍ မရသော အခက်အခဲများ ရှိတတ်၏။ သာဓကနစ်ခုပြပါအံ့။ သီဟိုဠ်ကျွန်းတွင် သားအမိသုံးယောက်ရှိကြရာ တစ်ခါတွင် မိခင်ကြီးသည် ရောဂါတစ်ခုဖြစ်ပြီး အိပ်ရာထဲလဲလေ၏။ မည်သည့်ဆေးနှင့်ကုကု မပျောက်တော့ပေ။ တစ်ယောက်သော သမားတော်ကြီးကား ယုန်သွေးလတ်လတ်ဆတ်ဆတ် ရှာပေးနိုင်လျှင် ပျောက်အောင်ကုပေးမည်ဟုဆိုလာ၏။

ထိုအခါ အစ်ကိုဖြစ်သူက ညီဖြစ်သူ ဇဂ္ဂနလုလင်အား ယုန်အရှင်ဖမ်းခိုင်းလိုက်၏။ ဇဂ္ဂနသည် ကျော့ကွင်းဖြင့်ထောင်ရာ ယုန်တစ်ကောင်မိလေ၏။ မိနေသောယုန်ကိုသွားဖြုတ်ရာ သေမှာကြောက်ရှာသဖြင့် ယုန်သည် တဆတ်ဆတ်တုန်နေ၏။ ယုန်ကိုကြည့်ပြီး ဇဂ္ဂနလုလင်သည် မသတ်ရက်ဖြစ်သွား၏။ သူသည် မည်သူ့အသက်ကိုမှ မသတ်ခဲ့ဘူးချေ။

ထို့ကြောင့် ငါ့အမေအသက်တော့ရှင်စေ၊ ယုန်လေးရဲ့အသက်တော့ သေစေဆိုတာ မတရားဘူးဟု သူတော်ကောင်းစိတ်ဝင်ပြီး ယုန်ကို မသတ်ဘဲ ပြန်လွှတ်လိုက်၏။ အိမ်ရောက်သောအခါ အကြောင်းစုံသိသွားသော အစ်ကိုက ဇဂ္ဂနကို ဆူပူအပြစ်တင်၏။ ဇဂ္ဂနသည် အစ်ကိုကို ဘာမှပြန်မပြောဘဲ မိခင်ကြီးအခန်းထဲဝင်သွားကာ သောက်ရေတစ်ခွက်ကိုခပ်ပြီး သစ္စာပြု၏။ ဤအခက်အခဲမျိုးသည် သစ္စာမှတစ်ပါး မည်သည့်အရာနှင့်မျှ ဖြေရှင်း၍မရနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သိတတ်သောအရွယ်မှစ၍ သူတစ်ပါး၏အသက်ကို သေစေလိုသောစေတနာနှင့် တစ်ကြိမ်တစ်ခါမျှ မသတ်ခဲ့ဘူးပါ။ ဤစကားသည် မှန်ကန်ပါ၏။ ဤမှန်ကန်သောသစ္စာ၏အာနုဘော်ကြောင့် မိခင်၏ရောဂါသည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ယခုချက်ချင်း ကင်းစင်ပွင့်ပျောက်ပါစေသတည်း။

ဤသို့ သစ္စာပြုပြီးသည်နှင့် သစ္စာရေကို မိခင်ကိုယ်ပေါ်မှာ ပက်ဖြန်းပေးလိုက်ရာ ချက်ချင်းရောဂါပျောက်ပြီး ထထိုင်နိုင်လေ၏။

(အဋ္ဌသာလိနီအဋ္ဌကထာ)

## သဘေးနှင့်သစ္စာ

၁၉၄၉-၅၀ ခုနှစ်အတွင်းကပင် ဖြစ်၏။ ပြည်တွင်း၌ ရောင်စုံသောင်းကျန်းသူမျိုးစုံက ဒုက္ခပေးနေကြသဖြင့် ပြည်သူပြည်သားအားလုံး တ်ဆင်းရဲနေရချိန်ပင်ဖြစ်၏။ ဖြူးမြို့နယ်သည် ထိုခေတ်ထိုအချိန်က အန္ ုံး အပျက်စီးဆုံးမြို့ပင်ဖြစ်၏။ ဆရာသစ်တို့မိသားစုများသည် ဖြူးမြို့မှ ခြားမိသားစုများနှင့်အတူ ထွက်ပြေးခဲ့ကြရ၏။

ရက်အတော်ရလာသောအခါ ဆရာသစ်၏မိခင်ကြီးသည် ယခု ပုန်းခိုနေသောနေရာတွင်ပင် အိမ်ဆောက်ချင်၍ ဖြူးမြို့၊ ညောင်ပင်သာဘူတာအနီး ကျောက်တိုင်ရွာမှ သူတို့၏အိမ်လေးကို ဖျက်ယူပေးဖို့ သားကို တာဝန်ပေး ။ သောင်းကျန်းသူများ၊ သူပုန်များမရှိလောက်တော့ဘူးထင်၍ ဆရာသစ် ည် ဖြူးမြို့သို့ဝင်ကာ သူတို့အိမ်ကို ဖျက်ယူ၏။

ထိုအချိန်မှာပင် မြို့စောင့်အဖြစ်ကျန်ရှိသော သောင်းကျန်းသူများက ရာသစ်ကို အိမ်သူခိုးအဖြစ်စွပ်စွဲကာ သတ်ပစ်ဖို့ပြင်ဆင်ကြ၏။ ဆရာသစ် သူ့မိခင်အိမ်ဖြစ်ကြောင်း၊ မိခင်ကခိုင်း၍ လာဖျက်ရခြင်းဖြစ်ကြောင်း ပြောသော်လည်း သောင်းကျန်းသူတို့က လက်မခံကြ။ သောင်းကျန်းသူ သည် လူသတ်နေကျဖြစ်၍ လက်ရဲနေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ည (၇)နာရီခန့်တွင် လက်ပြန်ကြိုးတုပ်ပြီး စစ်တောင်းမြစ်ကမ်းပါး ထိပ်သို့ ခေါ်လာကြ၏။ သောင်းကျန်းသူတစ်ယောက်က ချည်ထားသော ကြိုးကိုဆွဲယူလာပြီး ကျန်သောင်းကျန်းသူတစ်ယောက်က ဓားရှည်တစ်ချောင်း ကို ကိုင်လာ၏။ သူတို့နှစ်ယောက်၏ကျောတွင် ကျည်အပြည့်ထည့်ထားသော ရိုင်ဖယ်သေနတ်များလည်း ပါကြ၏။

ဆရာသစ်ကိုကား ကျည်ဆံအကုန်မခံချင်သဖြင့် ဓားဖြင့်ခုတ်သတ်ဖို့ ပြင်ဆင်လာကြခြင်းဖြစ်သည်။ ဦးခေါင်းကိုခုတ်ချပြီးသည်နှင့် အလောင်း ကို မြစ်ထဲကန်ချလိုက်လျှင် တွင်းတူးမြှုပ်စရာမလိုတော့ဟု သောင်းကျန်းသူ တို့က တွက်ထား၏။

ဤအခြေအနေတွင် ဆရာသစ်၌ သစ္စာမှတပါး တခြားအားကိုးစရာ မရှိတော့ပေ။ ထို့ကြောင့် မြစ်ကမ်းပါးသို့ ခေါ်မသွားခင်ကပင် ဆရာသစ် သည် သစ္စာပြုပြီးသားဖြစ်၏။ ဆရာသစ်ပြုသောသစ္စာကား -

"ကျွန်ုပ်သည် မိခင်ကြီးပိုင်အိမ်ကို မိခင်ကြီးခိုင်းသည့်အတိုင်း လာ ဖျက်ယူခြင်းသာဖြစ်၏။ သူတို့ထင်သလို သူတစ်ပါးဥစ္စာကို ခိုးယူခြင်း မဟုတ်။ ဤစကားသည် မှန်ကန်ပါ၏။ ဤမှန်ကန်သောသစ္စာ၏အာနုဘော် ကြောင့် ကျွန်ုပ်သည် အသတ်ခံရမည့်ဘေးမှ လွတ်ပါစေသတည်း။"

ဟူ၍ဖြစ်၏။ မြစ်ကမ်းပါးပေါ်ရောက်သည်နှင့် သောင်းကျန်းသူများ က ဆရာသစ်ကို ဒူးထောက်ပြီး ဇက်ကိုခင်းခိုင်းကြ၏။ ထိုအချိန်မှာပင် ဆရာသစ်နားထဲတွင် "ရေထဲမြန်မြန်ခုန်ချ" ဟူသောအသံကို ကြားလိုက် ရ၏။ ဆရာသစ်ကလည်း အသံကိုကြားကြားခြင်း မြစ်ထဲသို့ အားယူ၍ ခုန်ဆင်းလိုက်ရာ ကြိုးမှာချည်ရက်တန်းလန်းပါလာ၏။

ရေထဲကျသွားသည်နှင့် အပေါ်မှ သေနတ်နှင့်ပစ်သောအသံတို့ကို ကြားလိုက်သေး၏။ လက်မှာကြိုးများတုပ်ထားသဖြင့် ကူးမရပေ။ ထို့ကြောင့် ခဏနှင့်ရေမွန်းပြီး သတိလစ်သွား၏။ သစ္စာ၏တန်ခိုးကား ကြီးပေစွ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာသစ်သည် ရေထဲတွင် နစ်မသွားဘဲ သတိလစ်ကာ ပက်လက်ကြီး နာရီပေါင်းအတော်ကြာ မျောနေ၏။

ဆရာသစ် သတိရသောအချိန်တွင်ကား ကမ်းစပ်တစ်ခုရှိ သဲပုံပေါ်သို့ ရောက်နေပေပြီ။ လက်မှချည်ထားသောကြိုးများလည်း အလိုလိုပြေပြီးသား ဖြစ်နေလေ၏။ ဆရာသစ်ကား သစ္စာတန်ခိုးဖြင့် သေဘေးမှလွတ်ခဲ့သူ ပါတည်း။ (သျှင်သီရိ၏ သစ္စာတန်ခိုးစာအုပ်မှ)

## သုရာမေရယအင်္ဂါ

သုရာစသော တစ်ပါးပါးဖြစ်ခြင်း၊ သောက်စားလိုသောစိတ်ရှိခြင်း၊ သောက်ဖြစ်အောင် လုံ့လပြုခြင်း၊ သောက်စားခြင်းဟူသော အင်္ဂါလေးချက် နှင့်ညီလျှင် သုရာမေရယကံမြောက်သည်။ သေရည်သောက်သူများသည် မိရမည့်အခွင့်အရေးများကိုမသိခြင်း၊ ဖျင်းရှိခြင်း၊ မေ့ခြင်း၊ ရူးခြင်း၊ အရက် ကြောက်ကင်းခြင်း၊ မကောင်းမှုအကုသိုလ်ကိုပြုလွယ်ခြင်းဟူသော ဆိုး ကျိုးများကို ခံစားရပေသည်။

အင်္ဂုတ္တိုပါဠိတော်တွင် ဗုဒ္ဓက သုရာမေရယပါနံဘိက္ခဝေ (ပ) မနုဿ တသဿဥမ္မတ္တကဘာဝသံဝတ္တနိကောဟောတိ=ဟူ၍ တိကျစွာ ဟောခဲ့၏။ ဓိပ္ပာယ်ကား သေရည်သောက်သူသည် အပါယ်လေးဘုံသို့ ကျရောက်တတ် ၊ သေရည်သောက်ခြင်း၏ အပေါ့ဆုံးအကျိုးကား လူဖြစ်လျှင် အရူးသာ ရ၏ဟူ၍ ဖြစ်၏။

သေရည်သောက်သူများသည် အသောက်များလာလျှင် နောက်ဘဝပင် ာင့်၊ ယခုဘဝမှာပင် ရူးနိုင်ကြောင်း ဆရာဝန်တစ်ဦးက သိပ္ပံမဂ္ဂဇင်း ရေးဘူး၏။ သိပ္ပံနည်းကျ တွက်ချက်ပြထားသည်မှာ စိတ်ဝင်စားဖွယ် ာင်းသဖြင့် လိုရင်းကို ကောက်နုတ်ဖော်ပြလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အရက်သောက်လျှင် ယခုဘဝမှာပင်ရူးနိုင်

ဦးနှောက်ကလာပ်စည်းများ ပျက်စီးသွားလျှင် အခြားကလာပ်စည်းများကဲ့သို့ အစားထည့်၍မရပေ။ ဘီယာတစ်ပုလင်း သောက်လိုက်လျှင် ဦးနှောက်ကလာပ်စည်းများ ထောင်ချီ၍ပျက်စီးသည်။ ဘီယာထက်ပြင်းသော အရက်ဆိုလျှင် ပြောစရာမရှိပေ။

သို့သော် အရက်စွဲသူများသည် မိမိတို့ဦးနှောက်ပျက်စီးနေသည်ကို မသိပေ။ အဘယ့်ကြောင့်နည်း။ သာမန်လူတစ်ယောက်တွင် ဦးနှောက်ကလာပ်စည်းပေါင်း (၁၇)ကုဋေကျော်ရှိ၏။ ထို့ကြောင့်ပင်။ သို့သော် အရက်ကို နှစ်ရှည်လများသောက်လာသောအခါ ဦးနှောက်ကလာပ်စည်းပေါင်း သိန်းချီ၍ ပျက်စီးလာပေသည်။ ထိုအခါကျမှ ရိပ်မိကြသည်။

## ဦးနှောက်ပျက်စီးသည့်လက္ခဏာများ

(၁) မှတ်ဉာဏ်ထိခိုက်ခြင်း၊ (၂) စိတ်ထိခိုက်လွယ်ခြင်း၊ (၃) အသိဉာဏ်ထိခိုက်ခြင်း၊ (၄) စိတ်ဖောက်ပြန်ခြင်းတို့ဖြစ်၏။ ဦးနှောက်သည် သက်ရှိသတ္တဝါတို့အတွက် အခရာ (အဓိက)ဖြစ်၏။ ဦးနှောက်ကောင်းမှ မိမိဘဝကောင်းနိုင်မည်။ ဦးနှောက်မကောင်းလျှင် ဘဝပျက်စီးပေလိမ့်မည်။

**သိပ္ပံပညာ၏ ချီတက်မှုသည် ဗုဒ္ဓဝါဒ၏အောင်ပွဲရမှုပင်ဖြစ်သည်**
**သိပ္ပံပညာ၏ အသစ်တွေ့ရှိချက်များသည် ဗုဒ္ဓဝါဒအား**
**အကောင်းဆုံး သက်သေပြချက်များသာ ဖြစ်သည်။**
**(ဆာဟာရီဆင်ဂိုး)**

အရက်သောက်သောအဆင့်သည် သုံးဆင့်ရှိ၏။ ယင်းတို့ကား လူက အရက်ကိုသောက်ခြင်း၊ အရက်ကလူကိုသောက်ခြင်း၊ အရက်က အရက်ကို သောက်ခြင်းတို့ဖြစ်၏။ ထမင်းစားကောင်းရုံ တစ်ခါတစ်လေသောက်တာ

www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ချို့က ဆင်ခြင်ပေးကြ၏။ တစ်ခု သတိထားရမည်ကား ဘဝပျက်သည်အထိ အရက်စွဲသွားကြသူများသည် ထမင်းစားကောင်းရုံ တစ်ခါတစ်လေသောက်ခြင်းမှစကြသည်ဖြစ်နေခြင်းပင်။

ထိုအဆင့်ကို လူကအရက်ကိုသောက်ခြင်းဟုခေါ်သည်။ ထိုအဆင့်လောက်ဆိုလျှင် လူကိုဒုက္ခမပေးသေးပေ။ သို့သော် အရက်၊ မိန်းမနှင့်လောင်းကစားတို့ကား ရောင့်ရဲ၍ရစကောင်းသောအရာများမဟုတ်ပေ။ ထို့ကြောင့် သောက်သက်ကြာလာသောအခါ အရက်ကလူကိုသောက်သောအဆင့်သို့ တက်သွား၏။

ထိုအဆင့်သို့ရောက်လာသောအခါ စီးပွားရေး၊ လူမှုရေး ပျက်စီးလေပြီ။ တစ်ပတ်တွင် သုံးရက်လောက်သာ အလုပ်လုပ်နိုင်၏။ ကျန်လေးရက်က အရက်ဆိုင်မှာသာ အချိန်ကုန်သည်။ ထိုမှတစ်ဆင့်တက်သွားသောအခါ အရက်ကအရက်ကိုပြန်သောက်သောအဆင့်ဖြစ်၏။ ထိုအဆင့်ကား အရက်သမားသည် အရက်သောက်ဖို့တစ်ခုသာ သိတော့၏။ ကျန်တာ ဘာမှမသိတော့။

ရွှေပြည်သာမှ အမျိုးသားကြီးတစ်ယောက်သည် အသက်ထွက်ခါနီးအချိန်ထိ အရက်ပုလင်းတွင် ပိုက်တပ်ပြီးစုပ်နေသည်။ နောက်ဆုံး ထိုအတိုင်းအရက်သောက်ရင်းပင် သေသွားခဲ့၏။ လူက အရက်ကိုသောက်သော ပထမအဆင့်မှ အရက်ကအရက်ကိုသောက်သော တတိယဆင့်သို့မရောက်သူမှာ အရက်သမားတစ်ထောင်တွင် တစ်ယောက်လောက်သာရှိသည်။

## သက်မဲ့တရားခံ

ထိုတစ်ယောက်ထဲတွင် မိမိ သေချာပေါက်ပါမည်ဟု ထင်သူသည် မိုက်ရူးရဲခြင်းသာဖြစ်နိုင်၏။ ဗုဒ္ဓက အရက်သောက်သူသည် အကုသိုလ်မှန်သမျှကို လွယ်ကူစွာပြုဖြစ်သည်ဟု ဟောကြားထား၏။ ပကတိစိတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် မိမိ၏အဖေ၊ အမေနှင့် ညီအစ်ကိုမောင်နှမများကို သတ်ရဲဖို့ဆိုသည်မှာ အလွန်မဖြစ်နိုင်သောအလုပ်တစ်ခုသာဖြစ်၏။

သို့သော် အရက်သာဝင်သွားပါက ထိုအလုပ်ကို လွယ်လွယ်ကူကူ လုပ်နိုင်သည်။ ၂-၆-၂၀၀၁ နေ့၊ ည ၁၀ နာရီခန့် နီပေါနိုင်ငံ၊ ခတ္တမန္ဒူ မြို့ရှိ နာရာယန်ဟိတိတော်ဝင်နန်းတော်တွင်းရှိ ခန်းမဆောင်တစ်ခုအတွင်း ဖြစ်သည်။ အိမ်ရှေ့မင်းသား ဒီပင်ဒရာသည် တရားဝင် မူးယစ်ဆေးဝါးများကို အားရပါးရသုံးစွဲလျက်ရှိသည်။

ဘိန်း၊ ဆေးခြောက်၊ ဘိန်းဖြူ၊ အရက် အားလုံးတို့သည် မူးယစ်ဆေးဝါးချည်းသာဖြစ်၏။ သို့သော် ကမ္ဘာတစ်ဝန်းလုံးရှိ လူများစုက ဘိန်း၊ ဆေးခြောက်၊ ဘိန်းဖြူ စသည်တို့ကို သုံးစွဲလျှင်သာ အပြစ်ရှိသည်ဟု သတ်မှတ်ပြီး အရက်သုံးစွဲလျှင်ကား အပြစ်မရှိဟု သတ်မှတ်ထားကြသည်။

ထို့ကြောင့် အိမ်ရှေ့မင်းသား ဒီပင်ဒရာသောက်နေသော အရက်ကို တရားဝင် မူးယစ်ဆေးဝါးဟု သုံးထားခြင်းဖြစ်၏။ ဒီပင်ဒရာသည် အရက် အတော်မူးသွားသည်နှင့် ကျည်အပြည့်ထည့်ထားသော သေနတ်ကိုဆွဲယူကာ နီပေါဘုရင်၊ မိဖုရားနှင့် တော်ဝင်မိသားစုများ စကားလက်ဆုံကျမည့်အချိန် ကိုမှန်းကာ ထွက်လာခဲ့သည်။ အဘယ်ရည်ရွယ်ချက်နည်း။ အဖေ၊ အမေနှင့် ညီအစ်ကိုမောင်နှမအားလုံးကို ပစ်သတ်ရန်ဆိုသည့် ရည်ရွယ်ချက်တည်း။

တော်ဝင်မိသားစုများအားလုံးဆုံတွေ့ရာ ခန်းမဆောင်ရှေ့သို့ရောက် ချိန်တွင် နာရီလက်တံက ည ၁၀ နာရီနှင့် မိနစ်လေးဆယ်ကို ညွှန်ပြလျက် ရှိသည်။ ခန်းမဆောင်ထဲတွင် နီပေါဘုရင် ဘီရင်ဒရာ၊ မိဖုရားကြီး အစ်ရှ်ဝါယာ၊ မင်းသား နီရာဂျန်၊ မင်းသမီး ရှရုတီနှင့် အခြားတော်ဝင်မိသားစု ၁၂ ဦးလုံး အေးချမ်းစွာ စကားစမြည်ပြောလျက်ရှိသည်။

နာရာယန်ဟိတိ တော်ဝင်နန်းတော်ကြီး၏ အတွင်းအပြင်၌သာမက တံခါးပေါက်အသီးသီးမှာပါ ကိုယ်ရံတော် သက်တော်စောင့်စစ်သားများwww.burmeseclassic.com

www.burmeseclassic.com



လက်နက်အပြည့်အစုံဖြင့် နေ့ရောညပါ စောင့်ရှောက်နေကြသောကြောင့် မိသားစုအားလုံး အပူအပင်ကြောင့်ကြကင်းစွာ နေကြခြင်းဖြစ်သည်။

သို့သော် အပြင်ဘက်က လက်နက်အပြည့်အစုံဖြင့်လာသော ရန်သူ ထက် နန်းတော်ထဲတွင် ရှေးဘုရင်အဆက်ဆက်ကတည်းက ဝင်ခွင့်ပြုထား ခဲ့သောရန်သူက သူတို့ ၁၂ ဦးလုံး၏အသက်ကို သတ်ဖြတ်တော့မည်ကို မိသားစုအားလုံးသတိမထားမိကြ။ ထိုရန်သူကား တစ်ကမ္ဘာလုံးက တရားဝင် မူးယစ်ဆေးဝါးဟု သတ်မှတ်ထားသော အရက်ပါတည်း။

ဒီပင်ဒရာသည် ခန်းမဆောင်အတွင်းရောက်သည်နှင့် သူ့မယ်တော် နှင့် ခမည်းတော်အပါအဝင် တော်ဝင်မိသားစု (၁၂)ဦးလုံးကို သေနတ်ဖြင့် ရက်စက်စွာ ပစ်သတ်လိုက်တော့သည်။ မိသားစုအားလုံးကို ပစ်သတ်ပြီးသည် နှင့် သူ့အမူးတို့သည် ပျောက်သွားခဲ့သည်။

သွေးအိုင်ထဲတွင် အသီးသီးလဲနေကြသော အဖေ၊ အမေနှင့် ညီအစ်ကို မောင်နှမများ၏အလောင်းတို့ကိုတစ်လှည့်၊ ယမ်းငွေ့များတလူလူထွက်လျက် ရှိသော လက်ထဲကသေနတ်ကိုတစ်လှည့်ကြည့်ရင်း သူသည် အံ့ဩတုန်လှုပ် ခြောက်ခြားနေ၏။ ငါ ဘာဖြစ်လို့ အဖေ၊ အမေနဲ့ ညီအစ်ကိုမောင်နှမတွေ ကို ရက်ရက်စက်စက် သတ်ပစ်မိရတာလဲဟု စဉ်းစား၏။

သတ်ပစ်မိခြင်း၏အကြောင်းတရားပေါ်လာ၏။ သူသည် ဘာသာခြား လူမျိုးခြား အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုချင်သည်။ ဒါကို မိဘနှစ်ပါး နှင့် ညီအစ်ကိုမောင်နှမများက သဘောမတူကြ။ ထိုအပြစ်သည် ရက်ရက် စက်စက်သတ်ပစ်လောက်သောအပြစ်မဟုတ်မှန်းလည်း သူသိလာ၏။ ဒါဆို ဘာ့ကြောင့် ငါသတ်မိရတာလဲ။

သူ့ပါးစပ်မှ တအားသောက်ထားသော အရက်နံ့များက နှာခေါင်းဝဆီ သို့တက်လာရင်း အဖြေပေးလျက်ရှိ၏။ ငါမှားပြီဟူသောအသိက နောက်ကျ သွားလေပြီ။ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်တော့။ ဒီပင်ဒရာသည် ကျန်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကျည်များဖြင့် သူ့ကိုယ်ကိုချိန်၍ပစ်ချလိုက်တော့၏။ နီပေါဘုရင်နှင့် မိသားစု အားလုံးကို သတ်ဖြတ်သည့် သက်မဲ့တရားခံကား တရားဝင် မူးယစ်ဆေးဝါး ခေါ် အရက်မှတစ်ပါး မည်သူဖြစ်နိုင်ပါဦးမည်နည်း။

**မှတ်ချက်** ။ သီလအကြောင်း ယခုထက်အကျယ်ကို သီလအစွမ်း အံ့မခန်းစာအုပ်တွင် ရေးသားပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)
## သမထဘာဝနာ ပွားများရခြင်းအကြောင်း

တတိယမြောက် ဘာသာတန်ဖိုး၊ ဘာသာအနှစ်သာရကား သမထဘာဝနာကို ပွားများရခြင်းဖြစ်၏။ (၉၈)ပါးသောရောဂါတို့ ပေါက်ပွားရာခန္ဓာကိုယ်၊ ကိုးပေါက်သောဒွါရတို့မှ အပုပ်ရည်တို့ နေ့စဉ်စီးထွက်ရာ ခန္ဓာကိုယ်ထဲမှ အနှစ်သာရထုတ်ယူချင်လျှင် သီလစောင့်ရမည်ဖြစ်ကြောင်း ရှေ့အခန်းတွင် ဖော်ပြခဲ့လေပြီ။

ယခုတစ်ဖန် အလှည့်ကျသည်ကား စိတ်ဝိညာဉ်ထဲမှ ဘာသာအနှစ်သာရနှင့် ဘာသာတန်ဖိုးကိုထုတ်ယူရန်ပင်ဖြစ်၏။ စိတ်ဝိညာဉ်၏အနှစ်သာရကား ဘာဝနာတရားပင်ဖြစ်၏။ စိတ်ဝိညာဉ်ထဲမှ အနှစ်သာရထုတ်ယူမည့်သူသည် စိတ်၏သဘောသဘာဝကို ဦးစွာသိသင့်၏။ ဓမ္မပဒ၌ ဗုဒ္ဓက စိတ်၏သဘောကိုသိကြရန်

> ဒုန္နိဂ္ဂဟဿ လဟုနော၊
> ယတ္ထကာမနိပါတိနော။
> စိတ္တဿ ဒမထော သာဓု၊
> စိတ္တံဒန္တံ သုခါဝဟံ။

ဟု ဟောတော်မူ၏။ အဓိပ္ပာယ်ကား -

စိတ်သည် ငြိမ်ဝပ်နေအောင်ထားဖို့ ခဲယဉ်း၏။ တစ်စက္ကန့်အတွင်း အကြိမ်ကုဋေတစ်သိန်းခန့် လျှင်မြန်စွာဖြစ်ခြင်း၊ ချုပ်ခြင်းသဘောရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



အာရုံငါးပါး ကာမဂုဏ်တရားၶ၌သာ ရှာဖွေကျက်စား၏။ ထိုစိတ်ကို ဘာဝနာဖြင့် ယဉ်ကျေးအောင် ဆုံးမနိုင်လျှင် ကောင်း၏။ ယဉ်ကျေးပြီးသော စိတ်သည် လူနတ်ချမ်းသာကိုသာမက နိဗ္ဗာန်ချမ်းသာထိ ဆောင်ပေးနိုင်၏ ဟူ၍ဖြစ်၏။

**ဆောင်ပုဒ်** - နှိမ်နင်းနိုင်ခဲလျှင်လည်း လျှင်မြန်
အာရုံငါးပါး ကျငြားတန်တန်
စိတ်ရိုင်းစိတ်ကြွ ဆုံးမပေးရန်
စိတ်ယဉ်ကျေး ဆောင်ပေးနိဗ္ဗူမှန်။

တစ်ဖန် ထိုဓမ္မပဒ၌ပင်လျှင်
အဘိတ္ထရေထကလျာဏေ၊
ပါပါစိတ္တံ နိဝါရယေ
ဒန္ဓံဟိကရောတောပုညံ၊
ပါပသ္မိံရမတိမနော။

ကုသိုလ်ကောင်းမှုကို ဖြေးနှေးစွာပြုလုပ်သောသူ၏စိတ်သည် မကောင်းမှုအကုသိုလ်၌ မွေ့လျော်တတ်၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှု ကို မြန်မြန်ပြုရမည်။ မကောင်းမှုမှစိတ်ကို တားမြစ်ရမည်။

## စိတ်ရဲ့သဘာဝလေးချက်

ဟူ၍ ဟောကြားထား၏။ ထိုနှစ်ဂါထာကို ချုပ်ကြည့်လိုက်လျှင် စိတ်သည်

ငြိမ်ဝပ်စွာနေဖို့ ဆုံးမရန်ခဲယဉ်းသည်
လျှင်မြန်စွာ ဖြစ်ပျက်သွားသည်
အာရုံငါးပါး၌သာ ကျက်စားသည်
မကောင်းမှုအကုသိုလ်၌သာပျော်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြစ်လာ၏။ စိတ်သည် မကောင်းမှုအကုသိုလ်မှာသာပျော်သည်ဟု ဗုဒ္ဓက ဟောလိုက်သောအခါ တစ်ချို့က ဟုတ်မှဟုတ်ပါ့မလားဟု သံသယဝင်နိုင်၏။ စိတ်သည် မကောင်းမှုအကုသိုလ်မှာသာပျော်ကြောင်း သိနိုင်ရန် ဓမ္မကထိကဆရာတော်များက အောက်ပါလင်္ကာလေးကို သီပြ၏။

ရုပ်ရှင်ဇာတ်ပွဲ၊ မဲမဲမှောင်မှောင်၊
သူထက်ငါသွား၊ ရှေ့နားရောက်အောင်
မရက်မကြောက်၊ မျက်ခွက်ပြောင်ပြောင်
သန်းခေါင်ချည်း၊ အလင်းမငိုက်ပေါင်။

ရုပ်ရှင်၊ ဇာတ်ပွဲ၊ ဗွီဒီယိုဇာတ်ကား စသည်တို့ကိုကြည့်သောအခါ သန်းခေါင်ထိကြည့်ကြည့်၊ မိုးအလင်းကြည့်ကြည့် အိပ်ငိုက်သည်ဟူ၍မရှိပေ။ စိတ်မှာအလွန်ပျော်နေ၏။ ထိုအချိန်တွင် စိတ်တွင်း၌ဖြစ်နေသည်ကား လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်တရားများတည်း။ ထို့ကြောင့် စိတ်သည် အကုသိုလ်မှာပျော်သည်ဟု ဗုဒ္ဓက ဟောကြားခြင်းဖြစ်၏။

ပါဠိစာပေတွင် နည်းလေးဆယ်ဟူ၍ရှိ၏။ ထိုတွင် အဝုတ္တသိဒ္ဓိနည်းဟူ၍ ပါရှိ၏။ မြန်မာလိုဆိုလျှင် မပြောဘဲသိရသောနည်းဟု အဓိပ္ပာယ်ရ၏။ လူနှစ်ယောက်ယှဉ်လာရာတွင် ညာဘက်ကလူကချောတယ်ဟုပြောလိုက်သည်နှင့် ဘယ်ဘက်ကလူက အရုပ်ဆိုးတယ်ဆိုသည်ကို အလိုလိုသိရခြင်းမျိုးဖြစ်၏။

ယခုလည်း စိတ်သည် မကောင်းမှုအကုသိုလ်မှာပျော်သည်ဟု ဟောလိုက်သည်နှင့် ကောင်းမှုကုသိုလ်၌ကားမပျော်၊ ပျင်းသည်ဟူသောအဓိပ္ပာယ်သည် အလိုလိုပါသွား၏။ ရတ်တရက်ဆိုလျှင် ဟုတ်ပါ့မလားဟု ထင်စရာပင်ဖြစ်၏။ ဟုတ်ကြောင်းထင်ရှားရန် လူတို့၏သဘာဝလေးများကို လင်္ကာသီပြကြ၏။

ဥပုသ်စောင့်သွား၊ တရားနာသော်
ပိတ်ဆုံးနောက်နား၊ ထောင့်ကြားကမျှော်

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်စင်းလို့၊ ဟောက်ယင်းအိပ်ပျော်
တရားဆုံး၊ တုံးလုံးစက်တော်ခေါ်

တရားစာအုပ်ဖတ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်းတို့သည် ကုသိုလ်တရားဖြစ်ပွားစေသော အလုပ်များဖြစ်၏။ သို့သော် ထိုအလုပ်တို့ကို လုပ်လိုက်လျှင် အလိုလိုအိပ်ချင်စိတ်ပေါက်လာ၏။ ဤကား စိတ်သည် ကုသိုလ်ကောင်းမှု၌ဖျင်းသည်ဟူသော လက်တွေ့သဘောပင်ဖြစ်၏။ ထို အချက်တို့ကို သတိထားစေလိုသောကြောင့် အမရပူရမြို့၊ ပထမ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက အောက်ပါလင်္ကာလေးပုဒ်ဖြင့် ဆုံးမဖူး၏။

၁။ ပွဲကျ-စွဲကြ တကယ်ပဲမထချင်သလိုလို၊
အစအဆုံး တစ်ညလုံးနေလို
ဘုရားအကြိုက် တရားစိုက်တော့
ခါးကိုက်သလိုလို
ဩော် - အကျိုးမဲ့ ဆိုးတဲ့ ဟောဒီကိုယ်

**မှတ်ချက်** ။ စိတ်ကို ကိုယ်ပေါ်မှာတင်ပြီး ''ကိုယ်'' ဟူ၍ ကာရန် ကိုက်ရန် ဖွဲ့ထားခြင်းဖြစ်သည်။ တရားနာချင်သည်မှာလည်း စိတ်ကြောင့်၊ ပွဲကြည့်ချင်သည်မှာလည်း စိတ်ကြောင့်သာဖြစ်သည်။

၂။ အရပ်စကား၊ ဇာတ်စကား တပဟားပဟားနေလို
သူ့အတင်း ငါ့အတင်း ခုမငြင်းပြောဆို
ဘုရားစကား၊ တရားစကား နားခါးသလိုလို
ဩော် - အကျိုးမဲ့ ဆိုးတဲ့ဟောဒီကိုယ်

၃။ ပျော်ပွဲရွှင်ပွဲ၊ နင်ပဲခေါင်မိုလ်
သူမရ ငါမရ တိုးကြရှေ့ကို
တရားကျ၊ အနားမကြွ၊ အပျားကချောင်နို
ဩော် - အကျိုးမဲ့ ဆိုးတဲ့ဟောဒီကိုယ်

www.burmeseclassic.com

www.burmeseclassic.com



၄။ မင်းသမီး မင်းသား သီချင်းသားဘယ်လို
ရယ်လုံး ပြက်လုံး တစ်သက်လုံး မမေ့သကို
ဟောသမျှ ပြောသမျှ သောတမနာလို
သြော် အကျိုးမဲ့ ဆိုးတဲ့ ဟောဒီကိုယ်

ဤဖော်ပြချက်တို့ကို ချုပ်လိုက်လျှင် ကမ္ဘာပေါ်၌ လူဦးရေသန်းခြောက်ထောင်ကျော်ရှိသည်လည်း လူသည် နှစ်မျိုးသာရှိတော့သည်။ စိတ်ကိုကျွန်ခံသောလူနှင့် စိတ်ကိုသခင်လုပ်သောလူတို့ပင်ဖြစ်၏။

စိတ်သည် မကောင်းမှုအကုသိုလ်လုပ်ရန်သာခိုင်း၏။ စိတ်ခိုင်းသည့်အတိုင်း မကောင်းမှုအကုသိုလ်ကိုသာလုပ်နေသောသူများသည် စိတ်ကိုကျွန်ခံနေသူများဖြစ်၏။ မူးယစ်ဆေးသုံးစွဲသူများ၊ လောင်းကစားကျူးသူများ၊ မိန်းမအပျော်အပါးလိုက်စားသူများသည် စိတ်ခိုင်းတာကို လိုက်လုပ်နေရသူများဖြစ်၏။

ထို့ကြောင့် စိတ်ကိုကျွန်ခံသူများသည် ယခု ပစ္စက္ခဘဝမှာလည်း မွဲ၏။ ငတ်၏။ နာမည်ပျက်၏။ အောက်တန်းကျ၏။ သံသရာမှာလည်း အကုသိုလ်သာလုပ်ခဲ့သူဖြစ်သောကြောင့် အပါယ်လေးပါးသို့ ကျရ၏။ စိတ်ကိုကျွန်ခံသူသည် ပစ္စက္ခဘဝရော၊ သံသရာပါ နှစ်ဘဝလုံး ဆုံးရှုံးပျက်စီး၏။ ထို့ကြောင့် ဤအတွေးအခေါ်လေးသည် ပေါ်လာ၏။

## စိတ်ကိုကျွန်ခံသူ

ပစ္စက္ခသံသရာ၊ လောကီ -လောကုတ္တရာ အားလုံးတို့၌ ဆုံးရှုံးပျက်စီးနေသောသူမှန်သမျှတို့သည် စိတ်ကိုကျွန်ခံနေရသူများသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သခင်သည် ကျွန်ကို မိမိလိုရာခိုင်းသကဲ့သို့ တစ်ချို့လူသားသည် မူးယစ်ဆေးဝါး၊ လောင်းကစား၊ အပျော်အပါးတို့ကို မလိုက်စားရန် မိမိစိတ်ကို ဆုံးမ၏။ အရွယ်ရှိချိန်တွင် ထထကြွကြွ၊ သမ္မာအာဇီဝကျကျ စီးပွားရှာရန် စိတ်ကိုခိုင်းစေ၏။ အရွယ်ရလာသောအခါတွင် ကုသိုလ်ရေးဘက်တွင် အားထုတ်ရန် စိတ်ကိုခိုင်း၏။

ထို့ကြောင့် စိတ်၏သခင်ဖြစ်သောလူသားသည် ပစ္စက္ခဘဝတွင်လည်း ကြီးပွား၏။ ချမ်းသာ၏။ တိုးတက်အောင်မြင်၏။ သံသရာနှင့် လောကုတ္တရာရေးတို့တွင် ကောင်းရာသုဂတိသို့လည်းရောက်၏။ မဂ်ဖိုလ်ကိုရ၍ အရိယာ စသည်လည်းဖြစ်ရ၏။ ထို့ကြောင့် ဤအတွေးအခေါ်လေးသည် ပေါ်လာ၏။

## စိတ်၏သခင်

ပစ္စက္ခ၊ သံသရာ၊ လောကီ၊ လောကုတ္တရာ
အားလုံးတို့၌ ကြီးပွား၊ တိုးတက်အောင်မြင်
နေသောသူမှန်သမျှသည် စိတ်ကို သခင်လုပ်
နေသူများသာဖြစ်၏။

ပုထုဇဉ်လူသား၏စိတ်သည် ကုသိုလ်နှင့်နေလျှင်နေ၊ ကုသိုလ်နှင့်မနေလျှင် အကုသိုလ်နှင့်သာနေ၏။ ဘဝနာကင်းသောစိတ်သည် အကုသိုလ်သာဖြစ်၏။ လူပုဂ္ဂိုလ်အများစုသည် လောဘနှင့်ဒေါသကိုသာ ကိလေသာဟု အသိများ၏။ တွေဝေသော အမှားကိုသိနေသော မောဟကိုကား ကိလေသာဟူ၍ သတိမထားမိကြ၊ ဒါနပြုခြင်းဖြင့် လောဘကိုသတ်ကြပါ၏။ သီလဆောက်တည်ခြင်းဖြင့် ဒေါသကိုသတ်ကြပါ၏။ သို့သော် ဘာဝနာ ပွားပြီးသတ်ရမည့် မောဟကိုကား လွှတ်ထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## သေမှာကြောက်သောမအုန်းမြင့်

ဇာတိဖြစ်သော အမရပူရမြို့သို့ တရားဟောကြွသောအခါ ငယ်စဉ် ကတည်းက အစ်မတစ်ယောက်လို ရင်းနှီးခဲ့သော မအုန်းမြင့်က သူရောင်း နေသောအကြော်များကိုလာလှူရင်း စာရေးသူတည်းခိုရာ မယ်တော်ကြီးအိမ် သို့ ရောက်လာသည်။ ကျန်းမာကြောင်း၊ ချမ်းသာကြောင်းများ မေးမြန်းပြော ဆိုပြီးသည်နှင့် မအုန်းမြင့်က

"ဆရာတော်ဘုရား၊ တပည့်တော်မ ကုသိုလ်မရှိဘဲနဲ့ သေရမှာ သိပ် ကြောက်တယ်ဘုရား"

"အခုလို လှူတာတန်းတာ ကုသိုလ်တွေပဲမဟုတ်လား"

"တပည့်တော်ပြုတဲ့ ဒါနကုသိုလ်က ဘာမှမပြောပလောက်ပါဘူး ဘုရား၊ သူများတွေလို သိန်းနဲ့သန်းနဲ့ချီပြီးမလှူနိုင်တော့ အားမရပါဘူးဘုရား၊ ဒါ့ကြောင့် ကုသိုလ်နည်းနည်းလေးနဲ့သေရမှာကိုတွေးပြီး ကြောက်တာပါ ဘုရား။"

"အို မအုန်းမြင့်ကလည်း ကုသိုလ်ဆိုတာ ဒါနပြုမှတင်ရတာမဟုတ် ပါဘူး၊ သီလဆောက်တည်ရင်လည်း ရတာပဲ၊ ဘာဝနာပွားရင်လည်းရတာပဲ။

ဒါနကုသိုလ်ထက် သီလကုသိုလ်ကသာတယ်၊ သီလကုသိုလ်ထက် ဘာဝနာကုသိုလ်ကသာတယ်တဲ့လေ"

"ဒါနကုသိုလ်က ကိုယ့်ရှိတာကုန်သွားတာပဲဘုရား၊ သီလကုသိုလ် ကျတော့ ဘာမှကုန်တာမဟုတ်ဘူး၊ ကိုယ်နဲ့နှုတ်ကိုထိန်းလိုက်ရုံနဲ့ ပြီးသွား တာပဲ၊ ဒါနဲ့တောင် သီလကုသိုလ်က ဒါနကုသိုလ်ထက် ဘယ်လိုလုပ်ပိုသွား တာလဲဘုရား"

"မအုန်းမြင့်ကို ပြန်မေးမယ်၊ ထိသိန်းသုံးရာဆုပေါက်တဲ့ လူ တစ်ယောက်နဲ့ အသတ်ခံရခါနီးကျမှ သေဘေးကလွတ်လာတဲ့လူတစ်ယောက် နှစ်ယောက်ရဲ့ ဝမ်းသာမှုမှာ ဘယ်သူကပိုမလဲ"

www.burmeseclassic.com

www.burmeseclassic.com



''သေဘောကလွတ်ခဲ့တဲ့လူက ပိုဝမ်းသာတာပေါ့ဘုရား''

''အဲဒါ ဘာကြောင့်ပြောနိုင်တာလဲ''

''လူတွေဟာ အသက်ထက် ဘာမှပိုပြီး မနှမြောကြပါဘူးဘုရား၊ ဒါကြောင့် အိမ်တွေ စားပြအတိုက်ခံရပြီဆိုရင် အသက်ကိုတော့ ချမ်းသာပေးပါ၊ ပစ္စည်းတော့ လိုသလောက်ယူပါလို့ ပြောကြတာပေါ့ဘုရား''

''ဟုတ်ပြီ၊ ဒီတော့ ပါဏာတိပါတာသိက္ခာပုဒ်ကို စောင့်ထိန်းတဲ့လူဟာ ဘယ်သူ့အသက်ကိုမှ မသတ်တော့ဘူး၊ ဒီသိက္ခာပုဒ်ကို စောင့်နေတဲ့အချိန်တိုင်းဟာ သတ္တဝါတွေရဲ့အသက်ကို လှူနေရာရောက်တာပေါ့။

ဒါကြောင့် ရိုးရိုးပစ္စည်းဥစ္စာကိုလှူရတဲ့ဒါနကုသိုလ်ထက် သူတစ်ပါးအသက်ကိုလှူရာရောက်တဲ့ ဒါနကုသိုလ်က သာသွားတာပေါ့။ ဒီတော့ ဒါနကုသိုလ်နည်းတဲ့ မအုန်းမြင့်တို့လို ဆင်းရဲသူတွေဟာ သီလကုသိုလ်ကို ပိုပြီးယူကြရမယ်''

''ဘာဝနာကုသိုလ်ကျတော့ တောထဲတောင်ထဲသွားမှ ကျောင်းကန်ဘုရားသွားမှဆိုတော့ တပည့်တော်မတို့လို ဆင်းရဲသားတွေအတွက် မလွယ်ဘူးထင်တယ်ဘုရား''

''ဘယ်ကမလွယ်ရမှာတုန်း၊ အခု အကြော်ရောင်းရင်းနဲ့ မအုန်းမြင့်စိတ်ထဲကနေ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေလို့ ဆိုနေလို့မရဘူးလား''

''ဒါလောက်တော့ ရတာပေါ့ဘုရား''

''အဲသလောက်ရရင် မေတ္တာဘာဝနာပွားပြီးသားဖြစ်တာပါပဲဗျာ''

''ဒါဆိုရင်တော့ ဝမ်းသာလိုက်တာဘုရား၊ တပည့်တော်မ ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးလုံး ကြိုးစားပါမယ်ဘုရား''

မအုန်းမြင့်ကဲ့သို့သောလူများမှာ ဗုဒ္ဓဘာသာလောကတွင် အင်မတန်များ၏။ ဘာဝနာပွားခြင်းဟူသည် စီးပွားပျက်ခံ၊ အလုပ်ပျက်ခံပြီးပွားမှ

www.burmeseclassic.com

www.burmeseclassic.com



ရစကောင်းသော တရားမဟုတ်ပေ။ အကုသိုလ်ဖြစ်သွားမည့်အချိန်ကို ကုသိုလ်ဖြစ်သွားအောင်လုပ်ခြင်းကို ဘာဝနာပွားခြင်းဟုခေါ်၏။ အမှိုက်ကို ရွှေဖြစ်အောင်လုပ်ခြင်းဟုလည်းခေါ်သင့်၏။

ဝန်ထမ်းများ သို့မဟုတ် အရောင်းအဝယ်သမားများသည် မိမိတို့ ဆိုင်ရာဌာနသို့ တစ်နေ့လျှင် နှစ်နာရီ၊ သုံးနာရီခန့် အချိန်ပေးပြီးသွားကြရ သည်သာဖြစ်၏။ ထိုသွားလာရသောအချိန်သည် ဘာဝနာသာမပွားဘူးဆို လျှင် လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တစ်ခုခုဖြစ်ပြီး ကုန်သွားရမည့် အချိန်သာဖြစ်၏။ ထိုအချိန်တွင် ပွားများနေကျ ဘာဝနာတစ်ခုခုကို ပွား ...ိုက်မည်ဆိုလျှင် ဒါန၊ သီလထက်သာလွန်သော ကုသိုလ်များရကြမည်သာ ...ဖြစ်၏။

ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟု နှစ်မျိုးရှိရာ ...ဤနေရာတွင် သမထဘာဝနာ ပွားများနည်းနှင့် ပွားများကျိုးတို့ကို ဖော် ...မည်ဖြစ်သည်။ သမထကမ္မဋ္ဌာန်းသည် ၄၀ ရှိ၏။ မိမိအားသန့်ရာကို ...းနိုင်သည်။ သမထဘာဝနာပွားများခြင်းဖြင့် ကိလေသာများငြိမ်းနေပြီး ...င်မတန်အေးချမ်းသည်။ သမာဓိကောင်းကောင်းဖြင့် ဆက်လက်ပွားလျှင် ...ာန်၊ အဘိညာဉ်ထိရ၏။

သမထဘာဝနာသည် ကိလေသာကိုကုန်အောင်၊ ခန်းအောင်၊ မဂ် ...ပ်ရအောင် လုပ်မပေးနိုင်ပေ။ ဝိပဿနာသို့ကူးပြီး ပွားများအားထုတ်မှသာ ...င် မဂ်ဖိုလ်သို့ ရောက်နိုင်ပေသည်။

## ကိုယ်စောင့်တရားလေးပါး

ဤကျမ်း၌ လူတိုင်းနှင့်သင့်လျော်သော စတုရာရက္ခခေါ် ကိုယ်စောင့် ...ဋ္ဌာန်းလေးပါး ပွားနည်းကိုဖော်ပြပေမည်။ ယင်းလေးပါးမှာ ဗုဒ္ဓါနုဿတိ ...ာနာ၊ မေတ္တာဘာဝနာ၊ **အသုဘဘာဝနာ၊ မရဏာနုဿတိဘာဝနာတို့ ဖြစ်**

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများလိုသူသည် ဗုဒ္ဓဂုဏ်တော်ကိုးပါး အနက်က မိမိအာရုံအကျဆုံးဂုဏ်တော်ကို ထပ်ခါတလဲလဲ ပွားများနိုင်သည်။ ပုတီးမပါဘဲ ပွားများလျှင်လည်း ဖြစ်သည်သာ။

အရေးကြီးသည်ကား ပွားများနေသော ဂုဏ်တော်အနက်အဓိပ္ပာယ်ကို သိနေရန်ပင်ဖြစ်၏။ ဤစာအုပ် ဒုတိယအခန်းတွင် ဂုဏ်တော်ကိုးပါး မြန်မာပြန်အဓိပ္ပာယ်ကို ရေးပြီးဖြစ်သည်။ ဘာဝနာဟူသည် စိတ်အလုပ်ဖြစ်သောကြောင့် ပါးစပ်ကမဆိုဘဲ စိတ်ထဲကပွားလျှင် ပို၍ထိရောက်အောင်မြင်သည်။ နာရီဝက်၊ တစ်နာရီ ဘုရားရှေ့ထိုင်နိုင်မှ ပွားလို့ရသည်ဟု အချို့ကထင်၏။

ဟိုသို့ အချိန်ပေးနိုင်လျှင် သာ၍ကောင်းပါ၏။ ထိုသို့ မပေးနိုင်လျှင် သွားရင်းလာရင်း ရောင်းရင်းဝယ်ရင်း တစ်မိနစ်ရရ၊ နှစ်မိနစ်ရရ ပွားလို့ရသည်သာဖြစ်၏။ ထေရီထေရာ ပါဠိတော်နှင့် အဋ္ဌကထာတို့၌ ဂုဏ်တော်ပွားရကျိုး (၁၇)မျိုးကို ဟောကြားထား၏။

## ဂုဏ်တော်ပွားကျိုး ၁၇ မျိုး

၁။ မိမိခန္ဓာကိုယ် အတွင်းသန္တာန်သည် စေတီအိမ်နှင့်တူသည်ဖြစ်၍ သူတစ်ပါးတို့၏ ရှိခိုးမှုကို ခံထိုက်ခြင်း

၂။ စိတ်ဓာတ်ရဲရင့်တည်ကြည်ခြင်း

၃။ သေခါနီး၌ မတွေမဝေသေရ၍ သေသည်၏အခြားမဲ့၌ နတ်ရွာသုဂတိသို့ရောက်ရခြင်း

၄။ နောင်အခါ ဘုရားနှင့်တွေ့ရဝယ် သစ္စာလေးပါးကို သိလွယ်ခြင်း

၅။ အမျိုးမြတ်ခြင်း

၆။ သူတစ်ပါးတို့၏ အရိုအသေပြုမှုကို ခံရခြင်း

၇။ ချီးမွမ်းထိုက်သော ကိုယ်အင်္ဂါနှင့်ပြည့်စုံခြင်း

၈။ အဆင်းလှခြင်း

၉။ ကိုယ်အနံ့ကြိုင်သင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ခံတွင်းအနံ့မွှေးပြန့်ခြင်း
၁၁။ ကြီးကျယ်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း
၁၂။ နက်နဲသောဉာဏ်ပညာနှင့်ပြည့်စုံခြင်း
၁၃။ ထက်မြက်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း
၁၄။ လျင်မြန်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း
၁၅။ ရွှင်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း
၁၆။ ဆန်းကျယ်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း
၁၇။ စကားကောင်းကိုဆိုနိုင်ခြင်း

တို့ဖြစ်၏။ ဤကား ဘယ်ဂုဏ်တော်ကိုပွားပွား အတူတူရရှိမည့်ကောင်းကျိုးများဖြစ်၏။

ဆောင်ပုဒ် ။ စေတီအတူ၊ စိတ်မူတည်ကြည်၊
ရောက်မှီနတ်ရွာ၊ တွေ့ခါသိလွယ်၊
မြင့်နွယ်အမျိုး၊ ရိုကျိုးခံရ၊
ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်
ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊
ကြီးထူပညာ၊ နက်စွာထက်ရွှင်၊
လျင်မြန်ဆန်းကြယ်၊ ကောင်းကြွယ်စကား၊
ဆိုနိုင်ငြားသည်၊ ဘုရားဂုဏ်တော် ပွားကျိုးတည်း။

## သီးသန့်ဂုဏ်တော်ပွားကျိုးများ

ဂုဏ်တော်တစ်ပါးစီ၏ သီးသန့်ပွားများရကျိုးများကိုလည်း ဖော်ပြအံ့။

၁။ အရဟံဂုဏ်တော်ပွားများလျှင် ဘေးရန်ကင်းခြင်း၊ ကျန်းမာခြင်း၊ လာဘ်လာဘပေါ်များခြင်း အကျိုးတို့ကို သီးသန့်ထပ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ပွားများလျှင် စိတ်ရွှင်လန်းခြင်း၊ ဉာဏ်ပွင့်ခြင်း၊ စာမေးပွဲအောင်ခြင်းအကျိုးတို့ကို သီးသန့်ရ၏။

၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ပွားလျှင် ဝိဇ္ဇာပညာအသက်မွေး အတတ်ပညာများ ပြိုင်ဘက်မရှိ တတ်မြောက်နိုင်သည့် ကောင်းကျိုးကို သီးသန့်ရ၏။

၄။ သုဂတ ဂုဏ်တော်ကိုပွားများလျှင် စကားစစ်ထိုးခြင်း၊ အမှုအခင်း၊ အရောင်းအဝယ်၊ အရေးတကြီးကိစ္စ ပြောဆိုခြင်း စသည်များ၌ အောင်မြင်ခြင်းကောင်းကျိုးကို သီးသန့်ရ၏။

၅။ လောကဝိဒူဂုဏ်တော်ကို ပွားများလျှင် လောကရေး၊ လူမှုရေးရာအဖြာဖြာနှင့် လူကောင်းလူကဲများကို ရှင်းရှင်းလင်းလင်း ပိုင်ပိုင်နိုင်နိုင်သိနိုင်ခြင်းကောင်းကျိုးကို သီးသန့်ရ၏။

၆။ အနုတ္တရောပုရိသဓမ္မသာရထိဂုဏ်တော်ကို ပွားများလျှင် နတ်လူတို့အလယ်တွင် ကျော်စောသတင်းပြန့်နှံ့ခြင်း၊ ရိုသေပူဇော်ခံရခြင်း ကောင်းကျိုးကို သီးသန့်ရ၏။

၇။ သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ကိုပွားများလျှင် နတ်စ၊ လျှာစ ထက်မြက်ပြင်းထန်၍ ဆိုတိုင်းရ၊ ကြံတိုင်းအောင်မြင်ခြင်းကောင်းကျိုးတို့ကို သီးသန့်ရ၏။

မှတ်ချက်။ စိတ်ဝေဒနာသည်များကို ဤဂုဏ်တော်နှင့်ရေမန်းတိုက်လျှင် ပျောက်၏ဟုဆိုကြသည်။

၈။ ဗုဒ္ဓဂုဏ်တော်ကို ပွားများလျှင် ဘေးဆိုး၊ ရန်ဆိုး၊ ကြမ္မာဆိုး အမျိုးမျိုးမှလွတ်ကင်း၍ ချမ်းသာခြင်းနှင့်ပြည့်စုံသည့် ကောင်းကျိုးကို သီးသန့်ရ၏။

၉။ ဘဂဝါဂုဏ်တော်ကို ပွားများလျှင် ဘုန်းတန်ခိုး တေဇော် အာနုဘော်ကြီးမား၏။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓလက်ထက်တော်အခါက သုဘုတိအမည်ရှိသော ရဟန္တာမထေရ် တစ်ပါး ထင်ရှားခဲ့၏။ ထိုမထေရ်သည် အဘိညာဉ်နှင့် ဈာန်ဝင်စားသော အရာတွင် အမြတ်ဆုံးဧတဒဂ်ဘွဲ့ထူးကို ရခဲ့၏။ ထိုမထေရ်မြတ် ပရိနိဗ္ဗာန် စံခါနီးအခါတွင် သူ့ဘဝနောက်ကြောင်းကကုသိုလ်နှင့် ရရှိသည့်ကောင်းကျိုး များကို အပါဒါန်ပါဠိတော်တွင် ပြည့်စုံစွာဟောကြားခဲ့၏။

မထေရ်မြတ်သည် ဘဝတစ်ခုက ဗုဒ္ဓဂုဏ်တော်များကို မိမိနိုင် သလောက် ပွားများခဲ့၏။ ထိုပွားများခဲ့သော ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ် ကြောင့် ကမ္ဘာပေါင်းများစွာ အပါယ်တံခါးပိတ်ခဲ့၏။ နတ်သားဘဝ အကြိမ် သုံးသောင်းဖြစ်ခဲ့ရ၏။ သိကြားမင်းဘဝ အကြိမ်ရှစ်ဆယ်ဖြစ်ခဲ့ရ၏။

စကြာမင်းအဖြစ် အကြိမ်တစ်ထောင်ဖြစ်ခဲ့ရ၏။ ရိုးရိုးပဒေသရာဇ် ဧကရာဇ်အဖြစ်ကို မရေတွက်နိုင်အောင်ရောက်ခဲ့ရ၏။ ဖြစ်ရာဘဝတွင်လည်း စည်းစိမ်ဥစ္စာ များသထက်သာများလာ၏။ လျော့ပါးသွားခြင်းမရှိ။ ယခု နောက်ဆုံး ပစ္ဆိမဘဝတွင်လည်း ဂေါတမမြတ်စွာဘုရားသာသနာတွင် လွယ် ကူသောအကျင့်၊ လျင်မြန်သောအသိဉာဏ်ဖြင့် ရဟန္တာဖြစ်ခဲ့ရ၏။

ထို့ပြင် ဈာန်အဘိညာဉ်ဝင်စားသောအရာတွင် အမြတ်ဆုံးဟူသော ဧတဒဂ်ဘွဲ့ထူးကိုလည်းရရှိခဲ့၏။ ဤကောင်းကျိုးအားလုံးရရှိခြင်း၏ အဓိက အကြောင်းကား အတိတ်ဘဝတစ်ခုက ဂုဏ်တော်ပွားခဲ့ခြင်းပါတည်း။ ထို မထေရ်၏ အားကျဖွယ်ဘဝဖြစ်စဉ်ကို နောင်းလူတို့မမေ့ပျောက်ရန် တပ်ကုန်း ဆရာတော်က အောက်ပါလင်္ကာလေးကို သီကုံးခဲ့၏။ နှုတ်တက်ဆောင် ကြလေ။

ဂုဏ်တော်ပွားထုံ၊
စိတ်လိုစုံပြည့်
နတ်ဘုံကမ္ဘာ
သုံးသောင်းသာတည်း၊

www.burmeseclassic.com

www.burmeseclassic.com



သိကြားမှာရှစ်ဆယ်
စကြာဝဠာတစ်ထောင်
အခေါင်ပဒေသရာဇ်
အကြိမ်ကြိမ်ဖြစ်၏
မကျူအပါယ်၊
စည်းစိမ်ဝယ်လည်း
လျော့မရှိဥစ္စာ၊
ကိညာချောန်မှူး
ဂုဏ်ထူးနှင့်ပင်
နိဗ္ဗာန်ဝင်သည်
ဂုဏ်တော်ပွားသူအကျိုးတည်း။

## ဘုရားပေးတဲ့သတ္တိ

တစ်မျိုးမျိုးသောအလုပ်ကိစ္စမရှိရင် ဘုရားကို အမှတ်ရနေပါ၊ အခါမရွေးအမှတ်ရနေရင် ကောင်းပါတယ်၊ ဒီလိုဘုရားအာရုံယူနေတော့ သတ္တိအလိုလိုထက်မြက်လာတယ်၊

စိတ်တွေဟာ ဘုရားအာရုံအမြဲယူနေရတော့ တည်ကြည်မှု (သမာဓိ) ကို ရလာတယ်၊ ဒီလိုတည်ကြည်လာတော့ ရဲရင့်ထက်မြက်တဲ့သတ္တိကောင်းတွေ ပေါ်လာရတာပဲ၊ သွားလာရာမှာ ဘုရားအာရုံနဲ့သွားရင် ကြမ်းတမ်းတာ မရှိပါဘူး။

(အမရပူရမြို့ ပထမ မဟာဂန္ဓာရုံဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



# ဆုတ်ကပ်တက်ကပ်ကိုဖန်တီးသူ

လူသားတို့၏သက်တမ်းသည် ဆုတ်ကပ်၊ တက်ကပ်ဟူ၍ နှစ်မျိုးရှိ၏။ ယခုအချိန် သက်တမ်းကို ဆုတ်ကပ်ဟုခေါ်သည်။ မရေနိုင်မတွက်နိုင်အောင် အသက်ရှည်သော အသင်္ချေယျတန်းမှ ယခုလို အသက် ၇၀ ကျော်တန်းအထိ ဆုတ်လာခြင်းဖြစ်သည်။ လူသားတို့သန္တာန်တွင် မေတ္တာနှင့်သီလတရားရှိလာသောအခါတွင် တက်ကပ်ဖြစ်ပြီး မရှိသောအခါ နည်းလာသောအခါတွင် ဆုတ်ကပ်ဖြစ်၏။

မေတ္တာတရား သီလတရားများသည် ယခုထက်နည်းလာဖို့သာရှိ၏။ ထို့ကြောင့် သက်တမ်းကလည်း ပို၍ ဆုတ်လာမည်သာဖြစ်၏။

နောက်ဆုံးကျလျှင် လူတို့၏သက်တမ်းသည် ဆယ်နှစ်တန်းထိ ဆုတ်မည်။ ထိုအချိန်ရောက်လျှင် လူလူချင်း မိတ်ဆွေဟူ၍မရှိတော့။ ရန်သူသာရှိတော့သည်။ လူချင်းတွေ့လျှင် သတ်ဖြတ်ရန် လက်လှမ်းမှီရာကို လှမ်းဆွဲသည်။ သစ်ရွက်ကိုဆွဲမိလျှင် ဓားဖြစ်သွားသည်။ မြက်ပင်ကိုဆွဲမိလျှင် လှံဖြစ်သွားသည်။

ခုတ်ကြ၊ ထိုးကြပြီး နှစ်ယောက်လုံးသေကြ၏။ မေတ္တာအအေးဓာတ်များ ခန်းသွားပြီဖြစ်၍ အပူဒေါသဓာတ် အကုသိုလ်ကိုထိန်းသိမ်းပေးမည့်တရားမရှိတော့။ ထိုဒေါသဓာတ်ကြောင့် ဆွဲကိုင်သမျှ သစ်ရွက်သစ်ခက်များက ဓားလှံလက်နက်များ ဖြစ်လာကြခြင်းပင်။ ထိုကဲ့သို့ မေတ္တာခန်းသူ၊ သီလမရှိသူအချင်းချင်း သတ်ဖြတ်ကြရာ တစ်ကမ္ဘာလုံးရှိ လူမိုက်အားလုံးသေကြရ၏။

ထိုအချိန်အခါကျမှ တောထဲတွင် လူမိုက်တို့ကို ပုန်းရှောင်နေကြသော သူတော်ကောင်းများ မြို့ထဲရွာထဲသို့ ပြန်လာကြပြီး သံဝေဂပို၍ရကာ မေတ္တာနှင့်သီလတရားကို ပို၍ပွားများစောင့်ရှောက်ကြ၏။ ထိုမေတ္တာနှင့်သီလတန်ခိုး

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆယ်နှစ်တန်းရှိ မိဘမှမွေးသော သားသမီးသည် အနှစ်နှစ်ဆယ် အသက်ရှည်၏။

အနှစ်နှစ်ဆယ်ရှိ မိဘမှမွေးသော သားသမီးသည် အနှစ်လေးဆယ် ရှည်၏။ ထိုသို့ ခေါက်ချိုးနည်းဖြင့်တက်လာရာ အသင်္ချေယတန်းထိ ရောက်မည်ဖြစ်၏။ အသင်္ချေယသက်တန်း၏ရှည်လျားမှုကို ရိပ်မိရန် မန္ဓာတုစကြာမင်းကြီးအကြောင်းကို လေ့လာကြည့်ပါ။

မန္ဓာတုစကြာမင်းကြီး အုပ်ချုပ်ချိန်က လူတို့၏သက်တမ်းသည် အသင်္ချေယျတန်းဖြစ်သည်။ ထိုမင်းကြီးသည် ကလေးငယ်ဘဝတွင် နှစ်ပေါင်း ကုဋေနှင့်ချီနေခဲ့သည်။ အိမ်ရှေ့မင်းသားဘဝ၊ စကြာမင်းဘဝတို့တွင်လည်း နှစ်ပေါင်း ကုဋေနှင့်ချီ၍နေခဲ့သည်။

တစ်ဖန် စကြာမင်းစည်းစိမ်ကို အားမရသဖြင့် အနှစ်ကိုးသန်းအသက်ရှည်သော စတုမဟာရာဇ်နတ်ဘုံသို့တက်ပြီး နတ်စည်းစိမ်ခံစားပြန်၏။ တစ်ဖန် စတုမဟာရာဇ်နတ်ဘုံထက် တာဝတိံသာဘုံကပိုကောင်းတယ်ဆိုသဖြင့် တာဝတိံသာဘုံသို့တက်၍ စည်းစိမ်ခံစားပြန်၏။

တာဝတိံသာမှ သုံးကုဋေနှင့် အနှစ်ခြောက်သန်းအသက်ရှည်သော သိကြားမင်းပေါင်း ၃၅ ယောက် သေဆုံးသည်အထိ မန္ဓာတုစကြာမင်းကြီးကား မသေသေးပေ။ ဤကား လူတို့၏ **အသင်္ချေယျတန်း** သက်တန်းရှည်လျားပုံကို ပြခြင်းတည်း။ ထိုအသင်္ချေယျတန်းရောက်လျှင် အို၊ နာ၊ သေကို မတွေ့ရတော့သလောက်ဖြစ်လာသဖြင့် လူတို့သည် မာနတက်လာပြီး မေတ္တာတရား၊ သီလတရားများကို စွန့်ပစ်ကြပြန်၏။

ထိုအခါ အသင်္ချေယျတန်းမှပြန်၍ဆုတ်လာပြန်၏။ အသင်္ချေယျတန်းမှ တစ်ကုဋေတန်း၊ တစ်သန်းတန်းထိ ဆုတ်လာ၏။ တစ်သိန်းတန်းအရောက်တွင် အရိမေတ္တေယျဘုရားရှင် ပွင့်မည်ဖြစ်၏။ ဤဖြစ်ရပ်ကိုထောက်ဆ၍ မိမိနှင့်တကွ လောကကိုစောင့်ရှောက်လိုသောသူမှန်သမျှသည် မေတ္တာဘာဝနာကို ပွားများကြရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာပွားကျိုး ၁၁ မျိုး

၁။ ချမ်းချမ်းသာသာအိပ်ရခြင်း
၂။ ချမ်းချမ်းသာသာနိုးရခြင်း
၃။ အိပ်မက်ကောင်းကိုသာ မြင်မက်ခြင်း
၄။ လူမှန်သမျှက ချစ်ခင်ခြင်း
၅။ နတ်မှန်သမျှက ချစ်ခင်ခြင်း
၆။ နတ်မှန်သမျှက စောင့်ရှောက်ခြင်း
၇။ မီး၊ အဆိပ်၊ ဓား စသည်တို့ မကျရောက်ခြင်း
၈။ လျင်မြန်စွာ သမာဓိရခြင်း
၉။ ရွှင်ကြည်လန်းဆန်းသောမျက်နှာရှိခြင်း
၁၀။ မတွေမဝေ သတိရှိရှိသေရခြင်း
၁၁။ ဗြဟ္မာ့ပြည်သို့လားရခြင်း **(အင်္ဂုတ္တိုရ်ပါဠိတော်)**

ဝိပဿနာတရား အားထုတ်သောသူများလည်း မေတ္တာဘာဝနာကို တွဲဖက်ပွားများသင့်သည်။ တို့က ဝိပဿနာတောင်ပွားနေပြီပဲ။ သမထအဆင့်လောက်သာရှိသောမေတ္တာကို ပွားများဖို့မလိုဟု ထင်မိတတ်၏။ ထိုသို့ ထင်မိသဖြင့် ဗုဒ္ဓလက်ထက်က ရဟန်းငါးရာသည် တောအုပ်တစ်ခုထဲဝင်၍ ဝိပဿနာတရားကို အားထုတ်ကြသည်။ သစ်ပင်အောက်သို့ ရဟန်းများရောက်လာသဖြင့် အောက်ဆင်းပေးရသော ရုက္ခစိုးနတ်နှင့် ပုဂ္ဂိုလ်များစွာတို့က မကျေနပ်ဖြစ်ကာ ရဟန်းများ တောအုပ်အတွင်း ဆက်မနေနိုင်အောင် ခြောက်လှန့်ကြ၏။ အပုပ်နံ့များပေးကြ၏။

ရဟန်းများ စိတ်ခြောက်ခြားကာ ရောဂါများရကြပြီး ဝါတွင်းကြီးမှာပင် ဘုရားထံ ပြန်ပြေးကြရ၏။ ထိုအခါ ဘုရားရှင်က မေတ္တာဘာဝနာကိုပါ ပွားများဖို့ညွှန်ကြားပြီး ပြန်လွှတ်လိုက်၏။ ရဟန်းများလည်း မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ပွားပြီး နောက်တစ်ခေါက်ပြန်လာကြ၏။ ထိုအခါတွင်ကား နတ်များသည် မေတ္တာစာတ်ကြောင့် ရန်မပြုကြတော့ဘဲ ရဟန်းများကို ပြုစုစောင့်ရှောက် ဖော်ပင်ရလာသဖြင့် ချမ်းသာစွာအားထုတ်ရာ လေးမင်္ဂလေးဖိုလ်ရပြီး ရဟန္တာ ဖြစ်ကြ၏။ (မေတ္တသုတ်)

ထို့ကြောင့် ဗုဒ္ဓက ဓမ္မပဒပါဠိတော် သမ္မလာမဘိက္ခုဝဂ္ဂ ၆၆ တွင်

မေတ္တာတရားကိုပွားများလေ့ရှိ၍ မြတ်စွာဘုရား
သာသနာတော်၌ ကြည်ညိုသော ရဟန်းသည်
ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို ရနိုင်၏။

ဟု ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။

ထိုဖြစ်ရပ်ကိုကြည့်၍ ဝိပဿနာရှုပွားသူများလည်း မေတ္တာဘာဝနာ ကို တွဲဖက်ပွားများသင့်သည်သာဖြစ်၏။ မေတ္တာပွားသည့်အခါ အဓိပ္ပာယ် နားမလည်သော ပါဠိများကို နှုတ်က ဆို၍ပွားခြင်းထက် နားလည်သော မြန်မာပြန်များကို စိတ်ထဲကပွားခြင်းက ပို၍ထိရောက်သည်။

မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ၊ ရွှေပြည်သာရိပ်သာမှ ယောဂီများ ပွားများကြသည့်နည်းကို ဖော်ပြပါမည်။ တောင်တန်းဆရာတော်ကြီး၏ မေတ္တာပို့ကို အကျယ်စီစဉ်ထားခြင်းဖြစ်သည်။ အဓိကထားပြီးပို့မည့်စာသား မှာ

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံး
ဘေးရန်ကြောင့်ကျ ဆင်းရဲကင်း၍
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ
ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ

ဟူ၍ ဖြစ်သည်။ လူဟူသော စကားလုံးကို စိတ်ထဲမှရွတ်ဆိုသည့် အခါ လူသားအားလုံးကို စိတ်ထဲကမြင်နေရမည်။ နတ်နှင့်ဗြဟ္မာကိုဆိုသော အခါတွင်လည်း နတ်အားလုံး၊ ဗြဟ္မာအားလုံးကို စိတ်ထဲကမြင်နေရမည်။ ထိုပုဂ္ဂိုလ်များဆီသို့ စိတ်ကရောက်သွားရမည်။ သတ္တဝါဟူသော စကားလုံး

www.burmeseclassic.com

www.burmeseclassic.com



သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံသားအားလုံး ကို ကိုယ်စားပြုသော စကားလုံးဖြစ်သည်။

ထို့ကြောင့် သတ္တဝါဟူသောစကားလုံးကို စိတ်မှရွတ်သည့်အခါ အပါယ်ဘုံသားအားလုံးထံသို့ စိတ်ကရောက်သွားရမည်။ ဘေးရန်ကြောင့်ကျ ဆင်းရဲကင်း၍ကိုဆိုသောအခါ ဘေးရန်ကင်းကြပါစေ၊ ကြောင့်ကျကင်းကြ ပါစေ၊ ဆင်းရဲကင်းကြပါစေဟု အကျယ်ကို သိနေရမည်။ ကျွန်နှစ်ပိုဒ်ကား ရှင်းစရာမလိုပေ။ မေတ္တာပို့သည့်အခါ -

မိမိကိုယ်က အဦးစ၍၊
ပိယမရွေ၊ ဝေရီကျအောင်၊
တစ်စတစ်စ၊ သုံးဝပုဂ္ဂိုလ်၊
ကိုယ်နှင့်အတူ၊ အမျှမှု၍

(မဃဒေဝ)

ဟူသော ဝိသုဒ္ဓိမဂ်လာညွှန်ကြားချက်အတိုင်း မိမိကိုယ်ကစ၍ ပို့ရ သည်။ ထို့နောက် အချစ်ဆုံး သို့မဟုတ် ကျေးဇူးအများဆုံးပုဂ္ဂိုလ်၊ ထို့နောက် မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်၊ ထိုအဆင့်များကို ပိုင်နိုင်ပြီးလျှင် ဝေရီ ခေါ် ရန်သူကိုပါ ပွားပို့ရသည်။ ရှေ့ပြည်သာရိပ်သာ ယောဂီများ မေတ္တာပွားပုံ အပြည့်အစုံမှာ -

၁။ တပည့်တော်တို့၏ရုပ်နာမ်နှစ်ဖြာသည်
ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ
ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေ။

၂။ ဤကျောင်းပေါ်၌ ရှိကြကုန်သော
လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံး

www.burmeseclassic.com

www.burmeseclassic.com



ဘေးရန်ကြောင့်ကျ ဆင်းရဲကင်း၍
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ
ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေ။

**မှတ်ချက်** ။ နတ်ဗြဟ္မာဆိုရာ၌ ကျောင်းနှင့်တည့်တည့် အထက်အရပ်မှာရှိသော နတ်ဗြဟ္မာနှင့်တကွ ကျောင်းစောင့်နတ်တို့ကိုပါ ယူရမည်။ အပါယ်ဘုံသားအရ ကျောင်း၏အောက်အရပ်၌ရှိသော အပါယ်ဘုံသားတို့ကို ဆိုလိုပေသည်။

၃။ ဤကျောင်းဝိုင်းအတွင်း၌ ရှိကြကုန်သော

-------------------------

၄။ ဤ(-----)ရွာ (သို့) ဤ(-----)ရပ်ကွက်အတွင်း၌ ရှိကြကုန်သော

၅။ ဤ(-----)မြို့နယ်အတွင်း၌ ရှိကြကုန်သော

၆။ ဤ(-----)တိုင်းအတွင်း၌ ရှိကြကုန်သော

၇။ မြန်မာပြည်အတွင်း၌ ရှိကြကုန်သော

၈။ တစ်ကမ္ဘာလုံး၌ ရှိကြကုန်သော

၉။ စကြာဝဠာတိုက်တစ်သောင်း၌ ရှိကြကုန်သော

၁၀။ စကြာဝဠာအနန္တ၌ ရှိကြကုန်သော

ဤကား တရားမထိုင်မီ ပို့ကြခြင်းဖြစ်သည်။ တရားထိုင်ပြီးသည်နှင့် အဆုံးကနေ အစသို့ရောက်အောင် ပြန်ပြီးပို့ကြသည်။ တစ်မျိုးလျှင် အရှေ့ အနောက်တောင်မြောက် အရပ်လေးမျက်နှာလုံး ပို့နိုင်လျှင် ပို၍ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာပေါက်ရောက်ရန် အင်္ဂါ (၈)တန်

၁။ အာသေဝိတ = မိမိမှာဖြစ်သော မေတ္တာစိတ်ကို ပျက်မသွားရအောင် တရိုတသေ ဂရုတစိုက် ရှိစေရမည်။

၂။ ဘာဝိတ = မေတ္တာစိတ်လျော့မသွားစေဘဲ တိုးပွားလာအောင်လုပ်ရမည်။

၃။ ဗဟုလီကတ = မေတ္တာကို တစ်ခါတလေသာမက အကြိမ်ကြိမ်ဖြစ်ပွားစေရမည်။

၄။ ယာနီကတ = မေတ္တာကို စီးစရာယာဉ်လိုသဘောထားပြီး မိမိသွားရာ မေတ္တာအမြဲပါရမည်။

၅။ ဝတ္ထုကတ = မေတ္တာသည် ငါ၏တည်ရာမှီရာဟု စိတ်စွဲထားရမည်။

၆။ အနုဋ္ဌိတ = မေတ္တာကို ရှေ့သွားပြုရမည်။ ဘယ်သွားသွား ဘာလုပ်လုပ် မေတ္တာကို ရှေ့ကထားရမည်။

၇။ ပရိစိတ = မိမိဝန်းကျင်မှ မေတ္တာစိတ်ဖြင့် ရံထားရမည်။

၈။ သုသမာရဒ္ဓ = ကောင်းစွာပြုရမည်၊ ကောင်းစွာအားထုတ်ရမည်။

## သေကြောင်းကြံခဲ့ရသော်လည်း

ဖော်ပြပါ အင်္ဂါရှစ်ပါးနှင့်အညီ ပွားများထားသော မေတ္တာဘာဝနာသည် မိမိကိုလည်း ချမ်းသာစေသည်။ သူတစ်ပါးကိုလည်း ချမ်းသာစေသည်။ မိမိကိုလည်း ဘေးကင်းစေသည်။ သူတစ်ပါးကိုလည်း ဘေးကင်းစေသည်။ ရဟန္တာအဖြစ်သမုတ်ခံရသော စလင်းကန့်လည်ဆရာတော်ဘုရားကြီး မထင်ရှားခင် တစ်ချိန်ကပင်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဆရာတော်သည် စလင်းအောင်နိုင်ကုန်းတွင် သီတင်းသုံးလျက်ရှိသည်။ သုသာန်ဓုတင်ဆောင်သောကြောင့် စေတီလုသုသာန်သို့ ညစဉ်ကြွလေ့ရှိသည်။ သုသာန်ဓုတင်ဆောင်ခြင်းဆိုသည်မှာ သုသာန်သို့သွား၍ အရဏ်တက်စေခြင်းဖြစ်သည်။

ဥပမာအားဖြင့် တန်ခူးလဆိုလျှင် နံနက် ၅ နာရီ အရဏ်တက်သည်။ သုသာန်ဓုတင်ဆောင်သူသည် လေးနာရီလောက်ကတည်းက သုသာန်သို့ရောက်အောင်သွားပြီ။ မိုးလင်းသည်အထိ အသုဘဘာဝနာ၊ မရဏာနုဿတိဘာဝနာတို့ကို ပွားရသည်။

အသုဘဘာဝနာသည် လောဘကိလေသာကို ကုန်အောင်ကြိုးစားရာ၌ များစွာအထောက်အကူပြုသည်။ ထို့ကြောင့် ယခုဘဝနှင့် ဘဝသံသရာအပြတ်ဖြစ်အောင် အားထုတ်သူများသည် သုသာန်ဓုတင်ဆောင်ပြီး အသုဘဘာဝနာကို ပွားများကြခြင်းဖြစ်သည်။

တိုက်ဆိုင်လာသဖြင့် အသုဘဘာဝနာကိုပါ တစ်ဆက်တည်းရေးပါအံ့။ အသုဘဘာဝနာကို ပွားများလိုသူသည် သေပြီးနောက် ငါးရက်လောက်ရလာသဖြင့် လေပြည့်သောအိတ်ကဲ့သို့ ဖူးဖူးရောင်နေသော ဥဒ္ဓုမာတကအလောင်းကောင်မျိုးကိုလည်းကောင်း။

သေပြီးရှစ်ရက် ကိုးရက်လောက်ရှိသဖြင့် ညှိုမဲပြီး အသားများ ကွဲပြဲလာသော ဝိနီလက အလောင်းကောင်မျိုးကိုသော်လည်းကောင်း၊ အရိုးစုများကိုသော်လည်း တစ်လောင်းလောင်းကို တွေ့အောင်ရှာပြီး မျက်စိထဲစွဲသွားအောင် စိုက်ကြည့်ရသည်။

ပြီးလျှင် မိမိကိုယ်သည်လည်း ဤအသုဘရုပ်အလောင်းကဲ့သို့ မတင့်တယ်သော ရွံရှာဖွယ်သဘောသာရှိသည်ဟု ဆင်ခြင်ပွားများရသည်။ အိမ်နေလူများအတွက်ကား ထိုမျှလောက်ထိမရှုနိုင်လျှင် ကျင်ကြီးကျင်ငယ်စွန့်သည့်အခါ ငါ့ခန္ဓာကိုယ်သည် မတင့်တယ်၊ ရွံစရာအညစ်အကြေးတို့နှင့်သာ ပြည့်၏ဟု ရှုပွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးရက်သာ မျက်နှာမသစ်၊ သွားမတိုက်၊ ရေမချိုးဘဲထားလျှင် စက်ဆုပ်ဖွယ်ရာဖြစ်လာမည့် မိမိခန္ဓာကိုယ်၏ မကောင့်တယ်သော သဘောတို့ကိုဆင်ခြင်လျှင်လည်း ရပေသည်။ အရှင်မဟာကဿပမထေရ်သည် အတိတ်ဘဝတစ်ခုက သူငယ်ချင်းများနှင့်စုပေါင်းပြီး မသင်္ဂြိုဟ်နိုင်သော ရုပ်အလောင်းများကို အသုဘဘာဝနာပွားရင်း မီးသင်္ဂြိုလ်ပေးကြသည်။

ထိုကုသိုလ်ကြောင့် ယခုနောက်ဆုံး သူဌေးသားဘဝတွင် မောင်းမမိဿံများနှင့် ဘယ်လိုပျော်အောင် မိဘများကထားကြသော်လည်း အသုဘသဘောများ ပြန်ပေါ်လာပြီး ရဟန်းပြုခဲ့ကြသဖြင့် သူငယ်ချင်းအားလုံး ရဟန္တာဖြစ်ခဲ့ကြရသည်။ တစ်ခါတွင် စလင်းမြို့မှ မစိန်မေအမည်ရှိသော အပျိုကြီးတစ်ယောက် သေဆုံး၏။

စေတီလှသုသာန်တွင် သင်္ဂြိုဟ်မည်ဟုသိရသဖြင့် ကန်လည်ဆရာတော်သည် သုဘရာဇာကြီး ဦးဘိုဆယ်အား အလောင်းကို လွယ်လွယ်ကူကူဖော်၍ရအောင် တွင်းတိမ်တိမ်ပဲမြှုပ်ဖို့ မှာထားခဲ့သည်။ ထိုသတင်းသည် မစိန်မေ၏အစ်ကိုများ မောင်များနားသို့ ပေါက်ကြားသွား၏။

စကားသည် ကားတတ်သောထုံးစံအတိုင်း အောက်လမ်းဘုန်းကြီးတစ်ပါးသည် မစိန်မေအလောင်းကို ဆေးစီရင်ရန် ဖော်လိမ့်မည်ဟုဖြစ်သွားရာ မစိန်မေ၏အစ်ကိုများ မောင်များသည် ဓားလှံများကိုကိုင်ကာ သုသာန်မှ စောင့်ကြတော့၏။ သူတို့သတ်ချင်သည်ကား အောက်လမ်းဘုန်းကြီး၊ သုသာန်သို့ တကယ်ကြွလာသူကား ရဟန္တာဖြစ်အောင် အချိန်ပြည့်ကျင့်ကြံပွားများနေသော စလင်းကန်လည်ဆရာတော်။

ညသန်းခေါင်အချိန်မှာပင် ကန်လည်ဆရာတော်သည် အသုဘရှုရန် စေတီလှသင်္ချိုင်းသို့ မေတ္တာပွားရင်း ကြွလာ၏။ ဆရာတော်ကား သုသာန်၌ သူ့ကိုသတ်ရန် လူများစောင့်နေသည်ကို မသိရှာ။ မေတ္တာအစွမ်းကား အံ့သြစရာကောင်း၏။ ကန်လည်ဆရာတော် သုသာန်အဝင်ဝသို့ရောက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဇရာမခွေးနက်ကြီးတစ်ကောင်ပေါ်လာပြီး ပတပ်ရပ်ကာ လက်နှစ်ဖက်နှင့် ကာထား၏။ မလာနဲ့၊ အန္တရာယ်ရှိတယ်ဟု ပြောသကဲ့သို့ရှိ၏။

ဆရာတော်လည်း အနှောက်အယှက်တစ်ခုခုရှိလို့နေမှာဆိုပြီး သုသာန်တွင်းမဝင်တော့ဘဲ ပြန်ကြွသွား၏။ ရန်သူများကား မကျေနပ်ကြ။ ဒုတိယည ဆက်စောင့်ပြန်၏။ ဆရာတော်ကလည်း ကြွလာပြန်၏။ ဆရာတော်ပို့လွှတ်ထားသော မေတ္တာဓာတ်ကား ဆရာတော်အရင် သုသာန်သို့ရောက်ပြီးသားဖြစ်၏။ ထို့ကြောင့် ဆရာတော် သုသာန်အဝင်ဝသို့ ရောက်ခါနီးတွင် ကြက်လျှာဆူးကြီးတစ်ချောင်း စူးမိ၏။

ခြေဖမိုးရောက်လောက်အောင် ဆူးကကြီးသဖြင့် ဆေးယည့်ရန် ကျောင်းသို့ လှည့်ပြန်ခဲ့ပြန်၏။ ထိုအချိန်တွင် ဆရာတော်၏အသက်ကို ရန်ရှာမည့်သူများမှာ တစ်ကိုယ်လုံး ယားယံလာ၏။ ဘာဆေးနှင့်မှ ကုလို့မရပေ။ သူတော်ကောင်းများကို စော်ကားလျှင် ထိုသို့သာဖြစ်တတ်၏။

ရန်သူတို့ကား သူတို့အပြစ်ကို သတိမထားမိကြသေး။ ယားယံလျှက်ကပင် တတိယမြောက်ရက် ဆက်စောင့်ပြန်၏။ ကန်လည်ဆရာတော်ကလည်း ကြွလာသည်သာဖြစ်၏။ မေတ္တာ၏တန်ခိုးကား အံ့ဖွယ်ရှိစွ။ သုသာန်အဝင်ဝသို့ရောက်သည်နှင့် ဆရာတော်၏ခြေထောက်များ ရှေ့မတိုးတော့ဘဲ နောက်သို့သာ ဆုတ်နေပြန်၏။

သို့နှင့်ပင် ကျောင်းသို့ပြန်ရောက်သွားလေသည်။ စတုတ္ထညရောက်သောအခါမှပင် သုသာန်အတွင်းသို့ ချောမောစွာ ဝင်၍ရလေသည်။ မစိန်မေ၏မြေပုံနားရောက်သည်နှင့် လူလေးငါးယောက်သည် ဆရာတော်နားသို့ရောက်လာပြီး ဦးချကာ လျှောက်ထားကြ၏။

"တပည့်တော်တို့ အရှင်ဘုရားအပေါ် ပြစ်မှားမိခြင်းကို ခွင့်လွှတ်တော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒကာတို့ ဘုန်းကြီးအပေါ် ဘယ်တုန်းကပြစ်မှားခဲ့ဘူးလို့လဲ၊ အမြဲမေတ္တာပို့နေတဲ့ဘုန်းကြီးအတွက် ရန်သူဆိုတာလည်း မရှိပါဘူး၊ အကြောင်းစုံပြောကြပါဦး"

ထိုအခါမှ ဒကာတစ်ယောက်က

"တပည့်တော်တို့ ဒီမြေပုံထဲက မစိန်မေရဲ့အစ်ကိုမောင်ဘွားတွေပါ၊ မစိန်မေအလောင်းကိုဖော်ပြီး လောကီအစီအရင်တွေလုပ်မယ်လို့ယူဆလို့ အရှင်ဘုရားလာရင် သတ်မယ်ဆိုပြီး စောင့်ကြတာ သုံးညတောင်ရှိပါပြီဘုရား၊ ဒီရက်တွေအတွင်း တပည့်တော်တို့ခန္ဓာတစ်ကိုယ်လုံး မနေနိုင် မထိုင်နိုင်အောင် ယားပါတယ်ဘုရား။

အဲဒါ ဒီည အသိတရားဝင်လာပြီး စတုတ္ထမြောက်ညမှ ကြွလာတဲ့သူကတော့ သူတော်ကောင်းပဲဖြစ်မယ်လို့ ယုံကြည်စွာနဲ့ စောင့်ဆိုင်းနေကြတဲ့အခါမှာ အရှင်ဘုရား ကြွလာတာပါပဲ၊ ဒါ့ကြောင့် တပည့်တော်တို့ ပြစ်မှားသမျှ ခွင့်လွှတ်တော်မူပါဘုရား"

"မောဟမကင်းသေးသူမှန်သမျှ အမှားမကင်းကြပါဘူး၊ မောဟကင်းပြီးသား ရဟန္တာများတောင် တရားပေးမှားတာရှိပါသေးတယ်။ ပုထုဇဉ်တွေမှာတော့ ဆိုဘွယ်ရာမရှိပါဘူး၊ အားလုံးကို ဘုန်းကြီး ခွင့်လွှတ်ပါတယ် ဒကာတို့"

ဆရာတော်ကို ဝန်ချတောင်းပန်ကန်တော့ပြီးသည်နှင့် ထိုဒကာများတွင် ခံစားနေရသော ယားယံသောဝေဒနာများမှာ ချက်ချင်း ပျောက်သွား၏။ ...ခုဖြစ်ရပ်ကိုဖတ်ရသူတစ်ချို့က သီလ၊ သမာဓိ၊ ပညာကြီးမားတဲ့ ရဟန်း...လို့သာ မေတ္တာဓာတ်က အန္တရာယ်ကို ကာကွယ်ပေးတာပါ။ တို့လို သာမန်...ပုဂ္ဂိုလ်တွေကိုတော့ ဒီလိုကာကွယ်ပေးမယ်မထင်ပါဘူးဟု စောဒကတက...ကောင်းတက်ကြပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာစာတ်ကား လေးမြားလက်နက်ဒဏ်ကို ကာကွယ်ပေးနိုင်သော ချပ်ဝတ်တန်ဆာနှင့်တူ၏။ ချပ်ဝတ်တန်ဆာသည် သူကိုဝတ်ထားသူမှန်သမျှကို လက်နက်တို့၏စူးရှခြင်းဘေးမှ ကာကွယ်ပေးသကဲ့သို့ မေတ္တာစာတ်သည်လည်း ပွားများနေသူမှန်သမျှကို ဘေးအန္တရာယ်မှ ကာကွယ်ပေးမည်သာ ဖြစ်၏။ တိရစ္ဆာန်၊ လူ၊ ရဟန်း၊ အယုတ် အလတ် အမြတ် ရွေးချယ်မည် မဟုတ်ပေ။ သာဓကေပြပါအံ့။

၁၉၅၂ ခုနှစ်၊ မတ်လ ၂၁ရက်၊ နံနက် ၅ နာရီ အချိန်ခန့်ပင်ဖြစ်၏။ ထိုခေတ် ထိုအချိန်က မြန်မာတစ်ပြည်လုံးတွင် လူပြန်ပေးဆွဲခြင်းများ အလွန်ခေတ်စားနေချိန်ပင်ဖြစ်၏။ ရန်ကုန်အရေးပိုင်ဦးဘိုးစသည်ပွားများနေကြအတိုင်း မေတ္တာပွားရင်း လမ်းလျှောက်ရာမှ ပြန်လာ၏။

သူတို့ရပ်ကွက်သို့ဝင်ခါနီး ကားလမ်းပေါ်တွင် လူသုံးယောက် ဂျစ်ကားတစ်စီးထိုးရပ်ထားပြီး အဖုံးဖွင့်ကာ နှိုက်နေကြ၏။ မေတ္တာသမား ပီပီ လိုအပ်သောအကူအညီကိုပေးရန် ဦးဘိုးစက အနားသို့ရောက်သည်နှင့် မေးလိုက်၏။

"မောင်ရင်တို့ ဘာအကူအညီများလိုသလဲ"

ထိုအခါ လူတစ်ယောက်က ခါးမြှောင်ဖြင့်ချိန်လိုက်ကာ

"လိုတဲ့အကူအညီက ဦးလေး ကားပေါ်မြန်မြန်တက်ဖို့ပဲ"

ဟု ပြောလိုက်၏။ ကျန်လူနှစ်ယောက်ကလည်း ဦးဘိုးစကို ဘေးတစ်ဖက်စီက ကိုင်လိုက်ကြသည်။ ရန်းကန်အော်ဟစ်နေလို့ အကျိုးမထူးနိုင်မှန်း ဦးဘိုးစရိပ်မိသည်။ နံနက်ငါးနာရီအချိန်ဆိုသည်က ရန်ကုန်တွင် အိပ်ရာက ထကြသေးသည်မဟုတ်။ ဆယ်အိမ်တွင် တစ်အိမ်ထခဲသည်။ ထို့ကြောင့် သူတို့ပြောသည့်အတိုင်း ဂျစ်ကားပေါ်သို့ မေတ္တာအပွားမပျက်ပင် အေးဆေးစွာတက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ငွေငါးသိန်းအတွက် လူကိုပြန်ပေးဆွဲခြင်းဖြစ်ကြောင်း နောင်တွင် သိရ၏။ အကယ်၍ ငွေမရလျှင် လူကိုသတ်မည်။ ဒါသည် သူတို့လုပ်နေကျ ဖြစ်၏။ အေးလေ - မသိလို့လုပ်ကြတာပဲဟု စိတ်ကိုဖြေကာ ပြန်ပေးသမား သုံးယောက်ထဲသို့ စူးစိုက်ပြီး ဥဒ္ဒိဿမေတ္တာ ပို့ပေးနေလိုက်၏။ မေတ္တာရှင် ဦးဘိုးစက အေးအေးသက်သာ လိုက်ပါလာခဲ့သော်လည်း ပြန်ပေးသမား သုံးယောက်ကား အေးအေးသက်သာလိုက်၍မရ။ တစ်ကိုယ်လုံး ယားယံလာကြသဖြင့် တွန့်လိမ်ကောက်ကွေးစွာဖြင့် ကုတ်ဖဲ့နေကြရာ ဂျစ်ကားသည် ဟိုယိမ်း သည်ယိုင် ဖြစ်လာ၏။

ထိုအဖြစ်ကို တွေ့လိုက်ရသော အမေရိကန်သံရုံးကားက နောက်မှ လိုက်လာတော့၏။ ပြန်ပေးကား ကမာရွတ်မှအဖြတ်တွင် ကမာရွတ်ရဲစခန်း ကို သံရုံးကားက ဝင်တိုင်တော့၏။ ထိုမှတဆင့် သဃ်န်းကျွန်းနှင့် ရန်ကုန် ရဲများပါ သိကုန်ကြပြီး ဝိုင်းလိုက်ကြသဖြင့် ပြန်ပေးကားမှာ ပြေးပေါက်ပိတ် သလိုဖြစ်လာ၏။

ပြန်ပေးကား တံတားလေးရွာသို့ ရောက်လာသောအခါ နောက်မှလိုက် လာသော သံရုံးကား၊ ရဲကားများက ဗီလုမီခင်ဖြစ်လာသဖြင့် ပို၍ ရတ်ရတ် သဲသဲဖြစ်လာ၏။ တံတားလေးရွာ မီးကင်းသမားများကလည်း သံချောင်း တဒေါင်ဒေါင်ခေါက်ကာ နောက်မှလိုက်ကြပြန်၏။

ပြန်ပေးဂျစ်ကားသည် ကတ္တရာလမ်းပေါ် ဆက်မောင်းနေ၍ အခြေ အနေမဟန်မှန်းသိသဖြင့် လမ်းမပေါ်မှဆင်းကာ ငမိုးရိပ်ချောင်း (ယခု မြောက်ဥက္ကလာပ)ဘက်ဦးတည်၍ လယ်ကွင်းထဲသို့ ဖြတ်မောင်းရာ လမ်း ကြမ်းလှသဖြင့် နောက်ကားများမှာ တော်တော်ဝေးဝေးသို့ ပြတ်ကျန်ခဲ့၏။ ပြန်ပေးသမားတို့အတွက် အားတက်စရာဖြစ်သွား၏။

ထိုစဉ်အချိန်က ငမိုးရိပ်ချောင်းကိုသာ ကျော်နိုင်လျှင် ဟိုဘက်ဟွင် တစ်မျှော်တစ်ခေါ် တောအုပ်ထူကြီးသာရှိ၏။ ထိုတောအုပ်ကြီးထဲသာရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားလျှင် နောက်မှလိုက်လာသူတွေ ရှာမတွေ့နိုင်တော့ပေ။ ပြန်ပေးများ၊ လူဆိုးများ၊ သူပုန်များ အများဆုံးပုန်းခိုကြသောနေရာပင်ဖြစ်၏။ ထို့ကြောင့် ပြန်ပေးများ အားတက်ခြင်းဖြစ်၏။

သူတို့ရည်ရွယ်ချက် အောင်မြင်ခါနီးဖြစ်လာသဖြင့် လူဆိုးသုံးယောက်သည် အားတက်သရောပင် ဦးဘိုးစကို ကားပေါ်မှ မြန်မြန်ဆွဲချကာ ငမိုးရိပ်ချောင်းကိုဖြတ်ကူးရန် ပြင်ဆင်ကြ၏။ ဤချောင်းကိုဖြတ်ပြီးသည်နှင့် သူတို့ပြန်ပေးလုပ်ငန်း အောင်မြင်ပြီမဟုတ်ပါလား။

## လူဆိုးဖမ်းတဲ့မြွေကြီး

ထိုအချိန်ထိလည်း ဦးဘိုးစကား စိတ်ထဲကမေတ္တာပွားခြင်းမပျက်ပေ။ အကယ်၍ မေတ္တာပွားပျက်ပြီး ပြန်ပေးတို့အပေါ် ဒေါသဖြစ်သွားမည်ဆိုလျှင် ဦးဘိုးစ၏မေတ္တာသည် ပျက်သွားသည်မည်၏။ ပျက်သွားသောမေတ္တာကား စွမ်းရည်မရှိနိုင်ပေ။

ရေသည် လူကောင်း လူဆိုးမရွေး
စင်ကြယ်အေးမြခြင်းကို
ထပ်တူညီမျှ ပြုမူသကဲ့သို့
မိမိအပေါ် အကျိုးပြုသူကိုဖြစ်စေ
အကျိုးမဲ့ကြောင်းပြုသူကိုဖြစ်စေ
မေတ္တာစိတ်ဓာတ်ကို ထပ်တူညီမျှ
ထားရှိနိုင်မှသာ ချမ်းသာရ၏။

(ဗုဒ္ဓဝံသအဋ္ဌကထာ-၁၃၇)

အထက်ပါ အဆုံးအမစကား ပြန်ပေးသုံးယောက်တို့အပေါ်မှာပင် မေတ္တာစိတ်ဓာတ်ကိုထားနိုင်သော ဦးဘိုးစအား ချမ်းသာရမည်သာဖြစ်၏။ ထို့ကြောင့်လည်း ဦးဘိုးစတို့လေးယောက်သား ကမ်းစပ်သို့ဆင်းလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ချောင်းအလယ်ကောင်လောက်မှ ရေများ ဝုန်းကနဲခုန်တက်လာပြီး မည်းပြောင်နေသော မြွေဟောက်နက်ကြီးတစ်ကောင်ပေါ်လာ၏။

မင်းတို့တတွေ ဒီချောင်းကိုမဖြတ်နဲ့၊ ဖြတ်လိုက်ရင်တော့ သေဖို့သာပြင်ဟုမပြောသော်လည်း ပြောသကဲ့သို့ မြွေဟောက်ကြီးသည် ပါးပျဉ်းကြီးထောင်ကာ လေများတစ်ရှူးရှူးမှုတ်လျက်ရှိ၏။ ဦးဘိုး၏တစ်သက်တာတွင် ထိုမျှကြီးသောမြွေကို တစ်ခါမှမတွေ့ဘူးသေးပေ။

ထူးခြားသည်ကား မြွေကြီးကိုတွေ့သည်နှင့် ပြန်ပေးသုံးယောက်မှာ ဘူနွေမျက်လောက်အောင် ကြောက်လန့်သွားကြသော်လည်း ဦးဘိုးစ စိတ်ထဲတွင် ကြောက်စိတ်ပေါ်မလာခြင်းပင်ဖြစ်၏။ ငါ့မေတ္တာကြောင့် ငါ့ကို ကယ်ဆယ်ဖို့ပေါ်လာတာဟု စိတ်ထဲတွင် အလိုလိုသိစိတ်ဖြစ်နေသောကြောင့်ပင်။

ပြန်ပေးများ အခက်တွေ့နေကြ၏။ ရှေ့တိုးလျှင် မြွေပေါက်၍သေမည်။ နောက်ဆုတ်လျှင် ရဲအဖမ်းခံရမည်။ သတ္တဝါတို့တွင် လူဆိုသည်မှာ ဉာဏ်အကောင်းဆုံးဖြစ်၏။ ထို့ကြောင့်လည်း -

"ဟေ့ကောင်တွေ ဒီမြွေကြီးက သူ့နေရာကဖြတ်တာမကြိုက်လို့နေမှာ၊ လာကြ၊ တခြားလွတ်တဲ့နေရာက ဖြတ်ကြမယ်"

ဟုပြောပြီး မြွေကြီးနှင့်ပေးရာ ခပ်လှမ်းလှမ်းမှဖြတ်ဖို့ ကြိုးစားကြပြန်၏။ အံ့ဩစရာပါတကား၊ သူတို့တစ်တွေ ချောင်းအလယ်သို့ရောက်ခါနီးလောက်မှာပင် မြွေဟောက်ကြီးသည် သူတို့၏ရှေ့တည့်တည့်မှာပင် ဗွမ်းကနဲပေါ်လာပြန်လေ၏။ မင်းတို့ကို ဒီချောင်းကကို အဖြတ်မခံဘူးဟု ပြောနေသကဲ့သို့ဖြစ်၏။

ပြန်ပေးများသည် ဦးဘိုးစကိုပင် မဆွဲနိုင်တော့ဘဲ ကမ်းစပ်သို့ ကြောက်လန့်တကြား ပြန်ပြေးကြ၏။ ကမ်းစပ်တွင်ကား ရဲများက အသင့်စောင့်နေကြလေပြီ။ ပြန်ပေးများလည်း အဖမ်းခံရ၏။ ဦးဘိုးစလည်း ချမ်းသာရ၏။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးများကို တားဆီး၍ပေးသော မြေကြီးကား တကယ့်မြေကြီးလော၊ ဦးဘိုးစ၏မေတ္တာတန်ခိုးကြောင့် နတ်များက ဖန်ဆင်းစောင့်ရှောက်ပေးသောမြေလောဆိုသည်ကား စဉ်းစားစရာပင်ဖြစ်၏။

တောမီးသည် သစ်ရွက်ခြောက်ကို
လောင်လွယ်၏။
သစ်ရွက်စိုကို မတတ်နိုင်။
မသူတော်မီးသည်
မေတ္တာခန်းသူကို လောင်လွယ်၏။
မေတ္တာဖျန်းသူကို မတတ်နိုင်။
နံ့သာတုံးသည် မီးရှို့သူကို
မကျွမ်းမချင်း အနံ့ဖြင့်မွှေးစေ၏။
သူတော်ကောင်းသည်
ညှဉ်းဆဲသူကိုသော်လည်း
မသေမချင်း အကျိုးဆောင်၏။
အကောင်းသည် အရှုံးနှင့်ပြိုင်၍
အဝတ်မလစ်ကောင်း
သူတော်ကောင်းသည်
မသူတော်နှင့်ပြိုင်၍ ဒေါသမဖြစ်ကောင်း
ကျားကြောက်၍ပြေးစဉ်
ခွေးဟောင်သည်ကို အရေးမယူရ
ငရဲကြောက်၍ သီလစောင့်စဉ်
မသူတော်ညှင်းသည်ကို အရေးမယူရ
ဒါနပြုသူကိုမှီ၍ ဒါနပါရမီပြည့်သည်

www.burmeseclassic.com

www.burmeseclassic.com



မသူတော်ကိုမှီ၍ သည်းခံလျှင်
ခန္တီပါရမီပြည့်သည်။
(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)

## ခြင်္သေ့မေတ္တာ မြားမလာ

သီရိလင်္ကာနိုင်ငံ ရာဇဝင် (မဟာဝံသ)၌ သီဟဗာဟုမင်းဟူ၍ ရှိခဲ့ဘူး၏။ ဝင်္ဂတိုင်းဖွား (ဗင်္ဂလား) မင်းသမီးတစ်ယောက်သည် ခြင်္သေ့တစ်ကောင်နှင့်ရကာ တောတွင်းလှိုဏ်ဂူတစ်ခု၌နေသည်။ ခြင်္သေ့ကိုအကြောင်းပြု၍ သားတစ်ယောက်၊ သမီးတစ်ယောက်မွေးသည်။

ခြင်္သေ့ကြီးသည် အစာရှာထွက်တိုင်း ဂူပေါက်ဝ၌ ကျောက်တုံးကြီးတစ်တုံး ပိတ်ထားခဲ့သည်။ သီဟဗာဟု (၁၆)နှစ်သားအရွယ်ရောက်သောအခါတွင်ကား ခြင်္သေ့ကြီးနှင့်မနေလိုသဖြင့် အမေနှင့်နှမကိုခေါ်ကာ ကျောက်တုံးကြီးကိုဖွင့်ပြီး ထွက်ပြေး၏။

ခြင်္သေ့ကြီးသည် သားမယားများပျောက်သွားသဖြင့် တောတောင်အနှံ့လိုက်လံရှာဖွေရင်း မစိတ်မွန်ကာ တောစွန်အုံဖျားရွာများကိုပင် ဖျက်ဆီးပစ်၏။ ထိုအခါ ဘုရင်က ခြင်္သေ့ကိုနှိမ်နင်းနိုင်မည့်သူအား မောင်းကြေးနင်းခတ်၍ ရှာဖွေစေရာ သီဟဗာဟုက တာဝန်ယူလိုက်သည်။

လေးမြားကိုယူကာ သီဟဗာဟုသည် ဖခင်ခြင်္သေ့ကိုသတ်ရန် ထွက်ခဲ့၏။ တောစပ်ရောက်လျှင် ခြင်္သေ့ကြီးနှင့် ရင်ဆိုင်တွေ့ကြ၏။ ခြင်္သေ့ကြီးကား မိဘ၏မေတ္တာစိတ်ဖြင့် သားကိုမြင်မြင်ချင်း အေးချမ်းသွား၏။ သားကိုချစ်သော မေတ္တာစိတ်တို့က ခြင်္သေ့ကြီးတစ်ကိုယ်လုံးတွင် ပြန့်နှံ့လျက်ရှိ၏။

ဤကား ဘာဝနာအဆင့်သို့ရောက်သော မေတ္တာစိတ်မဟုတ်သေး။ ဂေဟသိတပေမခေါ် အိမ်တွင်းမိသားစုချင်းထားသော မေတ္တာအဆင့်သာရှိ

www.burmeseclassic.com

www.burmeseclassic.com



သေး၏။ ထိုမေတ္တာ၏စွမ်းရည်သည်ပင် ကြီးမြင့်လှ၏။ အဘယ့်ကြောင့်ဆို သော် သီဟဗာဟုပစ်လိုက်သောမြားတံတို့သည် ခြသေ့်ကြီးဆီသို့ မရောက်ဘဲ သီဟဗာဟုခြေရင်း၌ သုံးကြိမ်တိုင်တိုင် ပြန်ကျ၏။

သုံးကြိမ်တိုင်တိုင် ပစ်ပြီးသောအခါတွင်ကား ခြသေ့်ကြီးသည် ဒေါသဖြစ်သွား၏။ ဒေါသဖြစ်သွားသည်နှင့် မေတ္တာတည်းဟူသော အန္တရာယ်ကာကွယ်သည့် ချပ်ဝတ်တန်ဆာသည် ပြုတ်ကျသွား၏။ ဒေါသဖြစ်ပြီး ခြသေ့်ကြီးက ဟိန်းလိုက်ချိန်မှာပင် စတုတ္ထအကြိမ်မြောက်ပစ်လိုက်သော သီဟဗာဟု၏မြားတံသည် ခြသေ့်ကြီး၏ငယ်ထိပ်သို့စူးဝင်ကာ ထိုနေရာမှာပင် သေလေ၏။

ဘုရင်သည် အားရတော်မူသဖြင့် သီဟဗာဟုကို မင်းအဖြစ်ပေး၏။ မင်းဖြစ်သောအခါတွင် ခေါင်းကိုက်သောရောဂါ မကြာခဏဖြစ်သဖြင့် ပညာရှိများကို မေးကြည့်သောအခါ ဖခင်ကိုသတ်ခဲ့သော အကုသိုလ်ကံကြောင့်ဖြစ်သည်။ ထိုအပြစ်တို့ ပြေပျောက်စေရန် ခြသေ့်ရုပ်ထုပြီး ကန်တော့ရမည်ဟုဆို၏။

ထို့ကြောင့် စေတီတစ်ဆူတည်ကာ ခြသေ့်ရုပ်ပါထုပြီး ကန်တော့၏။ ထိုအဖြစ်မှအစပြုပြီး ဘုရားတည်သောအခါ ခြသေ့်ရုပ်ပါသော အလေ့အထဖြစ်လာသည်ဟု ဆိုကြသည်။

## မေတ္တာမရှိလျှင်

မေတ္တာမရှိလျှင် ဆင်းရဲသူကိုမြင်၍ သနားသော ကရုဏာနှင့် ချမ်းသာသူကိုမြင်၍ ဝမ်းမြောက်သော မုဒိတာလည်း မဖြစ်နိုင်တော့ပါ။

မိမိစိတ်ကိုသာ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်ကြပါ။ အကျိုးဆောင်ခွင့်ကြုံလာလျှင် မိမိကိုမလိုလားသူ

www.burmeseclassic.com

www.burmeseclassic.com



၏အကျိုးကိုပင် စိတ်ပါလက်ပါဆောင်လျက် အဖိုးတန်လှစွာသော မေတ္တာလက်နက်ကို အချက်ကျကျ သုံးစွဲသင့်ပါသည်။

ထိုသို့ သုံးစွဲနိုင်မှသာလျှင် ပါရမီရှင်ဟု ထင်မြင်နိုင်ပါသည်။ မေတ္တာသည် ရေနှင့်တူ၏။ ဒေါသသည် မီးနှင့်တူ၏။ ရေများလေ မီးငြိမ်းလေ။

(အမရပူရမြို့၊ ပထမ မဟာဂန္ဓာရုံဆရာတော်ကြီး)

## ပညာရှိများရဲ့စကား

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ခန့်က လယ်တီဆရာတော်ဘုရားကြီးသည် မင်္ဂဖိုလ်ကို အမြန်ဆုံးရစေနိုင်သော ရုပ်တတ်၊ နာမ်တတ်၊ ဝိပဿနာတရားတော်များကို မြန်မာတစ်ပြည်လုံးသို့ လှည့်လည်ဟောကြားတော်မူခဲ့ရာ ဒကာ၊ ဒကာမများ များစွာတရားရကြ၏။ ဆရာတော်သည်လည်း လွန်စွာထင်ရှားကျော်စောတော်မူ၏။

ထိုသို့ လှည့်လည်ဟောကြားရင်းဖြင့် မန္တလေးမြို့သို့အရောက်တွင် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကို ဝင်ဖူးသည်။ အလ္လာပ သလ္လာပပြောဆိုပြီးနောက် လယ်တီဆရာတော်ကြီး ပြန်ကြွခါနီးတွင် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက -

"အင်း - ကြံ့ကြီးတော့ ရှေ့ကသွားပြန်ပြီ။ နောက်ကလိုက်တဲ့ ကြံ့သားငယ်လေးတွေတော့ သေကြဦးမှာဘဲ"

ဟု မိန့်တော်မူ၏။ ထိုအခါ လယ်တီဆရာတော်ဘုရားကြီးက -

"တိုက်ပွဲဆိုတာ ကိုယ့်ဘက်ကလည်း အနည်းငယ်တော့ ကျဦးမှာပါဘုရား"

ဟု ပြန်လည်လျှောက်ထား၏။ ဤကား သာမန်လူများ ဘယ်လိုမှ ယှိဖွယ်မပေါက်နိုင်သော ပညာရှိကြီးတို့၏စကားပင်ဖြစ်၏။ မဟာဝိသုဒ္ဓါရုံ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးဆိုလိုသည်မှာ ကြံ့ကြီးများသည် အစာရှာထွက်သည့်အခါ ရှေ့မှာတွေ့သမျှ ချုံနွယ်၊ ကျောက်တုံး၊ သစ်ခက်သစ်ရွက်များကို နှုတ်သီး၌ပါသော တစ်ချောင်းတည်းသောချိုဖြင့် နောက်သို့ အကုန်ထိုးဖယ်ပစ်တတ်သည်။

ထိုအခါ နောက်မှလိုက်လာသောသားငယ်များမှာ ကြံ့ကြီးထိုးကော်ပစ်လိုက်သော သစ်တုံးကျောက်တုံးများထိမှန်ပြီး သေကြရသည်။ ထို့အတူ အလိုလောဘကိုပယ်သတ်နိုင်ပြီးဖြစ်သည့် လယ်တီဆရာတော်ကြီးက ရသမျှ လာဘ်လာဘများကို ဘေးကိုခါချပစ်ရာ နောက်မှပါလာသော ဦးပဏ္ဍိတ၊ ဦးဝဏ္ဏိတ စသော တပည့်များပေါ်သို့ ကျကုန်၏။

တပည့်များသည် ကိုယ်ခံတရားနည်းသေးရကား လာဘ်လာဘဒဏ်ကို မခံနိုင်ကြဘဲ လူထွက်ကြရမည်ဟု ပြောခြင်းပင်ဖြစ်၏။ မှန်လည်းမှန်ပေသည်။ နောင်တစ်ချိန်တွင် ဦးပဏ္ဍိတသည် လယ်တီပဏ္ဍိတဦးမောင်ကြီး ဖြစ်သွားပြီး ဦးဝဏ္ဏိတသည် လယ်တီဦးလှပိုင် ဖြစ်သွားလေသည်။ လယ်တီဆရာတော်ကြီးကလည်း သိသင့်သလောက် ကြိုသိသည်သာဖြစ်၏။

ဒကာ၊ ဒကာမတို့သန္တာန်၌ရှိသော ကိလေသာတို့ကို ဓမ္မဖြင့်တိုက်ရသောတိုက်ပွဲတွင် တရားမပြည့်ဝသေးသော ကိုယ့်ဘက်ကတပည့်များလည်း ကျသင့်သလောက်တော့ကျမည်ဆိုသည်ကို ရည်ရွယ်၍ တိုက်ပွဲဆိုတာ ကိုယ့်ဘက်ကလည်း အနည်းငယ်တော့ ကျဦးမှာပေါ့ဘုရားဟု လျှောက်ခဲ့ခြင်းဖြစ်သည်။

## မသိခြင်းရဲ့ နက်နဲတဲ့အဓိပ္ပာယ်

မြတ်စွာဘုရားသည် ရက်ကန်းသည်မလေးတစ်ယောက် သောတာပန်တည်မည်ကို မြင်တော်မူ၍ အာဠဝီပြည်သို့ တရားဟောကြွတော်မူလာသည်။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်ကလည်း ထိုမြို့သို့ မြတ်စွာဘုရား တစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြွခဲ့ဘူးသည်။ ထိုအခါက မရဏနုဿတိဘာဝနာတရားကို ဟောခဲ့၏။

ရက်ကန်းသည်မလေးသည် ထိုအခါက နာကြားခဲ့ရသော မရဏနုဿတိဘာဝနာတရားကို အမြဲပွားများခဲ့သည်။ ယခုဆိုလျှင် ပါရမီပင် အတော်ရင့်လာလေပြီ။ တရားပွဲသည် လူကွေထောင်နှင့်သောင်းနှင့်ချီလောက်အောင် စည်ကားများပြားလှ၏။ တရားနာများ ပြည့်ကျပ်နေပြီဖြစ်သော်လည်း ဗုဒ္ဓက တရားမဟောသေး။ ပရိသတ်များ အစဉ်းစားရကြပ်နေကြသည်။ လူတွေ ဒီလောက်စုံနေတာတောင် မြတ်စွာဘုရား ဘာလို့ တရားမဟောသေးပါလိမ့်ဟု တွေးမရကြ။

ထိုအချိန်ကမှ ရက်ကန်းသည်မလေးသည် ပရိသတ်နောက်ဆုံးမှ ရောက်လာသည်။ ဗုဒ္ဓက သူစောင့်စားနေသောသာဝကကို တွေ့ရသည်နှင့် လည်တော်ကို အနည်းငယ်ဆန့်ပြီး ကြည့်တော်မူ၏။ မိန်းကလေးကလည်း ဗုဒ္ဓသည် သူ့ကို ရှေ့နားထိလာစေလို၍ လှမ်းကြည့်မှန်းသိသဖြင့် ရှေ့နားထိ ရောက်အောင် တိုးဝင်လာသည်။

အနားရောက်သည်နှင့် ဗုဒ္ဓက -

"ချစ်သမီး ဘယ်ကလာခဲ့သနည်း။"

"မသိပါဘုရား"

"ချစ်သမီး ဘယ်ကိုသွားမည်နည်း"

"မသိပါဘုရား"

"တကယ်မသိဘူးလား ချစ်သမီး"

"သိပါတယ် ဘုရား"

"တကယ်သိသလား ချစ်သမီး"

"မသိပါဘုရား"

ဤအမေးလေးချက်၊ အဖြေလေးချက်ကား ပညာရှင်တို့၏စကားပင် ဖြစ်၏။ ဗုဒ္ဓနှင့်မိန်ကလေးသာသိ၏။ သာမန်လူများမသိနိုင်ပေ။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တရားနာပရိသတ်များသည် မိန်းကလေးကို ဝိုင်းဝေဖန်ကြသည်မှာ အတော မသတ်နိုင်အောင် ဆူညံ၍သွား၏။ ဘုရားကို မလေးမစားဖြေသည်။ ပလီသည်၊ ပါးစပ်ထဲရှိတာ လျှောက်ပြောသည် စသောအားဖြင့် ဝေဖန်စကားတွေကား များလှ၏။ ဗုဒ္ဓက ဝေဖန်နေသောပရိသတ်ကို ငြိမ်သက်စေကာ ဘေးလူများနားလည်ရန်အတွက် မိန်းကလေးအား အကျယ်ပြန်မေး၏။

"ချစ်သမီး ငါဘုရားက ဘယ်ကလာသနည်းဟုမေးသောအခါ၌ သင်ချစ်သမီးသည် မသိပါဟုဖြေခဲ့၏။ ထိုအဖြေ၏အဓိပ္ပာယ်အကျယ်ကို ပရိသတ်များသိရန် အကျယ်လျှောက်ဦးလော့"

"တပည့်တော်မ အိမ်ကလာသည်ဆိုသည်ကို မြတ်စွာဘုရားမဆိုထားနှင့်၊ သာမန်လူများပင် သိနိုင်ပါသည်ဘုရား၊ ထို့ကြောင့် မြတ်စွာဘုရားသည် သည်မျှသောအကြောင်းကိုကား မမေးနိုင်၊ ငါ့ကို ဘယ်ဘဝကလာခဲ့သနည်းဟုသာ မေးခြင်းဖြစ်မည်ဟု တွေးဆမိသဖြင့် ဘယ်ဘဝကလာမှန်းမသိသောကြောင့် မသိပါဘုရားဟု ဖြေဆိုခြင်းပါဘုရား"

"ချစ်သမီး အသိဉာဏ်ကြီးကျယ်ပေစွ၊ ငါဘုရား၏အလိုတော်ကို သိပေစွ၊ သာဓု - သာဓု - သာဓု၊ နောက်မေးခွန်းအရ ငါဘုရားက ချစ်သမီး ဘယ်ကိုသွားမည်နည်းဟုမေးစဉ်က ချစ်သမီးသည် မသိပါဘုရားဟုပင် ဖြေခဲ့၏။ အဘယ်အဓိပ္ပာယ်ကိုရည်၍ ဖြေခဲ့သနည်း"

"မြတ်စွာဘုရား တပည့်တော်မသည် ရက်ကန်းရက်စားသူဖြစ်၍ ရက်ကန်းရုံသို့သွားခြင်းဖြစ်ကြောင်းကို လူတိုင်းပင်သိပါသည်ဘုရား၊ မြတ်စွာဘုရားသည် ထိုမျှဖြင့်တော့ မမေးနိုင်၊ ငါသေပြီး ဘယ်ဘုံရောက်မည်နည်းဟု မေးခြင်းသာဖြစ်မည်ဟု တွေးမိသဖြင့် တပည့်တော်မသေပြီးနောက် ဘယ်ဘုံရောက်မည်ကိုမသိသဖြင့် မသိပါဘုရားဟု ဖြေခြင်းဖြစ်ပါသည်"

"ကောင်းပေစွ၊ ကောင်းပေစွ ချစ်သမီး တတိယမြောက်မေးခွန်းအဖြစ် ငါဘုရားက ချစ်သမီး တကယ်မသိဘူးလားဟု မေးသည့်အခါ သိပါတယ်ဘုရားဟုဖြေခဲ့၏။ ထိုအဖြေ၏အကျယ်ကို လျှောက်ထားဦးလော့"

www.burmeseclassic.com

www.burmeseclassic.com



"သေမှာမသိဘူးလားဟု မေးခြင်းဖြစ်ရမည်ဟု တွေးမိသဖြင့် သေမှာကိုသိသောကြောင့် သိပါတယ်ဘုရားဟု လျှောက်ထားခြင်းဖြစ်ပါသည်"

"ကောင်းပေစွ၊ ကောင်းပေစွ ချစ်သမီး၊ စတုတ္ထမြောက်အဖြစ် ငါဘုရားက တကယ်သိသလားချစ်သမီးဟုမေးသည့်အခါ သင်ချစ်သမီးက မသိပါဘုရားဟု ဖြေခြင်း၏အဓိပ္ပာယ်ကို လျှောက်ထားဦးလော့"

"သေမှာကို သေရမှာသိသော်လည်း ဘယ်အချိန်သေမည်ကို မသိသောကြောင့် မသိပါဟု ဖြေဆိုခြင်းဖြစ်ပါသည်ဘုရား"

"ချစ်သမီး ကောင်းပေစွ၊ သာဓု သာဓု သာဓု"

ထို့နောက် ဗုဒ္ဓက သစ္စာလေးပါး ဝိပဿနာတရားကို ဟောကြားပြီးသည်၏အဆုံး၌ -

> အန္ဓဘူတောအယံလောကော၊
> တနုကေတ္ထ ဝိပဿတိ။
> သကုဏော ဇာလမုတ္တောဝ၊
> အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

ဤလူများအပေါင်းသည် ပညာမျက်စိမရှိ၍ အကန်းအတိသာ ဖြစ်၏။ အနည်းငယ်မျှသောသူသာလျှင် အနိစ္စ စသော ဝိပဿနာကို ရှုမြင်၏။

မုဆိုး၏ပိုက်ကွန်မှလွတ်သောငှက်သည် နည်းသကဲ့သို့ သေသောသူကိုတွင် နတ်ပြည်သို့သွားသောသူသည် နည်းလှ၏။

ဟူ၍ ဟောတော်မူ၏။ ဂါထာ၏အဆုံး၌ ရက်ကန်းသည်မိန်းကလေးသည် သောတာပန်တည်၏။ ထိုနေ့ ရက်ကန်းရုံသို့ ရောက်သောအခါ ရင်ဝ၌လွန်းမှန်ပြီး သေရှာသည်။

(ဓမ္မပဒ၊ ၁၃-လောကဝဂ်၊ ၇-ရက်ကန်းသည်သမီးဝတ္ထု)

ထိုမိန်းကလေးသည် မရဏာနုဿတိဘာဝနာကို ကြိုတင်ပွားထားခဲ့၍ ပါရမီညက်ရင့်သန်လာကာ ဗုဒ္ဓ၏သစ္စာလေးပါး ဝိပဿနာတရား

www.burmeseclassic.com

www.burmeseclassic.com



အဆုံးတွင် သောတာပန်တည်ရခြင်းဖြစ်၏။ သေခြင်းတရားကို အမှတ်ရသော မရဏာနုဿတိဘာဝနာကြောင့်သာလျှင် လောကီစီးပွားရေးအလုပ်ကို ဘေးမှာခဏထားပြီး တရားကို ဝင်နှာနိုင်ခြင်းဖြစ်၏။

ထို့ကြောင့် မရဏာနုဿတိဘာဝနာကို သတိရတိုင်း ပွားများသင့်၏။ ပွားများနည်းအချုပ်မှာ -

**မရဏံ မေ ဓုဝံ**

ငါ့အားသေရခြင်းသဘောသည် အမြဲရှိ၏။

**ဇီဝိတံ မေအဓုဝံ**

ငါ့အား အသက်ရှင်၍နေရခြင်းသဘောသည် အမြဲမရှိ။

ဟူ၍ဖြစ်၏။ မြန်မာလိုပွားလျှင်ပင် ပြည့်စုံပေပြီ။ ထိုမရဏာနုဿတိဘာဝနာ ပွားများခြင်း၏ကောင်းကျိုးများကား

၁။ ကုသိုလ်ကောင်းမှုကို အချိန်မဆွဲဘဲ ပြုဖြစ်ခြင်း

၂။ အကုသိုလ်ကို မပြုဖြစ်တော့ခြင်း

၃။ သေမှာမကြောက်တော့ခြင်း

၄။ နတ်ရွာဂတိသို့ ရောက်ရခြင်း တို့ဖြစ်၏။

လူသားတို့သည် များသောအားဖြင့် မပြည့်နိုင်သော လောဘအိုးကြီးကို တစ်ဘဝလုံး သဲသဲမဲမဲပြည့်ကြ၏။ ထိုသို့ပြည့်ရင်း မိမိအလိုဆန္ဒမပြည့်မီမှာပင် သေမင်းခေါ်ရာ လိုက်ကြရသည်။ လူပုဂ္ဂိုလ်များကိုမဆိုထားဘိ၊ ရဟန်းတော်များလောကမှာပင် ထိုသို့ အလိုဆန္ဒမပြည့်မီ ပျံတော်မူရသော ဖြစ်ရပ်များ နည်းသည်မဟုတ်ပေ။

စာရေးသူ ကိုရင်ဘဝ မန္တလေးမြို့၊ မူလစီးဘန်နီကျောင်းတိုက်တွင် နေစဉ်ကဖြစ်၏။ ထိုအချိန်က စာရေးသူအသက်မှာ (၁၄)နှစ်သားခန့်သာ ရှိသေးသည်။ တစ်နေ့တွင် ဥပဇ္ဈာယ်ဆရာတော်နှင့် သက်တူရွယ်တူဆရာတော်တစ်ပါး လမ်းလျှောက်ရင်း ကျောင်းသို့ဝင်လာသည်။ ထိုအချိန်

www.burmeseclassic.com

www.burmeseclassic.com



က ဥပဏ္ဍာယ်ဆရာတော်ရော အလည်ဝင်လာသူ ဆရာတော်ပါ သက်တော် လေးဆယ်သာသာခန့်သာရှိသေးသည်။

ဥပဏ္ဍာယ်ဆရာတော်က မာကြောင်းသာကြောင်းများကို ပြောရင်းမှ စကားဖြတ်၍

"ဦးဝိလာသဂ္ဂရေ သေဖြင်းကရောဆိုတာ ကွေးသောလက်မဆန့်ခင် ဆန့်သောလက်မကွေးခင် ရောက်လာနိုင်တာပဲ၊ အရှင်ဘုရားတို့ တပည့်တော် တို့လည်း အသက်လေးဆယ်ပြည့်ပြီဆိုတော့ မငယ်ကြတော့ဘူး၊ သေရဲဖို့ အသင့်ပြင်ထားကြရမယ်"

ဟု ပြောလိုက်၏။ ယင်းအခါ ဦးဝိလာသဂ္ဂက -

"ဦးပညာသာမိရာ အနောက်တိုင်းသားတွေအဆိုအရ အသက် လေးဆယ်ကျော်ဆိုတာ ဘဝစရုံပဲ ရှိပါသေးတယ်၊ သေဖို့ရာ အဝေးကြီးပါ၊ ဒါတွေ တွေးမနေစမ်းပါနဲ့"

ဟု ပြန်ပြောသည်။ ထိုဆရာတော်သည် ဒကာ ဒကာမ အလွန်ပေါများ သူဖြစ်သည်။ ထိုသို့ အမှတ်တမဲ့ပြောလိုက်သောစကားသည် ထိုဆရာတော် အတွက် အမှတ်တရဖြစ်သွားစေသည်။ ထိုအချိန်က ချမ်းမြသာစည်လေဆိပ် ဖက်အထွက်တွင် ဆင်ဖြူခံသုသာန်ရှိသေးသည်။ မြို့ထဲက အသုဘမှန်သမျှ ထိုသုသာန်သို့ အချများသည်။ အသုဘချတိုင်း စာရေးသူတို့နေထိုင်ရာ ပညာ ဗိမာန်ကျောင်းရှေ့ ရန်ကုန်-မန္တလေးကားလမ်းမပေါ်မှ ချသည်သာများသည်။

ထိုဆရာတော်ပြန်သွားပြီး လေးရက်ခန့်အကြာမှာပင် ရှေ့ဝင်း နောက် င်းခင်းပြီး ဆိုင်းသံဗုံသံများဖြင့် ဘုန်းကြီးပျံတစ်ခု ချလာသဖြင့် စာရေးသူတို့ ဆရာတပည့် ထွက်ကြည့်ကြသည်။ လူတွေမှာ တော်တော်စည်၏။ အသုဘ သာဉ်ကိုဆွဲသောကြိုးက ရှည်လွန်းလှသလို ထိုကြိုးကိုဝိုင်းဆွဲသော သူတွေ ကလည်း များလွန်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးအလောင်းတင်သော ကရဝိတ်ယာဉ်မြင်ရအောင် အတော်စောင့်ယူရသည် ကရဝိတ်ယာဉ်အနားရောက်ပါပြီ။ ဥပဇ္ဈာယ်ဆရာတော်သည် အခေါင်းဘေးမှချထားသော ဓာတ်ပုံနှင့်ဘွဲ့တော်တို့ကိုတွေ့လိုက်ရသည်နှင့်

"အို ကျွတ် ကျွတ် ကျွတ် ဆရာတော် ဦးဝိလာသဂ္ဂပါလား၊ သံဝေဂရစရာကောင်းလိုက်တာ၊ တစ်နေ့ကမှ အသက်လေးဆယ်ကျော်မှ ဘဝစတာလို့ ပြောခဲ့သေးတာပဲ"

ဟု ညည်းရှာ၏။ ထို့ကြောင့် ဗုဒ္ဓက -

သပုတ္တ ပသုသမ္မတ္တံ၊
ဗျာသတ္တ မာနသံ နရံ။
သုတ္တံ ဂါမံ မဟော ဃောဝ၊
မစ္စု အာဒါယဂစ္ဆတိ။ (ဓမ္မပဒ)

ဟု ဟောတော်မူခဲ့ခြင်းဖြစ်၏။ အဓိပ္ပာယ်မှာ -

အိပ်ပျော်နေသော ရွာသူရွာသားအပေါင်းကို ကြီးစွာသော ရေအလျဉ်သည် ရုတ်တရက်ယူ၍သွားသကဲ့သို့ သားသမီး နွားစသော ဥစ္စာတို့ဖြင့်ပျော်မွေ့လျက်

ရနေသည်ထက် အပိုအလွန်ကို တောင့်တလျက်ရှိသူများကို သေမင်းသည် ရုတ်တရက်ခေါ်ငင်၍သွား၏။

ဟူ၍ ဖြစ်၏။ ထို့ကြောင့်

ငါ့အား သေရခြင်းသဘောသည် အမြဲရှိ၏။

ငါ့အား အသက်ရှင်၍နေရခြင်းသဘောသည် အမြဲမရှိ။

ဟူသော မရဏာနုဿတိဘာဝနာကို သတိရတိုင်း ပွားများပါလေ။

သမထဘာဝနာကား ဤမျှလောက်ဖြင့် ပြည့်စုံပေပြီ။ အရေးတကြီးရှေ့ဆက်စရာရှိသေး၏။ ထိုအရာကား ဝိပဿနာဘာဝနာ ပွားများဖို့တည်း။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ဝက္ကလိသုတ်၌ ဗုဒ္ဓက -

www.burmeseclassic.com

www.burmeseclassic.com



ယောခေါ ဝက္ကလိ ဓမ္မံ နပဿတိ
သော မံ န ပဿတိ။

ဟု ဟောခဲ့၏။ အဓိပ္ပာယ်ကား ဝက္ကလိခင်ဗျာ နာမ်ရုပ်တရားကို မမြင်သောသူသည် ငါဘုရားကိုမမြင်ဟူ၍ဖြစ်၏။ ဆိုလိုသည်မှာ ဘုရားတရားသံဃာကို ကိုယ်တိုင်လုပ်ကျွေးပြီး ကိုးကွယ်ဆည်းကပ်နေသူဖြစ်သော်လည်း ရုပ်နာမ်တရားအဖြစ်အပျက်ကို မမြင်သေးလျှင် အကြားဖြင့် ရတနာသုံးပါးကို ကိုးကွယ်သော သုတသရဏဂုံဟုသာ ခေါ်၏။ ရတနာသုံးပါးကို တကယ်မြင်သည်ဟု မဆိုရ။

ဒိဋ္ဌိဝိစိကိစ္ဆာပျောက်ကြောင်း ဝိပဿနာဘာဝနာတရားကို ရှုမှားနိုင်ပြီဆိုမှသာ ရတနာသုံးပါးကို တကယ်မြင်ပြီး ကိုးကွယ်ဆည်းကပ်သော ဒိဋ္ဌိသရဏဂုံဟု ခေါ်ရ၏။ ကောသလမင်း မိဖုရား မလ္လိကာသည် ဘုရားကျောင်းတော်သို့ နေ့စဉ်နီးပါးသွားပြီး ရတနာသုံးပါးကို ဆည်းကပ်လုပ်ကျွေးကိုးကွယ်သူဖြစ်၏။ သို့သော် ရုပ်နာမ်တို့၏အဖြစ်အပျက်ကိုကား မရှုမှားနိုင်ရှာ။

ထို့ကြောင့် ဘုရား၊ တရား၊ သံဃာကို ရှေ့မှာထားပြီး မမြင်သော ကြားရုံသာကြားရသော သုတသရဏဂုံသာဖြစ်နေ၏။ ထို့ကြောင့် သေသောအခါ စိတ်မထားတတ်၍ ငရဲ၌ (၇)ရက်ခံလိုက်သေး၏။ ပြီးမှ နတ်ပြည်သို့ရောက်၏။ ဥတေနမင်း၏ မိဖုရား သာမာဝတီကား ဘုရားကို သေချာမဖူးဘူးသော်လည်း ကျွန်မ ခုဇ္ဇုတ္တရာထံမှ ဝိပဿနာတရားကို နာကြားပြီး သောတာပတ္တိမဂ်ကိုရသဖြင့် ရတနာသုံးပါးကို တကယ်မြင်သော ဒိဋ္ဌိသရဏဂုံတည်သွား၏။ ထို့ကြောင့် ဒိဋ္ဌိသရဏဂုံဖြစ်အောင် နောက်ဆုံးအခန်းကို ဆက်ဖတ်၍ ဝိပဿနာဘာဝနာကို ပွားများစေချင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)
## မိမိကြောင့်ဖြစ်သော ဓမ္မန္တရာယ်

ဓမ္မန္တရာယ်ကိုပြုတတ်သော မိစ္ဆာဓမ္မဆိုသည်ကား -

ဘာဝနာသည် သမထဘာဝနာ ဝိပဿနာဘာဝနာဟု နှစ်မျိုးရှိရာ သမထဘာဝနာပွားများသင့်ပုံအကြောင်းကို ရေးသားပြီးဖြစ်၍ ယခု နိဂုံးချုပ်အနေဖြင့် ဝိပဿနာဘာဝနာ ပွားများသင့်ခြင်းအကြောင်းကို ရေးသားပေမည်။ ဝိပဿနာဟုဆိုလိုက်သည်နှင့် ဗုဒ္ဓဘာသာအများစုသည် ငါတို့သည် ကာမဂုဏ်ကြားထဲမှာနေကြတုန်းဖြစ်သည်။ ပါရမီလည်းမရှိသေး၊ မဂ်ဖိုလ်နှင့်လည်းမတန်ဟုဆိုကာ ပါရမီကိုလွှဲချတတ်ကြသည်။

ထိုသို့သောသူများကို မဟာစည်ဆရာတော်က ယခုလို ဆုံးမခဲ့၏။

နိဗ္ဗာန်ရွှေပြည် ရောက်ခဲသည်
ပါရမီမချရ၊
ပါရမီချလျှင်၊ ဝဋ်ထဲတွင်
ပူပင်ဆင်းရဲရ

ပါရမီကိုလွှဲချပြီး ဝိပဿနာကို မပွားများဘဲနေလျှင် နိဗ္ဗာန်ချမ်းသာနှင့် ဝေးသထက်ဝေးပြီး ဝဋ်ထဲတွင် ပူပန်ဆင်းရဲ၍သာနေမည်ဟု ဆိုခြင်းဖြစ်၏။ ပါရမီသည် မိုးကျရွှေကိုယ်မဟုတ်။ လုပ်ယူမှရသောအရာဖြစ်သည်။ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ယခုလို ဆုံးမတော်မူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ပကတိသာဝကမှာ ပါရမီမလို

တိဟိတ်ဟုတ်မှဟုတ်ဟုတ်ပါ့မလား၊ ဒွိဟိတ်များဖြစ်နေမလားနဲ့ ဒါက ဘုရားရှင်အရာ ကိုယ့်အရာမဟုတ်ဘူး၊ ဒီတော့ အကျိုးမများမှာကို မတွေးကြနဲ့၊ အလုပ်လုပ်ဖို့သာ ကိုယ့်တာဝန်၊ ဖြစ်ပျက်မြင်ရင် တိဟိတ်ပဲဆိုတာ သံသယမရှိကြနဲ့၊ ပါရမီစကားလည်း မပြောကြနဲ့။

သာဝကဉာဏ်အရာမှာ ပါရမီမလိုဘူးလို့ တစ်ထစ်ချမှတ်လိုက်ကြ၊ ဒီအချက်ဟာ ပေဋကောပဒေသပါဠိတော်မှာ အတိအလင်းဟောထားတာ ရှိတယ်၊ သံသယဖြစ်ဖို့မလိုဘူး၊

ဒုပေဟေတူဒုဝေပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ၊ သာဝကဉာဏ်အရာမှာ အထောက်အပံ့နှစ်ချက်ပဲလိုတယ်တဲ့။

ပရတောစ ဃောသော သစ္စာနုသန္ဓိ
အဇ္ဈတ္တဉ္စ ယောနိသော မနသိကရောတော
သစ္စာတရား နာကြားမှုနဲ့
နှလုံးသွင်းမှန်ကန်မှု
ဒီနှစ်ခုပဲလိုတယ်လို့ ဆိုလိုရင်းဖြစ်တယ်။

ဒီစကားထဲမှာ ပါရမီမပါဘူး၊ ဒီအကြောင်းနှစ်ခုညီညွတ်ရင် မဂ်ဖိုလ်ကိုရတယ်ဆိုတော့ ပါရမီမလိုဘူးဆိုတဲ့အဓိပ္ပာယ်ဟာ အလိုလိုထင်ရှားပါတယ်။

**မိုးကုတ်ဆရာတော်၏ နိဗ္ဗာန်ရရာကျင့်သုံးဖြာတရားတော်မှ**
**ဓမ္မဗျူဟာ၊ အတွဲ၊ ၃၉၊ အမှတ်-၁၀။ ၂၀၀၁ ခုနှစ်၊ မတ်လ**

ဆရာတော်ကြီး အမိန့်ရှိသည့် သာဝကဉာဏ်အရာမှာ ပါရမီမလိုဘူး ဆိုသည်မှာ ပကတိသာဝကကို ဆိုလိုခြင်းဖြစ်သည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဖြစ်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။ ပစ္စေကဗုဒ္ဓါ ဖြစ်ရန် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။ အဂ္ဂသာဝကဖြစ်ရန် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာသာဝကဖြစ်ရန် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။ ပကတိသာဝကမှာကား အထက်ပါပုဂ္ဂိုလ်များလို ဘဝပေါင်း သိန်းနှင့်သန်းနှင့်ချီ၍ ပါရမီဖြည့်ရန်မလိုဟု ဆိုလိုခြင်းဖြစ်သည်။ ပကတိသာဝကအတွက်ကား ယနေ့ ဝိပဿနာတရားကို နာကြားအားထုတ်ထားခြင်းသည် နက်ဖြန် မဂ်ဖိုလ်ရဖို့အတွက် ပါရမီဖြစ်သွားလေပြီ။

ထိုကဲ့သို့ ဘဝပေါင်း သိန်းနှင့်သန်းနှင့်ချီ၍ ပါရမီဖြည့်ရန်မလိုသည်ကိုရည်ရွယ်၍ ပကတိသာဝကမှာ ပါရမီမလိုဟု မိုးကုတ်ဆရာတော်ဘုရားကြီးက မိန့်ကြားခြင်းဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီးကလည်း ဗောဓိပက္ခိယဒီပနီ၌ မိန့်မှာထားသည်မှာ -

## မိမိကြောင့်ဖြစ်သော ဓမ္မန္တရာယ်

ဓမ္မန္တရာယ်ကိုပြုတတ်သော မိစ္ဆာဓမ္မဆိုသည်ကား -

၁။ သံသရာဘေးကို ကောင်းစွာမမြင်နိုင်ခြင်း။

၂။ မဂ်ဖိုလ်ကိုရထိုက်သော ခေတ်ကာလမဟုတ်ဟုထင်မှတ်ခြင်း

၃။ ပါရမီအရင့်ကိုစောင့်စားခြင်း

၄။ ယခုကာလရှိကြသူတို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း

၅။ အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒဥဿာဟကို စွန့်လွှတ်ထားခြင်း စသည်တို့တည်း။

ကုသိုလ်မှုတို့မည်သည် အဆုံးတိုင်မရောက်သော်လည်း အချည်းနှီးဖြစ်နိုင်သောအမှုမျိုးမဟုတ်ကုန်၊ ပါရမီမရှိသေးသူ အားထုတ်လျှင် ပါရမီဖြစ်၏။ အားမထုတ်လျှင် ပါရမီဖြစ်ခွင့်ကိုမှ မရပြီ။

ပါရမီရင့်သေးသူ အားထုတ်လျှင် ပါရမီရင့်ရာ နောက်ဘဝမှာ ဤသာသနာ၌ပင် မဂ်ဖိုလ်ကိုရနိုင်၏။ အားမထုတ်လျှင် ပါရမီရင့်ခွင့်ကိုမျှ မရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပါရမီရင့်ပြီးဖြစ်လျှင် ယခုဘဝ၌ပင်လျှင် မဂ်ဖိုလ်ကိုရနိုင်၏။ အားမထုတ်လျှင် မရပြီ။ ဒွိဟိတ်ဖြစ်သူ အားထုတ်လျှင် နောက်ဘဝ၌ တိဟိတ်ဖြစ်နိုင်၏။ အားမထုတ်လျှင် ဘဝအဆက်ဆက်ပင် ဒွိဟိတ်က တက်ခွင့်မရနိုင်ရာပြီ။ အဟိတ်သို့ လျှော၍သွားဖို့သာရှိတော့၏။

(လယ်တီဆရာတော်)

ဟူ၍ ဖြစ်၏။ ဤဝါဒတို့ကိုထောက်ဆ၍ ဝိပဿနာပွားများအားထုတ်မည့်သူသည် ပါရမီကိုလွဲချစရာမလိုကြောင်း ထင်ရှားပေပြီ။ ဒါန၊ သီလ၊ သမထနှင့်ပင် မပြည့်စုံဘူးလော၊ ဝိပဿနာကို အဘယ့်ကြောင့် ပွားများသင့်သနည်းဟု မေးလာသူ လူငယ်တစ်ဦးရှိသည့်အတွက် ဝိပဿနာဘာဝနာ ပွားများသင့်ခြင်း၏အကြောင်း သုံးချက်ကို တင်ပြမည်။

၁။ အန္ဓ = အကန်းပုထုဇဉ်ဘဝကလွတ်ဖို့အတွက်လည်း ဝိပဿနာဘာဝနာကို ပွားများအားထုတ်သင့်သည်။

၂။ မြတ်စွာဘုရားရှင်ကို ကျေးဇူးဆပ်ဖို့၊ တကယ်လေးစားဖို့အနေအားဖြင့်လည်း ဝိပဿနာဘာဝနာကို ပွားများအားထုတ်သင့်သည်။

၃။ ဘေးကြီးလေးပါးမှလွတ်ဖို့အတွက်လည်း ဝိပဿနာတရားကို ပွားများအားထုတ်သင့်သည်။

တစ်ခုချင်းအကျယ်ဖြေပါအံ့။

## အကန်းဘဝကလွတ်ဖို့

ပညတ်၊ ပရမတ်လည်းမသိ၊ ခန္ဓာ၊ အာယတနလည်း နားမလည်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုလည်း မရှုပွားနိုင်သောသူကို အန္ဓ = အကန်းပုထုဇဉ်ဟု ဗုဒ္ဓက နာမည်ပေးထားသည်။ ပကတိအသားမျက်စိကမြင်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်အမြင်ကန်းနေသည်ဟု ဆိုလိုခြင်းဖြစ်၏။ အသားမျက်စေ့ကန်းသူများ တစ်ယောက်တည်း ရမ်းသမ်းပြီး လမ်းသွားလျှင် ကောင်းသောလမ်း၊ ဆိုးသောလမ်း နှစ်လမ်းလုံးသို့ ရောက်နိုင်၏။

သို့သော် ဆိုးသောလမ်းကိုသာ အရောက်များမည်၊ ကောင်းသောလမ်းကိုရောက်လျှင်လည်း ခဏသာဖြစ်၏။ အဘယ့်ကြောင့်နည်း၊ အသားမျက်စေ့ကန်းနေသောကြောင့်တည်း။ ထိုနည်းတူ ဝိပဿနာပညာမျက်စေ့ကန်းနေသောသူများသည် ကုသိုလ်လည်းလုပ်ဖြစ်၏။ အကုသိုလ်လည်းလုပ်ဖြစ်၏။ ထို့ကြောင့် သေသောအခါ ကောင်းသောဘုံသို့လည်းရောက်၏။ မကောင်းသောဘုံသို့လည်းရောက်၏။

သို့သော် မကောင်းသောဘုံသို့သာ အရောက်များမည်။ ကောင်းသောဘုံသို့ရောက်လျှင်လည်း ခဏသာဖြစ်၏။ အဘယ့်ကြောင့်နည်း။ ဝိပဿနာပညာမျက်စေ့ ကန်းနေသောကြောင့်ပေတည်း။

သာစကေယုတ္တိ၊ သဘာဝယုတ္တိတို့ဖြင့် ရှင်းလင်းအံ့။ ဗုဒ္ဓလက်ထက်တော်က တာဝတိံသာနတ်ပြည်တွင် သုဗြဟ္မအမည်ရှိသော နတ်သားတစ်ယောက်ရှိ၏။ ထိုဘုံသည် လူ့သက်နှင့်ဆိုလျှင် နှစ်ပေါင်းသုံးကုဋေနှင့် အနှစ်ခြောက်သန်း အသက်ရှည်သည်။ တစ်နေ့ နတ်ဥယျာဉ်ထဲတွင် သုဗြဟ္မနတ်သားနှင့် နတ်သမီးတစ်ထောင်တို့ ပျော်ပါးဆော့ကစားနေကြသည်။

ငါးရာသောနတ်သမီးများက ပန်းပင်ပေါ်တက်ကာ ပန်းပွင့်များကို အောက်သို့ ခြွေချပေးကြသည်။ ကျန်ငါးရာသောနတ်သမီးများက ပန်းများကို ကောက်ပြီး ပန်ကြ၊ ကုံးကြ၊ သုဗြဟ္မနတ်သားအပေါ် ပန်းတွေကိုကြဲချကြနှင့် ပျော်ချင်တိုင်းပျော်နေကြ၏။ ထိုအချိန်မှာပင် ပန်းပင်ပေါ်မှ နတ်သမီးငါးရာသည် ရုတ်တရက်သေဆုံးပြီး အဝီစိငရဲသို့ကျ၏။ နတ်များသေသောအခါ ရုပ်အလောင်းမကျန်ရစ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အပျော်လွန်ခြင်း၊ ဒေါသပြင်း၊
ချက်ခြင်းသေသည့် စတုဝတီသာ၊
ပျော်လွန်သေဆုံး၊ ခြောက်ထပ်လုံး၊
ပေါင်းရုံးတစ်နည်းလာ။

(ဒီပဲရင်းဆရာတော်)

စတုမဟာရာဇ်နတ်ဘုံနှင့် တာဝတိံသာနတ်ဘုံမှ နတ်သား၊ နတ်သမီးများသည် အပျော်လွန်ပြီး နတ်သုဓာစားချိန်ကျလျက် မစားခြင်း၊ ဒေါသကြီးခြင်းဟူသော အကြောင်းနှစ်ပါးကြောင့် နတ်သက်မစေ့ဘဲ ရုတ်တရက်သေကြရသည်။ အပျော်လွန်ခြင်းဟူသော အကြောင်းကြောင့်ကား နတ်ပြည်ခြောက်ထပ်လုံးရှိ နတ်သား၊ နတ်သမီးအားလုံး သေဆုံးတတ်ကြသည်ဟု ဒီပဲရင်းဆရာတော်ကြီးက လင်္ကာသီပြခြင်းဖြစ်၏။

ပန်းပင်ပေါ်က နတ်သမီးငါးရာ၏ အသံတိတ်သွားသည်နှင့် သုဗြဟ္မနတ်သားသည် လှမ်းကြည့်လိုက်၏။ သေသွားသည်ကိုသိသည်နှင့် နတ်သမီးများလားရာဘုံဌာနကို နတ်မျက်စေ့ဖြင့်လိုက်ကြည့်ရာ အဝီစိငရဲ၌ခံနေရသည်ကိုတွေ့သဖြင့် ဇောချွေးပျံအောင် ထိတ်လန့်သွား၏။

တစ်ဖန် သူနှင့်တကွ ကျန်နတ်သမီးငါးရာ၏ သက်တမ်းကို ကြည့်လိုက်သောအခါ ခုနစ်ရက်ပဲ ရှိတော့သည်ကို တွေ့ရ၏။ သူတို့သေသောအခါ ဘယ်ရောက်မည်ကို ဆက်ကြည့်သောအခါ အဝီစိငရဲသို့ ကျမည်ကိုသာတွေ့ရသည်။ သူ၏ဒုက္ခကို ဘုရားမှတစ်ပါး မည်သူမှမကယ်နိုင်ဆိုသည်ကို သုဗြဟ္မနတ်သား တွေးမိ၏။ ထို့ကြောင့် ဘုရားရှိရာ လူ့ပြည်သို့ ချက်ချင်းဆင်း၏။

ဘုရားထံရောက်သောအခါ သူ့အပါယ်ကျရမည့်ဒုက္ခကို ဘုရားအားလျှောက်ထား၏။ ထိုအခါ ဗုဒ္ဓက -

www.burmeseclassic.com

www.burmeseclassic.com



နည်းတြ ဗောဓျာတပသာ၊
နည်းတိန္ဒြိယ သံဝရာ။
နည်းတြသမ္ဘနီသဃ္ဂါ။
သောတ္တိပသာမိပါဏိန္။

ချစ်သား သုဗြဟ္မနတ်သား

ဝိပဿနာတရား ပွားများခြင်းဟူသော ဗောဇ္ဈင်တရား
ငြိုးခြံ ခြင်းဟုဆိုအပ်သော တပအကျင့်
ဣန္ဒြေကိုစောင့်ထိန်းခြင်း၊ ဣန္ဒြိယသံဝရသီလ
ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာနိဗ္ဗာန်

ဤလေးခုကို အလွတ်ထား၍ သတ္တဝါတို့၏ ချမ်းသာခြင်းကို ငါဘုရား မြင်တော်မမူဟု ဟောတော်မူလိုက်၏။ တရားအဆုံးတွင် သုဗြဟ္မနတ်သား သည် သောတာပန်တည်ကာ အပါယ်ဘေးမှ လွတ်သွားလေ၏။

ဤကား အန္တပုထုဇဉ်များ ကောင်းသောဘုံရောက်လျှင်လည်း ခဏ သာဖြစ်ပြီး မကောင်းသောဘုံသို့သာ အရောက်များပုံကို သာဓကယုတ္တိ ထုတ်ပြခြင်းတည်း။ သဘာဝယုတ္တိဖြင့် ရှင်းလင်းဦးအံ့။ သတ္တဝါတစ်ယောက် ၏ ဘဝသံသရာသည် ရှည်လျားများပြားလှ၏။ ဘယ်အချိန်ကစသည်ဟုပင် မသိနိုင်၍ ဗုဒ္ဓက အနမတဂ္ဂသဒ္ဒါဖြင့်ဟော၏။

မြန်မာပြန်လျှင် သတ္တဝါတစ်ယောက်၏ ဘဝသံသရာအစကို မသိနိုင် ဟူ၍ဖြစ်၏။ ထိုကျင်လည်ခဲ့ရသော ဘဝများစွာတို့တွင် ကောင်းသော သူတော်ကောင်းဘဝထက် မကောင်းသော လူမိုက်၊ လူယုတ်မာဘဝက များ၏။ ယခုဘဝ စိတ်နေစိတ်ထားကို လေ့လာလျှင် အရင်ဘဝများက မည်သို့သောဘဝတွင် အဖြစ်များခဲ့သည်ကို မှန်းဆနိုင်၏။

အရက်သောက်ဖို့၊ လိမ်ညာဖို့၊ သတ်ဖြတ်ဖို့၊ သူတစ်ပါးသားမယား စော်ကားဖို့၊ လောင်းကစားဖို့ စသော မကောင်းသော အလုပ်မှန်သမျှ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူမှသင်မပေးဘဲ အလိုလိုတတ်လာကြသည်မှာ အတိတ်ဘဝများက ထို အလုပ်မျိုးကို များများကြီးလုပ်ခဲ့သောကြောင့် အထုံပါနေခြင်းပါတည်း။

ဘဝများစွာကလုပ်ခဲ့သမျှ အကုသိုလ်ကံများသည်လည်း မကောင်းကျိုးပေးရန် အပါယ်ဆွဲချရန် အမြဲတန်းစောင့်နေကြ၏။ အကုသိုလ်လုပ်တိုင်းလုပ်တိုင်း ဇော (၇)ချက်စောသည်။ ထို (၇)ချက်တွင် ပထမဇောက ပြုလုပ်သောပထမဘဝမှာပင် မကောင်းကျိုးပေး၏။ သတ္တမဇောက သေပြီးနောက် ဒုတိယဘဝတွင် မကောင်းကျိုးပေး၏။ သို့သော် ထိုဇောနှစ်ဇောသည် မထက်သန်ခြင်း၊ အင်္ဂါမစုံခြင်းဟူသော အကြောင်းများကြောင့် မကောင်းကျိုးမပေးနိုင်ဘဲ ပျက်သွားသောအခါများရှိ၏။

အလယ်ဇောငါးချက်ကား တတိယဘဝမှစ၍ နိဗ္ဗာန်မရောက်မချင်း လိုက်၍ မကောင်းကျိုးပေး၏။ အဝီစိငရဲသို့ကျသွားသော နတ်သမီးငါးရာသည် ယခု နတ်သမီးဘဝတွင်ကား အဝီစိငရဲကျလောက်သည့် အကုသိုလ်တွေ လုပ်ဖြစ်ရာအကြောင်းမရှိချေ။ နတ်သမီးဘဝမရောက်ခင် လူ့ဘဝက ပြုလုပ်ခဲ့သော အကုသိုလ်ကံများက နတ်သမီးဘဝမှသေသောအခါတွင် အခွင့်ရပြီး အဝီစိငရဲသို့ ဆွဲချခြင်းဖြစ်၏။

အကုသိုလ်အလယ်ဇောငါးချက်၏ စနက်ပါတည်း။ ထို့ကြောင့် မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်တွင် -

ရှင်လူသတ္တဝါ၊ ထိုများစွာကား၊
အပရာပရိယ၊ ကံကိစ္စနှင့်
ကင်းကြသူဘိ၊ မည်မရှိရှင့်၊
မသိနိုင်တောင်း၊ ကံဆိုးကောင်းကို၊
ဥက္ကောင်းရွက်၍၊ အချက်သင့်ရာ၊
ခံရစွာ၏။

ဟု ရေးစပ်တော်မူခဲ့ခြင်းဖြစ်၏။ အပရာပရိယကံဟူသည် အလယ်ဇောငါးချက်စေတနာကို ပြောခြင်းပင်ဖြစ်၏။ ဘဝများစွာကပြုခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



အပါယ်ဆွဲချမည့် အကုသိုလ်ကံများ ပယ်ပျောက်သွားအောင် ဒါန၊ သီလ၊ သမထတို့က မတတ်နိုင်၊ ဝိပဿနာဘာဝနာကသာ တတ်နိုင်သည်။ တတ်နိုင်ပုံကို နောက်၌ အကျယ်တဝင့် ရှင်းဦးမည်။

## ဗုဒ္ဓကိုကျေးဇူးဆပ်ချင်ရင်

ဗုဒ္ဓကိုကျေးဇူးဆပ်ဖို့ လေးစားဖို့အတွက် ဝိပဿနာကို ပွားများအားထုတ်သင့်သည်ဟူသောအချက်ကို ရှင်းအံ့။ ဗုဒ္ဓသည် သုမေဓာရှင်ရသေ့ဘဝကတည်းက အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုအရယူပြီး နိဗ္ဗာန်စံဝင်သွားလျှင်ရ၏။ သို့သော် မယူခဲ့။ စာရေးသူ၊ စာဖတ်သူတို့လို အကန်းပုထုဇဉ်များကို သနားလွန်းလှ သဖြင့် ငါတစ်ယောက်တည်း နိဗ္ဗာန်မဝင်လို၊ ဝေနေယျသတ္တဝါတွေကိုပါ နိဗ္ဗာန်သို့ ပို့ဆောင်အံ့ဟူသောစေတနာဖြင့် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းတွင် ဘုရားဆုကို ပန်ခဲ့၏။

ဘုရားဖြစ်ရန် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရ၏။ ထိုကျေးဇူးကိုဆပ်သောအားဖြင့် လေးစားသောအားဖြင့် မဂ်ဖိုလ်ရမည့် ဝိပဿနာတရားကို ကြိုးစားအားထုတ်သင့်၏။ ဘုရားဖြစ်သောအခါတွင်လည်း သက်တမ်းတိုသောအခါတွင်ဖြစ်ရသဖြင့် ဝေနေယျတို့ကို ချွေချွတ်ချိန် (၄၅)နှစ်သာရ၏။ ထို့ကြောင့် မနေမနား ဟောကြားချွေချွတ်ရရှာ၏။

မနက်ဆွမ်းခံကြွချိန်မှာပင် မဂ်ဖိုလ်ရထိုက်သူများကို ဟောပြောချွေချွတ်၏။ သူရမ္ဗဋ္ဌ၊ ဗာဟိယဒါရုစိရိယ၊ ပဉ္စဂ္ဂဒါယကပုဏ္ဏားစသော ပုဂ္ဂိုလ်များမှာ မြတ်စွာဘုရား ဆွမ်းခံကြွရင်း ချွေချွတ်ခဲ့သော ဝေနေယျများဖြစ်၏။ ဆွမ်းခံပြန်ရောက်သည်နှင့် ခြေဆေးရင်း ဤကျမ်းအစ၌ပြခဲ့သော ဒုလ္လဘတရားငါးပါးကို ဟောကြားတော်မူ၏။ နေ့ဆွမ်းစားပြီးသည်နှင့် ရဟန်းများကမ္မဋ္ဌာန်းတောင်းကြ၊ တရားမေးကြနှင့် ညနေ နေဝင်သလောက်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် မြို့သူမြို့သား ဒကာ ဒကာမများက တရားနာကြရန် ကျောင်းတော်ထဲတွင် ပြည့်ကျပ်နေလေပြီ။ ဒကာ ဒကာမတို့ကို တရားဟောပေးလိုက်ရာ ည ၁၁ နာရီခန့် ဖြစ်သွား၏။ လူပရိသတ်များ ပြန်သွားကြသည်နှင့် သန်းခေါင်အချိန်ရောက်လေပြီ။ ထိုအချိန်မှာ နတ်များ တရားနာလာသဖြင့် ဟောပေးရပြန်၏။

နတ်များပြန်သွားသောအခါတွင် ဗြဟ္မာများ လာကြပြန်၏။ ဗြဟ္မာများကိုဟောပြီးသောအခါတွင်ကား နာရီပြန်နှစ်ချက်ခွဲ၊ သုံးနာရီခန့် ရှိလေပြီ။ ထိုအခါကျမှ တစ်နေ့လုံး တစ်ညလုံးနိုင်းထားသောခန္ဓာကို ဗုဒ္ဓက ၁ နာရီနှင့် မိနစ် ၂၀ ခန့် ကြိမ်းစက်ပြီး အနားပေးရ၏၃နာရီခွဲသာသာခန့်မှာပင် တစ်ကမ္ဘာလုံးခြုံပြီး မဟာကရုဏာသမာပတ်ဝင်စားကာ ချွေချွတ်ရမည့်သူကို ရှာဖွေ၏။

တွေ့လျှင် မည်၍မည်မျှပင်ဝေးဝေး အရောက်သွားကာ ချွေချွတ်တော်မူ၏။ ပြီးလျှင် ဆွမ်းခံကြွရင်း တရားဟောကာ အစမှာရေးခဲ့သည့်အတိုင်း တစ်နေ့တာအလုပ်ယန္တရားကြီး လည်ပတ်ပြန်လေ၏။ ထိုကဲ့သို့သော ကျေးဇူးများကို ပေးဆပ်သောအားဖြင့်လည်းကောင်း လေးစားသောအားဖြင့်လည်းကောင်း ဝိပဿနာဘာဝနာတရားကို မွားများအားထုတ်သင့်ပါ၏။

## ချွေချွတ်ရမည့် ဝေနေယျသချာ

ဘုရားတစ်ဆူပွင့်လျှင် ချွေချွတ်ရမည့်၊ ကျွတ်ရမည့် ဝေနေယျအပေါင်းမှာ ၂၄ သင်္ချေ၊ ကုဋေ ၆၀ ဗိုလ်ချေတစ်သိန်းဖြစ်၏။ မြတ်စွာဘုရား၏ သက်တမ်းမှာ တိုလွန်းလှသဖြင့် ပရိနိဗ္ဗာန်စံခါနီးအထိ မရပ်မနား ဟောကြား ချွေချွတ်ပါသော်လည်း ၁၆ သင်္ချေ၊ ကုဋေ ၆၀ ဗိုလ်ချေတစ်သိန်းသာ ကျွတ်တမ်းဝင်သဖြင့် ရှစ်သင်္ချေ ကျန်နေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကျန်နေသော ရှစ်သင်္ချေသည် ငါဘုရားတပည့်သားသံဃာတော်များမှတဆင့် နာကြားပြီး ကျွတ်တန်းဝင်ကြပါစေဟူသော စေတနာဖြင့် သာသနာ အနှစ်ငါးထောင် ထားခဲ့၏။ ထို့ကြောင့် ယခုအချိန်ထိ ဝိပဿနာ တရားများကို နာကြားခွင့်၊ အားထုတ်ခွင့် ရနေကြခြင်းဖြစ်၏။ ယခု ၁၃၆၄ ခုနှစ်တွင် သာသနာသည် နှစ်ပေါင်း ၂၅၄၆ နှစ်ရှိပြီဖြစ်၏။

နောက်နှစ်ပေါင်း ၂၄၅၄ နှစ်သာ ကျန်တော့၏။ သာသနာနှစ်ပေါင်း နှစ်ထောင်ကျော် ကျန်သေးသည်ဆိုပြီး ဝိပဿနာကို အားမထုတ်ဘဲ မနေသင့်။ ထိုကျန်သော သာသနာသည် မိမိနှင့်မည်မျှလောက်ဆိုင်သည်ကို စဉ်းစားသင့်၏။ အမှန်ကား မိမိမသေခင်လေးသာဆိုင်၏။ မနက်ဖြန် သေမည်ဆိုလျှင် သာသနာသည် မိမိနှင့် ယနေ့တစ်ရက်သာ ဆိုင်တော့သည်။ သေပြီးနောက် အပါယ်ဘုံသို့ကျသွားလျှင်ကား သာသနာနှင့် နောက်ထပ်တွေ့နိုင်ဖို့ မလွယ်တော့ပေ။

ထို့ကြောင့် အသေမဦးခင် ဝိပဿနာဉာဏ်ဦးဖို့ အရေးကြီးလှ၏။ ထိုသို့ သာသနာနှစ်ငါးထောင်ထားခဲ့သော စေတနာမေတ္တာကို ကျေးဇူးဆပ်သောအားဖြင့်လည်းကောင်း၊ လေးစားသောအားဖြင့်လည်းကောင်း၊ ဝိပဿနာ ဘာဝနာတရားကို ပွားများအားထုတ်သင့်၏။ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံခါနီးအချိန်တွင် အေးအေးသက်သာ စံတော်မမူနိုင်ရှာ။

အရေးကြီးဆုံးသော နောက်ဆုံးစကားကို မှာကြားတော်မူခဲ့၏။ ထိုစကားတော်ကား

ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဟူ၍ဖြစ်၏။ အဓိပ္ပာယ်ကား

"ချစ်သား ချစ်သမီးတို့ ငါဘုရား နောက်ဆုံးမှာကြားခဲ့အံ့။ ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏ မမေ့မလျော့သော ဝိပဿနာသတိတရားဖြင့် နေထိုင်ကြပါကုန်လော့။"

www.burmeseclassic.com

www.burmeseclassic.com



မိဘသည် သားသမီးတစ်သက်သာ ချမ်းသာအောင် စောင့်ရှောက်ပေးသောကြောင့် တစ်ဘဝတာကျေးဇူးရှင်ဟုခေါ်၏။ ဗုဒ္ဓကား သံသရာတစ်လျှောက်လုံး အပါယ်ဘေးမှကင်းပြီး ချမ်းသာအောင် စောင့်ရှောက်သောကြောင့် သံသရာတစ်လျှောက် ကျေးဇူးရှင်ဟုခေါ်၏။ တစ်ဘဝတာ ကျေးဇူးရှင်ဖြစ်သောမိဘများ သေခါနီး မှာသောစကားကိုပင် သားသမီးတို့က မလွဲမသွေ လိုက်နာကျင့်သုံးကြရ၏။

သို့ဖြစ်လျှင် တစ်ဘဝတာကျေးဇူးရှင်ဖြစ်သော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးစကားကိုကား ပို၍ပင် လိုက်နာသင့်၏။ သက်တော်ရှည်ဘုရားရှင်များ ပရိနိဗ္ဗာန်ဝင်စံကြသောအခါ ဓာတ်တော်ကို တစ်လုံးတည်း တစ်ခဲတည်း ထားတော်မူခဲ့ကြ၏။ ဂေါတမဘုရားရှင်သည်ကား နောင်လာနောင်သား ဝေနေယျများ သူ့ဓာတ်တော်များကို ဖူးတွေ့ပြီး သဒ္ဓါပေါက်ကာ မဂ်ဖိုလ်ရအောင် အားထုတ်ဖြစ်စေဖို့အတွက် ဓာတ်တော်ကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် အဓိဋ္ဌာန်တော်မူခဲ့၏။

ဖော်ပြခဲ့ပြီးအချက်တို့ကို ကျေးဇူးတင်သောအားဖြင့်လည်းကောင်း၊ လေးစားသောအားဖြင့်လည်းကောင်း ဝိပဿနာတရားကို ပွားများအားထုတ်သင့်၏။

## ဘေးကြီးလေးပါးမှလွတ်ချင်ရင်

ဘေးဟူသည် ကြောက်စရာဟု အဓိပ္ပာယ်ရ၏။ မျက်ကန်းတစ္ဆေမကြောက်သကဲ့သို့ ပုထုဇဉ်အများစုမှာလည်း ဖော်ပြတော့မည့်ဘေးကြီးလေးပါးကို မကြောက်ကြပေ။ ဘေးကြီးလေးပါးကို မြင်လည်းမမြင်ကြ၊ ဘို့ကြောင့် ကြောက်လည်းမကြောက်ကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘေးကြီးလေးပါးကား

၁။ သေပြီးနောက် ကျချင်ရာဘုံကျ၊ ရောက်ချင်ရာဘုံရောက်ရသော ဝိနိပါတဘေး၊

၂။ ဘုရားများကို ကိုးကွယ်မိသော နာနာသတ္တဥလ္လောကနဘေး၊

၃။ မကောင်းမှုကိုပြုဖြစ်သော ဒုစ္စရိတဘေး၊

၄။ အပါယ်လေးဘုံသို့ကျရသော အပါယဘေး

တို့ဖြစ်၏။ ဒါန၊ သီလ၊ သမထကုသိုလ်တွေ များများရှိသူ သေလျှင်လည်း ကောင်းသောဘုံ၊ မကောင်းသောဘုံ ရောက်ချင်ရာရောက်နိုင်၏။ အကုသိုလ်များများရှိသူသေလျှင်လည်း ကောင်းသောဘုံ၊ မကောင်းသောဘုံ ကျချင်ရာဘုံ ကျနိုင်၏။ ပုထုဇဉ်မှန်သမျှ ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံး ပြုကြရကား သေခါနီးတွင် အဘယ်ကံက အရင်မကောင်းကျိုးပေးမည်ဟု မသိနိုင်သောကြောင့်တည်း။

ဤကျမ်း ကာမေသုမိစ္ဆာစာရသီလအကြောင်း ဖွင့်ဆိုချက်တွင် အရှင်အာနန္ဒာအလောင်း ရွှေဖန်းထိမ်သည်သားသည် ကာမေသုမိစ္ဆာစာရကံများစွာ ပြုခဲ့သော်လည်း ထိုဘဝမှ သေသောအခါ ကောသမ္ဗီတွင် သူဌေးသားသွားဖြစ်၏။ ကာမေသုမိစ္ဆာစာရအကုသိုလ်ကံများသည်မှန်သော်လည်း တခြားကုသိုလ်ကံအနည်းငယ်ကအရင်ဝင်၍ ကောင်းကျိုးပေးသွားခြင်းတည်း။

တစ်ဖန် ကောသမ္ဗီပြည် သူဌေးသားဘဝတွင် ဒါန၊ သီလ စသော ကုသိုလ်များကို တစ်ဘဝလုံးပြု၏။ သို့သော် ထိုဘဝသေသောအခါ ဒါန၊ သီလ စသော လောကီကုသိုလ်များရှိနေသော်လည်း ရွှေဖန်းထိမ်သည်သားဘဝကပြုခဲ့သော ကာမေသုမိစ္ဆာစာရကံ... အရင်လာပြီး အကျိုးပေးလိုက်ရာ ရောရုဝရေသို့ ကျခဲ့ရ၏။ ထို့ကြောင့် ဝိပဿနာကုသိုလ်မရှိဘဲ လောကီကုသိုလ်သာရှိသည်ဆိုလျှင် ဝိနိပါတဘေးဆိုက်မည်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယခုဘဝတွင် ဒါန၊ သီလ၊ သမထ လောကီကုသိုလ်တွေ ရှိနေသော်လည်း သေသောအခါ အပါယ်ဘုံသို့လည်း ကျနိုင်၏။ သို့မဟုတ် ဘာသာခြားမိခင်၏ဝမ်းထဲသို့လည်း ဖြစ်နိုင်၏။ ဘာသာခြားမိခင်ဝမ်းထဲ ရောက်ခဲ့လျှင် ဘာသာခြားဘုရားကို ကိုးကွယ်ရတော့မည်။ ဝိနိပါတဘေး ကြောင့် နာနာသတ္တဥလ္လောကနှင့်ဘေး ဆိုက်ခြင်းဖြစ်၏။

ထိုဘုရားများက တိရစ္ဆာန်မှ ကျွတ်ရာ ပယ်ရာ ကုသိုလ်ရ၏ဟု ဟောသောအခါ သူသည် သတ်ရတော့၏။ ဂုဏ်ဟောင်း ဒုစ္စရိုက်ဘေးဆိုက်ခြင်းဖြစ်၏။ ထိုဒုစရိုက် ကို့ကြောင့် သေသောအခါ အပါယ်သို့ကျရ၏။ ဤကား အပါယဘေးဖြစ်၏။ ဘေးကြီးလေးပါးတွင် ဤ၄ပါး ဆက်စပ်လျက်ရှိ၏။

## ဘဝဆက်တိုင်း ဗုဒ္ဓဘာသာဖြစ်ဖို့

ကျမ်းအစ သရဏဂုံတည်ခန်းတွင် ပုထုဇဉ်တို့၏ သရဏဂုံသည် သေလျှင် ပျက်၏ဟု ဖော်ပြထား၏။ ထို့ကြောင့် ပုထုဇဉ် ဗုဒ္ဓဘာသာ တစ်ယောက်သေလျှင် နောက်ဘဝတွင် ဘာသာပြောင်းခြင်းဖြစ်၏။ သံသရာ တစ်လျှောက်တွင် ဗုဒ္ဓဘာသာအဖြစ်မှမပြောင်းလိုလျှင် အောက်ထစ်ဆုံး နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ပိုင်နိုင်နိုင်ရသော ရှင်ဥသောတာပန် ပုထုဇဉ်အဆင့်ထိရောက်အောင် ကြိုးစားထားကြရမည်။ ဤကျမ်း၌ ထိုဉာဏ်နှစ်ပါး ပိုင်ပိုင်နိုင်နိုင်ရအောင် အကျဉ်းချုပ်၍ ရေးသား သွားမည်။ ဒါန၊ သီလ၊ သမထ လောကီကုသိုလ်တွေ မည်မျှပင်များများ ဝိနိပါတဘေးမှ မလွတ်နိုင်။ ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီးသည် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ပုရားပုထိုး စေတီပေါင်း ရှစ်သောင်း လေးထောင် စသောအားဖြင့် များပြားစွာ လှူခဲ့၏။

သို့သော် မင်းကြီးသေသောအခါ အပါယ်ကျ၏။ စပါးကြီးမြွေကြီး ဖြစ်ကာ တိရစ္ဆာန်ဘုံရောက်သွားခြင်းတည်း။ ထိုမြွေဘဝကသေမှ နတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်။ သီရိဓမ္မာသောကမင်းဘဝကလှူခဲ့သော ဒါနကုသိုလ်များသည် ပထမဇောအနေဖြင့် ကောင်းကျိုးပေးပါ၏။ ထို့ကြောင့် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနီးပါး အုပ်စိုးရသောမင်းအဖြစ် ကြာရှည်ခံစားရခြင်းဖြစ်၏။

ဒုတိယဘဝ၌ အကျိုးပေးရမည့် သတ္တမဇောကုသိုလ်ကား အကျိုးပေးခွင့်မရဘဲ ပျက်သွား၏။ ထို့ကြောင့် ယခုဘဝနှင့် တခြားဘဝကပြုခဲ့သော အကုသိုလ်ကံများကပင် အကျိုးပေးလိုက်သောကြောင့် မြွေဘဝရောက်ခဲ့ရခြင်းဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီး ဗုဒ္ဓဘာသာမဖြစ်ခင်က အင်မတန်ရက်စက်ကြမ်းကြုတ်သည်။

သူ မင်းဘဝကိုရရန် ညီအစ်ကိုတော်သော မင်းသားပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်။ နိုင်ငံအတော်များများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ နိုင်ငံတစ်ခုဆိုလျှင် မခံချင်စိတ်အားကြီးသဖြင့် သူတို့နိုင်ငံက စစ်သည်များကျဆုံးကုန်သောအခါ ပြည်သူပြည်သားအားလုံးကပါ ရရာလက်နက်ကိုစွဲ၍ သီရိဓမ္မာသောကမင်းနှင့် သွေးဆာနေသော သူ့စစ်တပ်ကို ပြန်လည်တွန်းလှန်ကြသည်။

သီရိဓမ္မာသောကမင်းတို့တပ်ပင် ရှုံးမလိုဖြစ်သွားသေးသည်။ နောက်ဆုံး သီရိဓမ္မာသောကမင်းက ရှိသမျှအင်အားအကုန်သုံးပြီး တိုက်ခိုက်သောကြောင့် ထိုနိုင်ငံရှိ ကလေး၊ မိန်းမမကျန် အားလုံးနီးပါး သေဆုံးခဲ့ရသည်။ သီရိဓမ္မာသောကမင်းတပ်က အခဲမကြေသောစိတ်ဖြင့် မီးတင်ရှို့ရကား တစ်နိုင်ငံလုံး ပြာဖြစ်သွားရသည်။

ထိုတိုက်ပွဲကိုအကြောင်းပြုပြီး နောင်တသံဝေဂရကာ သီရိဓမ္မာသောကမင်းကြီး ဗုဒ္ဓဘာသာဖြစ်လာခြင်းဖြစ်သည်။ သူ့ကို အရင်က ရက်စက်ကြမ်းကြုတ်လွန်းသောကြောင့် စဏ္ဍာသောကမင်းဟုပင်ခေါ်ကြသည်။ ရှေ့မှာရေးခဲ့သည့်အတိုင်း သူပြုခဲ့သည့် အလယ်ဇော ၅ ချက်ကုသိုလ်ဇောများကား

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးပေးရန် အသင့်စောင့်နေကြ၏။ ထို့ကြောင့် မွေ့ဘဝကသေသော အခါ နတ်ပြည်သို့ ပို့ပေးခြင်းဖြစ်၏။

လောကီကုသိုလ်သည် အကျိုးပေးရန် ဤကဲ့သို့ ဘဝရှေးနေတတ်သော ကြောင့် စိတ်မချခြင်းဖြစ်သည်။ သီလသည်လည်း ထိုနည်းတူပင်ဖြစ်၏။ မဃဒေဝ၌

ဥစ္စာစုကို မဆိုထားပွတ်၊
ကိုယ်ဝက်မြဲလွှမ်း၊ ပုဆိုးနွမ်းက၊
သင်္ကန်းမျှ၌ လောဘဤဟိတ်၊
ပုသည့်စိတ်ကြောင့်၊ ဘုတ်ပြိတ်သန်းပျ၊
ဖြစ်ကုန်ကြ၏။

ဟု စပ်ဆိုထား၏။ အဓိပ္ပာယ်အချုပ်မှာ ဗုဒ္ဓလက်ထက်တော်က တိဿအမည်ရှိသော ရဟန်းကြီးတစ်ပါးသည် ဆွေမျိုးတစ်ယောက်လှူထား သော သင်္ကန်းတစ်စုံကို အလွန်နှစ်သက်၏။ ညအခါ ထိုလောဘစိတ်နှင့် ပျံလွန်တော်မူသွားသောကြောင့် သင်္ကန်းခေါက်ထဲတွင် သင်္ကန်းပြိတ္တာ (၇) ရက် သွားဖြစ်ရသည်။ (၇)ရက်စေ့မှလွတ်ပြီး ကောင်းရာသုဂတိသို့ ရောက် သည်။

ဤဖြစ်ရပ်၌ တိဿရဟန်းသည် အကျယ်ကုဋေကိုးထောင်ကျော်၊ အကျဉ်း ၂၂၇ သွယ်သော သိက္ခာပုဒ်သီလများကို စောင့်ထိန်းနေလျက်က ပြိတ္တာဘုံသို့ ကျရခြင်းဖြစ်သည်။ သူစောင့်ထိန်းသော သီလကုသိုလ်များ သည် ပထမဇော၊ သတ္တမဇောအနေနှင့် အကျိုးပေးခွင့်မရခဲ့။ ထို့ကြောင့် သန်းပြိတ္တာဘဝသို့ ရောက်ခဲ့ရသည်။ အလယ်ဇောငါးချက်ကျမှ အကျိုးပေး ခွင့်ရသောကြောင့် သန်းပြိတ္တာဘဝကသေသောအခါ ကောင်းရာသုဂတိ ရောက်ရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ကံဇာတ်ဆရာ

မြတ်စွာဘုရားနှင့် သံဃာတော်များ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရင်းဖြင့် မြို့ဝင်ပေါက်နားတွင် မစင်အညစ်အကြေးများ စားနေသည့် ဝက်မလေးတစ်ကောင်တွေ့ရာမှ တစ်ဆင့် အရှင်အာနန္ဒာ၏ မေးလျှောက်မှုကြောင့် ဝက်မလေး၏ အတိတ်အကြောင်းများကို ဗုဒ္ဓက ပြန်လည်ဟောကြား၏။ ထိုဝက်မလေးသည် အတိတ်ဘဝက ဥဗ္ဗရီအမည်ရှိ မင်းသမီးတစ်ယောက်ဖြစ်ခဲ့၏။

ထိုဘဝတွင် သမထဘာဝနာကိုပွားများသဖြင့် ပထမဈာန်ကိုရ၏။ ထိုဈာန်နှင့်သေသောကြောင့် ဗြဟ္မာ့ဘုံသို့ရောက်ရသည်။ ဗြဟ္မာ့ဘုံမှ စုတေသောအခါ လူအမျိုးသမီးတစ်ယောက်ဖြစ်ရ၏။ ထိုလူ့ဘဝမှတစ်ဖန် စုတေပြန်သေအခါ ဝက်ဘဝသို့ရောက်ရခြင်းဖြစ်၏။ သတ္တဝါများကား ကချေသည်များနှင့်တူ၏။ ကံတရားကား ဇာတ်ဆရာနှင့်တူ၏။ သတ္တဝါတို့သည် ကံဇာတ်ဆရာက အပါယ်ဘုံသားအဖြစ် ကခိုင်းလျှင် အပါယ်ဘုံသားအဖြစ် ကပြရ၏။ ကံဇာတ်ဆရာက လူအဖြစ်ကခိုင်းလျှင် နတ်၊ ဗြဟ္မာအဖြစ် ကခိုင်းလျှင် နတ်ဗြဟ္မာအဖြစ်ကရ၏။ ငြင်းပိုင်ခွင့်မရှိချေ။

## ဉာဏ်သာအမိ ဉာဏ်သာအဖ

ထို့ကြောင့် ဝဋ်သုံးပါးမှထွက်မြောက်လိုလျှင် အမိ၊ အဖပြောင်းကြရမည်။ ကံသာအမိ၊ ကံသာအဖဖြင့် လာခဲ့ကြရာ ဘဝပေါင်းမရေမတွက်နိုင်တော့။ ဂေါ်တမဗုဒ္ဓ သဲစုမက ဘုရားအဆူဆူလည်း ပွင့်သွားပြီ။ ကံသာအမိ ကံသာအဖ သတ္တဝါများကား ယခုအထိ အရိယာမဖြစ်ကြ ရသေး။ ထို့ကြောင့် ၃၁ ဘုံ ဇာတ်အဖွဲ့ကြီးထဲတွင် ဆက်လက်မကလိုတော့လျှင် ဉာဏ်သာအမိ ဉာဏ်သာအဖအဖြစ်သို့ ပြောင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဗုဒ္ဓက သမထဘာဝနာကုသိုလ်ကံက ကိလေသာကို အမြစ်ဖြတ်မပယ်နိုင်သောကြောင့် ယင်း၀တ္ထုတွင် အောက်ပါအတိုင်းဟော၏။

ပထာပိမူလေ အနုပဒ္ဒဝေဒဠှေ၊
ဆိန္နောပိရုက္ခောပုနရေဝရုဟတိ။
ဧဝမ္ပိတဏှာ အနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။

(ဓမ္မပဒ၊ သုကရပေါတိကာဝတ္ထု)

ရေသောက်မြစ်ကိုမသတ်ဘဲ အကိုင်းအခက်တို့ကိုသာ ခုတ်ဖြတ်ထားသော သစ်ပင်သည် တစ်ဖန်ပြန်၍ အညွန့်အညှောက်ပေါက်လာသကဲ့သို့

ထို့အတူ အနုသယဘာဝတဏှာကိလေသာကို မဂ်ဖြင့်မပယ်သတ်သေးလျှင် ဘ၀သစ်ဆင်းရဲသည် အဖန်ဖန်ထပ်၍ဖြစ်၏

ဤဖြစ်ရပ်ကိုထောက်၍ သမထဘာဝနာနှင့်တင်လည်း ဝိနိပါတဘေးက မလွတ်သေးကြောင်း ထင်ရှား၏။ မီးပုံးပျံသည် မှိုင်းက တွန်းကန်ပေးသလောက် ကောင်းကင်သို့တက်၏။ မှိုင်းအားကုန်လျှင်ကား မြေပြင်သို့ ပြန်ပြုတ်ကျ၏။ မီးပုံးပျံသည် သတ္တဝါများနှင့်တူ၏။ မှိုင်းသည် ဒါန၊ သီလ၊ သမထဟူသော လောကီကုသိုလ်တို့နှင့်တူ၏။

သတ္တဝါတို့သည်လည်း မိမိတို့ပြုလုပ်အားထုတ်ထားသလောက်သော ဒါန၊ သီလ၊ သမထကုသိုလ်တို့စွမ်းအားကြောင့် နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာများသို့ ရောက်ကြပါ၏။ သို့သော် ကုသိုလ်ကံကုန်သွားသည်နှင့် အပါယ်ဘုံသို့ ပြန်ကျကြရ၏။ ဝိပဿနာဘာဝနာ ပွားခြင်းကြောင့်ရသော မဂ်ကုသိုလ်ကား ထိုကဲ့သို့မဟုတ်။ သောတာပတ္တိမဂ်ကိုရလျှင်ပင် အပါယ်တံခါးသံသရာတစ်လျှောက်လုံးပိတ်၍ ထိုမဂ်ကုသိုလ်သည် ဘယ်ဘဝရောက်ရောက် ပျောက်သွားခြင်းမရှိတော့။ ထပ်လုပ်စရာလည်းမလိုတော့။ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်သွားပြီး နောက်ဆုံး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန် ဝင်စံရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာမှားခြင်းကြောင့် မင်္ဂကိုရသည်။ မင်္ဂကိုရသောကြောင့် ဆိုင်ရာ ကိလေသာသေသည်။ ကိလေသာသေသောကြောင့် အပါယ်တံခါး ပိတ်ပြီး နိဗ္ဗာန်ဝင်ရခြင်း၏ စိတ်ကိုညစ်နွမ်းစေကြောင်း ပူလောင်စေကြောင်း ဖြစ်သောကြောင့် ကိလေသာဟုခေါ်၏။ ကိလေသာသည် အကျယ်အားဖြင့် ထောင့်ငါးရာ၊ အကျဉ်းအားဖြင့် ၁၀ ပါးရှိ၏။

ယင်းတို့မှာ

- စွဲလမ်းတပ်မက်သော လောဘ
- စိတ်ဆိုးအမျက်ထွက်သော ဒေါသ
- အမှားကိုသာသိသော မောဟ
- ထောင်လွှားတက်ကြွခြင်း မာန
- ပုဂ္ဂိုလ်၊ သတ္တဝါရှိသည်ဟု အယူမှားခြင်း ဒိဋ္ဌိ
- ငါသည် အရင်ကဖြစ်ခဲ့သလား စသည်ဖြင့် ယုံမှားခြင်း ဝိစိကိစ္ဆာ
- စိတ်၏ လေးလံထိုင်းမှိုင်း (ငိုက်မျဉ်း)ခြင်း ထိန
- စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ
- အကုသိုလ်မှ မရှက်ခြင်း အဟိရိက
- အကုသိုလ်မှ မကြောက်ခြင်း အနောတ္တပ္ပ

## အပါယ်လေးပါးဆွဲချသောတရား

တို့ဖြစ်၏။ ထိုဆယ်ပါးတို့တွင် အပါယ်လေးပါးသို့ကျအောင် ဆွဲချ သော ကိလေသာမှာ ဒိဋ္ဌိဖြစ်၏။ ပရမတ္ထဒီပနီ၌

သဗ္ဗာနိစအပါယဂါမိကမ္မာနိနာမ
အတ္တဒိဋ္ဌိယာ သတိယာဝေဝိပစ္စန္တိ
အသတိယာန ဝိပစ္စန္တိ။

ဟု ဖွင့်ပြ၏။ အဓိပ္ပာယ်ကား

www.burmeseclassic.com

www.burmeseclassic.com



အပါယ်လေးပါးသို့ကျစေနိုင်သော အလုံးစုံသော အကုသိုလ်ကံတို့ သည် အတ္တဒိဋ္ဌိကိလေသာရှိမှသာလျှင် အပါယ်လေးပါး၌ ကျက်ကြရကုန်၏။ အတ္တဒိဋ္ဌိကိလေသာမရှိသော် အပါယ်လေးပါး၌ မကျက်ကြရကုန်

ဟူ၍ဖြစ်၏။ ထို့ကြောင့် ဝိပဿနာပွား၍ သောတာပတ္တိမဂ်ကိုရသော အခါ ယင်းဒိဋ္ဌိကို အသေသတ်ခြင်းဖြစ်၏။ ဝိစိကိစ္ဆာကား ဒိဋ္ဌိ၏နောက်လိုက် ဖြစ်၏။ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိဆိုသည်မှာ ဒိဋ္ဌိကိလေသာ၏ အမည်ကွဲများ ပင်ဖြစ်၏။ ဗုဒ္ဓဘာသာအများစုသိထားကြသည်မှာ လောဘကြောင့် ပြိတ္တာဘုံ ရောက်သည်။

ဒေါသကြောင့် ငရဲဘုံရောက်သည်။ မောဟကြောင့် တိရစ္ဆာန်ဘုံ ရောက်သည်ဟူ၍ဖြစ်၏။ သို့သော် ထိုလောဘ၊ ဒေါသ၊ မောဟတို့သည် သူတို့ချည်း အပါယ်သို့ဆွဲချနိုင်သည်မဟုတ်။ ဒိဋ္ဌိ၏အားပေးမှုကြောင့်သာ အပါယ်သို့ ဆွဲချနိုင်ခြင်းဖြစ်၏။ ဒိဋ္ဌိသည် ရထားတစ်စင်း၏ ခေါင်းတွဲနှင့် တူ၏။ ကျန်ကိလေသာကိုးပါးသည် လူစီးတွဲကိုးတွဲနှင့်တူ၏။

လူစီးတွဲကိုးတွဲသည် တစ်တွဲချင်းဖြစ်စေ၊ နှစ်တွဲ၊ သုံးတွဲ ပေါင်း၍ ဖြစ်စေ၊ ကိုးတွဲလုံးပေါင်း၍ဖြစ်စေ၊ သွား၍မရပေ။ ခေါင်းတွဲပါလျှင်ကား လူစီးတွဲတစ်တွဲချိတ်လည်း သွား၍ရ၏။ နှစ်တွဲ၊ သုံးတွဲ၊ ကိုးတွဲလုံးချိတ် လည်း သွား၍ရ၏။ ထို့အတူ ဒိဋ္ဌိမှတစ်ပါး ကျန်ကိလေသာကိုးပါးသည် သူတို့ချည်းဆိုလျှင် တစ်ပါးတည်းဖြစ်စေ၊ နှစ်ပါး သုံးပါးပေါင်း၍ဖြစ်စေ၊ ကိုးပါးလုံးပေါင်း၍ဖြစ်စေ အပါယ်လေးပါးသို့ ချမရပေ။

ဒိဋ္ဌိပါလျှင်ကား ကျန်ကိလေသာကိုးပါး တစ်ပါးစီပါပါ၊ နှစ်ပါး သုံးပါးစီပါပါ၊ ကိုးပါးလုံးပါပါ အပါယ်သို့ ဆွဲချနိုင်သည်သာဖြစ်၏။ ထို့ ကြောင့် ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီးက

ဒိဋ္ဌိမသတ်၊ တဏှာသတ်
မပြတ်သံသရာ။
တဏှာမသတ်၊ ဒိဋ္ဌိသတ်၊
အပြတ်သံသရာ

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဟောတော်မူခဲ့ခြင်းဖြစ်၏။ အဓိပ္ပာယ်ကား ဝိပဿနာကို စတင်အားထုတ်သူသည် ငါရှိသည်၊ သူရှိသည်ဟု အယူမှားနေသော ဒိဋ္ဌိကိလေသာကို အရင်သေအောင်သတ်ရမည်။ ဒိဋ္ဌိမသေသေးဘဲ တဏှာကိုသေအောင်သတ်ပါ။ တဏှာလည်းမသေ ၊ သံသရာလည်းမပြတ်။ ထို့ကြောင့် ဒိဋ္ဌိကို အရင်သေအောင်သတ်ပါ။ ဒိဋ္ဌိသေလျှင် အဆင့်တက်၍ အရဟတ္တမဂ်ကို ရသောအခါ တဏှာပါသေပြီး သံသရာပြတ်မည်ဟု ဆိုခြင်းဖြစ်၏။

သာဝတ္ထိမြို့မှ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါသည် (၇)နှစ်သမီးအရွယ်ကတည်းက သောတာပန်တည်ခဲ့၏။ ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာကိလေသာကို ပယ်သတ်ပြီးသားဟု ဆိုလို၏။ သူသည် အရွယ်ရောက်သောအခါ ပုဏ္ဏဝဒ္ဓနအမည်ရသော အမျိုးသားတစ်ယောက်နှင့် အိမ်ထောင်ကျ၏။ သားဆယ်ယောက် သမီးဆယ်ယောက်မွေး၏။ မြေးလေးရာ မြစ်ရှစ်ထောင်ရှိ၏။

အိမ်ထောင်ပြုခြင်း၊ သားသမီးများမွေးဖွားခြင်းကို ထောက်သောအား ဖြင့် ဝိသာခါတွင် စွဲလမ်းတပ်မက်သောလောဘသည် ကျန်ရှိ၏။ သို့သော် ထိုလောဘက ဝိသာခါကို ပြိတ္တာဘုံသို့မချနိုင်။ ယခု နတ်ပြည်မှာရှိ၏။ အဘယ့်ကြောင့်နည်း၊ ဒိဋ္ဌိကိလေသာမရှိသောကြောင့်တည်း။

ဝိသာခါသည် မြေးတစ်ယောက်သေသောအခါ ပူဆွေးငိုကြွေး၏။ သောကဖြစ်ခြင်းတည်း။ သောကအရ ဒေါသကို တရားကိုယ်ကောက်ရ၏။ ထို့ကြောင့် သောကဖြစ်ခြင်းသည် ဒေါသဖြစ်ခြင်းပင်တည်း။ ထိုဒေါသက လည်း ဝိသာခါကို ငရဲဘုံသို့ဆွဲမချနိုင်ခဲ့။ အဘယ့်ကြောင့်နည်း။ ဒိဋ္ဌိကိလေသာ မရှိသောကြောင့်ပါတည်း။

ထို့ကြောင့် ဗုဒ္ဓက သံယုတ်ပါဠိတော်တွင်

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

www.burmeseclassic.com

www.burmeseclassic.com



ရင်ဝ၌လှံစူးခံရသူသည် လှံကိုအရေးတကြီး ဆွဲနှုတ်သကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးအလောင်ခံရသောသူသည် မီးကို အရေးတကြီး ငြိမ်းသကဲ့သို့လည်းကောင်း၊

ထို့အတူ သတိရှိသော အပါယ်ဘေးကို ရှုမြင်တတ်သောသူသည် သက္ကာယဒိဋ္ဌိခေါ် ငါရှိသည်ဟူသောအယူစွဲကို ပယ်သတ်ရန် အရေးတကြီး လုံ့လကြိုးကုတ် အားထုတ်အပ်၏

ဟု ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။ ထိုသက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်ရန် အဆင့်သုံးဆင့်ဖြင့် စနစ်တကျ ကြိုးစားရ၏။ ပထမအဆင့်အနေဖြင့် မရှိသည့်ပညတ်တရားကို မရှိမှန်းသိအောင်၊ ရှိသည့်ပရမတ်တရားကို ရှိမှန်းသိအောင် ဦးစွာနာကြားရ၏။ ယင်းကို ဉာတပရိညာဟုခေါ်၏။

ထိုသို့ ရုပ်၊ နာမ်၊ ပရမတ်တရားတို့၏ အရည်အဖတ်၊ အမှန်အမှား မရှိဘဲ သဘောတရားမျှသာရှိပုံ၊ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံတို့ကို သွားရင်းလာရင်း၊ စီးပွားရှာရင်းဖြင့် ရသလိုရှုပွားရ၏။ ယင်းကို တီရဏပရိညာဟုခေါ်၏။ ထိုသို့ ရှုပွားရင်းမှ ဉာဏ်ရင့်ကျက်လာသောအခါ ဆိုင်ရာမဂ်က ဆိုင်ရာကိလေသာကို ပယ်သတ်လိုက်၏။ ယင်းကို ပဟာနပရိညာဟုခေါ်၏။

ယောဂီ၏အလုပ်ကား ဉာတပရိညာနှင့် တီရဏပရိညာသာတည်း။ ပဟာနပရိညာကား ယောဂီ၏အလုပ်မဟုတ်၊ ပေါ်လာသောမဂ်၏အလုပ်သာဖြစ်၏။ ဝိပဿနာဟုဆိုလျှင် တောထွက်မှ ရဟန်းဝတ်မှသာ ပြုလုပ်၍ရနိုင်သည်။ ငါတို့လို သားမယားနှင့်နေသော၊ စီးပွားရှာနေသောသူများ အတွက်မဟုတ်ဟု တစ်ချို့က အထင်မှားကြ၏။

တစ်ချို့ကား ဝိပဿနာဆိုလျှင် တရားစခန်းဝင်ချိန်လေးသာ မှတ်လို့ရသည်။ အိမ်ရောက်သည်နှင့် ပွားလို့မရတော့ဟု ထင်ကြ၏။ ထိုသို့မဟုတ်ချေ။ ဝိပဿနာကား အိမ်မှုကိစ္စ၊ စီးပွားရေးအလုပ်များနှင့်ပင် တွဲဖက်ပွားများ၍ရသော တရားမျိုးဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓလက်ထက်တော်က

www.burmeseclassic.com

www.burmeseclassic.com



**သာဝတ္ထိမြို့ရှိ လူဦးရေ (၇)ကုဋေတွင် (၅)ကုဋေက အရိယာ ဖြစ်ကြပြီး** ရာဇဂြိုဟ်မြို့ရှိ လူဦးရေ ကိုးကုဋေတွင် ခုနစ်ကုဋေက အရိယာဖြစ်ကြခြင်း ဖြစ်၏။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက ဒီပနီပေါင်းချုပ် တတိယတွဲ၊ အာဟာရဒီပနီကျမ်း ၃၁၆ တွင် အောက်ပါအတိုင်း ရေးသားတော်မူခဲ့၏။

## လူသောတာပန်နဲ့ ရဟန်းသောတာပန်

ဤဝိပဿနာကမ္မဋ္ဌာန်းအရာမည်သည် အလွန်နက်နဲသိမ်မွေ့လှ၏။ ဟောပြောပြသ ဆုံးမသွန်သင်သောဆရာ နေရာကျလိုလှ၏။ သိသင့်သော အရာ၌ နေရာကျသိနိုင်အောင် ဟောပြောမှုထင်မြင်အောင် အားထုတ်ရမည့် အရာ၌ နေရာကျထင်ကွက်မြင်ကွက်ပေါ်အောင် ပြသမှုသည်ကား ဆရာ့ တာဝန်တည်း။

ထင်ကွက်မြင်ကွက်ပေါ်ရုံမျှနှင့် ကမ္မဋ္ဌာန်းကိစ္စ ခရီးရောက်နိုင်သေးသည်မဟုတ်။ ထင်မြင်အောင်အားထုတ်ရန်အချက်ကို ဆရာသွန်သင်ပြသ၍ လုလုကြီးရိပ်မိသောအခါ အထင်အမြင် နှဲစဉ်တိုးပွားစေရန် ရဟန်းဖြစ်ခဲ့အံ့။ စိတ်ငြိမ်ရာ တောတောင်အရပ်သို့ဝင်၍ ထက်သန်သောဝီရိယဖြင့် လရှည်နှစ်များ အားထုတ်မှု။

လူဖြစ်ခဲ့အံ့။ အိမ်စီးပွားနှင့်တွဲဖက်၍ လရှည်နှစ်များ စွဲမြဲကြမှုသည်ကား တပည့်၏တာဝန်တည်း။ အာနာပါန အစရှိသော (သမထ) ကမ္မဋ္ဌာန်းမျိုးသည်ကား ပြောဟောမှုအလွန်လွယ်၏။ နိမိတ်အထင်ရအောင် အားထုတ်မှုအလွန်ခဲယဉ်း၏။ အိမ်၌နေရ၍ စီးပွားနှင့်ဖက်တွဲခြင်းငှာမရ၊ စိတ်ငြိမ်ရာသို့ထွက်၍ အပြင်းအထန်အားထုတ်နိုင်မှ နိမိတ်ကိုရနိုင်၏။

ဝိပဿနာကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်းဖြစ်နိုင်၏။ ယာလုပ်ရင်းလည်း ဖြစ်နိုင်၏။ လှေသွားရင်း၊ ဝန်ထမ်းရင်း၊ ရောင်းရင်းဝယ်ရင်း အစရှိသည်ဖြင့် အိမ်အလုပ် အိမ်စီးပွားနှင့် ဖက်တွဲ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သတည်း။ ဘုရားလက်ထက်တော်၌ သမထကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင်လုပ်နိုင်သောသူသည် အလွန်နည်း၏။

အိမ်၌နေ၍ အိမ်စီးပွားဖက်တွဲ၍ စွဲမြဲကြသူ အလွန်များ၏။ထိုစကားမှန်၏။ သမထကမ္မဋ္ဌာန်းပေါက်ရောက်သူ လူ၌ အလွန်နည်း၏။ ရဟန်းတို့၌သာများ၏။ ဝိပဿနာကမ္မဋ္ဌာန်းပေါက်ရောက်၍ သောတာပန်အရိယာဖြစ်ကြသူကား လူ၌ အလွန်များ၏။ လူသောတာပန် တစ်ထောင်ကို ရဟန်းသောတာပန်တစ်ယောက်ထား၍ ရေတွက်သော်လည်း ရဟန်းဘက်ကသာကုန်လေရာ၏။

လူဘက်မှမကုန်လေရာ၊ ဤမျှလောက်များပြားရိပ်ထင်၏။ အဘယ့်ကြောင့်နည်း။ လောက၌ ရှိရင်းကပင်ရဟန်းအလွန်နည်း၏။ လူကမူ မရှိမတိုက်နှင့် အပြည့်ရှိ၏။ လူသောတာပန်လည်း ပြည့်မတတ်ပင်များလှ၏။ ထိုသို့ များလှခြင်းက အိမ်စီးပွားနှင့် ဝိပဿနာ တွဲချင်တိုင်းတွဲသာလှသောကြောင့်တည်း။

အယုတ်အားဖြင့် အစေခံ၊ အိမ်ကျွန်မ၊ အခစားကူလီပင်ဖြစ်သော်လည်း သံဝေသတိကောင်းကောင်းရှုပါလျှင် ဝိပဿနာဖက်တွဲနိုင်တော့သည်သာတည်း။ ဤမျှသောစကားစုဖြင့် ဝိပဿနာမှုမည်သည် လူတို့လည်း စွဲမြဲခြင်းငှာ အလွန်ကောင်းလှကြောင်း ပြလိုရင်းစကားတည်း။

ဤအဆုံးအမတော်ကိုထောက်၍ ဉာတပရိညာဖြင့် ပရမတ်တရားကို သိပြီးလျှင် အချိန်မရွေး၊ နေရာမရွေး၊ အလုပ်မရွေးဘဲ ဝိပဿနာကို ရှုပွားနေဘို့ကား ယောဂီ၏အလုပ်တည်း။ ဝိပဿနာရှုပွားမည့်ယောဂီ ပထမဆုံးအရေးတကြီးသိရမည့်အရာကား ရှိတရားနှင့် မရှိတရားပင်ဖြစ်၏။

လောက၌ တကယ်ရှိသောတရားကား စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ်တရားလေးပါးဖြစ်၏။ မရှိသောတရားကား ပညတ်တည်း။ လူ၊ နတ်၊ ဗြဟ္မာ၊ ခွေး၊ ကြက်၊ ဝက်၊ တော၊ တောင်၊ ရေ၊ မြေ

www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်၊ တာယာ၊ အိမ်၊ ကျောင်း၊ ဇရပ်၊ မြို့ပြနိုင်ငံ စသော မရေနိုင်မတွက်နိုင်သော နာမည်မှာသာလမ်းဆုံးပြီး တရားကိုယ်၊ တရားသား ဘာမှရှာမရသည့်အရာများကို ပညတ်ဟုခေါ်၏။

ပရမတ်တရားသာရှိပြီး ပညတ်တရား ပညတ်တရားမရှိပုံကို ပရမတ် အစိပ္ပာယ်များ ပြပြီးသည့်အခါ လက်တွေ့စစ်ပြမည်။ ပရမတ်လေးပါးတွင် စိတ်တရား တကယ်ရှိပုံကို လက်တွေ့ပြအံ့။ စိတ်သည် အကျဉ်းအားဖြင့် ၈၉ ပါး၊ အကျယ်အားဖြင့် ၁၂၁ ပါးသာရှိ၏။ သို့သော် ဘယ်စိတ်ဖြစ်ဖြစ် အာရုံကိုသိခြင်းသဘောချည်းသာဖြစ်သောကြောင့် အာရုံကိုသိခြင်းလက္ခဏာ အားဖြင့် စိတ်သည် တစ်ပါးတည်းသာရှိသည်ဟု မှတ်ရမည်။

ဝိပဿနာရှုမည့် ယောဂီအနေဖြင့် အာရုံသိစိတ် ၆ ပါးကို သိလျှင်ပင် လုံလောက်ပေပြီ။ ကြည့်စရာအဆင်းတစ်ခုခုကိုမြင်လိုက်သည်နှင့် သိသွား၏။ ယင်းကိုမြင်သိစိတ်ဟုခေါ်၏။ အသံတစ်ခုခုကိုကြားသည်နှင့် ဒါဘာသံပဲဟု သိသွား၏။ ယင်းကို ကြားသိစိတ်ဟုခေါ်၏။ အနံ့တစ်ခုခုကိုနံသည်နှင့် ဒါဘာနံ့ပဲဟု သိသွား၏။ ယင်းကို နံသိစိတ်ဟုခေါ်၏။

အရသာတစ်ခုခုကိုစားလိုက်သည်နှင့် ဒါဘာအရသာပဲဟု သိသွား၏။ ယင်းကို စားသိစိတ်ဟုခေါ်၏။ ကိုယ်၊ လက်၊ ခြေ တစ်ခုခုနှင့် ပစ္စည်း တစ်မျိုးမျိုး တို့ထိလိုက်သည်နှင့် သိသွား၏။ ယင်းကို ထိသိစိတ်ဟုခေါ်၏။ အာရုံတစ်ခုခုကို တွေးတောကြံစည်လိုက်သည်နှင့် သိသွား၏။ ယင်းကို တွေးကြံသိစိတ်ဟုခေါ်၏။ ယောဂီသန္တာန်တွင် ယင်းစိတ်ခြောက်ပါး တစ်မျိုး ပြီးတစ်မျိုး တရစပ်ဖြစ်ပျက်လျက်ရှိ၏။ အိပ်ချိန်တွင်သာ ခဏနားသည်။

မြင်စိတ်သည် တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်းထိ ဖြစ်ပြီးပျက်၏။ ကျန်စိတ်များလည်း ထို့အတူပင်။ ယောဂီ၏ ကိုယ်တွေ့ဖြစ် သောကြောင့် သိစိတ် ၆ ပါးသည် တကယ့်အရှိတရားများဖြစ်ကြောင်း ယောဂီအနေဖြင့် သဘောပေါက်လက်ခံလောက်ပြီ။ စေတသိက်ကိုဆိုအံ့။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုမှီ၍ဖြစ်တတ်သောကြောင့် စေတသိက်ဟုခေါ်၏။ ထိုစေတသိက်သည် ၅၂ လုံးရှိ၏။ သဘောလက္ခဏာ ကွဲပြားသောကြောင့် စေတသိက် ၅၂ လုံးကိုကား တစ်ခုတည်းပေါင်း၍မရပေ။

စေတသိက်က စိတ်ကိုခြယ်လှယ်ပုံကို သိသာရုံပြအံ့။ လူတစ်ယောက်ကိုမြင်လိုက်ရသောအခါ စိတ်ကသိရုံပင်သိ၏။ စိတ်ကသိရုံမျှနှင့် ကုသိုလ်၊ အကုသိုလ်ဟု မဆိုရသေး။ စေတသိက်ဝင်လာပုံကား ထိုမြင်လိုက်ရသောလူသည် ချောလျှင် သို့မဟုတ် မိမိကောင်းကျိုးကို ဆောင်ခဲ့သူဖြစ်လျှင် နှစ်သက်သောလောဘစေတသိက် ပေါ်လာ၏။

ထိုလောဘစေတသိက်နှင့်ပေါင်းမိသဖြင့် ပင်ကိုယ်က ဖြူစင်သော၊ သိရုံသာသိတတ်သော မြင်စိတ်လေးသည် လောဘစိတ်ဖြစ်သွား၏။ ထိုလူက မိမိအကျိုးစီးပွား ဖျက်ဆီးခဲ့ဘူးသူဖြစ်လျှင်သော်လည်းကောင်း၊ အရုပ်ဆိုးလျှင်သော်လည်းကောင်း၊ မနှစ်သက်သော ဒေါသစေတသိက် ပေါ်လာ၏။ ထိုဒေါသစေတသိက်နှင့်ပေါင်းမိသဖြင့် ပင်ကိုယ်ကဖြူစင်သော မြင်စိတ်သည် ဒေါသစိတ်အဖြစ် ပြောင်းသွား၏။

ထိုလူသည် ချောသည်လည်းမဟုတ်၊ အရုပ်ဆိုးသည်လည်းမဟုတ်၊ သာမန်သာဖြစ်နေသော်လည်းကောင်း၊ မိမိအကျိုးစီးပွားကို ဆောင်ခဲ့သူလည်းမဟုတ်၊ ဖျက်ဆီးခဲ့သူလည်းမဟုတ်သော်လည်းကောင်း၊ အသိမှားသော မောဟစေတသိက်ဖြစ်၏။ လူသည် ပရမတ်အရ မရှိသောတရားဖြစ်၏။ မရှိသောလူကို ရှိသည်ဟု အသိမှားလိုက်သည့်အတွက် မောဟစေတသိက်ဖြစ်ရခြင်းဖြစ်၏။

ထိုမောဟစေတသိက်နှင့်ပေါင်းမိသဖြင့် ပင်ကိုယ်ကဖြူစင်သော မြင်စိတ်သည် မောဟစိတ်အဖြစ်ပြောင်းသွား၏။ ဤကား အကုသိုလ်စေတသိက်က စိတ်ကိုခြယ်လှယ်ပုံဖြစ်၏။ ကုသိုလ်စေတသိက်က စိတ်ကိုခြယ်လှယ်ပုံကိုပြဦးအံ့၊ ဣန္ဒြေသိက္ခာရှိသော ရဟန်းတစ်ပါးကိုတွေ့ရသည့်အခါ မြင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖြစ်၏။ မြင်ရုံမြင်သောစိတ်ကား ကုသိုလ်လည်းမဆိုရ၊ အကုသိုလ်လည်း မဆိုရချေ။

ထိုအချိန်မှာပင် သဒ္ဓါစေတသိက်က ပေါ်လာ၏။ သူပေါ်လာသည်နှင့် ကြည်ညိုစိတ်ဖြစ်၏။ ထိုသဒ္ဓါစေတသိက်နှင့်ပေါင်းရပြန်သောအခါ စိတ်သည် သဒ္ဓါစိတ်အဖြစ်ပြောင်းသွားပြီး ကုသိုလ်အမည်ရပြန်လေ၏။ ဤကိုယ်တွေ့ဖြစ်ရပ်များကိုထောက်၍ စေတသိက်ပရမတ်သည်လည်း တကယ်ထင်ရှားရှိသောတရားဖြစ်ကြောင်း လက်ခံနိုင်လောက်ပြီ။

တတိယမြောက်ပရမတ်ဖြစ်သော ရုပ်တရားကား ၂၈ ပါးရှိ၏။ ရုပ်သည်ဖောက်ပြန်တတ်သောသဘောရှိသည်။ ရုပ်ဓာတ် ၂၈ ပါးတို့တွင် တစ်ပါးလောက်ကို သဘောတရားဆိုက်အောင် ပရမတ်ပေါက်အောင်သိလျှင် မဂ်ဖိုလ်ကိစ္စပြီးနိုင်၏။ အပါယ်တံခါးလည်းပိတ်၏။

မူလပဏ္ဏာသအဋ္ဌကထာ၌ -

သာဝကာပာဟိစတုန္နံ ဓာတူနံ ဧကဒေသမေဝ

သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ

ဟု ဖွင့်ပြ၏။ အဓိပ္ပာယ်ကား ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟုဆိုအပ်သော ဓာတ်ကြီးလေးပါးတို့တွင် တစ်ပါးပါးကို ပုဂ္ဂိုလ်သတ္တဝါပျောက်အောင် သုံးသပ်ဆင်ခြင်နိုင်လျှင် နိဗ္ဗာန်သို့ရောက်နိုင်၏။ ဝါ ရဟန္တာပင်ဖြစ်နိုင်၏ဟုဖြစ်၏။

တိကအင်္ဂုတ္တိုရ်ပါဠိတော်တွင်

ပထဝီဓာတုယာဝါ၊ အာပေါဓာတုယာဝါ၊

တေဇောဓာတုယာဝါ၊ ဝါယောဓာတုယာဝါ၊

တေနေဝဓမ္မေ အဝစ္စပသာဒေန သမန္နာဂတော

အရိယာသာဝကော နိရယံဝါ တိရစ္ဆာနံ ယောနိယံဝါ

ပေတ္တိ ဝိသယံဝါ ဥပပဇ္ဇိဿတိ။

www.burmeseclassic.com

www.burmeseclassic.com



ပထဝီဓာတ်ကိုသော်လည်းကောင်း၊ အာပေါဓာတ်ကိုသော်လည်းကောင်း၊ တေဇောဓာတ်ကိုသော်လည်းကောင်း၊ ဝါယောဓာတ်ကိုသော်လည်းကောင်း ထိုတရားတို့ကို အမှန်အမှား၊ အရည်အဖတ်ဟူ၍ ဘာမှမရှိ။ သဘော၊ တရားမျှပါကလားဟု ယုံကြည်သော သဒ္ဓါတရားနှင့်ပြည့်စုံသော အရိယာတပည့်သည် ငရဲဘုံသို့သော်လည်းကောင်း၊ တိရစ္ဆာန်ဘုံသို့သော်လည်းကောင်း၊ ပြိတ္တာဘုံသို့သော်လည်းကောင်း မကျရောက်တော့လတ္တံ့။

ဟု ဟောကြားထားတော်မူ၏။ ထို့ကြောင့် ဓာတ်ကြီးလေးပါးကို သဘောတရားဆိုက်အောင် နားကြားရမည်။ ရုပ်ဓာတ် ၂၈ ပါးတွင် ယင်းဓာတ်ကြီးလေးပါးသည် အမှီခံများဖြစ်၏။ ကျန် ရုပ် ၂၄ ပါးသည် သူတို့ကို မှီနေရသည်။ ထိုတွင် ပထဝီဓာတ်ကား အမှီအခံရဆုံးဖြစ်၏။ ကျန် ရုပ် ၂၄ ပါးအပြင် အာပေါ၊ တေဇော၊ ဝါယောဓာတ်တို့၏ အမှီကိုပါ ခံ၏။

ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော မြေကြီးသည် သတ္တဝါ ပင်းများစွာနှင့်တကွ တော၊ တောင်၊ ရေ၊ အဆောက်အဦ စသော သက်ရှိ က်မဲ့အားလုံး၏ တည်ရာမှီရာဖြစ်သောကြောင့် ပထဝီဓာတ်ဟုခေါ်၏။ ထို့အတူ ကြွင်းသော ရုပ်ဓာတ် ၂၇ ပါး၏ တည်ရာမှီရာဖြစ်သောကြောင့် ဓာတ်ကြီးလေးပါးတွင်ပါဝင်သော ပထမဆုံးဓာတ်ကိုလည်း ပထဝီဓာတ်ဟုခေါ်ခြင်းဖြစ်၏။

ထိုပထဝီဓာတ်သည် မာသဘော၊ ပျော့သဘောဟု လက္ခဏာ နှစ်ခုရှိ၏။ ထို့ကြောင့် မာတာတွေ့တွေ့၊ ပျော့တာတွေ့တွေ့ ပထဝီဓာတ်ဟု သိရမည်။ ပရမတ်တရားမှန်သမျှသည် တကယ့်အရှိတရားဖြစ်သောကြောင့် ဖျက်သော်လည်းမပျက်၊ ဖျောက်သော်လည်းမပျောက်၊ နာမည်ပေးထားသော ပညတ်တရားများကား တကယ်မရှိသောကြောင့် ဖျက်လျှင်လည်းပျက်၏။ ဖျောက်လျှင်လည်းပျောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာဖြင့် အရင်ပြအံ့။ ကြေးလက်စွပ်တစ်ကွင်းကို လက်နှင့်စမ်းကြည့်လျှင် မာသောသဘောလေးကို တွေ့ရ၏။ ကြေးလက်စွပ်နှင့် မာသောသဘောကိုကြည့်ပြီး မေးခွန်းသုံးချက်ထွက်လာ၏။

၁။ မာတာဟာ ကြေးလက်စွပ်လား

၂။ ကြေးလက်စွပ်ဟာ မာတာလား

၃။ ပထဝီဓာတ်က မာတာလား

တစ်မေးခွန်းအရ မာတာဟာ ကြေးလက်စွပ်ပဲဟု ဖြေလိုက်လျှင် သစ်တုံး၊ ကျောက်တုံး၊ သံတုံးတို့သည် ကြေးလက်စွပ်ဖြစ်ကုန်ကြလိမ့်မည်။ ထိုအရာများတွင်လည်း မာသောသဘောရှိနေသောကြောင့်ဖြစ်၏။ သို့သော် သစ်တုံး၊ ကျောက်တုံး၊ သံတုံးတို့ကား ကြေးလက်စွပ်မဖြစ်နိုင်ပေ။ ထို့ကြောင့် မာတာဟာ ကြေးလက်စွပ်မဟုတ်ဟုသိနိုင်သည်။

နှစ်မေးခွန်းအရ ကြေးလက်စွပ်က မာတာဟု ဖြေခဲ့လျှင် ကြေးလက်စွပ်ကသာ မာရိုးမှန်ရင် ကြေးလက်စွပ်ပျောက်ရင် မာတာပျောက်ရမယ်ဟူသော အဆိုကို အဖြေရှင်က လက်ခံရမည်။ လက်ခံလျှင် ကြေးလက်စွပ်ဟူသော ပညတ်ကို ပျောက်ပြမည်။ ကြေးလက်စွပ်ကို ပေပေါ်တင်၍ တူနှင့်အချက်များများထုလိုက်လျှင် ပြားသွားမည်။ ထိုအပြားကို ကြေးပြား ခေါ်၏။

ကြေးလက်စွပ်ဟူသော ပညတ်ကား ပျောက်သွားပေပြီ။ ထိုကြေးပြားကို မည်သူမျှ ကြေးလက်စွပ်ဟု မခေါ်ကြတော့။ ထိုကြေးပြားကို စမ်းကြည့်လျှင် မာသောသဘောကားရှိသည်သာ။ ကြေးလက်စွပ်ဟူသော ပညတ်သာ ပျောက်သွားပြီး မာသောသဘောကားမပျောက်။ ထို့ကြောင့် ကြေးလက်စွပ်က မာတာဟူသောအဖြေသည်မမှန်။

ဒါလည်း ကြေးပြားက မာတာဟုဆက်၍ အယူမှားနေဦးမည်ဆိုလျှင် ကြေးပြားက မာရိုးမှန်ရင် ကြေးပြားပျောက်ရင် မာတာပျောက်ရမယ်ဟူ

www.burmeseclassic.com

www.burmeseclassic.com



စကားခံထားပြီး ကြေးပြားကိုလုံထဲထည့်၍ အရည်ဖြစ်အောင်ကျိုပါ။ ပြီးလျှင် ခွက်သေးသေးထဲသို့ လောင်းချပြီးအအေးခံလိုက်ပါက ကြေးခဲလေးဖြစ်သွားမည်။ ကြေးပြားဟူသော ပညတ်ကား ပျောက်သွားပြီ။

ယင်းကြေးခဲလေးကို တို့ကြည့် ထိကြည့်ပါက မာသောသဘောကို တွေ့ရမည်သာဖြစ်၏။ ကြေးပြားဟူသောပညတ်ပျောက်သွားသော်လည်း မာသောသဘောကားမပျောက်။ ထို့ကြောင့် ကြေးပြားက မာခြင်းမဖြစ်နိုင်တော့။ ထို့ကြောင့် တတိယမေးခွန်းအရ ပထဝီဓါတ်က မာတာဟု ဖြေမှမှန်မည်။ ပထဝီဓါတ်က မာသောသဘောတရား ပျော့သောသဘောတရား တစ်ခုခုရှိသည်သာဖြစ်၏။

ပရမတ်ပထဝီဓာတ်ကား တကယ့်အရှိတရားဖြစ်သောကြောင့် မည်၍မည်မျှပင်ဖျက်ဖျက် ပျက်သွားခြင်းမရှိ။ ထို့ကြောင့် ကြေးလက်စွပ်မှ ကြေးပြား၊ ကြေးပြားမှ ကြေးခဲထိဖြစ်လာသောအခါတွင်လည်း ဝိပဿနာဉာဏ်မရှိသူတစ်ယောက်က ဒါလည်း ကြေးခဲကမာတာဟု အယူမှားနေသေးလျှင် ကြေးခဲကမာရိုးမှန်ရင် ကြေးခဲပျောက်ရင် မာတာပျောက်ရမှာပေါ့ဟု စကားခံပြီး ထိုကြေးခဲကို လုံထဲထည့်ကာ စပ်သင့်သောဓာတ်စပ်၍ ပြာဖြစ်အောင် ဖိုထိုးပစ်ရမည်။

ပြာဖြစ်သွားသည်နှင့် ကြေးခဲဟူသောပညတ် မရှိတော့။ ထိုပြာကို စမ်းကြည့်သောအခါ နူးညံ့ခြင်း သို့မဟုတ် ပျော့ခြင်းသဘောတရားကိုကား တွေ့ရ၏။ ထိုသဘောတရားသည်လည်း ပထဝီဓာတ်ပင်တည်း။ ထို့ကြောင့် ကြေးခဲဟူသောပညတ်ပျောက်သော်လည်း မာသဘောမှ ပျော့သဘောဟူသော ပထဝီဓာတ်ကြီးကား မပျောက်။

နောက်ဆုံး ထိုပြာများကို မြေကျင်းတူးမြှုပ်ထားပြီး လေးငါးနှစ်ရှိမှ သွားဖော်ကြည့်လျှင် မြေကြီးနှင့်ကစ်သားတည်းဖြစ်နေမည်သာဖြစ်၏။ ထိုမြေကြီးများကိုယူပြီး တို့ထိကြည့်လျှင်လည်း မာသဘော ပျော့သဘော တစ်ခုခုကို တွေ့ရမည်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တကယ့်ပရမတ်အစစ်ပထဝီဓာတ်ကား မြေကြီးဖြစ်သည် အထိ ပျောက်မသွားပေ။ တကယ်မရှိသော ပညတ်များသည်ကား အမျိုးမျိုး လှည့်ပတ်၍ ပြောင်းနေ၏။ ကြေးလက်စွပ်မှ ကြေးပြား၊ ကြေးပြားမှ ကြေးခဲ၊ ကြေးခဲမှ ပြာ၊ ပြာမှ မြေကြီး ပျက်တိုင်းပျက်၏။ ပျောက်တိုင်းပျောက်၏။ မာသဘော ပျော့သဘော ပထဝီဓာတ်ကား ကြေးလက်စွပ်မှစ၍ မြေကြီးဖြစ် သည်အထိ ပျောက်မသွား။ တကယ်ရှိသောကြောင့် ပျက်မရခြင်းဖြစ်၏။

ကြေးလက်စွပ်ကား မရှိသောပညတ်၊ မာသဘောကား ရှိသောပရမတ် ပထဝီဓာတ်။ ပကတိမျက်စေ့ဖြင့်ကြည့်လျှင် ပညတ်ကိုသာမြင်မည်။ ဉာဏ် မျက်စေ့နှင့်ကြည့်မှ ပရမတ်ကိုမြင်သည်။ လက်စွပ်အတွင်းအပြင်နေရာအနှံ့ စမ်းကြည့်လျှင် ဘယ်နေရာစမ်းမိစမ်းမိ မာသဘောကိုသာ တွေ့ရမည်။ မာသောသဘောမှ လွတ်သောနေရာ တစ်နေရာမှမရှိ။

ထိုအခါကျမှ ကြေးလက်စွပ်ဟူသောပညတ်ကို လက်စွပ်တစ်ကွင်းလုံး တွင် ဘယ်နေရာမှ ရှာမတွေ့တော့။ မာသောသဘောတရား ပထဝီဓာတ်ကို သာတွေ့တော့သည်။ ဤအမြင်ကိုရောက်မှ သမ္မာဒိဋ္ဌိ မှန်သောအမြင်ဟု ဆိုရသည်။ မဂ္ဂင်ရှစ်ပါးတွင် ဤအမြင်မှန်ဉာဏ်ပညာသည် အရေးကြီးဆုံး ဖြစ်၏။

အမြင်မှန်သည်နှင့် အတွေးမှန်၊ အလုပ်မှန် စသော ကျန်မဂ္ဂင်များ အကုန်လုံး တစ်ပြိုင်နက်ဝင်သွားပြီး မဂ်ဖိုလ်ရကြသောကြောင့်တည်း။ သမ္မာ ဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပကို ဝိဇ္ဇာမဂ္ဂင်ဟုခေါ်၏။ သိရမည့်မဂ္ဂင်ဟု ဆိုလို၏။ ကျန်မဂ္ဂင်ခြောက်ပါးကိုကား စရဏမဂ္ဂင်ဟုခေါ်၏။ ကျင့်ရမည့်တရားတည်း။ ကျွဲကူးရေပါဟူသောစကားအတိုင်း သိရမည့်မဂ္ဂင်ကို သေချာသိလိုက်သည် နှင့် ကျင့်ရမည့်မဂ္ဂင်များသည် တစ်ခါတည်း ပါသွားကြ၏။

ထို့ကြောင့် ငါးမျှားတံကို ခဏချပြီး ဝိပဿနာတရားကို နာကြားမိ သော အရိယာအမည်ရှိ တံငါသည်၊ အရက်သောက်ထားသော သန္တတိအမတ်

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးဥစ္စာကို နှေးစဉ်ခိုးနေသော ခုနှုတ္တရာတို့သည် တရားဆုံးသည်နှင့် မဂ်ဖိုလ်ကိုရကြခြင်းဖြစ်၏။

ကြေးလက်စွပ်ဟူသောပညတ်ကား မရှိတရား၊ မှာသဘော ပျော့သဘောဟူသော ပထဝီဓာတ်ပရမတ်ကား တကယ်ရှိသောတရားဟူ၍ ယောဂီ၏အသိဉာဏ်တွင် ပြတ်သားသွားလျှင် မိမိခန္ဓာပေါ်တွင် ပထဝီဓာတ်သဘောကိုတင်၍ ဆင်ခြင်နှလုံးသွင်းရမည်။ ဤသို့ ဆင်ခြင်ပွားများခြင်းကို ယောနိသောမနသိကာရလည်းခေါ်၏။ ဓမ္မာနုဓမ္မပဋိပတ်လည်းခေါ်၏။

ဤနှစ်ချက်ထဲသို့ သပ္ပုရိသူပနိဿယ၊ သဒ္ဓမ္မသဝနနှစ်ချက် ထပ်ဆည့်လိုက်လျှင် သောတာပန်တည်ဖို့ အင်္ဂါလေးချက်ဖြစ်သွား၏။ သပ္ပုရိသူပနိဿယဟူသည် ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ် ငါစွဲဒိဋ္ဌိပြုတ်အောင် ဟောပေးနိုင်သူကိုသာ ဆိုလိုရင်းဖြစ်၏။ သဒ္ဓမ္မသဝနဟူသည် ငါစွဲပြုတ်ကြောင်းပရမတ်တရား၊ ဓာတ်တရားတို့ကို စိတ်ပါဝင်စားစွာ နာရမည်ဟု ဆိုလို၏။ ဝိပဿနာတရားရှုပွားမည့်သူသည် ငါစွဲပြုတ်ကြောင်းပရမတ်တရား ဓာတ်တရားကို နာကြားမိဖို့သည် အသက်တမျှ အရေးကြီး၏။

## တရားနာစရာမလိုသူ

ဓာတ်တရား၊ ပရမတ်တရားကို မနာကြားဘဲ မိမိဖာသာ တရားကျင့်ပြီး သစ္စာလေးပါးကိုသိသွားသူသည် နှစ်ဦးသာရှိ၏။ ယင်းတို့ကား သမ္မာသမ္ဗုဒ္ဓဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါခေါ် ဘုရားငယ်တို့ပင်ဖြစ်၏။ ကျန်သောပုဂ္ဂိုလ်မှန်သမျှ တရားမနာဘဲ တရားထိုင်ရုံတစ်ခုတည်းနှင့် သစ္စာလေးပါးကို ထိုးထွင်း၍မသိနိုင်ပေ။

ထို့ကြောင့် အရှုပခြပ်ဗ္ဗာများသည် ရုပ်တရားမရှိ၍ နားမပါ၊ နားမပါသောကြောင့် တရားနာမရသောကြောင့် ထိုဘုံ၌သောတာပန်မတည်နိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့ကြောင့် ပညတ်၊ ပရမတ်ကွဲအောင် တရားနာဖို့သည်ပထမ။ သိပြီးနောက် သိသည့်အတိုင်း ကျင့်ကြံပွားများဖို့သည် ဒုတိယဟု ရှေ့နောက် စဉ်ထားသင့်သည်။

ထိုအချက် ရှေ့နောက်လွဲနေသဖြင့် နှစ်ပေါင်းများစွာ အားထုတ်သော်လည်း မဟာသောတာပန်ကြီးကို အသာထား၍ စူဠသောတာပန်အဆင့်ကိုပင် မရောက်နိုင်ကြသော ယောဂီအတော်များများကိုတွေ့ရ၍ ယခုလိုရေးသားရခြင်းဖြစ်၏။ ပညတ်ကိုရှုလျှင် သမထ၊ ပရမတ်ရုပ်နာမ်၏အဖြစ်အပျက်ကိုရှုပွားမှ ဝိပဿနာဟုဟောထားရာ ပရမတ်ရုပ်နာမ်အကြောင်းကို သေချာမသိသောယောဂီသည် အဘယ်ကဲ့သို့ ဝိပဿနာကို ရှုပွားနိုင်တော့မည်နည်း။

ဆရာထံကနည်းမရ၍ ကြားဘူးနားဝရှိသည့်အတိုင်း ရှုပွားသောအခါ ပညတ်ကိုသာရှုမိ၏။ ထိုအခါ သမထကိုသာ ပွားများမိနေ၏။ ပါရမီထူးရှိခဲ့ဘူးသူတစ်ယောက်တစ်လေကား ပညတ်ကိုဖယ်ခွာ၍ ပရမတ်ထိပေါက်သွားကာ မဂ်ဖိုလ်ရသွားသူများလည်း ရှိ၏။ သို့သော် တစ်ထောင်မှာ တစ်ယောက် အလွန်နည်းလှ၏။ ထို့ကြောင့် ဆရာကောင်းထံမှ ပရမတ်တရား ဓာတ်တရားကို တရားအားမထုတ်မီ ဦးစွာနာကြားသင့်၏။

**မှတ်ချက်** ။ ဝိပဿနာတရားကို အခြေခံပညတ်၊ ပရမတ်မှစ၍ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ စိတ်ဖြစ်ပုံပျက်ပုံ ဝီထိစဉ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဉာဏ်စဉ် ၁၀ ပါး၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါး၊ နိဗ္ဗာန်ထိအောင် ဟောကြားထားသော တရားခွေများ စာရေးသူထံ၌ အပြည့်အစုံရှိ၏။ နီးလျှင် ငှား၍နာသင့်၏။ ဝေးလျှင် ကူးယူ၍နာသင့်၏။

ပထဝီဓာတ်၏ မာသဘော၊ ပျော့သဘောသာရှိပုံကို နားလည်သွားလျှင် ပညတ်မရှိပုံ၊ ပရမတ်သာရှိပုံကို လက်တွေ့ဆန်းစစ်ကြည့်ရမည်။ မိမိကိုယ်ကို သူတစ်ပါးကရော၊ မိမိကိုယ်တိုင်ကပါ လူဟုစွဲယူထား၏။ လူဆိုသည်မှာ အရှိတရားဟု ထင်ထား၏။ ကြေးလက်စွပ်ကို ရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ယူဆထားသကဲ့သို့ပင်တည်း။ စိတ်၊ စေတသိက်၊ ရုပ်ဟူသော ပရမတ်ထဲတွင် လူမပါ။ ထို့ကြောင့် လူဟူသည် ပညတ်တရား။ ပညတ်တရားမှန်သမျှ မရှိသောတရားချည်းသာတည်း။

လူဟူသည် တကယ့်အရှိတရားဟုတ်မဟုတ်သိရန် လက်တွေ့စစ်ပြမည်။ လူ၏ခေါင်းကိုကိုင်၍ ဒါလူလား၊ ခေါင်းလားဟုမေးလျှင် ခေါင်းဟုသာဖြေလိမ့်မည်။ ထို့အတူ ခြေ၊ လက်၊ ကိုယ်တို့ကိုကိုင်၍ အသီးသီးမေးခဲ့လျှင်လည်း ခြေခေါ်တယ်၊ လက်ခေါ်တယ်၊ ကိုယ်ခေါ်တယ်ဟုသာ ဖြေကြလိမ့်မည်။ ဘယ်နေရာမေးမေး လူခေါ်တယ်ဟု အဖြေထွက်လိမ့်မည်မဟုတ်။

ထိုမျှနှင့်မကျေနပ်သေးလျှင်

ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်

ဟူသော (၃၂)ကောဋ္ဌာသကို တစ်ခုစီကိုင်ပြီးမေးလျှင်လည်း ဆံပင်ခေါ်တယ်၊ အမွေးခေါ်တယ် စသည်ဖြင့်သာ ဖြေဆိုကြလိမ့်မည်။ ဘယ်နေရာမေးမေး လူခေါ်တယ်ဟု ဘယ်သောအခါမှ ဖြေဆိုလိမ့်မည်မဟုတ်။ ဤကား လူဟူသောပညတ်သည် တကယ်မရှိသောကြောင့် ရှာမတွေ့ခြင်းပါတည်း။ သို့သော် လူ့ခန္ဓာကိုယ်တစ်ကိုယ်လုံး မည်သည့်နေရာကိုကိုင်ကိုင် မာသဘော၊ ပျော့သဘောတစ်ခုခုကို တွေ့မည်သာဖြစ်၏။

ဤ၌လည်း ကြေးလက်စွပ်တုန်းကကဲ့သို့မေးခွန်းသုံးခုထုတ်ရမည်။

၁။ မာတာ ပျော့တာဟာ လူလား

၂။ လူက မာတာ ပျော့တာလား

၃။ ပထဝီဓာတ်ကမာတာ ပျော့တာလား

www.burmeseclassic.com

www.burmeseclassic.com



မာတာ ပျော့တာဟာ လူဟုဆိုလျှင် မာခြင်းပျော့ခြင်း သဘောတရား ရှိကြသော သံခဲ၊ ကျောက်ခဲ၊ ရွှံ့ညွန်တို့သည် လူဖြစ်ကုန်ကြလိမ့်မည်။ ထို့ကြောင့် မာခြင်း၊ ပျော့ခြင်းသည် လူမဟုတ်ချေ။ လူကမာတာ ပျော့တာဟု ပြောဆိုလျှင် လူကသာ မာရိုး ပျော့ရိုးမှန်လျှင် လူပျောက်ရင် မာတာပျော့တာ ပျောက်ရမယ် စကားကို လက်ခံရမည်။

လက်ခံလျှင် လူကိုပျောက်ပြရမည်။ လူတစ်ကိုယ်လုံးကို ဧရာမငရုပ်ဆုံကြီးထဲထည့်ပြီး ကြေညက်အောင်ထောင်းကာ အလုံးကြီးလုံးလိုက်ရမည်။ လူဟူသောပညတ်ပျောက်သွားပြီး အသားလုံးဟူသောပညတ်သို့ပြောင်းသွားပြီ။ ထိုအသားလုံးကိုစမ်းကြည့်လျှင် မာသဘော၊ ပျော့သဘောကိုကား တွေ့ရသည်သာဖြစ်၏။

လူဟူသောပညတ်ပျောက်သွားသော်လည်း မာသဘော ပျော့သဘောကား ပျောက်မသွား။ ထို့ကြောင့် လူကမာခြင်း၊ ပျော့ခြင်းမဟုတ်သည်မှာ ထင်ရှား၏။ သို့ဖြစ်လျှင် တတိယမေးခွန်း၏အဖြေအရ ပထဝီဓာတ်ကသာ မာခြင်း ပျော့ခြင်းဖြစ်၏။ ဤအမြင်သည်သာလျှင်သမ္မာဒိဋ္ဌိအမြင်ဖြစ်၏။ သာသနာတွင်းအမြင်ဖြစ်၏။

အန္ဓပုထုဇဉ်က ဒါလည်း အသားလုံးကြီးက မာတာပျော့တာဟု စောဒကတက်လာလျှင် အသားလုံးက မာရိုးပျော့ရိုးမှန်လျှင် အသားလုံး ပျောက်ရင် မာတာပျော့တာပျောက်ရမယ်ဟု စကားခံထားပြီး အသားလုံးကြီးကို ပြာဖြစ်အောင် မီးရှို့ပစ်ရမည်။ ပြာဖြစ်သွားသည်နှင့် အသားလုံးဟူသော ပညတ် ပျောက်သွားပြီ။

ထိုပြာများကို တို့ကြည့်၊ စမ်းကြည့်လျှင် နုညံ့သောသဘောလေးကို တွေ့ရမည်သာဖြစ်၏။ ထိုနုညံ့သောသဘောသည်လည်း ပထဝီဓာတ်ပင်ဖြစ်၏။ ထို့ကြောင့် အသားလုံးဟူသော ပညတ်ပျောက်သွားသော်လည်း နုညံ့

www.burmeseclassic.com

www.burmeseclassic.com



သော ပထဝီဓာတ်က မပျောက်သောကြောင့် အသားလုံးက မာခြင်း၊ ပျော့ခြင်းမဟုတ်။ ပထဝီဓာတ်ကသာ မာခြင်း ပျော့ခြင်းဖြစ်၏။

ပြာက နည့်တာပါဟု စောဒကဆက်တက်နေသေးလျှင် ယင်းပြာများကို မြေကျင်းထဲတူးမြှုပ်ထားပြီး လေးငါးနှစ်ရှိမှ သွားဖော်ကြည့်လျှင် မြေကြီးနှင့်တစ်သားတည်းဖြစ်သွားသည်ကိုတွေ့ရမည်။ ထိုမြေကြီးကိုယူ၍ တို့ကြည့် ထိကြည့်လျှင် မာသဘော၊ ပျော့သဘောကို တွေ့ရမည်သာ။

ပညတ်သည် လူမှ အသားလုံး၊ အသားလုံးမှပြာ၊ ပြာမှမြေကြီးထိ အမျိုးမျိုးပြောင်းသွား၏။ ဖျက်တိုင်းပျက်၏။ ဖျောက်တိုင်းပျောက်၏။ မာသဘော၊ ပျော့သဘောဟူသော ပရမတ်ပထဝီဓာတ်ကား ဘယ်လိုဖျက်ဖျက်မပျက်။ ဘယ်လိုဖျောက်ဖျောက်မပျောက်။ အဘယ့်ကြောင့်နည်း။ တကယ့်အရှိတရားဖြစ်နေသောကြောင့်တည်း။

လူကပဲရှိသလော၊ မာသဘော၊ ပျော့သဘောကပဲရှိသလောဟုသိရန် လူတစ်ကိုယ်လုံး အတွင်းအပြင်မကျန် နေရာအနှံ့ စမ်းကြည့်ပါ။ မာသဘော ပျော့သဘော ပထဝီဓာတ်ကိုချည်း တွေ့ရလိမ့်မည်။ ခေါင်းဟူသော ပညတ်မရှိ။ မာသဘော ပထဝီဓာတ်သာရှိ၏

ဥပမာနတုန်းကပြခဲ့သော ကြေးလက်စွပ်ဟူသော ပညတ်သည် တကယ်မရှိ၊ မာသဘောဟူသော ပထဝီဓာတ်ကသာတကယ်ရှိသကဲ့သို့ ယခုဥပမေယျတွင်လည်း လူဟူသောပညတ်ကား တကယ်မရှိ၊ မာသဘော၊ ပျော့သဘောဟူသော ပရမတ်ပထဝီဓာတ်သာ တကယ်ရှိ၏ဟူ၍ ယောဂီ၏ ဉာဏ်တွင် ရှင်းလင်းစွာ သိနေရမည်။

ပရမတ်ပထဝီရုပ်ဓာတ်သည် မပျက်စီးဘဲ တစ်မိနစ်ပင်တည်၍မရ။ နောက်ဆုံး တစ်စက္ကန့်ပင်တည်မြဲ၍မရ။ အကယ်၍ ထိုပရမတ်ပထဝီရုပ်ဓာတ်သည် မပျက်စီးဘဲ တစ်စက္ကန့်သာတည်မည်ဆိုလျှင် ဗုဒ္ဓက နိစ္စ = မြဲသော တရားဟု ဟောခဲ့မှာဖြစ်၏။ ယခုမူ ပရမတ်ပထဝီဓာတ်သည် တစ်စက္ကန့်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာပင် အကြိမ်ပေါင်း ကုဋေငါးထောင်ရှစ်ရာရှစ်ဆယ်ကျော်ဖြစ်ပြီး ပျက်လျက်ရှိ၏။

ကျန်ရုပ်ခဏတ် ၂၇ ပါးလည်း ထို့အတူပင်ဖြစ်၏။ စိတ်နှင့် စေတသိက်နှစ်ခုကိုပေါင်းပြီး နာမ်တရားဟုခေါ်၏။ အာရုံသို့ညွတ်ခြင်းဟု အဓိပ္ပာယ်ရ၏။ အာရုံကိုသိခြင်းနှင့် အဓိပ္ပာယ်အတူတူပင်ဖြစ်၏။ တစ်သိန်းဖြစ်ပြီး ပျက်၏။ (သံ၊ ၄၊ ၂။ ၉၂)

ရုပ်တရားများ တရစပ်ပျက်စီးအောင်လောင်သောခဏတ်မှာ တေဇောခဏတ်ဖြစ်၏။ အိုအောင်၊ နာအောင်၊ သေအောင်လောင်သည်မှာလည်း တေဇောခဏတ်ပင်ဖြစ်၏။ အမည်အားဖြင့် ဇိရဏတေဇောဟုခေါ်၏။ ယခုဆိုလျှင် ယောဂီ၏ဉာဏ်သည် ရင့်လာပြီဖြစ်၍ ပညတ်ရုပ်ခေါ် ဥတုဇရုပ်နှင့် ပထဝီ၊ တေဇော စသောပရမတ်ရုပ်များကို ခွဲခြား၍ပြမည်။

ဤအချက်သည် ဝိပဿနာရှုပွားသူအတွက် အလွန်အရေးကြီးသည်။ ပရမတ်ဖြစ်သော ရုပ်တရား နာမ်တရားတို့၏အဖြစ်အပျက်ကို ရှုပွားနိုင်မှ ဝိပဿနာခေါ်သည်။ ဝိပဿနာကိုပွားများမှသာ မဂ်ဖိုလ်ကိုရမည်။ ထို့ကြောင့် ယောဂီသည် နံ့ပတ်တစ် ပရမတ်ရုပ်နာမ်ကို ဉာဏ်ဖြင့်ပြတ်သားစွာ သိရမည်။

နံ့ပါတ်နှစ် ထိုပရမတ်ရုပ်နာမ်တို့၏ဖြစ်ပျက်ပုံကို ဝိပဿနာရှုပွားနေရမည်။ ဤနှစ်ချက်တွင် ပရမတ်ရုပ်နာမ်ကိုသိဖို့သည် အရေးအကြီးဆုံးဖြစ်၏။ ထိုအချက်ကို သတိမထားမိသော အဖိုးကြီးတစ်ယောက်က ဝိပဿနာမေးခွန်းတစ်ခုထုတ်ဖူး၏။ သူ၏မေးခွန်းက မြတ်စွာဘုရားက ရုပ်တရား၊ နာမ်တရားတို့ဟာ အနိစ္စ အမြဲမရှိလို့ ဟောတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်လောက်က ငါ့ပေါင်မှာထိုးထားတဲ့ထိုးကွင်းတွေကတော့ အခုအချိန်ထိ မပျက်ဘူး၊ မြဲနေပါလားဟူ၏။

ထို ထိုးကွင်းများရော၊ ဆုပ်ကိုင်၍ရသောသူ၏ ကိုယ်ကြီးတစ်ခုလုံးရောကို ပညတ်ရုပ်ဟုခေါ်၏။ ထိုပညတ်ကိုယ်ကြီးကား လမ်းဘေးတွင်ချ

www.burmeseclassic.com

www.burmeseclassic.com



ထားသော သစ်လုံးနှင့် ဘာမှမထူးပေ။ သစ်လုံးကို မြေကြီးထဲမြှုပ်ထားလျှင် လအတန်ကြာမှ ဆွေးမြေ့ပျက်စီးသကဲ့သို့ လူ၏ကိုယ်လုံးကို မြေကြီးထဲ မြှုပ်ထားလျှင်လည်း လအတန်ကြာမှသာ ဆွေးမြေ့ပျက်စီးမည်ပင်ဖြစ်၏။ ပညတ်ရုပ်ခြင်းတူသောကြောင့်တည်း။

ဗုဒ္ဓကား ထိုပညတ်ရုပ်ကို အနိစ္စဟု ဟောခြင်းမဟုတ်။ တစ်စက္ကန့်လျှင် အကြိမ်ပေါင်းကုဋေခြောက်ထောင်နီးပါးပျက်နေသည်။ ပရမတ်ရုပ်ကိုသာ အနိစ္စဟု ဟောခြင်းဖြစ်၏။ ထို ပရမတ်ရုပ်ကား သဘောတရားမျှသာ ရှိသည်ဖြစ်၍ ကိုင်၍ပြ၍ရစကောင်းသော တရားမဟုတ်ချေ။ ထိုးကွင်းကို ပြ၍မေးသော အဖိုးကြီးသည် ပညတ်ရုပ်နှင့် ပရမတ်ရုပ်မကွဲပေ။

ဤအချက်သည် ဝိပဿနာရှုသူတိုင်းအတွက် အရေးကြီးသဖြင့် ဥပမာဖြင့် ထပ်ပြအံ့။ လူ၏ပညတ်ကိုယ်ကြီးသည် တီဗွီဖန်သားပြင်နှင့်တူ၏။ ပညတ်ကိုယ်ပေါ်တွင် တရစပ်ဖြစ်ပျက်နေသော ပရမတ်ရုပ်နာမ်တရားများသည် ခလုပ်နှိပ်လိုက်သဖြင့် တီဗွီဖန်သားပြင်ပေါ်တွင် ထင်လာသော လူရိပ်၊ တောရိပ်၊ တောင်ရိပ်များနှင့် တူ၏။

ဖန်သားပြင်တွင် ထင်နေသော လူရိပ်၊ တောင်ရိပ်၊ တောရိပ်များသည် အမှန်အမှား အရည်အဖတ်တစ်ခုမှမရှိ။ အရိပ်ထင်နေသော သဘောတရားသာရှိ၏။ ထိုအရိပ်တို့ကို သွားကိုင်၍မရ။ ကိုင်ကြည့်လိုက်လျှင် တီဗွီဖန်သားပြင်ကိုသာ ကိုင်မိမည်။

ထို့အတူ တစ်စက္ကန့်မျှ မတည်နိုင်ဘဲ တရစပ်ဖြစ်ပျက်နေသော ပရမတ်ရုပ်နာမ်တရားများကိုလည်း ထိ၍ ကိုင်၍မရနိုင်။ ထိကြည့် ကိုင်ကြည့်လျှင် ပညတ်ရုပ်ကြီးကိုသာ ကိုင်မိမည်။ ပရမတ်ရုပ်နာမ်တရားတို့သည်လည်း အတုံး၊ အလုံး၊ အခဲ၊ အရည်အဖတ် အမှန်အမှားဘာမျှမရှိဘဲ ပထဝီဓါတ်ဆိုလျှင် မာသဘော၊ ပျော့သဘော စိတ်ဆိုလျှင် သိတတ်သော သဘောမျှသာ ရှိသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ပရမတ်ရုပ်နာမ်တို့၏ အဖြစ်အပျက်သည် မြန်လွန်းအားကြီးသဖြင့် ပကတိမျက်စေ့ဖြင့် မမြင်နိုင် ဉာဏ်မျက်စေ့ဖြင့်သာ မြင်နိုင်၏။ ဘစ်နာရီခံ ဖယောင်းတိုင်တစ်တိုင်ကို ညရှစ်နာရီတွင် စထွန်း၏။ ပကတိမျက်စေ့ဖြင့်သာ ကြည့်မည်ဆိုလျှင် ရှစ်နာရီကစ၍ တောက်လောင်နေသော ဖယောင်းမီးလေးသည် ကိုးနာရီထိုးသည်အထိ တစ်ဆက်တည်းတည်သည်ဟု ထင်စရာပင်ဖြစ်၏။

အမှန်ကား ရှစ်နာရီက လောင်နေသော ဖယောင်းမီးသည် ၄င်းရှစ်နာရီမှာပင် ချုပ်ပျောက်သွားပြီဖြစ်၏။ ရှစ်နာရီနှင့် တစ်စက္ကန့်တွင် နောက်ဖယောင်းသားကို ဆက်လောင်နေသော မီးသာဖြစ်၏။ ဖယောင်းအဟောင်းကို လောင်ပြီးသည့်နောက် ဖယောင်းသားအသစ်ကို ဆက်လောင်ခြင်းသည် မြန်ဆန်လွန်းအားကြီးသဖြင့် တစ်ဆက်တည်းဟု ထင်ရခြင်းဖြစ်၏။

ထိုအတူ တေဇောဓါတ်က ပရမတ်ရုပ်တရားများကို လောင်ကျွမ်းရာ၌လည်း မြန်ဆန်လွန်းအားကြီးသဖြင့် တစ်ဆက်တည်းဟု ထင်နေရခြင်းဖြစ်၏။ ထို့ကြောင့် အမေမွေးကတည်းက ဒီကိုယ်၊ အခုလည်း ဒီကိုယ်ဟု အထင်မှား၊ အယူမှားနေကြခြင်းဖြစ်၏။

အတွေးအခေါ်ပညာရှင်တစ်ဦး၏စကားသည် ကမ္ဘာပေါ်တွင် အတော်ထင်ရှားသွားခဲ့၏။ သူ့စကားကား လူတစ်ယောက်သည် စီးဆင်းနေသော ရေထဲသို့ နှစ်ခါဆင်း၍မရ ဟူ၍ဖြစ်၏။ သူဆိုလိုသော အဓိပ္ပါယ်မှာ ရေသည် အမြဲစီးဆင်းနေသည်ဖြစ်၍ ပထမအကြိမ်ဆင်းစဉ်က စီးနေသော ရေများသည် ဒုတိယအကြိမ်ထင်ဆင်းချိန်တွင် မရှိကြတော့။ ပထမအကြိမ်ဆင်းစဉ်ကပင် တစ်ဖက်သို့ စီးဆင်းသွားပြီ။

ဒုတိယအကြိမ် ဆင်းသောအခါတွင်ကား နောက်ရောက်လာသော ရေများသာဖြစ်၏ ဟုပြောလိုခြင်းဖြစ်၏။ ထိုအတွေးအခေါ်သည် နက်နဲပါ၏။ သို့သော်ရေဟူသော ပညတ်ပေါ်ကိုသာမှီ၍ တွေးထားခြင်းဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နက်နဲသော်လည်း ကောင်းကျိုးကား ထူးထူးခြားခြားမရ။ ထိုအတွေးအခေါ်ကို ပရမတ်ရုပ်နာမ်ပေါ် တင်ပေးလိုက်မည်ဆိုလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုပင် ရသွားနိုင်၏။

ပထမအကြိမ်ရေထဲသို့ ဆင်းစဉ်ကဖြစ်နေသော ရုပ်တရားနာမ်တရားများသည် ဒုတိယအကြိမ် ရေထဲဆင်းစဉ်သို့ ပါမလာကြတော့။ ပထမအကြိမ်ရေထဲဆင်းစဉ်ကပင် ချုပ်ပျောက်ပျက်စီးသွားခဲ့ပြီ။ အနိစ္စအမြဲမရှိ။ ထို့ကြောင့် လူသည် စီးဆင်းနေသော ရေထဲသို့ နှစ်ကြိမ်ဆင်း၍မရ။ တစ်ကြိမ်သာ ဆင်း၍ရခြင်းဖြစ်သည်ဟု ဆင်ခြင်လျှင် အနိစ္စနုပဿနာရှုပွားပြီး ဖြစ်သွားနိုင်၏။

ထို့ထက် အနုစိတ်လျှင် သတ္တဝါတစ်ယောက်သည် စကားတစ်ခွန်းထက် ပို၍အသက်မရှည်နိုင်။ စကားတစ်ခွန်းပြောပြီးလျှင် နာမ်တရားပေါင်းကုဋေတစ်သိန်းသေရ၏။ ရုပ်တရားပေါင်း ကုဋေငါးထောင့်ရှစ်ရာရှစ်ဆယ်ကျော်သေရ၏။ ပျက်ခြင်း၊ ချုပ်ပျောက်ခြင်းနှင့် သေခြင်းသည် အတူတူပင်ဖြစ်၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏ သေခြင်းကို သမုစ္ဆေဒမရဏာဟုခေါ်၏။

နောင်အခါ ဘယ်သောအခါမှ မသေသောအားဖြင့် အသေကိုဖြတ်ခြင်းဟုအဓိပ္ပာယ်ရ၏။ လူသေ၊ နတ်သေ၊ ခွေးသေ၊ ဝက်သေမျိုးကို သမုတိမရဏာဟုခေါ်၏။ လောကကသမုတ်ထားသော သေခြင်းဟုအဓိပ္ပာယ်ရ၏။ ယခုပြခဲ့သော ရုပ်တရားနှင့် နာမ်တရားတို့၏သေခြင်းကိုကား ခဏိကမရဏာဟုခေါ်၏။ ခဏတိုင်းသေခြင်းဟု အဓိပ္ပာယ်ရ၏။

ခဏိကမရဏာကိုသိပေးခြင်း တစ်နည်း ကိုယ့်အသေကိုယ်ပြန်ကြည့်ခြင်းကိုပင် ဝိပဿနာရှုပွားသည်ဟုခေါ်၏။ ရုပ်နာမ်တရားတို့သည် လျောင်း ထိုင်ရပ်သွား ဣရိယာပုထ်လေးပါးလုံး၌ သေနေ၏။ ထို့ကြောင့် ယောဂီသည် လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ်လေးပါးလုံး၌ ရှုပွားနိုင်၏။ ပညာဖြင့်သိပေးနိုင်၏။ ဝိပဿနာရှုပွားရာ၌ ပညာသည် ရှေ့သွားအဓိကဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သီလနှင့်သမာဓိသည် နောက်လိုက်ဖြစ်၏။ သီလနှင့်သမာဓိသာရှိပြီး ပညာမရှိလျှင် မဂ်ဖိုလ်ကိုမရပေ။ ထို့ကြောင့် ပဋိသန္ဓေတည်စဉ်ကတည်းက ပညာပါမလာသော ဒွိဟိတ်ပုဂ္ဂိုလ်သည် မည်၍မည်မျှ အားထုတ်၊ အားထုတ် ယခုဘဝတွင် မဂ်ဖိုလ်ကို မရခြင်းဖြစ်၏။

ဝိပဿနာပညာခေါ် ပရမတ်ပညာကို သာသနာငါးထောင်အတွင်း ဆရာကောင်းထံနည်းခံ၍ အရယူသင့်ကြောင်းကို လယ်တီဆရာတော်ဘုရားကြီးက ဗောဓိပက္ခိယဒီပနီတွင် -

## ပရမတ်ပညာ

သာသနာငါးထောင်သည် အရိယာခေတ်ချည်းသာတည်း၊ ပိဋကတ်သုံးပုံရှိနေသမျှသည် အရိယာခေတ်ရှိသည်ချည်းမှတ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏ မူလဗီဇ သမ္မာဒိဋ္ဌိဟုဆိုအပ်သော မျိုးသုံးပါးတို့တွင် သီလ၊ သမာဓိတို့သည်ကား သာသနာမရှိသော သုညကမ္ဘာတို့၌လည်း အစဉ်ထာဝရ ကမ္ဘာ့တန်ဆာကဲ့သို့ဖြစ်၍ အမြဲရှိနေကြ၏။

ဘယ်အခါမဆို ယူလိုလျှင် ရနိုင်ကုန်၏။ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်လျှင်းအရင်းရှိသော ပညာမျိုးသည်မူကား ဘုရားပွင့်ရာ သာသနာတော်နှင့် တွေ့ကြုံဆဲအခါ၌ ရနိုင်၏။

သာသနာပ၌မူကား သုညကမ္ဘာအသင်္ချေပင်ကြာသော်လည်း ထိုပညာ စကားများကို ကြားရုံမျှအခွင့်မရှိပြီ။ ထို့ကြောင့် ယခုအခါ သာသနာတော်တွင်း၌ ကြုံတွေ့ကြကုန်သောသူတို့သည်

နောက်နောက်ဘဝ၊ နောက်နောက်ဘုရားသာသနာမှာ ကျွတ်လွတ်ဖို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ သမ္မာဒိဋ္ဌိမျိုးအနေမျှကို အရအမိ

www.burmeseclassic.com

www.burmeseclassic.com



ရည်သန်ကြကုန်သည့်ရှိသော် သီလ၊ သမာဓိမျိုးနှစ်ပါးတို့ထက်
အတိဒုလ္လဘ တွေ့ကြုံခဲလှသော ပရမတ္ထပညာမျိုးကို အထူးအချွန်
အလွန်အားခဲ၍ယူကြကုန်ရာ၏။

ဟူ၍ ရေးသားတော်မူခဲ့၏။ ထိုပရမတ်ပညာ၏တန်ဖိုးရှိပုံကို ပြအံ့။ တန်ဖိုးဆိုသည်မှာ ကိုယ်တွင်းကိလေသာများကို ပယ်သတ်နိုင်ခြင်းကို ဆိုခြင်းဖြစ်၏။ ဗုဒ္ဓ၏တရားတော်မှန်သမျှသည် ကိလေသာကုန်ဖို့ ဟောကြားခဲ့သည်ချည်းဖြစ်၏။ ထို့ကြောင့် ကိလေသာတရားများ ပါးမှ၊ ခန်းမှ၊ ကုန်မှ လည်း တရားတော်များကို နာယူပို့ချ၊ သင်ကြားရကျိုးနပ်ပေလိမ့်မည်။

ယောဂီသည် ဤနေရာသို့ရောက်အောင် စာအုပ်ကိုဖတ်ပြီးပြီဟုဆိုလျှင် ပညတ်နှင့်ပရမတ် ကွဲပြီးဖြစ်၏။ ပဋ္ဌာနတ်၏ သဘောတရားမျှသာရှိပုံကိုလည်း သိပြီးဖြစ်၏။ ယခု ထိုတတ်ထားသော ပရမတ်ပညာဖြင့် လက်တွေ့ဝိပဿနာရှုကြအံ့။ သင့်ရှေ့မှာချထားသော သူတစ်ပါးပေးထားသည့် လက်ကိုင်ပုဝါတစ်ထည်ကို ကိုင်လိုက်မိလျှင် ပရမတ်ဝိပဿနာပညာသာ မရှိပါက ကိလေသာသုံးမျိုး တစ်မျိုးမျိုးဖြစ်မည်။

လက်ကိုင်ပုဝါက အကောင်းစားဖြစ်နေလျှင် နှစ်သက်သည့်လောဘဖြစ်မည်။ အညံ့စားဖြစ်လျှင် မနှစ်သက်သည့်ဒေါသဖြစ်မည်။ အလယ်အလတ်ဖြစ်နေလျှင် ပရမတ်အရ တကယ်မရှိသည့် လက်ကိုင်ပုဝါကို ရှိသည်ဟု အသိမှားမှုကြောင့် မောဟဖြစ်မည်။

လောဘ၊ ဒေါသ၊ မောဟ ကိလေသာဖြစ်ရခြင်း၏ အဓိကအကြောင်းကား အယူမှားမှု မိစ္ဆာဒိဋ္ဌိကြောင့်ပင်ဖြစ်၏။ မည်သို့အယူမှားသနည်း။ တကယ်မရှိသည့် လက်ကိုင်ပုဝါတည်းဟူသောပညတ်ကို တကယ်ရှိသည်ဟု ယူဆထားခြင်းတည်း။ လက်ကိုင်ပုဝါဟူသော ပညတ်ကိုမှီ၍ လောဘ၊ ဒေါသ၊ မောဟ ကိလေသာများ ဖြစ်ကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် ရှုလိုက်သည်နှင့် အယူမှားပျောက်ပြီး ဖြစ်ပေါ်လာမည့် ကိလေသာများကို ပယ်သတ်ပြီးဖြစ်သွားမည်။ ရှုနည်းကား ကိုင်မိသောအရာသည် မာသောသဘော၊ ပျော့သောသဘောရှိသော ပထဝီဓာတ်သာဖြစ်၏။ ထိုသို့ ပရမတ်ပညာဖြင့် ရှုလိုက်သည်နှင့် လက်ကိုင်ပုဝါဟူသောပညတ်သည် ကွာကျသွား၏။

လက်ကိုင်ပုဝါဟူသောပညတ် ကွာကျသွားသည်နှင့် လက်ကိုင်ပုဝါအပေါ်မှီပြီးမှဖြစ်ရသော လောဘ၊ ဒေါသ၊ မောဟ ကိလေသာများလည်း တဒင်္ဂပဟာန်အားဖြင့် ကွာကျသွား၏။ ထိုသို့ ပထဝီရုပ်ဓာတ်သို့ ဉာဏ်ကရောက်သွားသည်နှင့် အနိစ္စဟု စိတ်ထဲကဆိုစရာပင်မလိုတော့ဘဲ မမြဲသောသဘောကို ဆင်ခြင်ပြီး သိပြီးဖြစ်၏။

မမြဲသောတရားကို ဆင်းရဲဟုလည်း နားလည်ပြီးဖြစ်၏။ မမြဲသောတရား၊ ဆင်းရဲသောတရားတို့သည် အနှစ်သာရမရှိ။ အစိုးမရဟူသည်ကိုလည်း သဘောပေါက်ပြီးဖြစ်၏။ ထိုသို့ သဘောပေါက်သည်နှင့် သစ္စာလေးပါး တစ်ပြိုင်နက်ကိုက်သွားပြီဖြစ်၏။ တစ်ချို့ ဉာဏ်နုသောယောဂီအချို့က ယခုလို နက်နဲသောပရမတ်တရားများကို ကြားနာနေရသော်လည်း ဒုက္ခသစ္စာ၊ သမုဒယသစ္စာ စသော သစ္စာနာမည်လေးများကို မကြားရလျှင်

တရားကတော့ နက်နဲပါရဲ့၊ ဒါပေမယ့် သစ္စာအကြောင်းမပါတော့ မဂ်ဖိုလ်ရထိုက်တဲ့တရား ဟုတ်မှဟုတ်ပါ့မလားဟု ထင်မိတတ်၏။ သိ၊ ပယ်၊ ဆိုက်၊ ပွား၊ သစ္စာလေးပါးကား ရုပ်၊ နာမ်၊ ခန္ဓာကို အနိစ္စတစ်လုံး ရှုလိုက်သည်နှင့် အကုန်ပါသွားပြီးဖြစ်၏။ ထို့ကြောင့်

သစ္စာလေးချက်၊ တစ်ပြိုင်နက်
မဂ်၏ကိစ္စမှတ်

ဟု ဆိုထားခြင်းဖြစ်၏။ ပထဝီဓာတ်ကို မမြဲဟုသိခြင်းသည် ဒုက္ခသစ္စာကို သိလိုက်ခြင်းဖြစ်၏။ မမြဲဟုသိလိုက်သည်နှင့် နောက်တစ်ခါလိုချင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုပယ်ပြီးသားဖြစ်၏။ ဤကား သမုဒယသစ္စာကိုပယ်ခြင်းဖြစ်၏။ သမုဒယသစ္စာကိုပယ်လိုက်ဦးမှပဲဟု အားစိုက်နေစရာမလိုချေ။ ထိုကဲ့သို့ ရုပ်နာမ်အပေါ် လိုချင်စိတ်ကိုပယ်လိုက်သည်နှင့် နောင်ခန္ဓာမလာတော့ပေ။ ဤကား နိရောဓသစ္စာသို့ ဆိုက်ရောက်ခြင်းဖြစ်၏။

ရုပ်နာမ်တရားတို့ မမြဲခြင်းကိုသိအောင် နာကြားခြင်း၊ ရှုမှားခြင်းသည် မဂ္ဂသစ္စာကိုပွားခြင်းပင်ဖြစ်၏။ မှောင်နေသောအခန်းထဲ မီးထွန်းလိုက်သည်နှင့် အလင်းရောက်ခြင်း၊ အမှောင်ပျောက်ခြင်း၊ မီးစာကုန်ခြင်း၊ ဆီခန်းခြင်း လေမျိုးတို့ တစ်ပြိုင်နက်ဖြစ်သကဲ့သို့ ရုပ်နာမ်အပေါ် အနိစ္စတစ်ချက် ရှုမှားမိသည်နှင့် သစ္စာလေးချက်သည် တစ်ပြိုင်နက် ဖြစ်လာရ၏။

## သိခြင်းသုံးမျိုး

ဓမ္မကိုသိရာ၌ အသိသုံးမျိုးရှိ၏။ သညာသိ၊ ဝိညာဉ်သိ၊ ပညာသိတို့ဖြစ်၏။ သညာသိသည် ရွှေတုံးတစ်တုံးကို ကောက်တွေ့သော ကလေးတစ်ယောက်၏အသိနှင့်တူ၏။ ကလေးသည် ရွှေတုံးကိုတွေ့သောအခါ အဝါရောင်ဟူ၍သာသိ၏။ ရွှေဟူ၍လည်းကောင်း၊ အလေးချိန်မည်မျှရှိ၏ဟူ၍လည်းကောင်း မသိ။

ထို့အတူ ရုပ်၊ နာမ်၊ ခန္ဓာ၊ သစ္စာတို့ကို အရေအတွက်အမျိုးအမည်လောက်သာသိပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တသုံးပါးတို့ဖြင့် ပရမတ်ပေါက်အောင် မရှုမှားနိုင်ခြင်း၊ မဂ်ဖိုလ်ကို ထိုးထွင်း၍သိနိုင်ခြင်းမရှိသောအသိကို သညာသိဟုခေါ်၏။

ကလေး၏မိခင်သည် ရွှေတုံးကိုတွေ့သောအခါ အဝါရောင်ဟုလည်းသိ၏။ ရွှေဟုလည်းသိ၏။ သို့သော် အလေးချိန်မည်မျှရှိသည်ကိုမသိ၊ ထို့အတူ ရုပ်နာမ်ခန္ဓာ သစ္စာတို့ကို အရေအတွက်အမျိုးအမည်လည်းသိ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုလည်း ပရမတ်ပေါက်အောင် ရှုမှားနိုင်၏။ သို့သော် မဂ်ဖိုလ်ကိုရခြင်းငှာ မစွမ်းနိုင်သောအသိကို ဝိညာဉ်သိဟုခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပန်းထိမ်ဆရာသည် ရွှေတုံးကိုတွေ့သည်နှင့် အဝါရောင်၊ ရွှေ၊ အလေးချိန် သုံးမျိုးလုံးကိုသိသကဲ့သို့ ရုပ်နာမ် ခန္ဓာ သစ္စာတို့ကို အရေအတွက် အမျိုးအမည်လည်းသိ၊ လက္ခဏာယာဉ်သုံးပါးဖြင့်လည်း ပရမတ်ပေါက် အောင် ပွားများနိုင်၊ မဂ်ဖိုလ်ကိုလည်းရရှိအောင် သိသွားသောအသိမျိုးကို ကား ပညာသိဟုခေါ်၏။

ထို့ကြောင့် ဗုဒ္ဓစာပေတတ်ကျွမ်းသောပညာရှင်များကို ဒီပဲရင်းဆရာ တော်က ပရမတ္ထစက္ကူကျမ်းတွင် ဤကဲ့သို့ သတိပေးတော်မူခဲ့၏။

ပရမတ်မျက်စိဆိုသည်ကား ဘုတ်အုပ်စာ၊ ပေစာ၊ ကျမ်းဂန်တို့၌သာ ကျေပွန်ရမိ တတ်သိလိမ္မာ၍ ခန္ဓာကိုယ်ထဲ၌ မတတ်မသိသော သုတပညာ မျက်စိကိုမဆို။ အဘယ့်ကြောင့် နည်းဆိုသော် ထိုသုတပညာမျက်စိသည် ကိုယ်မှာမတတ်၊ စာမှာ သာတတ်သဖြင့်

သင်ပုန်းကြီး၌ ကျေပွန်ရမိ တတ်သိလိမ္မာခြင်းကဲ့သို့ ပညတ်တတ်၊ ပညတ်သိ၊ ပညတ်လိမ္မာသာဖြစ်၍ များသောအား ဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ကို ပွားစေတတ်သောကြောင့်တည်း။

စာပေတတ်သည်၊ ကျမ်းဂန်တတ်သည်ဖြစ်ပါလျက် လောဘကြီးကြ၊ မာနကြီးကြ၊ ဣဿာမစ္ဆရိယကြီးကြသော လူဆရာ၊ ရဟန်းဆရာတို့သည် ကိုယ်ထဲမှာမတတ်၊ စာထဲသာ တတ်၍ တဏှာ၊ မာန၊ ဒိဋ္ဌိပွားများသည့် အတွက်ကြောင့် ကြီးနိုင်ကြလေသည်။

ကိုယ်မှာမတတ်၊ စာမှာတတ်
ဂါဟတ်ကိုက်တတ်သည်။

တဏှာဂါဟ၊ မာနဂါဟ၊ ဒိဋ္ဌိဂါဟ၊ ဂါဟတရားသုံးပါးမှတ်၊
တဏှာတိဥပါဒိယတီတိဂါဟော (ဝိဂြိုဟ်)
တဏှာတိ၊ ဖမ်းယူကိုက်ဟတ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဥပါဒိယတိ၊ ဆွဲလမ်းတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်
ဂါဟော   ဂါဟမည်၏။ (အနက်)
မိမိကိုယ်ကို [illegible]ရှုနှစ်သက်သည်ကား တဏှာ
မိမိကိုယ်ကို [illegible]တုတ်တုတ် ဟန်တန်တန်ထင်မှတ်သည်ကား
မာန၊ ဖဲ့မရ၊ ခွာမရ ကရိကည်း အကောင်းအခဲ
သူကောင်အခဲ [illegible] ဒိဋ္ဌိ

[illegible] ကြားနာရသည်ကို မှတ်[illegible] သုံးသပ် [illegible] ကိုယ်တွင်းရှိ ရုပ်နာမ် ခန္ဓာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာများကို ခွဲခမ်းစိတ်ဖြာနိုင်၊ အမိဖမ်းနိုင်၍ ကိုယ်ထဲ၌တတ်သိသောပညာကို ပရမတ်မျက်စိ ဆိုသည်။

ကိုယ်ထဲ၌တတ်သိသော ပညာမှသာ တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ကို ပါးရှားစေနိုင်၊ ဖျက်ဆီးပယ်နှုတ်နိုင်၊ ကင်းရှင်းစေနိုင်သည်။

[illegible] ကိုယ်မှာတတ်
[illegible]ပြတ်မည်။

ကိုယ်ထဲမှာမတတ်၊ မသိက ပိဋကတ်သုံးပုံကိုကုန်အောင် ပင်[illegible]ပည်း ပညာရှိမဆိုထိုက်၊ သညာရှိ၊ ဝိညာဏ်ရှိသာ ဆိုတိုက်[illegible]၍ မဟာဝေဒလ္လသုတ် အဋ္ဌကထာ၌ဆို၏။

(ဒီပဲရင်းဆရာတော်)

ရထားသော ပရမတ်ပညာဖြင့် မိမိကိုယ်ကိုပြန်ကြည့်သောအခါ မသိ တတ်သောရုပ်နှင့် သိတတ်သောနာမ်ကိုသာ တွေ့ရ၏။ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ ဘယ်နေရာမှမတွေ့ရ၊ မရှိလို့သာမတွေ့ တာပါလားဟုလည်း ဉာဏ်ထဲမှာ ရှင်းလင်းလာ၏။ ထိုပရမတ်အသိဖြင့် ၃၁ ဘုံကို အမှန်အတိုင်းမြင်အောင် ကြည့်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အပါယ်လေးဘုံသားတွေကို ဉာဏ်မျက်စေ့ဖြင့် ကြည့်လိုက်သောအခါ အပါယ်လေးဘုံသားဟူသော ပညတ်တွေပျောက်သွား၏။ ရုပ်နာမ်သာရှိတာ ပါလားဟုသိနိုင်၏။ လူပြည်ကိုကြည့်သောအခါတွင်လည်း လူတွေကို မတွေ့ရတော့။ ရုပ်နာမ်ကိုသာ တွေ့ရ၏။ နတ်ပြည်၊ ဗြဟ္မာပြည်ကိုကြည့်သော အခါတွင်လည်း နတ်ဗြဟ္မာဟူသော အမည်ပညတ်တွေပျောက်သွားပြီး ရုပ်နာမ်ကိုသာမြင်တော့၏။

၃၁ ဘုံလုံး ရုပ်နာမ်မှတစ်ပါး ဘာမှမရှိဟုမြင်သောအမြင်ကို သမ္မာဒိဋ္ဌိအမြင်ဟုခေါ်၏။ သာသနာတွင်းမှာသာရနိုင်သောအမြင်မျိုး၊ အသိမျိုး ဖြစ်၏။ ကုသိုလ်၊ အကုသိုလ်ဟူသောအကြောင်းတရားနှင့် သုဂတိ ဒုဂ္ဂတိ ဟူသော အကျိုးတရားသာရှိ၏။ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါသည် အကြောင်းတရားထဲမှာလည်းမရှိ၊ အကျိုးတရားထဲမှ လည်းမရှိဟု ပြတ်သားသွား၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌

ကမ္မဿကာရကောနတ္ထိ၊
ဝိပါကဿဝေဒကော၊
သုဒ္ဓဓမ္မာပဝတ္တန္တိ၊
ဧဝေတံ သမ္မဒဿနံ။

ဟု ဖွင့်ပြခြင်းဖြစ်၏။ အဓိပ္ပာယ်ကား
ကံကိုပြုတတ်သောသူသည် မရှိ။
အကျိုးဝိပါတ်ကို ခံစားတတ်သောသူသည်မရှိ။
သက်သက်သော နာမ်ရုပ်ဟုဆိုအပ်သောတရားတို့သည်သာလျှင်
ဖြစ်ကုန်၏။ ဤသို့သဘောရှိသော ဉာဏ်အမြင်သည်သာလျှင်
မဖောက်မပြန် ဟုတ်မှန်သောအမြင်ဖြစ်၏။

ဟူ၍ဖြစ်၏။ ဉာဏ်ထဲတွင် ပို၍ရှင်းလင်းရန် တစ်ကမ္ဘာလုံးရှိ သက်ရှိ သက်မဲ့ အရာအားလုံးကို အပုံနှစ်ပုံ ပုံကြည့်ရမည်။ တော၊ တောင်၊ ရေမြေ

www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်တာရာ၊ အိမ်၊ ကျောင်း၊ ရေပ်၊ သစ်ပင် စသော မသိတတ်သော ရုပ်တရားများကို တစ်ပုံပုံရမည်။ အပါယ်ဘုံသား၊ လူ၊ နတ်၊ ဗြဟ္မာတို့ကား ရုပ်နာမ်တွဲလျက်ရှိသောကြောင့် သိတတ်သောနာမ်တရား များကို အကုန်စု၍ တစ်ပုံပုံပါ။

နာမ်တရားမရှိတော့သဖြင့် အနေပုံစံ မှုးသော အပါယ်ဘုံသားမသာ၊ လူမသာ၊ နတ်မသာ၊ ဗြဟ္မာမသာ စသည်များကို ရုပ်တရားအပုံထဲထည့်ရမည်။ ထိုသို့ ပုံလိုက်လျှင် တစ်လောကလုံးတွင် ရုပ်အပုံ၊ နာမ်အပုံမှတစ်ပါး တခြား ဘာမှမရှိတော့။ အပါယ်ဘုံသား၊ လူ၊ နတ်၊ ဗြဟ္မာဟူသည် ခေါ်ဝေါ်၍ရရန် နာမည်တပ်ထားသော ပညတ်များသာတည်း။ တကယ့်အရှိတရားမဟုတ်။ တကယ့်အရှိတရားကား တရစပ်ဖြစ်ပျက်နေသော ရုပ်နာမ်သာတည်း။ ဤ အသိကို ဘယ်သောအခါမှ မပျောက်မပစ်အပ်။ ဤပရမတ်ပညာဖြင့် ကြည့် တတ်လျှင် မည်သည့်ကမ္ဘာ၊ မည်သည့်စကြာဝဠာ၊ မည်သည့်ဘုံကိုကြည့် ကြည့် ရုပ်နာမ်ကိုသာမြင်တော့၏။

မိမိ၏ ယခုရရှိထားသော ခန္ဓာမှစ၍ သံသရာအစထိ လှမ်းကြည့်၍ ရ၏။ ဘယ်ဘုံ၊ ဘယ်ဘဝမှာမှဖြစ်ဖြစ် ဤရုပ်နှင့်နာမ်သာတည်း။ လာလတ္တံ့ နိဗ္ဗာန်မရောက်မချင်း အနာဂတ်သံသရာကို ပြန်ကြည့်လိုက်လျှင်လည်း ဤ ရုပ်နှင့်နာမ်သာ ဖြစ်ပျက်နေရမည်ကိုသိ၏။ ဤအသိကိုသိလိုက်သည်နှင့် ရုပ်နာမ်အဖြစ်အပျက်ကို ငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ်သည် ပေါ်လာနိုင်၏။

ရုပ်နာမ်မှတစ်ပါး တခြားဘာမှမရှိဟူသောအသိတို့ မည်မျှထိ အသေး စိတ် သိရမည့်နည်းဆိုလျှင်

သင်္ခါရာဝ သင်္ခါရေဝိပဿန္တိသမ္ဘဝန္တိ
ဝ ဝတ္တပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိတိ
ဂဏှာတောပန ဒိဋ္ဌိ ဥဋ္ဌါဠ္ဌနိနာမဟောတိ။

(ဝိသုဒ္ဓိမဂ်)

www.burmeseclassic.com

www.burmeseclassic.com



သင်္ခါရ (ရုပ်နာမ်)တို့သည်သာလျှင် သင်္ခါရ (ရုပ်နာမ်)တို့ကို ဝိပဿနာ ရှုကုန်၏။ သုံးသပ်ကုန်၏။ နှလုံးပိုက်ထား မှတ်သားကုန်၏။ သိမ်းဆည်း ရုံးစုကုန်၏။ ပိုင်းခြားကုန်၏။ ဤသို့ယူသောယောဂီအား ဒိဋ္ဌိကိုခွာသည် မည်၏။

ဟူသော ညွှန်ပြချက်အတိုင်း ငါကောင်က ဝိပဿနာရှုသည်မဟုတ်။ ရုပ်နာမ်က ရုပ်နာမ်ကိုပြန်ပြီး ဝိပဿနာရှုနေခြင်းသာဟူ၍ အမြင်ရှင်းရမည်။ ဤအမြင်သည် နာမ်ရုပ်ကိုပိုင်းခြား၍သိသော နာမရူပ ပရိစ္ဆေဒဉာဏ်ပင် တည်း။ ပစ္စယပရိဂ္ဂဟဉာဏ်ကိုရရန် ရုပ်နာမ်ကို ငါးပုံပုံပြီး ခန္ဓာငါးပါးပွဲ့ ရ၏။ မာသဘော ပျော့သဘော စသော ရုပ်တရား ၂၈ ပါးသည် ရူပက္ခန္ဓာ မည်၏။ ဖောက်ပြန်ပြောင်းလဲတတ်သောသဘောရှိ၏။

စေတသိက် ၅၂ လုံးတွင်ပါဝင်သော ဝေဒနာစေတသိက်သည် ဝေဒနက္ခန္ဓာမည်၏။ အာရုံ၏အရသာကိုခံစားသော သဘောတရားရှိ၏။ သညာစေတသိက်သည် သညက္ခန္ဓာမည်၏။ အာရုံကိုမှတ်သားခြင်းသဘော တရားရှိ၏။ ဝေဒနာ၊ သညာမှကြွင်းသော စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာ မည်၏။ စေတနာစေတသိက်ဦးဆောင်သောကြောင့် တိုက်တွန်းနှိုးဆော်တတ် သော သဘောတရားရှိ၏။

စိတ်အကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါး အကုန်လုံးသည် ဝိညာဏက္ခန္ဓာမည်၏။ အာရုံကိုသိခြင်းသဘောတရားရှိ၏။

## ခန္ဓာ ၅ ပါးပွဲ့နည်းအကျဉ်း

ရုပ်တရား ၂၈ ပါးတွင် မည်သည့်ရုပ်တရားကိုတွေ့တွေ့ ရူပက္ခန္ဓာ ပွဲ့ရ၏။ ဝေဒနာ၊ သညာမှကြွင်းသော စေတသိက် ၅၀ တွင် မည်သည့် စေတသိက်ကိုတွေ့တွေ့ သင်္ခါရက္ခန္ဓာပွဲ့ရ၏။ စိတ် ၈၉ ပါးတွင်လည်း မည်သည့်စိတ်ကိုတွေ့တွေ့ ဝိညာဏက္ခန္ဓာပွဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



## ပစ္စယပရိဂ္ဂဟဉာဏ်

ခန္ဓာငါးပါးဖြစ်ခြင်း၏အကြောင်းကို မှန်ကန်စွာသိမ်းဆည်း၍သိခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုခေါ်၏။ ခန္ဓာငါးပါးသည် တစ်စုံတစ်ယောက်က ဖန်ဆင်းသောကြောင့် ဖြစ်လာသည်မဟုတ်။ အဝိဇ္ဇာ၊ တဏှာ၊ ကံတို့ကြောင့် ဖြစ်လာခြင်းဖြစ်၏။ ခန္ဓာဒုက္ခကိုမသိအောင် အဝိဇ္ဇာက ဖုံးအုပ်ကာကွယ်ပေး၏။ တဏှာက ခန္ဓာလိုချင်၏။ ကံတည်းဟူသော စေတနာကုသိုလ်၊ အကုသိုလ်တစ်ခုခုပြု၏။ ထို့ကြောင့် ခန္ဓာငါးပါး ဆက်ခါဆက်ခါဖြစ်ရ၏။

ခန္ဓာငါးပါးဖြစ်ခြင်း၏ ပစ္စုပ္ပန်အကြောင်းကား တစ်ခုနှင့်တစ်ခု မတူကြ။ ရူပက္ခန္ဓာဖြစ်ခြင်း၏ ပစ္စုပ္ပန်အကြောင်းကား အာဟာရဖြစ်၏။ ကံစိတ်ဥတုတို့ပါ ပါသော်လည်း အာဟာရကပို၍ ပဓာနကျသောကြောင့် အာဟာရကို ဦးတည်ဟောကြားခြင်းဖြစ်၏။ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်ခြင်း၏ ပစ္စုပ္ပန်အကြောင်းကား ဖဿဖြစ်၏။

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိဖဿောဟူသော ဒေသနာအရ မျက်နက်ဝန်း၏အလယ် သန်းဦးခေါင်းပမာဏရှိသော စက္ခုပသာဒအကြည်ရုပ်ကလေးသို့ ရူပါရုံတည်းဟူသော အဆင်းရုပ်က လာတိုက်သဖြင့် အရုပ်စကားဖြင့်ပြောလျှင် အဆင်းတစ်ခုခုကိုကြည့်လိုက်သည်နှင့် စက္ခုဝိညာဉ်ခေါ် မြင်သိစိတ်ဖြစ်၏။

စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဉ်စိတ်ဟူသော တရားသုံးခုပေါင်းမိရာအခါကို ဖဿဟုခေါ်၏။ ထိုဖဿဖြစ်သည်နှင့် ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ဖြစ်သည်ဟု ဆိုလို၏။ ဖြစ်ပုံဖြစ်နည်းကား စက္ခုပသာဒနှင့် ရူပါရုံကို ထိခိုက်မိသည်နှင့် မြင်သိစိတ်ဖြစ်၏။ ထိုမြင်သိစိတ်နှင့်အတူ

၁။ အာရုံကိုတွေ့ထိခြင်းလက္ခဏာရှိသော ဖဿစေတသိက်

၂။ အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိသော ဝေဒနာစေတသိက်

www.burmeseclassic.com

www.burmeseclassic.com



၃။ အာရုံကိုမှတ်သားခြင်းလက္ခဏာရှိသော သညာစေတသိက်

၄။ တိုက်တွန်းနှိုးဆော်ခြင်းလက္ခဏာရှိသော စေတနာစေတသိက်

၅။ အာရုံ၌တည်ကြည်ခြင်းလက္ခဏာရှိသော ဧကဂ္ဂတာစေတသိက်

၆။ စောင့်ရှောက်ခြင်းလက္ခဏာရှိသော ဇီဝိတိန္ဒြေစေတသိက်

၇။ နှလုံးသွင်းခြင်းလက္ခဏာရှိသော ယောနိသော မနသိကာရ စေတသိက်

တို့ဖြစ်ကြ၏။ ဤစေတသိက် ၇ လုံးသည် မည်သည့်စိတ်ဖြစ်ဖြစ် အမြဲပါသောကြောင့် သဗ္ဗစိတ္တသာဓာရဏစေတသိက်ဟု ခေါ်၏။ ထို စေတသိက် ၇ လုံးထဲမှ မြင်လိုက်ရသော ရူပါရုံ၏အရသာကိုခံစားသော ဝေဒနာစေတသိက်သည် ဝေဒနက္ခန္ဓာဖြစ်လာ၏။ ထိုရူပါရုံကိုမှတ်သားသော သညာစေတသိက်သည် သညက္ခန္ဓာဖြစ်လာ၏။ ကြွင်းစေတသိက် ၅ လုံး သည် တိုက်တွန်းနှိုးဆော် သင်္ခါရက္ခန္ဓာဖြစ်လာ၏။

ထို့ကြောင့် ဖဿသည် ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ် ခြင်း၏ ပစ္စုပ္ပန်အကြောင်းဖြစ်လာ၏။ ဝိညာဏက္ခန္ဓာဖြစ်ခြင်း၏ ပစ္စုပ္ပန် အကြောင်းကား နာမ်ရုပ်ဖြစ်၏။ မိခင်ဝမ်း၌ ပဋိသန္ဓေတည်ခြင်းစဖြစ်သော ပဋိသန္ဓေစိတ်နှင့် ကမ္မဇရုပ်ကို နာမ်ရုပ်ဟုဆိုခြင်းဖြစ်၏။ ထိုပဋိသန္ဓေစိတ် နှင့် ကမ္မဇရုပ်တို့ကိုအကြောင်းပြု၍ ပဝတ္တိဝိညာဏက္ခန္ဓာများ ဖြစ်ခွင့်ရခြင်း ဖြစ်၏။

| ခန္ဓာ | အတိတ်အကြောင်း | ပစ္စုပ္ပန်အကြောင်း |
|---|---|---|
| ရူပက္ခန္ဓာ | အဝိဇ္ဇာ၊ တဏှာ၊ ကံ | အာဟာရ |
| ဝေဒနက္ခန္ဓာ | ။ | ဖဿ |
| သညက္ခန္ဓာ | ။ | ။ |
| သင်္ခါရက္ခန္ဓာ | ။ | ။ |
| ဝိညာဏက္ခန္ဓာ | ။ | နာမ်၊ ရုပ် |

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ခန္ဓာဖြစ်ရခြင်း၏အကြောင်းများကို မှန်ကန်စွာ သိမ်းဆည်း၍ သိသွားလျှင် ပစ္စယပရိဂ္ဂဟဉာဏ်ကိုရပြီဟုဆိုရ၏။ ယခုဆိုလျှင် ယောဂီသည် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကိုရပြီဖြစ်၏။ ထိုဉာဏ်နှစ်ပါးနှင့်ပြည့်စုံသူကို စူဠသောတာပန်ဟုခေါ်၏။ ဝိသုဒ္ဓိမဂ်၌

ဣမိနာပနဉာဏေနသမန္နာဂတော ဗုဒ္ဓသာသနေ
လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော
စူဠသောတာပန္နော နာမဟောတိ

ဟု ဖွင့်ပြ၏။ အဓိပ္ပာယ်အချုပ်ကား နာမရူပ ပရိစ္ဆေဒဉာဏ် **ပစ္စယ** ပရိဂ္ဂဟဉာဏ်နှင့်ပြည့်စုံသောသူသည် ဘုရားသာသနာ၌ရအပ်သော **အသက်** ရှူပေါက်ရှိ၏။ ရအပ်သောတည်ရာရှိ၏။ သုဂတိသို့ ဂတိမြဲ၏။ **စူဠသောတာ** ပန်မည်၏ဟုဖြစ်၏။ အပါယ်လေးပါးမလားသောပုဂ္ဂိုလ်စာရင်းထဲသို့ ဝင်သွားပြီဖြစ်၏။ သို့သော် မဂ်ကိုကားမရသေး။

မဂ်ကိုရရန် ဝိပဿနာကို အိမ်စီးပွားနှင့်တွဲဖက်ပြီး အချိန်ရသမျှအထိ ပွားများရမည်ဖြစ်၏။ ထို့ကြောင့် အနိစ္စာနုပဿနာရှုပွားနည်းကို ခန္ဓာဖြစ်ပျက်ပုံနှင့်တွဲဖက်ပြပြီး ဤကျမ်းကို နိဂုံးချုပ်တော့အံ့။ မြင်စိတ်ဖြစ်ခိုက်၌ ခန္ဓာငါးပါးဖြစ်ပုံ ပျက်ပုံကား အဆင်းတစ်ခုခုကိုကြည့်လိုက်သည်နှင့် စက္ခုပသာဒအကြည်ရုပ်ကို ရူပါရုံက လာတိုက်၏။ ထိုအခါ မြင်သိစိတ်ဖြစ်၏။

စက္ခုပသာဒနှင့် ရူပါရုံကို ရုပ်တရားဖြစ်သောကြောင့် ရူပက္ခန္ဓာဖွဲ့ရ၏။ မြင်သိစိတ်ကို ဝိညာဏက္ခန္ဓာဖွဲ့ရ၏။ မြင်သိစိတ်နှင့်အတူပါလာသော စေတသိက် ၇ လုံးထဲမှ ဝေဒနာကို ဝေဒနာက္ခန္ဓာဖွဲ့ရ၏။ သညာကို သညက္ခန္ဓာဖွဲ့ရ၏။ ကြွင်းစေတသိက် ၅ လုံးကို သင်္ခါရက္ခန္ဓာဖွဲ့ရ၏။

ပြခဲ့သော စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်စိတ်၊ စေတသိက် ၇ လုံးတို့တွင် ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါမရှိ။ အကြောင်းတိုက်ဆိုင်တိုင်း တရစပ်ဖြစ်ပျက်နေသော ခန္ဓာငါးပါးသာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



စက္ခုပသာဒ၊ ရူပါရုံဟူသော ရုပ်တရားသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင့်ရှစ်ရာရှစ်ဆယ်ကျော် ဖြစ်ပြီးပျက်၏။

ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူသော နာမ်တရားသည် တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းဖြစ်ပြီးပျက်၏။ ယင်းခန္ဓာငါးပါး ဖြစ်ပြီးပျက်သည်ကို ဉာဏ်နှင့်သိပြီး တစ်စုံတစ်ခုကို မြင်လိုက်သည်နှင့် ခန္ဓာငါးပါး အနိစ္စဟုလည်းကောင်း၊ ခန္ဓာငါးပါးဒုက္ခဟုလည်းကောင်း၊ ခန္ဓာငါးပါးအနတ္တဟုလည်းကောင်း တစ်ပါးပါးကို ရှုရ၏။

အင်္ဂုတ္တိုရ်ပါဠိတော်။ နဝကနိပါတ်တွင်

အနိစ္စသညာဘာ ဝေတဗ္ဗာ အသ္မိမာန သမုဂ္ဃါတာယ
အနိစ္စသညိ နောဘိက္ခဝေ အနတ္တ သညာ သဏ္ဍာတိ
အနတ္တသညီ အသ္မိမာနသမုဂ္ဃါတံပါပုဏာတိဒိဋ္ဌေဝ
ဓမ္မေနိဗ္ဗာနန္တိ - ဟုဟောတော်မူ၏။ အဓိပ္ပာယ်ကား

ငါဖြစ်၏ဟူသော အသ္မိမာန ကင်းပြတ်ခြင်းငှာ အနိစ္စသညာကို ပွားများအပ်၏။ အနိစ္စသညာရှိသောရဟန်းအား အနတ္တသညာတည်၏။ အနတ္တသညာရှိသောရဟန်းသည် ငါဖြစ်၏ဟူသော အသ္မိမာနကင်းပြတ်၍ မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်ရ၏။

ဟုဖြစ်၏။ ဗုဒ္ဓကိုယ်တိုင် အာမခံထားခြင်းဖြစ်၍ယောဂီသည် အနိစ္စနုပဿနာကို ယုံယုံကြည်ကြည်နှင့် ပွားများသင့်၏။ ကြားစိတ်ဖြစ်ခိုက်ခန္ဓာငါးပါးအနိစ္စရှုပုံကိုပြအံ့။ အသံရုပ်က သောတပသာဒနားအကြည်ရုပ်ကိုလာတိုက်သည်နှင့် ကြားသိစိတ်ဖြစ်၏။ အသံရုပ်နှင့် နားအကြည်ရုပ်သည် ရုပ်တရားဖြစ်၍ ရူပက္ခန္ဓာသွဲ့ရ၏။

ကြားစိတ်သည် စိတ်ဖြစ်၍ ဝိညာဏက္ခန္ဓာသွဲ့ရ၏။ ကြားစိတ်နှင့်အတူဖြစ်သော စေတသိက် ၇ လုံးတွင် ဝေဒနာကို ဝေဒနာက္ခန္ဓာသွဲ့ရ၏။ သညာကို သညက္ခန္ဓာသွဲ့ရ၏။ ကြွင်းစေတသိက်ငါးလုံးကို သင်္ခါရက္ခန္ဓာသွဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပရမတ်ခန္ဓာငါးပါး ဖြစ်ပြီးပျက်သွားပုံကို ဉာဏ်နှင့်သိပြီး အသံတစ်သံသံကို ကြားလိုက်သည်နှင့် ဘာသံပဲဟု စူးစမ်းမနေဘဲ ခန္ဓာငါးပါးအနိစ္စဟု ရှုပွားရ၏။

သောတပသာဒနားအကြည်ရုပ်သည် နားရွက်အတွင်း လက်စွပ်ကွင်းသဏ္ဌာန်ရှိသောအရုပ်၌တည်သည်။ နှာခေါင်းအတွင်း ဆိတ်ခွာသဏ္ဌာန်ရှိသောအရုပ်၌တည်သောရုပ်ကို ဃာနပသာဒနှာခေါင်းအကြည်ရုပ်ဟုခေါ်၏။ အနံ့ရုပ်တစ်ခုခုသည် ထိုဃာနပသာဒရုပ်ကို လာတိုက်သည်နှင့် နံသိစိတ်ဖြစ်၏။

နှာခေါင်းအကြည်ရုပ်နှင့် အနံ့ရုပ်သည် ရူပက္ခန္ဓာ၊ နံသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ နံသိစိတ်နှင့်အတူဖြစ်သော စေတသိက် ၇ လုံးတွင် အနံ့၏အရသာကို ခံစားသောဝေဒနာသည် ဝေဒနက္ခန္ဓာ။ ဤနေရာမျိုးသို့ရောက်တိုင်း ငါကခံစားသည်မဟုတ်၊ ဝေဒနက္ခန္ဓာက ခံစားတာဟုသိနေရမည်။

အနံ့ကိုမှတ်သားသော သညာသည် သညက္ခန္ဓာ၊ ကြွင်းစေတသိက် ၅ လုံးသည် သင်္ခါရက္ခန္ဓာ၊ အနံ့တစ်ခုခုနံလိုက်သည် ဤသို့ ခန္ဓငါးပါးဖြစ်ပျက်သွားသည်ကို ဉာဏ်နှင့်သိလိုက်ပြီး ခန္ဓာငါးပါးအနိစ္စဟု ရှုပွားရမည်။ လျှာအလယ် ကြာပွင့်ဖျားသဏ္ဌာန်ရှိသောအရုပ်၌ ဇိဝှာပသာဒ လျှာအကြည်ရုပ်တည်သည်။ ထိုလျှာအကြည်ရုပ်ကို ရသာရုံအစားအစာတစ်ခုခုက လာတိုက်သည်နှင့် ဝါ အစာတစ်ခုခုကိုစားလိုက်သည်နှင့် စားသိစိတ်ဖြစ်၏။

လျှာအကြည်ရုပ်နှင့် ရသာရုံအစားအစာသည် ရူပက္ခန္ဓာ၊ စားသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ သူနှင့်အတူပါသော စေတသိက် ၇ လုံးထဲမှ ဝေဒနာသည် ဝေဒနက္ခန္ဓာ၊ သညာသည် သညက္ခန္ဓာ၊ ကြွင်းစေတသိက်ငါးလုံးသည် သင်္ခါရက္ခန္ဓာ။ အစားတစ်ခုခုစားလိုက်သည်နှင့် ယင်းခန္ဓာငါးပါး ဖြစ်ပြီးပျက်နေသည်ကို ဉာဏ်နှင့်သိ၍ ခန္ဓာငါးပါးအနိစ္စဟု ရှုရ၏။

အပ်နှင့်ထိုးလျှင် နာသမျှနေရာတိုင်း၌ ကာယပသာဒ၊ ကိုယ်အကြည်ရုပ်တည်ရှိ၏။ ထိုကာယပသာဒအကြည်ရုပ်ကို ဖောဋ္ဌဗ္ဗရုပ်တစ်ခုခုက လာ

www.burmeseclassic.com

www.burmeseclassic.com



တိုက်လျှင် ဝတ္ထုပစ္စည်းတစ်ခုခုကို ကိုယ်နှင့်ဖြစ်စေ၊ လက်နှင့်ဖြစ်စေ၊ ခြေနှင့်ဖြစ်စေ ထိမိလျှင် ထိသိစိတ်ဖြစ်၏။ ကိုယ်အကြည်ရုပ်နှင့်ဇောတွေ့အထိရုပ်သည် ရူပက္ခန္ဓာ၊ ထိသိစိတ်သည် ဝိညာဏက္ခန္ဓာ။

ယင်းနှင့်အတူဖြစ်သော စေတသိက် ၇ လုံးထဲမှ ထိတွေ့မှု၏အရသာကိုခံစားသောဝေဒနာသည် ဝေဒနက္ခန္ဓာ၊ ငါ သူတစ်ပါးက ထိတွေ့မှု၏အရသာကိုခံစားသည်မဟုတ်၊ ဝေဒနက္ခန္ဓာက ခံစားသည်ကို ကြပ်ကြပ်သတိပြုပါ။ ကောင်းသော ဆိုးသောအရသာမှန်သမျှကို ဝေဒနက္ခန္ဓာက ခံစားသည်။ ငါက ခံစား၍မရ၊ ငါဟူသည် တကယ်မရှိသော ပညတ်တရားတည်းဟု ဉာဏ်အမြင်ပြတ်သားထားသောယောဂီသည် တခြားရောဂါဝေဒနာတို့ကိုအသာထား၍ သေရမည့်ဝေဒနာကိုပင် သည်းခံနိုင်သော သတ္တိစွမ်းရှိသည်။

ဘာအတွေ့အထိပဲဟုမှတ်သားသောသညာသည် သညက္ခန္ဓာ၊ ကြွင်းသောစေတသိက် ၅ လုံးသည် သင်္ခါရက္ခန္ဓာ။ နှလုံးသားချိုင့်အတွင်း လက်တစ်ဆုပ်ခန့် သွေးရှိသည်။ ထိုသွေးတွင် မနောအကြည်ရုပ်တည်ရှိသည်။ စိတ်ကူးစိတ်သန်းမှန်သမျှ ထိုနေရာမှဖြစ်သည်။ ထိုမနောအကြည်ရုပ်ကို ဖြစ်ပြီးသားအာရုံငါးပါး မဖြစ်ပေါ်ရသေးသော အာရုံငါးပါးဟူသော အတွေးအာရုံခေါ် ဓမ္မာရုံက လာတိုက်သည်။

သို့မဟုတ် အာရုံတစ်ခုခုကို စိတ်ကတွေးလိုက်လျှင် တွေးသိစိတ်ဖြစ်သည်။ မနောအကြည်ရုပ်နှင့် ဓမ္မာရုံတို့တွင်ပါသော သုခုမရုပ်တို့သည် ရူပက္ခန္ဓာ၊ တွေးကြံသိစိတ်သည် ဝိညာဏက္ခန္ဓာ၊ တွေးသိစိတ်နှင့်အတူဖြစ်သော စေတသိက်တို့မှ ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညက္ခန္ဓာ၊ ကြွင်းစေတသိက်များသည် သင်္ခါရက္ခန္ဓာ၊ အာရုံတစ်ခုခုကိုတွေးလိုက်တိုင်း ယင်းခန္ဓာငါးပါးဖြစ်ပျက်သွားသည်ကို ဉာဏ်နှင့်သိ၍ ခန္ဓာငါးပါးအနိစ္စဟု ရှုရမည်။

သမထသည် အရင်းများ၏။ အမြတ်နည်း၏။

ဝိပဿနာသည် အရင်းနည်း၏။ အမြတ်များ၏။

www.burmeseclassic.com

www.burmeseclassic.com



အပ္ပနာသမာဓိကိုမဆိုထားနှင့် ဈာန်အနီးနားဖြစ်သော ဥပစာရ သမာဓိအဆင့်လောက်ရောက်ရန်ပင် သမထသမားသည် သားစွန့်၊ မယားစွန့်၊ တောတောင်ထဲသွားပြီး ကျင့်ရ၏။ နောက်ဆုံးရတော့လည်း ၃၁ ဘုံမှမလွတ်သေးသော ဈာန်အဘိညာဉ်သာ။ ထို့ကြောင့် သမထသည် အရင်းများပြီး အမြတ်နည်းသည်ဟု ဆိုခြင်းဖြစ်၏။

BURMESE CLASSIC .com

ဝိပဿနာရှုပွားလိုသော ယောဂီသည်ကား သားမယားလည်းစွန့်ရန်မလို၊ တောတောင်ထဲထိလည်းသွားစရာမလိုဘဲ သမာဓိကိုလည်း တကူးတကထူထောင်မနေရဘဲ စိတ်ဖြစ်တိုင်း အလိုလိုပါနေသည့် စေတနာ စေတသိက်ခေါ် ခဏိကသမာဓိလေးနှင့် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးကြံတိုင်း ခန္ဓာ ၅ ပါးအနိစ္စဟု ရှုနေရုံသာရှိ၏။

ဉာဏ်ရင့်ကျက်သောအချိန်တွင် အိုးမကျွာ၊ အိမ်မကျွာနှင့် မဂ်ဖိုလ်ကိုရကြမည်ဖြစ်၏။ ထို့ကြောင့် ဝိပဿနာသည် အရင်းနည်းပြီး အမြတ်များသည်ဟု ဆိုခြင်းဖြစ်၏။ အသေမဦးမီ ဉာဏ်ဦးကာ ရှုပွားနိုင်ကြပါစေသော်။

မှတ်ချက် ။ ဤအခန်းရေးသားချက်အများစုသည် မဂ်တားဖိုလ်တားအန္တရာယ်များစာအုပ်၌ပါပြီးဖြစ်၏။ ဤစာအုပ်၌ အကြောင်းအရာပြည့်စုံရန် အကျဉ်းချုပ် ပြန်လည်ရေးသားခြင်းဖြစ်၏။ အကျယ်လိုက ယင်းစာအုပ်၌ ဆက်လက်ဖတ်ရှုကြပါရန်။

မေတ္တာရှင် (ရွှေပြည်သာ)

**တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာရှိ ရွှေပြည်သာကိုယ်သာ၌**
၁-၈-၂၀၀၂ တွင် စတင်ရေးသားပြီး
၂၂-၈-၂၀၀၂ တွင် ပြီးစီးသည်။

www.burmeseclassic.com